မန္တလေးမြို့

ရေတံခွန်တောင်

သစ္စဝေဒဂူ မိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာ

ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်း

# ယဉ်ကျေးလိမ္မာ ဒုတိယဆင့်



ကောဇာသက္ကရာဇ်
၁၃၆၆ ခု

ခရစ်
၂၀၀၄

သင်တန်းသားများအတွက်သာ

1510012

900----


မန္တလေးမြို့

ရေတံခွန်တောင်

သစ္စဝေဒဂူ မိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာ

ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်း

# ယဉ်ကျေးလိမ္မာ ဒုတိယဆင့်



ကောဇာသက္ကရာဇ်
၁၃၆၆ ခု

ခရစ်
၂၀၀၄

သင်တန်းသားများအတွက်သာ

မေ့ရောင်ခြည်ဓမ္မဒါန လုပ်ငန်း
သိမ်ကြီးဈေး(မီးရှို)၊ အဆောင်(၄)၊ (ပ)ထပ်
[illegible]

# ပုံနှိပ်မှတ်တမ်း

သာသနာရေးဦးစီးဌာန

သာသနာရေးဝန်ကြီးဌာန

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ခွင့်ပြုချက် စာအမှတ် ၁၁၉/၁ (ပုံနှိပ်)
သသန-၀၇ ဖြင့် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့၊
ဒေါ်မြင့်မြင့်ကြူ၊ ၃၂ (B)၊ မိုးကောင်းကင် ပုံနှိပ်တိုက်၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ခွင့်ပြုသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | ဇ |
| ၂။ | သင်ခန်းစာသင်ကြားနည်း | ဈ |
| ၃။ | အနန္တတာဝန် တို့အမိဋ္ဌာန် | ည |

## အပိုင်း ( ၁ )
## ဗုဒ္ဓကြောင်းရာ ကဗျာ

| | | |
|---|---|---|
| ၄။ | နှလုံးသားမှာ ဘုရားတည်အုံ့ ဗုဒ္ဓကိုပဲယုံကြည်တယ်ကဗျာ | ၁ |
| | (က) ဘာသာကြီးလေးခု | ၂ |
| | (ခ) လေးဘာသာနှိုင်းယှဉ်ချက် | ၃ |
| | (ဂ) ဗုဒ္ဓသာဝကမည်ပုံ | ၅ |
| | (ဃ) ဗုဒ္ဓဓမ္မကျင့်မှ ချမ်းသာကဗျာ | ၆ |
| ၅။ | ဗုဒ္ဓဝင်အကျဉ်း | ၇ |
| | (က) ပါရမီသုံးမျိုး | ၇ |
| | (ခ) စွန့်ခြင်းကြီး ငါးပါး | ၇ |
| | (ဂ) စရိယသုံးပါး | ၇ |
| | (ဃ) ကြည့်ခြင်းကြီး ငါးပါး | ၈ |
| ၆။ | ဗုဒ္ဓဝင်အခါတော်နေ့ ကဗျာများ | ၁၀ |
| | (က) ဗျာဒိတ်ခံယူသောနေ့ | ၁၀ |
| | (ခ) သန္ဓေယူသောနေ့ | ၁၀ |
| | (ဂ) ဖွားမြင်သောနေ့ | ၁၀ |
| | (ဃ) တောထွက်သောနေ့ | ၁၀ |
| | (င) ဘုရားဖြစ်သောနေ့ | ၁၁ |
| | (စ) ဓမ္မစကြာ ဟောသောနေ့ | ၁၁ |

(ဆ) တန်ခိုးပြာဋိဟာ ပြသောနေ. ၁၁

(ဇ) ပရိနိဗ္ဗာန် စံတော်မူသောနေ. ၁၁

၇။ ဗုဒ္ဓဝင်အကျဉ်းမှတ်ရန် ၁၂

၈။ မြတ်ရာပေးတတ် ဘုရားမြတ် ၁၅

၉။ ဗုဒ္ဓဝင်အမေးအဖြေ (၂) ၁၇

(က) စတုတ္ထအခန်း ၁၇

တုသိတာစံတော်မူပုံ၊ လူ့ပြည်၌ ပဋိသန္ဓေနေတော်မူပုံ

(ခ) ပဉ္စမအခန်း ၁၈

ဖွားမြင်တော်မူသည်မှစ၍ ထီးနန်းစံတော်မူပုံ

(ဂ) ဆဋ္ဌမအခန်း ၁၉

နိမိတ်ကြီးလေးပါးမြင်၍ တောထွက်တော်မူပုံ

(ဃ) သတ္တမအခန်း ၂၁

ရဟန်းပြုသည်မှစ၍ ဘုရားဖြစ်တော်မူပုံ


## အပိုင်း (၂)
## စာရိတ္တကောင်းမွန်ရေး ကဏ္ဍ


၁၀။ ဂုဏ်တော်ဘုရားရှိခိုး ၂၃

(က) ဘုရားဂုဏ်တော် ပါဠိနှင့်အနက် ၂၃

(ခ) တရားဂုဏ်တော် ပါဠိနှင့်အနက် ၂၄

(ဂ) သံဃာ့ဂုဏ်တော် ပါဠိနှင့်အနက် ၂၄

၁၁။ အနန္တငါးပါးဘုရားရှိခိုး ၂၆

(က) ဘုရားရှိခိုး ၂၇

(ခ) ဘုရားရှိခိုး ရတဲ့အကျိုး ၂၇

(ဂ) ပြုမြဲဝတ် ၂၈

၁၂။ ကန်တော့၊ ဆုတောင်း၊ ဆုပေးခန်း ၂၈

(က) ကန်တော့ပါလေ အပြစ်ပြေကဗျာ ၂၈

(ခ) ခင်ပွန်းကြီး (၁၀) ပါး ၂၉

(ဂ) ဒဏ် (၁၀) ပါး ၂၉

(ဃ) ကန်တော့ပုံ ၃၀
(င) ဆုပေးပုံ ၃၀
(စ) လိုရာကျိုးရ ဆုတောင်းမှုကဗျာ ၃၀
(ဆ) ဆုတောင်း ၃၁
(ဇ) ကန်တော့မှုဆိုင်ရာ သာဓကဝတ္ထုများ ၃၁
၁၃။ ကျေးဇူးရှင်ပြစ်မှား အပါယ်လား ၃၃
၁၄။ သရဏဂုံ ၃၆
(က) သရဏဂုံဆောင်ပုဒ် ၃၆
(ခ) သရဏဂုံခံယူပုံ လေးမျိုး ၃၆
(ဂ) ရှိခိုးတိုင်း သရဏဂုံမဖြစ် ၃၇
(ဃ) ၎င်းဆောင်ပုဒ် ၃၇
(င) ရှိခိုးသော်လည်း သရဏဂုံမပျက် ၃၈
(စ) သရဏဂုံ ညစ်နွမ်းခြင်းလေးမျိုး ၃၈
(ဆ) ၎င်းဆောင်ပုဒ် ၃၈
(ဇ) သရဏဂုံပျက်ပုံ နှစ်မျိုး ၃၈
(ဈ) သရဏဂုံမတည်နိုင်သူ ၃၉
(ည) သရဏဂုံ နှစ်မျိုး ၃၉
(ဋ) သရဏဂုံ၏အကျိုး ၃၉
(ဌ) နတ်ဖြစ်ရသော တံငါသည်ဝတ္ထု ၃၉
(ဍ) ၇ နှစ်သား ရဟန်းကလေးဝတ္ထု ၄၀
(ဎ) သရဏဂုံအကျိုး ရှစ်ပါးဆောင်ပုဒ် ၄၁
၁၅။ သရဏဂုံအမှားများ ၄၁
၁၆။ အမှန်အမှား ဝေဖန်နည်း ၄၂
၁၇။ အကျင့်လမ်းမှန် မဂ္ဂင်ရှစ်တန် ၄၂
၁၈။ ဘာသာဝါဒ ရွေးချယ်ကြကဗျာ ၄၂
၁၉။ မှန်ကျောက်နှင့်စံ ၄၃
၂၀။ ဆင်းရဲငြိမ်းသူနှင့် မငြိမ်းသူ ၄၃
၂၁။ စစ်မှန်သောဘာသာဝါဒ၊ မဂ္ဂင်ရှစ်ပါး ၄၃

| | | |
|---|---|---|
| ၂၂။ | သရဏဂုံဆောက်တည်ရကျိုးများ | ၄၄ |
| ၂၃။ | ဥပါသကာ ဥပါသိကာအကြောင်း | ၄၄ |
| ၂၄။ | ထိန်းသိမ်းစရာ ငါးမျိုးကဗျာ | ၄၈ |
| ၂၅။ | သိက္ခာပုဒ်ငါးပါး၏ အကျိုးအပြစ်များ | ၄၈ |
| | (က) သတ်ဖြတ်ခြင်းအပြစ် | ၄၉ |
| | (ခ) ခိုးဝှက်ခြင်းအပြစ် | ၅၀ |
| | (ဂ) ကာမဖောက်ပြားခြင်းအပြစ် | ၅၁ |
| | (ဃ) လိမ်ညာခြင်းအပြစ် | ၅၂ |
| | (င) သေသောက်ခြင်းအပြစ် | ၅၃ |
| ၂၆။ | ကိုးပါးသီလတောင်းခံပုံပါဠိ | ၅၄ |
| ၂၇။ | ဆယ်ပါးသီလ ခံယူဆောက်တည်ပုံ | ၅၅ |
| ၂၈။ | သီလရှိသူ ကျိုးငါးဆူ | ၅၅ |
| | ၎င်းဆောင်ပုဒ် | ၅၆ |
| ၂၉။ | သီလပျက်ကပြစ်ငါး၀ | ၅၆ |
| | ၎င်းဆောင်ပုဒ် | ၅၆ |
| ၃၀။ | ဒုစရိုက် (၁၀) ပါး | ၅၆ |
| | (က) ဒုစရိုက် ကာယကံ သုံးပါး | ၅၇ |
| | (ခ) ဒုစရိုက် ဝစီကံ လေးပါး | ၅၇ |
| | (ဂ) ဒုစရိုက် မနောကံ သုံးပါး | ၅၇ |
| | (ဃ) ၎င်းဆောင်ပုဒ် | ၅၈ |
| ၃၁။ | သုစရိုက် (၁၀) ပါး | ၅၈ |
| | (က) သုစရိုက် ကာယကံ သုံးပါး | ၅၈ |
| | (ခ) သုစရိုက် ဝစီကံ လေးပါး | ၅၈ |
| | (ဂ) သုစရိုက် မနောကံ သုံးပါး | ၅၈ |
| | (ဃ) လေးဆယ်မြှောက်သွားပုံဆောင်ပုဒ် | ၅၉ |
| | သိဿကောဝါဒကျမ်းနိဒါန်းမှ ကောက်နှုတ်ချက်များ | ၆၀ |
| ၃၂။ | ငရဲခန်း | ၇၂ |
| | (က) ငရဲကြီးရှစ်ထပ်ဆောင်ပုဒ် | ၇၂ |
| | (ခ) ဒုစရိုက်သမားတို့၏ ကျရောက်ရာ | ၇၂ |
| | (ဂ) ယမမင်းနှင့် ယမမင်းစစ်တမ်း | ၇၂ |

(ဃ) သိဋ္ဌိုင်းငရဲ ၇၄
(င) ကာဠသုတ်ငရဲ ၇၄
(စ) သံဃာတငရဲ ၇၅
(ဆ) ရောရုဝငရဲ ၇၅
(ဇ) မဟာရောရုဝငရဲ ၇၅
(ဆ) တာပနငရဲ ၇၅
(ဇ) မဟာတာပနငရဲ ၇၆
(ဈ) အဝီစိငရဲ ၇၆
(ည) ငရဲဒုက္ခ အကုန်မပြနိုင် ၇၆
၃၃။ ပိသုဏာဝါစာ အပြစ်ပြဝတ္ထု ၇၇
(က) ထူးဆန်းသော ဝက်လူကြီး ၇၇
(ခ) ကုန်းချောပြီ ၇၈
(ဂ) အဝီစိသို့ ၇၈
၃၄။ ဖရုသဝါစာ အပြစ်ပြဝတ္ထု ၇၉
(က) နာမည်ကြီး အမ္ဗပါလီ ၇၉
(ခ) နာမည်ကျော် ၇၉
(ဂ) ကုသိုလ်ကံ အကုသိုလ်ကံ ၈၀
(ဃ) ဆိုးကျိုး ၈၀
၃၅။ သမ္ဖပ္ပလာပဝါစာ အပြစ်ပြဝတ္ထု ၈၁
ဂါမဏိရွာသူကြီး ၈၁
၃၆။ ဆုတောင်းလို့ တောင်းပန်လို့မရနိုင် ၈၁
၃၇။ ဓမ္မပါလဇာတ်တော်လက်ာ ၈၂
၃၈။ သုဓမ္မာနတ်သဘင်၌ လူ့ပြည်မှာကုသိုလ်ရှင်စာရင်းဖတ်ကြားပုံ ၈၄
၃၉။ မေတ္တာပို့ ၈၆
၄၀။ ဗြဟ္မဝိဟာရ တရားလေးပါး ၈၆
၄၁။ ၎င်းလေးပါး ပို့ပွားပုံ ၈၇
၄၂။ မေတ္တာသရဏီယတရား ၈၇
၄၃။ ပုညကြိယာဝတ္ထု (၁၀) ပါး ၈၈
၄၄။ သာသနာ့ယဉ်ကျေးမှုကျင့်ဝတ် ၈၉

# အပိုင်း (၃)
# ကြီးပွားချမ်းသာရေးကဏ္ဍ


၄၅။ မင်္ဂလာသုတ် ပါဠိနှင့် မြန်မာပြန်

၄၆။ မင်္ဂလာဆိုင်ရာသရုပ်နှင့် အဓိပ္ပာယ်များ

၄၇။ ကျင့်ဝတ်နိဒါန်းကဗျာ

၄၈။ သိင်္ဂါလောဝါဒသုတ်လာ ကျင့်ဝတ်ကဗျာများ

(က) သားသမီးကျင့်ဝတ်ငါးပါး

(ခ) မိဘကျင့်ဝတ်ငါးပါး

(ဂ) တပည့်ကျင့်ဝတ်ငါးပါး

(ဃ) ဆရာကျင့်ဝတ်ငါးပါး

(င) မယားကျင့်ဝတ်ငါးပါး

(စ) လင်သားကျင့်ဝတ်ငါးပါး

(ဆ) မိတ်ဆွေကျင့်ဝတ်ငါးပါး

(ဇ) အလုပ်ရှင်ကျင့်ဝတ်ငါးပါး

(ဈ) အလုပ်သမားကျင့်ဝတ်ငါးပါး

(ည) ဒါယကာကျင့်ဝတ်ငါးပါး

(ဋ) ရဟန်းကျင့်ဝတ်ခြောက်ပါး

(ဌ) အကြီးအကဲကျင့်ဝတ်ခြောက်ပါး

(ဍ) အရပ်ခြောက်မျိုးရှိခိုးသူ

၄၉။ ကျင့်ဝတ်နိဂုံးကဗျာ

၅၀။ သိကြားလောင်းကျင့်ဝတ်ခုနစ်ပါး

၅၁။ နာယကမတင်ထိုက်သူခြောက်ဦး

၅၂။ အသင်းအဖွဲ့ပျက်ကြောင်း ခြောက်ပါး

၅၃။ သိင်္ဂါလောဝါဒသုတ်လာ ရှောင်ကြဉ်ရန် အပြစ်ပြကဗျာများ

(က) ဥစ္စာပျက်ကြောင်းခြောက်ပါး

(ခ) သေရည်သောက်ခြင်း အပြစ်ခြောက်ပါး

(ဂ) အခါမဲ့သွားလာခြင်း အပြစ်ခြောက်ပါး

(ဃ) ပွဲလမ်းသဘင် အပြစ်ခြောက်ပါး

(င) လောင်းကစားခြင်း အပြစ်ခြောက်ပါး ၁၁၁
(စ) မိတ်ဆွေပျက်ခြောက်ပါး ၁၁၂
(ဆ) ပျင်းရိခြင်း အပြစ်ခြောက်ပါး ၁၁၂
(ဇ) ဗုဒ္ဓသာဝက ၁၁၃
၅၄။ သွေးအရင်းမို့ ဘေးကင်းရန် အမှာကဗျာများ ၁၁၃
၅၅။ လောကနီတိပါဠိ – အနက် (၁) ၁၁၇
၅၆။ လိုရာပြီးမြောက်လိုပါက ၁၃၉
၅၇။ ရတနာသုံးပါးကိုကိုးကွယ်ခြင်း ၁၄၀
၅၈။ ဗုဒ္ဓဘာသာတစ်နေ့တာ ၁၄၆

## အပိုင်း (၄)
## အောင်မြင်ရေးကဏ္ဍ

၅၉။ ထပ်ဆင့်အောင်ခြင်းများ ၁၄၉
(က) ဝေရဉ္စာအောင်ပွဲ ၁၄၉
(ခ) သုစိလောမ ခရလောမအောင်ပွဲ ၁၅၂
(ဂ) အမ္ဗဋ္ဌအောင်ပွဲ ၁၅၄
(ဃ) ပါထိကပုတ္တအောင်ပွဲ ၁၅၇
(င) ဥပါလိအောင်ပွဲ ၁၆၀
(စ) စန္ဒာဘာအောင်ပွဲ ၁၆၃
(ဆ) ဝင်္ဂီသအောင်ပွဲ ၁၆၅
၆၀။ အောင်ပါစေကဗျာ ၁၆၆

# အမှာစာ

နေ့စွဲ - ၆၅-ပြာသို ၁၄
(၅-၁-၂၀၀၄)

❖ သမုဒ္ဒရာတွင်းမှ, ရေခိုးထ၍, မိုးတိမ်ဖြစ်ကာ, မိုးတွေရွာ။
မိုးရွာရေကြောင်း, မြစ်စမ်းချောင်းတို့, သွယ်ပေါင်းစီးဆင်း, သမုဒ္ဒရာတွင်း။

❖ သမုဒ္ဒရာတွင်းမှ, ရေခိုးထ၍, မိုးတိမ်ဖြစ်ကာ, မိုးတွေရွာ။
မိုးရွာရေကြောင်း, မြစ်စမ်းချောင်းတို့, သွယ်ပေါင်းစီးဆင်း သမုဒ္ဒရာတွင်း။

❖ သမုဒ္ဒရာတွင်းမှ, ရေခိုးထ၍, ..... ။

❖ ကမ္ဘာအစ, အဆုံးကျအောင်, သမုဒ္ဒရာရေ, မပျောက်လေသို့, တို့သာသနာ, တို့ဘာသာလည်း, ကမ္ဘာတည်သရွေ့, မရွေ့မယိုင်, မြဲခိုင်ဝင့်ထည်, မပျောက်ကွယ်အောင်, သွယ်သွယ်ရေကြောင်း, မြစ်စမ်းချောင်းနှယ်, ဟောင်းမပျက်မီ, အသစ်တည်၍, တည်သောအသစ်, ဟောင်းမဖြစ်မီ, အသစ်တစ်ဖန်, တည်လာပြန်လျက်, ဆက်ခံမပျက်, မျိုးဆက်သစ်များ, ဆင့်ဆင့်ပွားရန်, နိုင်ငံအကျော်, ဆရာတော်များ, ရေးသားစီပြု, စာပေစုမှ, ကြည့်ရှုသင့်ရာ, ကောက်နှုတ်ကာလျှင် "ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း" စာပြဋ္ဌာန်းသည် ရွှင်လန်းဝမ်းမြောက်ကြစေခလို။

**အရှင်ခေမာစာရ**
သစ္စာဝေဒဂူ မိုးကုတ်ဝိပဿနာရိပ်သာ
ရေတံခွန်တောင်၊ မန္တလေးမြို့။

# သင်ခန်းစာ သင်ကြားနည်း

ဤစာအုပ်ပါ သင်ခန်းစာများသည် အားလုံး အရကျက်ရန်ချည်းမဟုတ်ပါ။ ဘုရားရှိခိုး၊ သီလဆောက်တည်ပုံ၊ ငါးပါးသီလအကျိုးအပြစ်ပြကဗျာ၊ မင်္ဂလာကဗျာများ၊ ကျင့်ဝတ်ကဗျာများကဲ့သို့ အာဂုံရမထားလျှင် မဖြစ်သည့်သင်ခန်းစာများကိုသာ အရကျက်ခိုင်းရပါမည်။ ဗုဒ္ဓဝင်အမေးအဖြေ သံပေါက်ကဗျာမျိုးများကိုတော့ နှုတ်တက်ရုံ မေးလိုက်ဖြေလိုက် ဖတ်ခိုင်း၍ အဓိပ္ပာယ်တန်သင့်ရုံ ပြောပြပါ။ အချို့ကဗျာကလေးများကို သံနေသံထားနှင့် ထပ်ကာထပ်ကာ ရွတ်ဆိုခိုင်းခြင်းဖြင့် ကလေးများ အထူးမကျက်မှတ်ရဘဲ အာဂုံရသွားကြပါလိမ့်မည်။ တီးလုံးနှင့် တွဲဖက်သီဆိုထားသော ဓမ္မတေးကဗျာများကို ဖွင့်၍ နောက်က သံပြိုင်လိုက်ဆိုခိုင်းခြင်းဖြင့်လည်း ဤသင်ခန်းစာများကို ကလေးများ အလွယ်တကူ အာဂုံရရှိသွားကြတာကို တွေ့ရပါသည်။ စာမေးပွဲမေးခွန်းထုတ်ခါနီးလျှင် ဤသင်ခန်းစာများထဲမှ သုံးပုဒ်သုံးပုဒ်စီ ထပ်မံကျက်ခိုင်း၍ ထိုသုံးပုဒ်စီထဲမှ တစ်ပုဒ်တစ်ပုဒ်ပါအောင် မေးခွန်းထုတ်ပေးလျှင် ကလေးများ ကျေနပ်ပျော်ရွှင်ကြပါသည်။ အထူးအရေးကြီးတာကတော့ ကလေးများကို တည်ခြင်းငါးပါးနှင့်အညီ ရှိခိုးကန်တော့ပုံမှစ၍ ရဟန်းသံဃာတော်များ မိဘဆရာများ လူကြီးသူမများနှင့် တွေ့ကြုံဆက်ဆံရသည့်အခါ ကိုယ်အမူအရာ နှုတ်အမူအရာများ ယဉ်ကျေးသိမ်မွေ့အောင် စနစ်တကျ လက်တွေ့သင်ပြပေးကြဖို့ လိုပါသည်။

အရှင်ခေမာစာရ

(မန်းရေတံခွန်)

# အန္တရာယ်ကင်းဝန် တို့အဓိဋ္ဌာန်

၁။ ဘုရားကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၂။ တရားကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၃။ သံဃာကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၄။ မိဘကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၅။ ဆရာကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၆။ တိုင်းပြည်ကျေးဇူး၊ စိတ်ကြည်နူး၊ အထူးကျေအောင် ဆပ်ပါမည်။

၇။ ကျေးဇူးမကျေ၊ လူမိုက်တွေ၊ မသေခွဲဖြစ်မှာ စိုးရသည်။

၈။ ကျေးဇူးဆပ်ကာ၊ လူလိမ္မာ၊ မှန်စွာဖြစ်အောင် ကြိုးစားမည်။

၉။ တိုင်းပြည်လူမျိုး၊ များကောင်းကျိုး၊ သယ်ပိုးရွက်ဆောင်ပြုပါမည်။

**မာဂဓီ သာစည်**

# အပိုင်း (၁)

# ဗုဒ္ဓကျောင်းရာ ကဗျာ

## နှလုံးသားမှာ ဘုရားတည်အံ့ ဗုဒ္ဓကိုပဲ ယုံကြည်တယ်

၁။ ဗုဒ္ဓဘာသာ သူတော်တရားကို အများငါတို့ သင်ယူမယ်။

၂။ သင်ယူပြီးလျှင် ကျင့်ကြံကြဖို့ တစ်ဆင့်အမှန်ပ လိုအပ်တယ်။

၃။ နှလုံးသားမှာ မြတ်စွာဘုရားကို ပင့်ကာထားစို့ အမှန်ကွယ်။

၄။ ဟိုဟာ ဒီဟာ လာမရှုပ်နဲ့ ဗုဒ္ဓကိုပဲ ယုံကြတယ်။

၅။ အဲဒါမှ ဗုဒ္ဓသာဝက တပည့်သားမည်ပေတယ်။

ဗုဒ္ဓဘာသာ ယူမယ်၊

အို– ကလေးတို့ ...

ကမ္ဘာပေါ်မှာ လူသားတို့ ကိုးကွယ်တဲ့ဘာသာတွေ တော်တော်များများရှိတယ်။ အဲဒီဘာသာတွေ အနက် ထင်ရှားတဲ့ဘာသာတွေကတော့ (၁) ဗုဒ္ဓဘာသာ၊ (၂) ဟိန္ဒူဘာသာ၊ (၃) ခရစ်ယန်ဘာသာ၊ (၄) မွတ်စလင် (အစ္စလာမ်) ဘာသာတို့ဖြစ်တယ်။ ဘာသာကြီး လေးဘာသာလို့ ကလေးတို့ သာမန် မှတ်ထားကြရမယ်။

အဲဒီလေးဘာသာရှိတဲ့အနက်မှာ ကလေးတို့ ကိုးကွယ်တဲ့ဘာသာကတော့ ဗုဒ္ဓဘာသာဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဖြစ်တဲ့ သူတော်တရား (သူတော်ကောင်းတရား) ကို ကလေးတို့ သင့်ယူမယ်လို့ (၁) နံပါတ် ကဗျာအပိုဒ်က ညွှန်ပြပါတယ်။

အို– ကလေးတို့ ... ဒီနေရာမှာ (၁) ဗုဒ္ဓ၊ (၂) ဗုဒ္ဓဘာသာ၊ (၃) ဗုဒ္ဓဘာသာဝင်ဆိုတဲ့ စကား လုံးတွေရဲ့အဓိပ္ပာယ်ကို နားလည်ဖို့လိုပါတယ်။

# ဘာသာကြီးလေးခု

၁။ **"ဗုဒ္ဓ"** ဗုဒ္ဓဆိုတာ သိသင့်သိထိုက်စရာတွေမှန်သမျှကို သိသူလို့ အဓိပ္ပာယ်ရတယ်။ "သိစရာမှန်သမျှ မကျန်ရ ဗုဒ္ဓသိတော်မူ" ဆိုတဲ့ ကဗျာကို ကျက်ထားပေါ့။ အကျဉ်းချုပ်ကတော့ ဗုဒ္ဓ = သိစရာမှန်သမျှ သိသူ မြတ်စွာဘုရားလို့ မှတ်ထားပါ။ နောက် ဒီစာအုပ်ထဲမှာ ဗုဒ္ဓ ဗုဒ္ဓလို့တွေ့ရင် သိစရာမှန်သမျှ သိသူမြတ်စွာဘုရားလို့ ကလေးတို့ နားလည်ထားရမယ်။ မိမိတို့ရဲ့ ကိုးကွယ်ရာဘုရားကို ဗုဒ္ဓ လို့ပဲရေးမယ်၊ သုံးမယ်။

၂။ **"ဗုဒ္ဓဘာသာ"** ဘာသာဆိုတာစကား (တရား) လို့ အဓိပ္ပာယ်ရတယ်။ ဗုဒ္ဓနဲ့တွဲတော့ ဗုဒ္ဓ = မြတ်စွာဘုရားရဲ့ + ဘာသာ = စကား (တရား) လို့ ဖြစ်လာတယ်။ ဗုဒ္ဓဘာသာ = မြတ်စွာဘုရား (ဗုဒ္ဓ) ရဲ့ စကား (တရား) လို့ ဆိုလိုတယ်။ ။ ဗုဒ္ဓဘာသာ = ဗုဒ္ဓရဲ့စကား (တရား)

၃။ **"ဗုဒ္ဓဘာသာဝင်"** ဗုဒ္ဓရဲ့စကား (တရား) ကို လိုက်နာကျင့်သုံးသူတွေကိုတော့ ဗုဒ္ဓဘာသာဝင်လို့ ခေါ်တာပေါ့။ ကလေးတို့ကို ဘယ်ဘာသာဝင်တွေလဲလို့မေးရင် ဘယ်လိုဖြေကြမလဲ။ ဗုဒ္ဓဘာသာဝင်တွေလို့ပဲ ဖြေကြမယ်မဟုတ်လား။ ကဲ – ဒီတော့ ဗုဒ္ဓဘာသာဝင်ဖြစ်ကြတဲ့ ကလေးတို့ဟာ ဗုဒ္ဓဘာသာဆိုတဲ့ ဗုဒ္ဓရဲ့တရားစကားတော်တွေကို (သူတော်တရား = သူတော်ကောင်းစကားတော်တွေကို) သင်ယူမယ်လို့ (၁) နံပါတ် ကဗျာပိုဒ်က ဆိုလိုကြောင်း ကလေးတို့ သိလောက်ပါပြီ။

၁။ ဗုဒ္ဓဘာသာဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၂၇) (ဘီစီခြောက်ရာစု) လောက်က ပေါ်ခဲ့တယ်။ ဗုဒ္ဓရဲ့ အဓိကဟောကြားချက်တရားကတော့ သက်ရှိသက်မဲ့ ကမ္ဘာလောက အရာဝတ္ထုမှန်သမျှ အကြောင်းတရားကြောင့်ဖြစ်လာတဲ့ အကျိုးတရားတွေပဲ။ အကြောင်းကြောင့် အကျိုးဖြစ် ဝါဒပဲ၊ ဖန်ဆင်းရှင်ဝါဒ မဟုတ်ဘူး။

ဗုဒ္ဓမပွင့်ပေါ်မီက သက်ရှိသက်မဲ့ ကမ္ဘာလောကကို ဗြဟ္မာကြီးတွေ ဖန်ဆင်းထားတယ်ဆိုတဲ့ ဝါဒက လွှမ်းမိုးနေမယ်၊ စိုးမိုးနေတယ်။ ဗုဒ္ဓရဲ့အကြောင်းကြောင့် အကျိုးဖြစ်ဝါဒ (ကြောင်းကျိုးဝါဒ) ပေါ်လာတဲ့အခါ အသိဉာဏ်ရှိသူ၊ ဆင်ခြင်တုံရှိသူတွေဟာ ဗုဒ္ဓဝါဒကို အကြွင်းမဲ့ လက်ခံလာကြတယ်။ အဲဒီခေတ်ကစပြီး ယခုထိ ဗုဒ္ဓဝါဒဟာ ကမ္ဘာမှာ ရှိနေသေးတယ်။ ပျောက်မသွားသေးဘူးလို့ ကလေးတို့ ဒီလောက်ပဲ မှတ်ထားကြဦး။

၂။ **ဟိန္ဒူဘာသာ**ကတော့ ဗြဟ္မာဖန်ဆင်းဝါဒကို အဓိကထားတယ်။ ဗုဒ္ဓမပွင့်မီက ပေါ်ခဲ့တဲ့ ဝါဒပါပဲ။ ထူးတာကတော့ ဂေါတမဗုဒ္ဓဆိုတဲ့ ကလေးတို့ ကိုးကွယ်တဲ့ဗုဒ္ဓဟာ ဟိန္ဒူတွေ ကိုးကွယ်တဲ့ဘုရားများစွာထဲမှာ နောက်ဆုံးပွင့်တဲ့ ဘုရားအဖြစ်နဲ့ ဟိန္ဒူတွေက လက်ခံကြသတဲ့။

၃။ **ခရစ်ယာန်ဘာသာ**ဆိုရင် ဗုဒ္ဓပွင့်ပြီးနောက် နှစ်ပေါင်းခြောက်ရာကျော်ကျော်လောက်မှာ ပေါ်လာတယ်။ အဲဒီဘာသာကို စတင်တည်ထောင်သူက ခရစ်တော်ဖြစ်တယ်။ ပါလက်စတိုင်း၊ ဂျေရုဆလင်မှာ စတင်တည်ထောင်ခဲ့တယ်။ ဂျူး (ဣသရေလ) အချို့က သူ့ဝါဒကို လက်မခံရုံမက ခရစ်တော်ကို

လက်ဝါးကပ်ကိုဘင်ပြီး သတ်လိုက်ကြသတဲ့။ ဒါကြောင့် ခရစ်ယာန်ဘာသာဝင်တွေဟာ ခရစ်တော် အသတ်ခံရတဲ့ လက်ဝါးကပ်တိုင်ကို အမြတ်တနိုး ကိုးကွယ်ကြတယ်။ ခရစ်ယာန်ဘာသာရဲ့ အဓိကအချက်ကလည်း ဗြဟ္မာဇာဝါဒလိုပဲ ဖန်ဆင်းရှင်ဝါဒပါပဲ။ ထာဝရဘုရားက သက်ရှိသက်မဲ့ ကမ္ဘာကြီးကို ဖန်ဆင်းထားတယ်။ လူတွေကို ဆုံးမဖို့ ခရစ်တော်ကို လွှတ်လိုက်တယ်။ သတ္တဝါတွေ အတွက် အားလုံး ထာဝရဘုရားက တာဝန်ယူတယ်လို့ဆိုတယ်။ ခရစ်ယာန်ဘာသာရဲ့ အမှတ်အသားကတော့ လက်ဝါးကပ်တိုင်ပါပဲ။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေထိပ်မှာ၊ ခရစ်ယာန်ဘာသာဝင်တွေရဲ့လည်ဆွဲမှာ တွေ့နိုင်ပါတယ်။ ခု ကလေးတို့ သိနေကြတဲ့ ခရစ်နှစ်ဆိုတာ ခရစ်တော် စပေါ်တဲ့နှစ်က စတင်တွက်တဲ့နှစ်ပါပဲ။

ခရစ်တော်ပေါ်တာ ဘယ်လောက်ကြာပြီလဲလို့မေးရင် ရောက်ဆဲခရစ်နှစ်အတိုင်း ဖြေလိုက်ရုံပါပဲ။ ခု ခရစ်နှစ်ဘယ်လောက်လဲ ၁၉၈၄ မဟုတ်လား။ ဒီလိုဆို ခရစ်တော်ပေါ်လာတာ ၁၉၈၄ နှစ် ရှိခဲ့ပြီပေါ့ ဟုတ်လား၊ ကလေးတို့။

၄။ အို– ကလေးတို့ ... **မွတ်စလင်ဘာသာ** (အစ္စလာမ်ဘာသာ) စတင်ပေါ်ခဲ့လာကတော့ ခရစ်တော် ပေါ်ပြီးစ နှစ်ပေါင်းခြောက်ရာလောက်ဖြစ်တယ်။ အေဒီခြောက်ရာစုလို့လည်း မှတ်နိုင်တယ်။ အစ္စလာမ်ဘာသာရဲ့ အဓိကအချက်ကလည်း ဖန်ဆင်းဝါဒပါပဲ။ အလ္လာဘုရားက သက်ရှိသက်မဲ့ ကမ္ဘာလောကကို ဖန်ဆင်းထားတယ်။ အလ္လာဘုရားရဲ့ တမန်တော်ကတော့ မိုဟာမက်ဖြစ်တယ်။ အာရေဗျပြည် မက္ကာမြို့မှ အစ္စလာမ်ဘာသာ စတင်ပေါ်ပေါက်လာခဲ့တယ်။ မွတ်စလင်တွေရဲ့ အမှတ်အသား ကတော့ သုံးရက်လနဲ့ အလယ်က ကြယ်ဖြစ်တယ်။ အဲဒီအမှတ်အသားရှိတဲ့ ဆိုင်ဆိုရင် မွတ်စလင်ဆိုင်လို့ ကလေးတို့ သိထားရမယ်။ (၇၈၆) ဆိုတာဟာလည်း မွတ်စလင် ဘာသာဝင်ရဲ့ အထိမ်းအမှတ်မျိုးပဲဖြစ်တယ်။ ဗဟုသုတအဖြစ် ကလေးတို့ မှတ်သားထားကြပေါ့။

## လေးဘာသာ နှိုင်းယှဉ်ချက်

ကဲ– ကလေးတို့ ... ဘာသာကြီး လေးဘာသာအကြောင်း အသင့်အတင့်တော့ သိကြပြီ။ နှိုင်းယှဉ်ချက် ထုတ်ကြည့်ရအောင်။ ဗုဒ္ဓဝါဒက အကြောင်းအကျိုးဝါဒ၊ မကောင်းတာတွေလုပ်ရင် မကောင်းတဲ့အကျိုးတွေရမယ်။ ကောင်းတာတွေလုပ်ရင် ကောင်းကျိုးတွေရမယ်ဆိုတဲ့ အကြောင်းအကျိုးဝါဒပဲ။ ဗုဒ္ဓဘာသာဝင် ဖြစ်တဲ့ ကလေးတို့ဟာ ဗုဒ္ဓရဲ့ဝါဒကို ကျကျနန သိထားရမယ်။ သူများမေးရင် ဖြေနိုင်ရမယ်။

ဗုဒ္ဓဝါဒမှတစ်ပါး ကျန်အားလုံးသော ဝါဒတွေရဲ့ အနှစ်ချုပ်ကတော့ ဖန်ဆင်းရှင်ဝါဒပါပဲ။ ဘာပဲ ဖြစ်ဖြစ် ဘုရားကို ပုံချမဲ့ဝါဒတွေချည်းပါပဲ။ ဒီလို ကွဲကွဲပြားပြား သိထားနားလည်ထားဖို့လိုပါတယ်။ အောက်မှာဖော်ပြထားတဲ့ကဗျာကို ကျက်ထားပါ။ ဒီလောက်ဆိုရင် ဗုဒ္ဓဘာသာသူတော်တရားကို အများငါတို့ သင်ယူမယ်ဆိုတဲ့ (၁) နံပါတ် ကဗျာပိုဒ်ရဲ့အဓိပ္ပာယ်ကို သိလောက်ပါပြီ။

"ကြောင်းကျိုးဝါဒ
မြတ်ဗုဒ္ဓ၊ ညွှန်ပြခိုင်မြဲစွာ။
ဖန်ဆင်းဝါဒ၊ ဟူသမျှ
ဗုဒ္ဓပယ်ဖျက်ပါ။"

၂။ "သင်ယူပြီးလျှင် ... လိုအပ်တယ်"၊ ဗုဒ္ဓဘာသာဆိုတဲ့ သူတော်ကောင်းတရားကို ကလေးတို့ သင်ယူမယ်လို့ အဓိဋ္ဌာန်ပြုပြီးတဲ့နောက် သင်ယူထားရုံနဲ့တော့ မပြီးသေးဘူး။ သင်ယူထားတဲ့အတိုင်း ကျင့်ကြံဖို့ လိုသေးတယ်လို့ (၂) နံပါတ်ကဗျာပိုဒ်က ညွှန်ပြနေတယ်။ သင်ယူခြင်းက ပထမအဆင့် ကျင့်ကြံခြင်းက နောက် ဒုတိယအဆင့်ဖြစ်တယ်၊ ဟုတ်တယ် ကလေးတို့။ တို့များရဲ့ ဗုဒ္ဓဝါဒက ဘုရားအားကိုးဝါဒ မဟုတ်ဘူး။ ဗုဒ္ဓညွှန်ကြားချက်နဲ့အညီ "မကောင်းတာရှောင် ကောင်းတာဆောင်၊ မကောင်းတာမလုပ် ကောင်းတာလုပ် ကြောင်းကျိုးဝါဒ" ဆိုတဲ့ ဗုဒ္ဓဘာသာကို သင်ရုံနဲ့မပြီးဘူး။ သင်ယူပြီး ဗုဒ္ဓဝါဒအတိုင်း ကျင့်ကြံကြဖို့ကလည်း တကယ်လိုအပ်တယ် မဟုတ်လား။ ဒါကြောင့် ကလေးတို့လည်း ဗုဒ္ဓဘာသာကို နားလည်အောင် သင်ကြ၊ သင်ပြီး ကျင့်ကြံဖို့ လိုတယ်လို့ နံပါတ် (၂) အပိုဒ်က ဖော်ပြနေပါသေးတယ် ကလေးတို့။

၃။ "နှလုံးသားမှာ ... အမှန်ကွယ်" ကလေးတို့ရဲ့ သန့်စင်လှတဲ့ နှလုံးသားမှာ ဗုဒ္ဓမြတ်စွာကို ပင့်ထားပါလို့ (၃) နံပါတ် ကဗျာအပိုဒ်က ညွှန်ပြနေပါတယ်။

ဒီစာအုပ်ရဲ့ ခေါင်းစဉ်းကိုကြည့်ပါ။ "နှလုံးသားမှာ ဘုရားတည်အံ့" လို့ တွေ့ရလိမ့်မယ်။ ဘုရားဆိုတာ မြေကြီးပေါ်မှာ တည်ရပါတယ်။ နှလုံးသားထဲမှာ ဘယ်လိုဘုရားတည်မလဲလို့ တွေးနိုင်ပါတယ်။ ပြီးတော့ နှလုံးသားမှာ မြတ်စွာဘုရားကို ဘယ်လိုပင့်ထားမလဲလို့ မေးနိုင်ပါတယ်။ ဒီစကားတွေကတော့ တိုက်ရိုက်ပြောစကားတွေ မဟုတ်ပါဘူး။ တင်စားပြောတဲ့ စကားတွေပဲဖြစ်တယ်။ ကလေးတို့တစ်တွေဟာ ဗုဒ္ဓကိုယုံကြည်တယ်၊ ဗုဒ္ဓကိုကိုးကွယ်တယ်၊ ဗုဒ္ဓဘာသာဝင် ခိုင်ခိုင်မာမာတွေဖြစ်တယ်။ (ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ) ဆိုတဲ့ ရတနာသုံးပါးအပေါ်မှာ ယုံမှားမဲ့အားထားကြသူတွေ ဖြစ်တယ်ဆိုရင် နှလုံးသားမှာ ဘုရားတည်ထားရာ ရောက်ပါတယ်။

အို– ကလေးတို့ ... မြေပေါ်မှာ ဘုရားတည်ထားရုံမျှနဲ့တော့ ဗုဒ္ဓဘာသာ ကမ္ဘာမှာ ကြာကြာတဲ့တဲ့ တည်မှာမဟုတ်ဘူး။ မကြာမီပဲ ကွယ်ပျောက်သွားနိုင်ပါတယ်။ အို– ကလေးတို့ ကမ္ဘာ့မြေပုံကို ကြည့်ပါ။ တစ်ခါက ဗုဒ္ဓဘာသာထွန်းကားတဲ့ နိုင်ငံတော်တော်များများမှာ ဗုဒ္ဓဘာသာတွေ ကွယ်ပျောက်ခဲ့ပါပြီ။ အဲဒီနိုင်ငံတွေမှာရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေ စေတီတော်တွေကို အလေးအမြတ်ပြုမည့်သူ၊ ရှိခိုးပူဇော်မည့်သူတွေ ရှိပါဦးမည်တဲ့လား၊ မရှိတော့ဘူး။

မြေပေါ်မှာ ဘုရားတည်တဲ့အတွက် ကုသိုလ်တော့ရပါတယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာ မကွယ်ပျောက်ဖို့အတွက်ကတော့ နှလုံးသားမှာ ဘုရားတည်ထားခြင်း၊ နှလုံးသားမှာ ဘုရားပင့်ထားခြင်းဆိုတဲ့ ဗုဒ္ဓကို

ခိုင်ခိုင်မာမာ အသက်စွန့်ယုံကြည်တဲ့သူတွေ ဖြစ်လာဖို့က ပိုပြီးအရေးမကြီးဘူးလား၊ အရေးကြီးတယ် မဟုတ်လား၊ တကယ်ပဲ အရေးကြီးနေပါပြီ။

နှလုံးသားမှာ ဘုရားမတည်ကြဘူးဆိုရင်တော့ မကြာမီအတွင်းမှာပဲ ဗုဒ္ဓဘာသာ ကမ္ဘာမှာ ကွယ်ပျောက်သွားမှာ ဖြစ်ပါတယ်။ ဒိုင်နိုဆောဆိုတဲ့ သတ္တဝါကမှ ကျောက်ဖြစ်ရုပ်ကြွင်း ကျန်နေသေးတယ်။ ဗုဒ္ဓဘာသာ ကွယ်ပျောက်သွားပြီဆိုရင်တော့ ဘာရုပ်ကြွင်းမှ ရှိတော့မယ်မဟုတ်ပါဘူး။

ဒါကြောင့် "နှလုံးသားမှာ၊ မြတ်စွာဘုရားကို ပင့်ကာထားစို့ အမှန်ကွယ်" လို့ ရေးခဲ့ရပါတယ် ကလေးတို့။

၄။ ဟိုဟာ ဒီဟာ လာမရှုပ်နဲ့ ဗုဒ္ဓကိုပဲ ယုံကြည်တယ်။

အို– ကလေးတို့ ... ဗုဒ္ဓဘာသာဝင်တွေ၊ ဘာသာရေးခေါင်းဆောင်တွေဟာ မေတ္တာ၊ ကရုဏာဆိုတဲ့ ဗြဟ္မစိုရ်တရား လက်ကိုင်ထားသူတွေ ဖြစ်ကြတဲ့အတိုင်း အခြားဘာသာဝင်တွေအတွင်းမှာ ဝင်ရောက်နှောင့်ယှက်မှုကို ပြုလေ့မရှိပါဘူး။ အကူအညီပေးတဲ့ သာဓကတွေတောင် ရှိပါတယ်။

ကလေးတို့ကြားဖူးတဲ့ မန္တလေးမြို့တည်၊ နန်းတည်၊ မင်းတုန်းမင်းဆိုရင် မွတ်စလင်ဘာသာဝင်တွေ အလေးအမြတ်ထားတဲ့ မက္ကာမြို့မှာ ဗမာမွတ်စလင်တွေ ဘုရားဖူးသွားရင် တည်းခိုဖို့ အဆောက်အဦတွေ ဆောက်လုပ်လှူဒါန်းထားတာ ခုတိုင်အောင်ပဲ ရှိပါတယ်။ ကမ္ဘာပေါ်တွင် အချို့နိုင်ငံတွေက မိမိကိုးကွယ်တဲ့ဘာသာကို နိုင်ငံတော်ဘာသာကြေညာပြီး အခြားဘာသာများကို ဦးစားမပေးဘဲထားကြတယ်။ မြန်မာနိုင်ငံကတော့ ဒီလိုမဟုတ်ပါဘူး။ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိပါတယ်။ သဘောထားကြီးမားစွာ လွတ်လွတ်လပ်လပ် မိမိနှစ်သက်ရာဘာသာကို ကိုးကွယ်ခွင့်ပြုထားတဲ့ မြန်မာနိုင်ငံမှာ အခြားဘာသာတွေက ဗုဒ္ဓဘာသာဝင်တွေအပေါ်မှာ လာရောက်နှောင့်ယှက်မယ်ဆိုရင်လည်း သဘာဝကျမှာ မဟုတ်ပါဘူး။ အခြားဘာသာဝင်များက မိမိတို့ဘာသာကို လာမရှုပ်ပါနဲ့လို့ မေတ္တာနဲ့ တားမြစ်ပြီးတော့ အဲဒီလို အခြားဘာသာတွေ ဝင်အရှုပ်မခံဘဲ ဗုဒ္ဓကိုပဲ ယုံကြည်ပါတယ်ဆိုတဲ့ အဓိပ္ပာယ်ကို (၄) နံပါတ် ကဗျာအပိုဒ်က ဖော်ပြနေပါတယ်။

## ဗုဒ္ဓသာဝက မည်ပုံ

၅။ အဲဒါမှ တပည့်သားမည်ပေတယ်။ နံပါတ် (၁) အပိုဒ်အရ ဗုဒ္ဓဘာသာကို သင်ယူသူ၊ နံပါတ် (၂) အပိုဒ်အရ ဗုဒ္ဓဘာသာကို လိုက်နာကျင့်ကြံသူ၊ နံပါတ် (၃) အပိုဒ်အရ အခြားဘာသာများ၊ အရှုပ်မခံဘဲ မိမိ ဗုဒ္ဓဘာသာကိုသာ အသက်စွန့်ယုံကြည်သူတွေကိုမှ (အဲဒါမှ) ဗုဒ္ဓသာဝက (တပည့်သား) မည်တယ်လို့ ဆိုလိုပါတယ်။

ဗုဒ္ဓသာဝက တပည့်သားဆိုရာမှာ အဓိပ္ပာယ်နှစ်မျိုးရပါတယ်။ ဗုဒ္ဓ = မြတ်စွာဘုရားရဲ့ + သာဝက = တပည့်သား = ဗုဒ္ဓသာဝက မြတ်စွာဘုရားရဲ့ တပည့်သား။ နောက် မြန်မာစကားဖြစ်တဲ့ တပည့်သားဆိုတဲ့

စကားနဲ့ ဗုဒ္ဓသာဝကကို ပေါင်းလိုက်တော့ ဗုဒ္ဓသာဝက တပည့်သား=မြတ်စွာဘုရားရဲ့ တပည့်သားအစစ် ဖြစ်သော တပည့်သားလို့ အဓိပ္ပာယ်ရတယ်။

တစ်နည်းအားဖြင့် ဗုဒ္ဓသာဝက မြတ်စွာဘုရားရဲ့ တပည့်သား (သံဃာတော်) ရဲ့ + တပည့်သားလို့ ဆိုလိုပါတယ်။

အဲဒီလို နံပါတ် (၁) မှ (၄) အထိ အရည်အသွေးနဲ့ပြည့်စုံတဲ့သူကိုမှ ဗုဒ္ဓသာဝက တပည့်သားလို့ ခေါ်နိုင်တယ်ဆိုတဲ့အဓိပ္ပာယ်ကို (၅) နံပါတ် ကဗျာပိုဒ်က ဖော်ပြနေတဲ့အကြောင်း ကလေးတို့ သိလောက်ပါပြီ။ (ဗုဒ္ဓဘာသာ သူတော်တရားကို ကဗျာပြန်ဆို)

အရှင်သုန္ဒရ (ဘီအေ)
ဗုဒ္ဓဘာသာအခြေခံသင်ခန်းစာ (၉ – ၁၆)

## ဗုဒ္ဓဓမ္မ ကျင့်မှ ချမ်းသာ

❖ သိစရာ မှန်သမျှ
မကျန်ရ ကုန်သိမြင်
အဲဒါ "ဗုဒ္ဓ"ပင်။

❖ သံသရာ ဝဋ်အတွင်းမှ
လွတ်ကင်းဖို့ ဆောင်စွမ်းအင်
အဲဒါ "ဓမ္မ"ပင်။

❖ အယူနဲ့သီလ
တူညီကြတဲ့ ပေါင်းဖွဲ့ဝင်
အဲဒါ "သံဃာ"ပင်။

❖ ဗုဒ္ဓရဲ့ မြတ်တရား
လိုက်နာပွားကျင့်ကြံလျှင်
အဲဒါ "ဗုဒ္ဓသာဝက"ပင်။

❖ ဗုဒ္ဓဓမ္မသံဃာအား
ဆည်းကပ်ဝပ်တွား ထာဝစဉ်။
အဆုံးအမတွေ လိုက်နာက
ချမ်းသာရမည်ပင်။

အရှင်ခေမာစာရ
(မန်းရေတံခွန်)

# ဂေါတမမြတ်စွာဘုရား၏ ဗုဒ္ဓဝင်အကျဉ်း

၁။ ဂေါတမဘုရားအလောင်းတော်သည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သုမေဓာရသေ့ ဖြစ်ခဲ့လေသည်။

၂။ **သုမေဓာရသေ့သည်** ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ ကိုယ်တော်တစ်ဦးတည်း နိဗ္ဗာန်ချမ်းသာကို ရနိုင်သော်လည်း သြဃလေးဖြာသံသရာ၌ နစ်မွန်းပျော်ပါးကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့ကို သနားကြင်နာတော်မူလှသဖြင့် ယူတော်မမူခဲ့ပေ။

## ပါရမီ ( ၃ ) မျိုး

၃။ သုမေဓာရသေ့ဘဝမှ ဝေဿန္တရာမင်း ဘဝတိုင်အောင် မရေမတွက်နိုင် များစွာသောဘဝတို့၌

(၁) ရွှေ၊ ငွေ၊ ဆင်၊ မြင်း အစရှိသည်တို့ကို လှူခြင်း (ဒါနပါရမီ)၊

(၂) ခြေ၊ လက်၊ နား၊ နှာခေါင်း အစရှိသည်တို့ကို လှူခြင်း (ဒါနဥပပါရမီ)၊

(၃) ကိုယ့်အသက်ကို လှူခြင်း (ဒါနပရမတ္ထပါရမီ)

အစရှိသော ပါရမီသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခဲ့လေသည်။

## စွန့်ခြင်းကြီး ( ၅ ) ပါး

၄။ ထို့အပြင် အလွန်စွန့်နိုင်ခဲစွာသော

(၁) ပဒေသရာဇ်ကေရာဇ် စကြာမင်းတို့၏ စည်းစိမ်ဥစ္စာ ရတနာတို့ကို စွန့်ခြင်း (**ဓနပရိစ္စာဂ**)၊

(၂) သားသမီးကို စွန့်ခြင်း (**ပုတ္တပရိစ္စာဂ**)၊

(၃) မယားကို စွန့်ခြင်း (**ဘရိယပရိစ္စာဂ**)၊

(၄) ခြေ၊ လက်၊ နား၊ နှာခေါင်း အစရှိသည့် အင်္ဂါကြီးငယ်ကို စွန့်ခြင်း (**အင်္ဂပရိစ္စာဂ**)၊

(၅) ကိုယ့်အသက်ကိုစွန့်ခြင်း (**ဇီဝိတပရိစ္စာဂ**)

ဟု ဆိုအပ်သော စွန့်ခြင်းကြီး ငါးပါးကို ဖြည့်စွန့်တော်မူခဲ့လေသည်။

## စရိယ ( ၃ ) ပါး

ထို့အပြင်

၁) **လောကတ္ထစရိယ** – လောကလူသားသတ္တဝါများအတွက် ကျင့်တော်မူခြင်း၊

၂) **ဉာတတ္ထစရိယ** – ဆွေမျိုးသားချင်းများအတွက် ကျင့်တော်မူခြင်း၊

၃) **ဗုဒ္ဓတ္ထစရိယ** – သဗ္ဗညုတဉာဏ်တော်အတွက် ကျင့်တော်မူခြင်း

ဟူသော စရိယသုံးပါးကိုလည်း ကျင့်တော်မူခဲ့လေသည်။

၅။ ဤသို့ ဘဝများစွာ သံသရာကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီးနောက် ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ သေတကေတုမည်သော နတ်သားဖြစ်ခဲ့လေသည်။ နတ်သားဖြစ်စဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့က "ဘုရားဖြစ်ချိန်တန်ပါပြီ၊ လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါ"ဟု ဘုရားအလောင်းတော်ကို တောင်းပန်တော်မူလေသည်။

## ကြည့်ခြင်းကြီး ( ၅ ) ပါး

၆။ သို့ဖြစ်၍ ဘုရားအလောင်းတော် သေတကေတုနတ်သားသည်

(၁) ကာလ – ဘုရားဖြစ်ရာ အချိန်ကာလ၊

(၂) ဒီပ – ဘုရားဖြစ်ရာ ကျွန်းအရပ်၊

(၃) ဒေသ – ဘုရားဖြစ်ရာ အရပ်ဒေသ၊

(၄) ကုသလ – ဘုရားဖြစ်ရာ အမျိုးအနွယ်၊

(၅) မာတုအာယုပရိစ္ဆေဒ – ဘုရားအလောင်းတော်၏ မယ်တော်ဖြစ်မည့်သူ၏ သက်တမ်းအပိုင်းအခြား

ဟူသော ကြည့်ခြင်းကြီး ငါးပါးတို့ကို ကြည့်ရှုတော်မူလေသည်။

၇။ ယင်းသို့ ကြည့်ရှုတော်မူပြီး နတ်အဖြစ်မှ စုတေကာ မဟာသက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့် ကြာသပတေးနေ့၌ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာဒေဝီမိဖုရားကြီး မယ်တော်မာယာဒေဝီဝမ်း၌ ပဋိသန္ဓေတည်နေလေသည်။

၈။ ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် သောကြာနေ့ဝယ် ဒေဝဒဟပြည်နှင့်ကပိလဝတ်ပြည်၏ အကြားရှိ လုမ္ဗိနီသာမော အင်ကြင်းတော၌ မယ်တော်မာယာဝမ်းမှ မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

၉။ ဘုရားအလောင်းတော်သည် ၁၆ နှစ်အရွယ်ရောက်သောအခါ ယသော်ဓရာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်၍ မင်းစည်းစိမ်ကို ခံစားလေသည်။

၁၀။ ၂၉ နှစ်အရွယ် ရောက်သောအခါ (သူအို၊ သူနာ၊ သူသေ၊ ရဟန်း) ဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူသဖြင့် တောထွက်၍ ရဟန်းပြုလေသည်။

၁၁။ ဘုရားအလောင်းတော်သည် အလွန်ပြုနိုင်ခဲသော ဒုက္ကရစရိယာအကျင့်ကို ရဟန်းအဖြစ်နှင့် (၆) နှစ်ပတ်လုံး ကျင့်တော်မူခဲ့လေသည်။

၁၂။ ထို့နောက် ဘုရားအလောင်းတော်သည် သုဇာတာမည်သော သူဌေးသမီးလှူဒါန်းအပ်သော နို့ဃနာဆွမ်းကို အဇပါလညောင်ပင်ရင်း၌ အလှူခံဘုဉ်းပေးပြီး မဟာဗောဓိပင်သို့ ကြွသွားတော်မူလေသည်။

၁၃။ သောတ္တိယစေင် မြက်ထမ်းသမား (မြက်ထမ်းလုလင်) သည် မဟာဗောဓိပင်သို့ ကြွလာသော ဘုရားအလောင်းတော်အား မြက်ရှစ်ဆုပ်ကို လှူဒါန်းလေသည်။

၁၄။ ဘုရားအလောင်းတော်သည် သောတ္တိယစေင် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ကြဲဖြန့်လိုက်သောအခါ ထိုခဏဝယ် မြက်ရှစ်ဆုပ်သည် မဟာဗောဓိပင်ရင်း၌ အပရာဇိတပလ္လင် ဖြစ်လာလေသည်။ (ထိုမြက်တို့သည် မြက်ရိပ်အသွင်သဏ္ဍာန်ဖြင့် မတည်ကြကုန်)

၁၅။ ဘုရားအလောင်းတော်သည် ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူစဉ် နေမဝင်မီ ဒေဝပုတ္တမာရ် (မာရ်နတ်ရန်) ကို အောင်မြင်တော်မူ၍ ညဦးဦးယံ၌ ရှေးက နေခဲ့ (ဖြစ်ခဲ့) ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့ တတ်သိတတ်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူလေသည်။ သန်းခေါင်ယံ၌ နတ်တို့၏ မျက်စိနှင့်တူသော ဉာဏ်မျက်စိဖြင့် စုတေခါနီးသော သတ္တဝါစသည်တို့ကို မြင်တတ်သော ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူလေသည်။ မိုးသောက်ယံ၌ အာသဝေါတရားလေးပါးတို့၏ ကုန်ခြင်းကို ပြုတတ်သော (အာသဝက္ခယဉာဏ်) ကို ရတော်မူ၍ အသက် (၃၅) နှစ်အရွယ် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ မိုးသောက်ယံဝယ် လောကသုံးပါးတွင် အတုမရှိသော သဗ္ဗညုတဘုရားဖြစ်သို့ ရောက်တော်မူလေသည်။

၁၆။ သုံးလူ့သခင် သဗ္ဗညုတဘုရားရှင်သည် (၄၅) ဝါ ကာလပတ်လုံး ဝေနေယျတို့အား ဓမ္မစကြာစသည့် တရားဓမ္မတို့ကို ဟောပြတော်မူကာ နတ်ဗြဟ္မာသတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူခဲ့လေသည်။

၁၇။ (၄၅) ဝါ ကာလပတ်လုံး သတ္တဝါတို့၏ အကျိုးစီးပွားကို မနားမနေ ဆောင်ရွက်တော်မူခဲ့သော သဗ္ဗညုတဘုရားရှင်သည် သက်တော် (၈၀) အရွယ်ရောက်သောအခါ မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ကုသိနာရုံပြည် မလ္လာမင်းတို့၏ ဥယျာဉ်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူလေသည်။

အရှင်သုန္ဒရ (ဘီအေ)
ဗုဒ္ဓဘာသာအခြေခံသင်ခန်းစာ (၅-၈)

# ဗုဒ္ဓဝင်အခါတော်နေ့ ကဗျာများ

## ဗျာဒိတ်ခံယူသောနေ့

သုမေဓာလောင်း၊ ကပ်ဟောင်းလွန်လေ၊
ဒီပင်္ကရာ၊ ဘုရားအနေ၊
ရွှေဗျာဒိတ်ပန်း၊ ဆင်မြန်းဆွတ်ခြွေ၊
ကဆုန်လ ပုဏ္ဏားဒိဝသေ။

## သန္ဓေယူသောနေ့

နတ်ပြဟ္မာပေါင်း၊ ခွင့်တောင်းကြလေ၊
လောင်းတော်နတ်မင်း၊ သက်ဆင်းစုတေ၊
မယ်တော်ဝမ်းတိုက်၊ ကိန်းပိုက်သန္ဓေ၊
ဝါဆိုလ ပုဏ္ဏားဒိဝသေ။

## ဖွားမြင်သောနေ့

သုဒ္ဓေါဒန၊ လောကကျက်သရေ၊
မာယာမယ်ဖွား၊ ထွတ်ဖျားမဟေ၊
အောင်သံကြူးလို့၊ မီးရှူးမြင်စေ၊
ကဆုန်လ ပုဏ္ဏားဒိဝသေ။

## တောထွက်သောနေ့

နိမိတ်လေးဆင့်၊ ဘေးဖြင့်ထင်လေ၊
ယသော်ခင်လေး၊ ရင်သွေးရဝေ၊
မငဲ့ကွက်လို့၊ တောထွက်တုံချေ၊
ဝါဆိုလ ပုဏ္ဏားဒိဝသေ။

## ဘုရားဖြစ်သောနေ့

ဗောဓိညောင်နန်း၊ အောင်ပန်းညောင်ရေ၊
သစ္စာဖွင့်ပွဲ၊ ဆင့်ကဲသရေ၊
ဂုဏ်ကိုးပါးနှင့်၊ ဘုရားဖြစ်ချေ၊
ကဆုန်လ ပုဏ္ဏမီဝသေ။

## ဓမ္မစကြာ ဟောသောနေ့

မိဂဒါဝုန်တော၊ သာမောမြိုင်ခြေ၊
ပဉ္စဝဂ်အား၊ မြတ်ဖျားစိန္တေ၊
ဓမ္မစက်သုတ်၊ မြွက်ထုတ်လှစ်ခြွေ၊
ဝါဆိုလ ပုဏ္ဏမီဝသေ။

## တန်ခိုးပြာဋိဟာ ပြသောနေ့

ပြောင်လျှံထိန်ညီး၊ ရေမီးထွေထွေ၊
အံ့ဖွယ်ဖန်ဆင်း၊ ဘက်ကင်းသရေ၊
အမျိုးမျိုးပါ၊ တန်ခိုးသချေ၊
ဝါဆိုလ ပုဏ္ဏမီဝသေ။

## ပရိနိဗ္ဗာန် စံတော်မူသောနေ့

ဗိုလ်လူအပေါင်း၊ သိန်းသောင်းကုဋေ၊
ချေချွတ်ပြီး၍၊ မဂ်ထီးလှူစေ၊
မလ္လာနယ်တွင်း၊ အင်ကြင်းရဝေ၊
ခန္ဓာငြိမ်း၊ ဓာတ်သိမ်းနိဗ္ဗူမြေ၊
ကဆုန်လ ပုဏ္ဏမီဝသေ။

မာဂဓီ သာစည်

# ကလေးများအတွက် ဗုဒ္ဓဝင်အကျဉ်းမှတ်ရန်

| | | | |
|---|---|---|---|
| ၁။ | လူ့အမည် | = | သိဒ္ဓတ္ထ |
| ၂။ | ဘုရားဘွဲ့ | = | ဂေါတမ |
| ၃။ | မိဘအမည် | = | သုဒ္ဓေါဒနမင်းနှင့် မာယာဒေဝီ |
| ၄။ | ကြင်ယာတော် | = | ယသော်ဓရာ |
| ၅။ | ရင်သွေးတော် | = | ရာဟုလာ |
| ၆။ | ယောက်ဖတော် | = | ဒေဝဒတ် |
| ၇။ | မိထွေးတော် | = | ဂေါတမီ |
| ၈။ | နေပြည်တော် | = | ကပိလဝတ်ပြည် (သက္ကတိုင်း၊ မဇ္ဈိမဒေသ) |
| ၉။ | ဖွားရာဌာန | = | လုမ္ဗိနီဥယျာဉ် (ကပိလဝတ်နှင့် ဒေဝဒဟအကြား) |
| ၁၀။ | ဖွားဘက်တော် (၇) ဦး | = | ယသော်ဓရာ၊ အရှင်အာနန္ဒာ၊ ကာဠုဒါယီ၊ ဆန္နအမတ် ကဏ္ဍကမြင်း၊ ဗောဓိပင်၊ ရွှေအိုးကြီး (၄) လုံး |
| ၁၁။ | နန်းစံနှစ် | = | ၁၃ နှစ်ကြာ (အသက် ၁၆ နှစ်မှ ၂၉ အထိ) |
| ၁၂။ | နိမိတ်ကြီးများ | = | သူအို၊ သူနာ၊ သူသေ၊ ရဟန်း |
| ၁၃။ | ဗျာဒိတ်ခံယူသောဘဝ | = | သုမေဓာရသေ့ဘဝ |
| ၁၄။ | ဗျာဒိတ်ခံယူသောနေ့ | = | ကဆုန်လပြည့်နေ့ |
| ၁၅။ | ဗျာဒိတ်ပေးသောဘုရား | = | ဒီပင်္ကရာမြတ်စွာဘုရား |
| ၁၆။ | ပါရမီဖြည့်ဘက် | = | သုမိတ္တာအမျိုးသမီး (ယသော်ဓရာအလောင်း) |
| ၁၇။ | ပါရမီဖြည့်ရာကာလ | = | လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း |
| ၁၈။ | ပါရမီဖြည့်ခြင်း၏ ရည်ရွယ်ချက် | = | သတ္တဝါများအကျိုးဆောင်ရွက်ရန် |
| ၁၉။ | ဒုက္ကရစရိယကျင့်ရသောနှစ် | = | ၆ နှစ်ကြာ |
| ၂၀။ | ဒုက္ကရစရိယကျင့်သည့်နေရာ | = | ဥရုဝေဠတော |
| ၂၁။ | ဘုရားဖြစ်ချိန်သက်တော် | = | ၃၅ နှစ်အရွယ် |
| ၂၂။ | ဘုရားပွင့်ရာသက်တမ်း | = | ၁၀၀ တမ်း |
| ၂၃။ | အလုပ်အကျွေး | = | ပဉ္စဝဂ္ဂီငါးဦး (ဒုက္ကရစာရိယာကျင့်ခိုက်) |
| ၂၄။ | တရားဦးဟောသည့်နေရာ | = | ဗာရာဏသီ မိဂဒါဝုန်တော |

| | | |
|---|---|---|
| ၂၅။ ပထမဆုံးသာဝက | = | ပဥ္စဝဂ္ဂီငါးဦး |
| ၂၆။ နောက်ဆုံးကျွတ်သောသာဝက | = | သုဘဒ္ဒပရိဗိုဇ် |
| ၂၇။ လက်ျာရံအဂ္ဂသာဝက | = | အရှင်သာရိပုတ္တရာ |
| ၂၈။ လက်ဝဲရံ အဂ္ဂသာဝက | = | အရှင်မောဂ္ဂလာန် |
| ၂၉။ အဆုံးအမသာသနာ | = | ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ |
| ၃၀။ ကျင့်စဉ်သိက္ခာ | = | သီလ၊ သမာဓိ၊ ပညာ |
| ၃၁။ ချမှတ်သောလမ်းစဉ် | = | မဇ္ဈိမပဋိပဒါ (မဂ္ဂင်လမ်းစဉ်) |
| ၃၂။ သန္ဓေယူသောနေ့ | = | မဟာသက္ကရာဇ် ၆၇၊ ဝါဆိုလပြည့် ကြာသပတေးနေ့ |
| ၃၃။ ဖွားမြင်သောနေ့ | = | မဟာသက္ကရာဇ် ၆၈၊ ကဆုန်လပြည့် သောကြာနေ့ |
| ၃၄။ တောထွက်သောနေ့ | = | မဟာသက္ကရာဇ် ၉၇၊ ဝါဆိုလပြည့် တနင်္လာနေ့ |
| ၃၅။ ဘုရားဖြစ်သောနေ့ | = | မဟာသက္ကရာဇ် ၁၀၃၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ |
| ၃၆။ ဓမ္မစကြာဟောသောနေ့ | = | မဟာသက္ကရာဇ် ၁၀၃၊ ဝါဆိုလပြည့် စနေနေ့ |
| ၃၇။ ပရိနိဗ္ဗာန်စံသောနေ့ | = | မဟာသက္ကရာဇ် ၁၄၈၊ ကဆုန်လပြည့် အင်္ဂါနေ့ |
| ၃၈။ တေဇောဓာတ်လောင်သောနေ့ | = | မဟာသက္ကရာဇ် ၁၄၈၊ ကဆုန်လဆုတ် ၁၂ ရက်၊ တနင်္ဂနွေနေ့ |

ဗုဒ္ဓဝင်အကျဉ်းချုပ် ပြီး၏။

*ယဉ်ကျေးလိမ္မာ ရွှေမြန်မာ (၃၈ – ၄၂)*

# ဗုဒ္ဓရည်မှန်း ကန်တော့ခန်း

❖ လက်ဆယ်ဖြာ ယှက်ကာပူးပါလို့
နဖူးမှာတဲ့ ဦးတော်တင်။
မျက်လွှာကို ချကာမှေးပါလို့
ကျေးဇူးပုံ ဂုဏ်အထုကို
တွေးရှုဆင်ခြင်။
လက် ခြေ တတောင် ဒူးရယ်နဲ့
နဖူးကိုတဲ့ ကြမ်းအပြင်
တည်စေချင်ပါလှ။
ဝတ်သုံးကြိမ်မှာ
စိတ်နှလုံး ငြိမ်ဖွာမှု၍
လိမ္မာသူ လူတစ်သိုက်ရယ်
ဦးတိုက်ပါကြ။

*ဗုဒ္ဓဘာသာယဉ်ကျေးမှု ရှုမှတ်ဖွယ်မှ*

❀

# မြတ်ရာပေးတတ် ဘုရားမြတ်

ကာရဏပါလိမည်သော ပုဏ္ဏားသည် ဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့၏အလုပ်ကို လုပ်နေဆဲ အဝေးမှလာသော ပိင်္ဂိယာနီမည်သော ပုဏ္ဏားကိုမြင်ရသော် "အရှင် ဘယ်ကလာသလဲ" ဟု မေး၏။ ရဟန်းဂေါတမထံမှလာခဲ့ကြောင်း ပြောသော် "ရဟန်းဂေါတမ၏ ပညာစွမ်းကို အရှင် ဘယ်လိုထင်သလဲ" "ပညာရှိသူတစ်ဦးပဲ ထင်ပါရဲ့" ဟု ဆို၏။ ထိုအခါ ပိင်္ဂိယာနီက "ကျွန်ုပ်က ဘယ်လိုလူမို့လဲ၊ ဘယ်လောက်တော်တဲ့လူမို့ ရဟန်းဂေါတမ၏ ပညာစွမ်းကို သိနိုင်ရမှာလဲ။ ရဟန်းဂေါတမ၏ ပညာစွမ်းကို သိသူမှာ ရဟန်းဂေါတမလိုပုဂ္ဂိုလ်မျိုးသာ ဖြစ်ရပေမပေါ့" ဟု ဆို၏။ "အရှင်ကား ရဟန်းဂေါတမအား ကောင်းမြတ်မွန်ရည်သော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းသည်။ ဘယ်လိုအကျိုးထူးမြင်၍ ရဟန်းဂေါတမ၌ ဤမျှ ကြည်ညိုရပါသလဲ" ဟု မေးပြန်သော် ပိင်္ဂိယာနီသည် ဘုရားရှင်ဂုဏ်တော်များကို ထုတ်ဖော်လေ၏။

"အို အမောင် အကောင်းဆုံးသော အရသာများဖြင့် ဝအီနေသောယောကျ်ားသည် အခြားညံ့ဖျင်းသော အရသာများကို မလိုလား မနှစ်သက်တော့ပြီ။ ထို့အတူ ရဟန်းဂေါတမ ဘယ်ပုံဟောသည်ဖြစ်စေ တရားကိုနာရသော် ထိုတရားမှတစ်ပါး အခြား သမဏဗြာဟ္မဏတို့၏ အယူဝါဒကို မလိုလား မနှစ်သက်တော့ပေ။

အို အမောင် ဆာလောင်၍ အားနည်းနေသော ယောကျ်ားသည် ပျားမုန့်ဆုပ်ကိုရသည်ရှိသော် ဘယ်နေရာမှာလျက်လျက် ကောင်းမွန်ချိုမြသော အရသာကို ရနေသည်သာ။ ထို့အတူ ရဟန်းဂေါတမ တရားကို ဘယ်ပုံနာရနာရ ထိုတရားမှ နှစ်သက်ခြင်းကိုရနေသည်သာ။ စိတ်ကြည်လင်ခြင်းကိုရနေသည်သာ။

အို အမောင် စန္ဒကူးရွှေဖြစ်စေ၊ စန္ဒကူးနီဖြစ်စေ စန္ဒကူးတုံးတစ်ခုခုရသော ယောကျ်ားသည် ထို စန္ဒကူးတုံးကို အရင်း၊ အဖျား၊ အလယ် သုံးသွယ်တို့တွင် ကြိုက်ရာကနမ်းစေ မွှေးကြိုင်သောရနံ့ကို ရလျက်သာရှိသည်။ ထို့အတူ ရဟန်းဂေါတမတရား ဘယ်ပုံနာရနာရ ထိုတရားမှ ဝမ်းမြောက်ခြင်းရလျက်သာ၊ စိတ်ရွှင်ပျခြင်းရလျက်သာ။

အို အမောင် အပြင်းအထန် ရောဂါကပ်ရောက်၍ ဒုက္ခရောက်နေသောယောကျ်ားကို ကျွမ်းကျင်သော ဆေးဆရာသည် တစ်ခဏချင်း ရောဂါပျောက်ငြိမ်းစေသကဲ့သို့ ထို့အတူ ရဟန်းဂေါတမ ဘယ်နည်းဖြင့် ဟောသည်ကိုမဆို နာရမူ ထိုတရားကြောင့် စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းများ ငြိမ်းပျောက်ခြင်းသို့ ရောက်ရသည်သာ။

**အို အမောင် အေးကြည်ချိုမြသော ရေရှိ၍ ဆိပ်ကမ်းသာယာ မွေ့လျော်ဖွယ် ရေကန်သာသို့ နွေအပူဒဏ်ခံရ၍** ပင်ပန်းနွမ်းနယ်ကာ ရေဆာလျှက်ရှိသော ယောကျ်ားသည် ရောက်လာလျက် ထိုရေကန်သို့ **သက်ဆင်းပြီးလျှင်** ချိုးရ သောက်ရသော် အပူအပန်မှန်သမျှ အေးမြငြိမ်းစဲခြင်းသို့ ရောက်ရသကဲ့သို့ **ထို့အတူ** ရဟန်းဂေါတမ ဘယ်နည်းဖြင့်ဟောသည်ကိုမဆို နာရသူမှာ ထိုတရားကြောင့် အပူအပန်မှန်သမျှ ငြိမ်းရသည်သာဖြစ်ပါသည်”

ပိင်္ဂိယာနီထံမှ ဗုဒ္ဓအရှင်၏ ဂုဏ်တော်များကို နာကြားရသောအခါ ကာရဏပါလီသည် နေရာမှ ထကာ လက်ဝဲပခုံးထက် ကိုယ်ရုံတစ်ဖက်တင်လျက် လက်ယာဒူးကို မြေမှာထောက်ပြီးလျှင် ဘုရားရှင်ရှိရာ လက်အုပ်ချီ၍ “နာမော တဿ” ပဏာမဖြင့် သုံးကြိမ် ဥဒါန်းကျူးကာ ကန်တော့ပေသည်။

ပရိတ်ကြီးနိဿယသစ်
နှာ (၃၀၈ – ၃၁၀)

# ဗုဒ္ဓဝင် အမေးအဖြေ ( ၂ )

## စတုတ္ထအခန်း

### ( တုသိတာ စံတော်မူပုံ ၊ လူ့ပြည်၌ ပဋိသန္ဓေနေတော်မူပုံ )

၁။ အကျဉ်းဆယ်ပါး၊ အပြားသုံးဆယ်၊ များကျယ်အမှန်၊ ဆုထူးပန်၊ ချိန်တန်ဘယ်မှာ ပြည့်သနည်း။

၂။ အကျဉ်းဆယ်ပါး၊ အပြားသုံးဆယ်၊ များကျယ်အမှန်၊ ဆုထူးပန်၊ ဝေဿန်ဘဝ ပြည့်သတည်း။

၃။ ဝေဿန်ဘဝ၊ ဆုံးကာလ၊ ဌာနဘယ်သို့ မြန်းသနည်း။

၄။ ဝေဿန္တရာ၊ ဆုံးသောခါ၊ တုသိတာသို့ မြန်းသတည်း။

၅။ တုသိတာတွင်၊ ဘယ်သို့လျှင်၊ ဒို့ရှင်ဘယ်မျှ ကြာသနည်း။

၆။ နတ်တုသိတာ၊ များထက်သာ၊ နတ်ရွာသက်စေ့ ကြာသတည်း။

၇။ သက်တမ်းစေ့တွင်၊ ဘယ်သို့လျှင်၊ ထိုစဉ်အဖြစ် ထူးသနည်း။

၈။ သက်တမ်းစေ့ကာ၊ နတ်ဗြဟ္မာတို့၊ ညီညာဖျဖျ၊ ရောက်လာကြ၍၊ ဗုဒ္ဓဖြစ်ရန်၊ များတောင်းပန်၊ လူ့ထံသန္ဓေ တည်ဖို့တည်း။

၉။ တောင်းပန်သောခါ၊ ဒို့လောင်းလျာ၊ ဘယ်ဟာကိစ္စပြုသနည်း။

၁၀။ တောင်းပန်သောခါ၊ ဒို့လောင်းလျာ၊ ငါးဖြာကြည့်မှုပြုသတည်း။

၁၁။ ကြည့်မှုငါးပါး၊ ဘယ်ဟာများ၊ မှတ်သားဖွယ်တို့ ပြောမည်နည်း။

၁၂။ ကာလ၊ ဒီပ၊ ရပ်ဒေသနှင့်၊ ကုလမျိုးဆက်၊ မယ်တော်တွက်၊ အသက်ရှည်ဖို့ ကြည့်သတည်း။

၁၃။ ကြည့်မှုငါးဖြာ၊ စုံသောခါ၊ လောင်းလျာဘယ်သို့ မိန့်သနည်း။

၁၄။ ကြည့်မှုငါးဖြာ၊ စုံသောခါ၊ လောင်းလျာဝန်ခံတော့သတည်း။

၁၅။ ဝန်ခံပြီးလျှင်၊ ထိုချိန်တွင်၊ ဒို့ရှင်ဘယ်သို့ ဖြစ်သနည်း။

၁၆။ ဝန်ခံပြီးလျှင်၊ မကြာခင်၊ ဒို့ရှင် စုတေခဲ့သတည်း။

၁၇။ စုတေပြီးလျှင်၊ ဒို့အရှင်၊ ဘယ်တွင် သန္ဓေတည်သနည်း။

၁၈။ မာယာဒေဝီ၊ မဟေသီ၏၊ ရွှေညီအပေါင်း၊ ခညောင်းဦးခိုက်၊ ကြာဝမ်းတိုက်၊ စွဲပိုက်သန္ဓေ တည်သတည်း။

၁၉။ အလောင်းတော်ရှင်၊ သန္ဓေဝင်၊ ထိုစဉ်ဘယ်သို့ ဖြစ်သနည်း။

၂၀။ အလောင်းတော်ရှင်၊ သန္ဓေဝင်၊ ပွဲတင်မြေကြီး လှုပ်သတည်း။

၂၁။ **ဒေဝီမာယာ၊ ထိုချိန်ခါ၊ ထူးစွာဘယ်သို့ဖြစ်သနည်း။**

၂၂။ ဝါဆိုလပြည့်၊ ဥပုသ်နေ့၌၊ ချမ်းမြေ့နှလုံး၊ ဥပုသ်သုံးကာ၊ စက်ပျော်ရာဝယ်၊ ဝမ်းကြာတိုက်တွင်၊ ဆင်ဖြူဝင်၊ မိခင် အိပ်မက်မက်သတည်း။

၂၃။ မယ်တော်ဝမ်းတွင်၊ အောင်းနေစဉ်လည်း၊ ဒို့ရှင် ဘယ်သို့ထူးသနည်း။

၂၄။ မယ်တော်ဝမ်းတွင်၊ အောင်းနေစဉ်လည်း၊ ဒို့ရှင်လောင်းလျာ၊ မယ်တော်ပါ၊ လူ့ရွာဆင်းရဲ ကင်းသတည်း။

# ပဉ္စမအခန်း

## ( ဖွားမြင်တော်မူသည်မှစ၍ ထီးနန်းစံ‌တော်မူပုံအထိ )

၁။ ဆယ်လစေ့တွင်၊ ဒို့အရှင်၊ ဘယ်တွင် ဖွားတော်မူသနည်း။

၂။ ကဆုန်လမည်၊ ပုဏ္ဏမီဝယ်၊ လုမ္ဗိနီသာရင်း၊ ဥယျာဉ်တွင်း၌၊ အင်ကြင်းပင်ခက်၊ လက်တစ်ဖက်ဖြင့်၊ ကိုင်လျက်မယ်တော်၊ ရပ်နေသော် ဖွားတော်မူခဲ့ပါသတည်း။

၃။ သောင်းလောကဓာတ်၊ ဗြဟ္မာနတ်၊ ချဉ်းကပ်ဘယ်သို့ ပြုသနည်း။

၄။ ဘုရားလောင်းလျာ၊ ဖွားသောခါဝယ်၊ ဗြဟ္မာနတ်များ မနေအားဘဲ၊ ထံပါးချဉ်းကပ်၊ လွန်လေးမြတ်၊ ပျပ်ဝပ်ခံယူကြသတည်း။

၅။ နတ်တို့လက်မှ၊ ဘယ်သို့ကြွ၊ ဗုဒ္ဓလောင်းတော် စံသနည်း။

၆။ နတ်တို့လက်မှ၊ လူတို့က၊ ဗုဒ္ဓလောင်းတော် ယူသတည်း။

၇။ လူတို့လက်မှ၊ ဘယ်သို့ကြွ၊ ဗုဒ္ဓလောင်းတော် မြန်းသနည်း။

၈။ လူတို့လက်မှ၊ လွတ်ပြီးစတွင်၊ ဗုဒ္ဓလောင်းတော်၊ မြောက်သို့မျှော်၊ ကြွတော်မူပါလေသတည်း။

၉။ မြောက်သို့ကြွခါ၊ ထိုနေရာ၊ လောင်းလျာဘယ်သို့ မိန့်သနည်း။

၁၀။ ငါအဦးဆုံး၊ အကြီးဆုံးနှင့်၊ အမြတ်ဆုံးပင်၊ ငါသာလျှင်၊ ထိုစဉ်လောင်းလျာ မိန့်သတည်း။

၁၁။ မိန့်ပြီးသောခါ၊ လောင်းလျာနှင့်၊ မာယာမယ်တော်၊ ဘယ်မှာနော်၊ စံပျော်မူပါလေသနည်း။

၁၂။ နှစ်ပြည်ထောင်ပျော်၊ ဆွေမျိုးတော်က၊ မယ်တော်ဘုရား၊ လောင်းဗုဒ္ဓကို၊ ကပိလသို့၊ ပြန်၍ပို့၊ ထိုမြို့စံပျော်ပါသဟည်း။

၁၃။ **မယ်တော်မာယာ၊ ဘယ်သောခါ၊ နတ်ရွာစံတော်မူသနည်း။**

၁၄။ **အလောင်းဘုရား၊ ဖွားပြီးသည့်နောက်၊ ၇ ရက်မြောက်သော်၊ မြတ်မယ်တော်၊ စံပျော်တုသိတာ မှာတည်း။**

၁၅။ ဗုဒ္ဓလောင်းလျာ၊ မည်သည်ာ၊ ဘယ်ခါဘယ်သို့ မှည့်သနည်း။

၁၆။ ဖွားမြင်ပြီးနောက်၊ ငါးရက်မြောက်သော်၊ ရှစ်ယောက်ပုဏ္ဏား၊ လက္ခဏာများကို၊ ရှုစားပြီးက၊ မည်နာမ၊ သိဒ္ဓတ္ထဟု မှည့်သတည်း။

၁၇။ လောင်းသိဒ္ဓတ္ထ၊ ဘယ်အရွယ်ကျ၊ ရာဇဘိသိက်ခံသနည်း။

၁၈။ ဆယ့်ခြောက်နှစ်လောက်၊ ရွယ်တော်ရောက်၍၊ တတ်မြောက်သိပ္ပ၊ လောင်းသိဒ္ဓ၊ ရာဇဘိသိက်ခံသတည်း။

၁၉။ မောင်းမတို့ကား၊ ဘယ်လောက်များ၍၊ ထိပ်ထားအတူ၊ ဘိသိက်ယူ၊ ဘယ်သူမိဖုရား ဖြစ်သနည်း။

၂၀။ မောင်းမတို့ကား၊ လေးသောင်းများ၍၊ ထိုအများဝယ်၊ ထိပ်ထားဖွယ်ရာ၊ လနှယ်နေနှင့်၊ အသရေတင့်သည့်၊ အကျင့်သူမြေး၊ လုပငေး၊ ရွှေသွေးယသော်ဓရာတည်း။

၂၁။ မင်းဖြစ်ပြီးသော်၊ ဘယ်နန်းပေါ်၊ စံပျော်ဘယ်သို့နေသနည်း။

၂၂။ ရမ္မ–သုဘ၊ သုရမ္မဟု၊ နန်းမသုံးဆောင်၊ ဝင်းဝင်းပြောင်၊ ဘုန်းခေါင်လှည့်စီ စံသတည်း။

## ဆဌမအခန်း

### ( နိမိတ်ကြီး ( ၄ ) ပါးမြင်၍ တောထွက်တော်မူခြင်း )

၁။ နှစ်ပေါင်းမည်မျှ၊ လောင်းဗုဒ္ဓ၊ ရာဇစည်းစိမ် စံသနည်း။

၂။ ဆယ့်သုံးနှစ်မျှ၊ လောင်းဗုဒ္ဓ၊ ရာဇစည်းစိမ် စံသတည်း။

၃။ ထီးနန်းစံစဉ်၊ ဒို့အရှင်၊ ဘယ်တွင်သံဝေဖြစ်သနည်း။

၄။ ဉယျာဉ်တော်သာ၊ ထွက်အလာဝယ်၊ အိုနာသေသူ၊ ရဟန်းဟူ၍၊ လေးဆူနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြိုငြင်၊ ထိုခါတွင်၊ ဒို့ရှင်သံဝေဖြစ်သတည်း။

၅။ သံဝေဖြစ်စဉ်၊ ဘယ်သို့လျှင်၊ ဒို့ရှင် ထပ်၍ကြံသနည်း။

၆။ ဉယျာဉ်မင်္ဂလာ၊ ကန်တော်သာမှ၊ ပြန်လာလေသော်၊ ရထားပေါ်ဝယ်၊ သားတော်ဖွားကြောင်း၊ သတင်းကောင်း၊ ထပ်လောင်းကြားရပြန်သတည်း။

၇။ သားတော်ဖွားအင်၊ ကြားလိုက်လျှင်၊ စိတ်တွင်ဘယ်သို့ဖြစ်သနည်း။

၈။ သားတော်ဖွားအင်၊ ရွှေနားဆင်၍၊ ကြားလျှင်ကြားချင်း၊ အချစ်ပြင်း၊ ရိုးတွင်းခြင်ဆီ စိမ့်သတည်း။

၉။ အချစ်ပြင်းစွာ၊ ဖြစ်သောခါ၊ နှုတ်မှာဘယ်သို့မိန့်သနည်း။

၁၀။ ရာဟုပမာ၊ ငါ့ကိုသာလျှင်၊ မြဲစွာဖမ်းဖို့၊ သားတော်ကို့၊ ဤသို့ ထိုခါမိန့်သတည်း။

၁၁။ နန်းတော်ရောက်ခါ၊ လောင်းလျာ၊ စိတ်မှာ ဘယ်သို့ဖြစ်သနည်း။

၁၂။ နန်းတော်ရောက်သော်၊ အလောင်းတော်လည်း၊ မပျော်မရွှင်၊ စက်ရာခွင်၊ ကပ်ဝင်စက်တော် ခေါ်သတည်း။

၁၃။ စက်ရာထတွင်၊ ဘာကိုမြင်၊ ဒို့ရှင် ဘယ်သို့ဖြစ်သနည်း။

၁၄။ သန်းခေါင်ကာလ၊ စက်ရာထသော်၊ မောင်းမခြွေရံ၊ အိပ်ကြပြဟန်မြင်၊ သုသာန်ထင်၊ ဒို့ရှင် ထွက်ဖို့ကြံသတည်း။

၁၅။ တောထွက်ဖို့ရန်၊ စိတ်တော်ကြံ၊ ဘယ်ထံ ဘာကိုပြသနည်း။

၁၆။ တောထွက်ဖို့ရန်၊ စိတ်တော်ကြံ၍၊ မောင်းဆန်နှိုးကာ၊ မြင်းတော်သာ၊ ပြင်လာခဲ့ဖို့ မိန့်သတည်း။

၁၇။ မြင်းတော်ပြင်စဉ်၊ ထိုချိန်တွင်၊ ဒို့ရှင် ဘာကိုပြုသနည်း။

၁၈။ ဖွားစသားတော်၊ ရှုအံ့မျှော်၍၊ ယသော်ဓရာ၊ ဆောင်ဘော်သာ၊ ထိုခါ လှမ်းတော်မူသတည်း။

၁၉။ ဆောင်တော်အနား၊ လောင်းဘုရား၊ စိတ်ထားဘယ်သို့ဖြစ်သနည်း။

၂၀။ ဖွားစသားတော်၊ ပွေ့လိုသော်လည်း၊ ယသော်နိုးမည်၊ စိုးရိမ်သည်ကြောင့်၊ မချီပွေ့ဘဲ၊ စိတ်အားခဲ၊ မနည်းချုပ်၍ ပြန်သတည်း။

၂၁။ ယသော်ဓရာ၊ ခန်းဆောင်သာမှ၊ ပြန်လာပြီးလျှင်၊ ဒို့အရှင်၊ ထိုစဉ် ဘာကိုပြုသနည်း။

၂၂။ ယသော်ဓရာ၊ ခန်းဆောင်သာမှ၊ ပြန်လာပြီးသော်၊ မြင်းတော်ကဏ္ဍကာ၊ မတ်ဆန္နနှင့် တကွအတူ၊ ထွက်တော်မူ၊ ရှေးရှုတောသို့ မြန်းသတည်း။

၂၃။ တောထွက်လေရာ၊ ထိုအခါ၊ ဘယ်မှာ ဘယ်သူတားသနည်း။

၂၄။ ယာဉ်ပျံစကြာ၊ ၇ ရက်ကြာလျှင်၊ ရောက်လာတော့မည်၊ သို့ဖြစ်သည်ကြောင့်၊ ပြန်လည်စေခြား၊ မာရ်နတ်သား၊ ဆီးတားတောင်းပန်လေသတည်း။

၂၅။ မာရ်နတ်တားသော်၊ ဒို့လောင်းတော်၊ ထုတ်ဖော်ဘယ်သို့မိန့်သနည်း။

၂၆။ ယာဉ်ပျံစကြာ၊ ရောက်မည့်ခါကို၊ ကောင်းစွာ ငါသိ၊ လိုမရှိပါ၊ အတိအလင်းသာ၊ ငြင်းဆန်ကာ၊ ထွက်လာမြဲပင် ထွက်သတည်း။

၂၇။ နတ်နှင့်ဗြဟ္မာ၊ ထိုချိန်ခါ၊ ညီညာဘယ်သို့ ဝိုင်းသနည်း။

၂၈။ နတ်နှင့်ဗြဟ္မာ၊ ထိုချိန်ခါဝယ်၊ ညီညာဝိုင်းအုံ၊ ပန်းမျိုးစုံဖြင့်၊ မီးစုံထွန်းကာ၊ ရှေ့နောက်မှာ၊ ဝဲယာလိုက်ပါကြသတည်း။

၂၉။ ဗြဟ္မာနှင့်နတ်၊ ခြံရံပတ်၍၊ ထွက်လတ်ပြီးနောက်၊ ဘယ်ချိန်လောက်၊ ဘယ်ရောက်မြန်းတော်မူသနည်း။

၃၀။ ဗြဟ္မာနှင့်နတ်၊ ခြံရံပတ်၍၊ ထွက်လတ်လေရာ၊ မိုးသောက်ခါ၊ နော်မာမြစ်ကမ်း ရောက်သတည်း။

# သတ္တမအခန်း

## ( ရဟန်းပြုသည်မှစ၍ ဘုရားဖြစ်သည်အထိ )

၁။ နော်မာကမ်းပေါ်၊ ရောက်လတ်သော်၊ ဆံတော်ဘယ်သို့ပယ်သနည်း။

၂။ နံ့သာကြိုင်လှောင်၊ ဆံဦးသျှောင်ကို၊ ဘုန်းခေါင်ရွှေလက်၊ သန်လျက်ဖြင့်၊ တစ်ဖက်ကိုင်ကာ၊ ကိုယ်တိုင်သာ၊ ကောင်းစွာပယ်ရိတ်ပါသတည်း။

၃။ ပယ်ရိတ်ပြီးသော်၊ ထိုဆံတော်၊ ဘုန်းမော်ဘယ်သို့ပြုသနည်း။

၄။ ဗုဒ္ဓကေန်၊ ဖြစ်မည်မှန်မူ၊ ဤဆံကေသာ၊ ကောင်းကင်မှာပင်၊ ကောင်းစွာတည်ရန်၊ စိတ်တော်ကြံ၊ မိဋ္ဌာန်မြွက်၍ ပစ်သတည်း။

၅။ ကောင်းကင်တည်လတ်၊ ဆံတော်မြတ်၊ ဘယ်ရပ်ဘယ်မှာ ကိန်းသနည်း။

၆။ ကောင်းကင်တည်မူ၊ သိကြားယူ၍၊ စူဠာမဏိ၊ အမည်ရှိသား၊ စေတီတော်မှာ၊ ထာပနာ၊ ဝတီသာ၌၊ ကိန်းသတည်း။

၇။ သပိတ်သင်္ကန်း၊ ရဖို့မှန်း၊ လှူဒါန်းဘယ်သူပြုသနည်း။

၈။ ဃဋိကာရ၊ အမည်ရသည့်၊ ရှေးကသဟာ၊ မင်းဗြဟ္မာ၊ ဆင်းကာ ကပ်လှူပါသတည်း။

၉။ မြင်းတော်ကဏ္ဍက၊ မတ်ဆန္နတို့ ပြန်ကြသလား၊ ဘယ်လိုများ၊ ထူးခြားဖြစ်ပါသေးသနည်း။

၁၀။ မြင်းတော်ကဏ္ဍက၊ မတ်ဆန္နတို့၊ ပြန်ကြဖို့ရာ၊ မိန့်သောခါဝယ်၊ ပြန်ရာပြီးနောက်၊ မျက်ကွယ်ရောက်သော်၊ မြင်းတော်ဝမ်းနည်း၊ နှလုံးကွဲ၊ သေပွဲဝင်ရှာသတည်း။

၁၁။ ရဟန်းဖြစ်က၊ ဘယ်သို့ကြွ၊ ဘယ်မှ ဘယ်သူတွေ့သနည်း။

၁၂။ ရဟန်းဖြစ်က၊ ရာဇဂြိုဟ်ကြွ၊ ဗိမ္ဗိသာရ တွေ့သတည်း။

၁၃။ ဒုက္ကရစရိယာ၊ ဘယ်နေရာ၊ ဘယ်လောက်ကြာအောင် ကျင့်သနည်း။

၁၄။ ဥရုဝေလ၊ တောဌာန၌၊ ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာ၊ လောင်းလျာကျင့်မိပါသတည်း။

၁၅။ ထိုမှတစ်ဖန်၊ အကျင့်မှန်၊ ထပ်မံဘယ်သို့ပြုသနည်း။

၁၆။ ထိုမှတစ်ဖန်၊ အကျင့်မှန်၊ ဆွမ်းခံစား၍ ကျင့်သတည်း။

၁၇။ ဗုဒ္ဓဖြစ်ဖွယ်၊ နေ့၌ဝယ်၊ ဘယ်သူဆွမ်းတော်ကပ်သနည်း။

၁၈။ ဗုဒ္ဓနေ့မှာ၊ သုဇာတာလျှင်၊ ဃနာနို့ဆွမ်း၊ ခွက်ပါကမ်း၊ လှူဒါန်းဆက်ကပ်ပါသတည်း။

၁၉။ နို့ဆွမ်းဃနာ၊ ဘုဉ်းပေးကာ၊ ခွက်မှာ ဘယ်သို့သုံးသနည်း။

၂၀။ နေရဥ္စရာ၊ မြစ်ကမ်းသာဝယ်၊ လောင်းလျာရပ်နား၊ ဆွမ်းကိုစား၍၊ ဘုရားဖြစ်ရန်၊ ယနေ့မှန်လျှင်၊ ဆန်စေမြစ်ညာ၊ မိဋ္ဌာန်ကာ၊ ရေမှာရွှေခွက်မျှောသတည်း။

**၂၁။ ဘယ်နေရာတွင်၊ နေ့သန့်စင်၍၊ ထို့ပြင်တစ်ခန်း၊ ညနေချမ်း၊ ကြွလှမ်းရှေးရှုဘယ်သို့နည်း။**

**၂၂။ အင်ကြင်းတောတွင်၊ နေ့သန့်စင်၍၊ ထို့ပြင်တစ်ခန်း၊ ညနေချမ်း၊ ကြွလှမ်းဗောဓိပင်သို့တည်း။**

၂၃။ ဗောဓိပင်သာ၊ ရောက်သောခါ၊ လောင်းလျာဘယ်သို့နေသနည်း။

၂၄။ ဗောဓိပင်မြတ်၊ အရှေ့ရပ်၌၊ ချဉ်းကပ်ထိုင်ကာ၊ ဘာဝနာ၊ ကောင်းစွာပွားများ၍နေသတည်း။

၂၅။ ထိုသို့နေခါ၊ ဘယ်သူလာ၊ ဘာကိုအရေးဆိုသနည်း။

၂၆။ ထိုသို့နေခါ၊ မာရ်နတ်လာ၊ နေရာပလ္လင်လုသတည်း။

၂၇။ မာရ်နတ်မင်းရန်၊ အောင်ပြီးပြန်၊ ဘယ်ဉာဏ်ဘယ်ချိန်ရသနည်း။

၂၈။ ညဥ့်ဦးအလယ်ယာမ်၊ မိုးသောက်ယာမ်၊ ဉာဏ် (ပုဒိအာ) ရသတည်း။

၂၉။ အဘယ်ဉာဏ်တော်၊ ရလတ်သော်၊ ဘုန်းမော်ဗုဒ္ဓဖြစ်သနည်း။

၃၀။ လပြည့်ကဆုန်၊ ချိန်အရုဏ်ဝယ်၊ သုံးဆယ်နှင့်ငါး၊ သက်တော်အားဖြင့်၊ တရားကုန်စင်၊ အစုံမြင်ဖို့၊ သဗ္ဗညုဉာဏ်တော်၊ ရလတ်သော်၊ ဘုန်းမော်ဗုဒ္ဓဖြစ်သတည်း။

*သတ္တမအခန်း ပြီး၏။*

အရှင်ဇနကာဘိဝံသ
ဗုဒ္ဓဝင်အမေးအဖြေ (၄၁ – ၇၇)

❖ ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက
နောက်ဆုံးအထိ ပါရမီ။
လူနတ်များစွာ ချမ်းသာရေးကြောင့်
အသက်ပေးလို့ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့
ငါသာအသက် ဆုံးစေမည်။
နောက်မဆုတ်ပေါင် ခုလိုတွေးလို့
ကုသိုလ်ရေးမို့ ကြိုးစားမည်။

အရှင်ဇနကာဘိဝံသ

## အပိုင်း (၁)

ဗုဒ္ဓကြောင်းရာကဏ္ဍ ပြီး၏။

# အပိုင်း (၂)

# စာရိတ္တကောင်းမွန်ရေး ကဏ္ဍ

## ဂုဏ်တော် ဘုရားရှိခိုး

### ဘုရားဂုဏ်တော် ပါဠိနှင့်အနက်

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော **လောကဝိဒူ အနုတ္တရောပုရိသ ဒမ္မသာရထိ** သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

**သောဘဂဝါ** – ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရား သည်၊

၁။ **အရဟံ** – လွန်ကဲထူးမြတ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿန ဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား။

၂။ **သမ္မာသမ္ဗုဒ္ဓေါ** – သစ္စာလေးပါး ခပ်သိမ်းသော တရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင် ဉာဏ်အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူပေသော မြတ်စွာဘုရား။

၃။ **ဝိဇ္ဇာစရဏ သမ္ပန္နော** – ဝိဇ္ဇာမည်သော ဉာဏ်ထူး (၃) ပါး၊ ဉာဏ်ထူး (၈) ပါး၊ စရဏမည်သော အခြေခံအကျင့်တရား (၁၅) ပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၄။ **သုဂတော** – သတ္တဝါတို့အား အကျိုးများကြောင်း ဟုတ်မှန်သော စကားကောင်းကိုသာ မြွက်ဆို တော်မူတတ်ပေသော မြတ်စွာဘုရား။

၅။ **လောကဝိဒူ** – လောက၏ အကြောင်းအရာ အလုံးစုံကို အကုန်အစင်သိမြင်တော်မူပေသော မြတ်စွာ ဘုရား။

၆။ **အနုတ္တရောပုရိသ ဒမ္မသာရထိ** – ဆုံးမထိုက်သော ပုဂ္ဂိုလ်တို့အား ညွှန်ကြားသွန်သင် ပဲ့ပြင်ဆုံးမမှု၌ အတုမရှိ အမြတ်ဆုံးဖြစ်တော်မူပေသော မြတ်စွာဘုရား။

၇။ **သတ္ထာဒေဝ မနုဿာနံ** – ချမ်းသာရကြောင်း လမ်းကောင်းညွှန်ပြ ဆုံးမတော်မူတတ်၍ **လူနတ်တို့၏ ဆရာမြတ်အစစ်** ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၈။ **ဗုဒ္ဓေါ** – တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူပေသော မြတ်စွာဘုရား။

၉။ **ဘဂဝါ – ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ တို့ဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။**

အရဟံ အစရှိသော ကိုးပါးသောဂုဏ်တော်၊ ဆယ်ပါးသောဂုဏ်တော်၊ အနန္တ ဂုဏ်တော်၊ အနန္တ ကျေးဇူးတော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား သဗ္ဗညုဘုရားသခင်ကို ဘုရားတပည့်တော်သည် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ အရှင်ဘုရား။

## တရားဂုဏ်တော် ပါဠိနှင့်အနက်

**သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။**

**ဘဂဝတော** – မြတ်စွာဘုရားသခင်သည်၊ **သွာက္ခာတော** – ဟောကြားအပ်သော၊ **ဓမ္မော** – တရားတော်သည်၊

၁။ **သွာက္ခာတော** – ကိလေသာငြိမ်းကြောင်း ကောင်းမွန်မှန်ကန်စွာ ဟောကြားတော်မူအပ်သော တရားတော်မြတ်ပေတကား။

၂။ **သန္ဒိဋ္ဌိကော** – ကျင့်ကြံအားထုတ်လျှင် မျက်မှောက်ကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်မြတ်ပါပေတကား။

၃။ **အကာလိကော** – အချိန်အခွင့် မဆိုင်းလင့်ဘဲ အသင့်လက်ငင်းချက်ချင်း အကျိုးပေးတတ်သော တရားတော်မြတ်ပါပေတကား။

၄။ **ဧဟိပဿိကော** – "လာပါ၊ ကြည့်လှည့်ပါ" ဟု ကျင့်ကြံအားထုတ်ရန် ဖိတ်မန်တိုက်တွန်းထိုက်သော တရားတော်မြတ်ပါပေတကား။

၅။ **ဩပနေယျိကော** – မိမိသန္တာန်၌ တည်အောင် ကျင့်ဆောင်ထိုက်သော တရားတော်မြတ်ပါပေတကား။

၆။ **ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ** – တရားမြင်သိ ပညာရှိရှစ်ပါး အရိယာများသာလျှင် ကိုယ့်တရားနှင့်ကိုယ် အသီးသီး သိမြင်ခံစားရသော တရားတော်မြတ်ပါပေတကား။

သွာက္ခာတတာ အစရှိသော ဂုဏ်တော် (၆) ပါးနှင့် ပြည့်စုံတော်မူသော မဂ် (၄) ပါး၊ ဖိုလ် (၄) ပါး၊ နိဗ္ဗာန် ပရိယတ်အားဖြင့် (၁၀) ပါးသော တရားတော်မြတ်ကို ဘုရားတပည့်တော်သည် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ အရှင်ဘုရား။

## သံဃာ့ဂုဏ်တော် ပါဠိနှင့်အနက်

**သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ၊ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံပုညက္ခေတ္တံ လောကဿ။**

**ဘဂဝတော** – မြတ်စွာဘုရား၏၊ **သာဝကသံဃော** – တပည့်သားအပေါင်း သံဃာတော်သည်၊

၁။ **သုပ္ပဋိပန္နော** – လောဘ၊ ဒေါသ၊ မောဟကင်းကြောင်း သီလ၊ သမာဓိ၊ ပညာ အကျင့်ကောင်းကို ကောင်းစွာကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား။

၂။ **ဥဇုပ္ပဋိပန္နော** – ကိုယ်၊ နှုတ်၊ စိတ်ထား အကောက်သုံးပါး ကင်းရန် ဖြောင့်မှန်စွာ ကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား။

၃။ **ဉာယပ္ပဋိပန္နော** – ဆင်းရဲငြိမ်းရန် နိဗ္ဗာန်အလို့ငှာ သင့်လျော်စွာ ကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား။

၄။ **သာမိစိပ္ပဋိပန္နော** – သူများကပြုသည့် ရိုသေမှုနှင့် သင့်တင့်ထိုက်တန်အောင် ကျင့်ကြံတော်မူသော သံဃာတော်မြတ်ပါပေတကား။

၅။ **အာဟုနေယျော** – အရပ်ဝေးမှသော်လည်း ဆောင်လာ၍ ပေးလှူပူဇော်ထိုက် ပေးလှူသည်ကို ခံယူတော်မူထိုက်သော သံဃာတော်မြတ်ပါပေတကား။

၆။ **ပါဟုနေယျော** – ချစ်မြတ်နိုးအပ်သည့် ဧည့်သည်များအတွက် အထူးပြုပြင်ထားသော စားကောင်းသောက်ဖွယ်ကိုသော်လည်း ပေးလှူပူဇော်ထိုက်၊ ခံယူတော်မူထိုက်သော သံဃာတော်မြတ်ပါပေတကား။

၇။ **ဒက္ခိဏေယျော** – နောင်တမလွန်လောက၌ ကောင်းကျိုးရမည်ဟု ယုံကြည်၍ ပေးလှူသည်ကို ခံယူတော်မူထိုက်သော သံဃာတော်မြတ်ပါပေတကား။

၈။ **အဉ္ဇလိကရဏီယော** – ကောင်းကျိုးချမ်းသာ မုန်စွာရမည်ဟု ယုံကြည်မျှော်ကိုးလျက် လက်အုပ်မိုး၍ ရှိခိုးထိုက်သော သံဃာတော်မြတ်ပါပေတကား။

၉။ **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ** – ကောင်းမှုမျိုးကို စိုက်ပျိုးရန်အလို့ငှာ သတ္တဝါအပေါင်းတို့၏ အကောင်းဆုံးလယ်ယာမြေဖြစ်တော်မူသော သံဃာတော်မြတ်ပါပေတကား။

သုပ္ပဋိပန္န အစရှိသော ဤကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးပါး၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးပါးအားဖြင့် ရှစ်ပါးသောအရိယာပုဂ္ဂိုလ်အပေါင်း သံဃာတော်မြတ်နှင့်တကွ သမ္မုတိသံဃာတော်မြတ်အပေါင်းကို ဘုရားတပည့်တော်သည် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ အရှင်ဘုရား။

ရွှေတောင်ကုန်းမှု
အကြီးတန်း ရှင်ကျင့်ဝတ် (၇၇–၈၃)

# အနန္တငါးပါး ဘုရားရှိခိုး

(၁) **“ဗုဒ္ဓဂုဏော၊ အနန္တော”** ဟု၊ ကျော်စောထင်ရှား၊ သုံးပါးရပ်သူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင် နိဗ္ဗာန်သောင်သို့၊ ရွှေဖောင်မဂ္ဂင်၊ သဘော်ယာဉ်ဖြင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူသည့်၊ နတ်လူတို့ထိပ်ပန်း ရဟန်းတို့ဆရာ၊ အစိန္တေယျာဟု၊ မဟာအမိတ၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို၊ **အဟံ** – ဘုရားတပည့်တော်သည်၊ **ဝန္ဒာမိ** – သဒ္ဓါညွှတ်ကျိုး၊ လွန်မြတ်နိုးလျက်၊ ရှိခိုးပါ၏ အရှင်ဘုရား။

(၂) **“ဓမ္မဂုဏော အနန္တော”** ဟု တည်သောကမ္ဘာ သတ္တဝါလူနတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာသံယောဇ်၊ ကိလေသာမှ၊ ဆေးကြောသုတ်သင်၊ မြူမတင်အောင်၊ ရောင်ကြဉ်ပေတတ်၊ တရားတော်မြတ်ကို၊ **အဟံ** – ဘုရားတပည့်တော်သည်၊ **ဝန္ဒာမိ** – သဒ္ဓါညွှတ်ကျိုး လွန်မြတ်နိုးလျက် ရှိခိုးပါ၏အရှင်ဘုရား။

(၃) **“သံဃဂုဏော အနန္တော”** ဟု လောဘဒေါသ၊ မောဟကင်းကွာ၊ တဏှာကာမ၊ကိလေသနှင့် ရာဂအမိုက်၊ နှစ်ခြိုက်မပျော်၊ မမွေ့လျော်ဘဲ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ မြတ်မွန်ထေရ်ကျော်၊ သံဃာတော်တို့ ဂုဏ်တော်ကြီးလှ၊ အနန္တကို၊ **အဟံ** – ဘုရားတပည့်တော်သည်၊ **ဝန္ဒာမိ** – သဒ္ဓါရွှင်မြူး၊ ဂုဏ်ရည်စူးလျက် ကြည်နူးကြည်သာ၊ ရှိခိုးပါ၏အရှင်ဘုရား။

(၄) **“မာတာပိတုဂုဏော အနန္တော”** ဟု အပြောကျယ်စွာ သံသရာဝယ်၊ မာတာပိတ၊ မိနှင့်ဘတို့၊ ရေကြည်ကလလ၊ တည်ဦးစပင်၊ ချိုချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဘတို့မှာ၊ စိုးရိမ်စွာဖြင့်၊ အစာဆိမ့်အေး နို့ချိုပေး၍၊ ကျွေးသည့်မိခင်၊ မွေးဘရှင်ကို၊ **အဟံ** – ဘုရားတပည့်တော်သည်၊ **ဝန္ဒာမိ** – ဂုဏ်တော်ရည်စူး၊ စိတ်ကြည်နူးလျက်၊ ရွှင်မြူးသဒ္ဓါ၊ ရှိခိုးပါ၏အရှင်ဘုရား။

(၅) **“အာစရိယဂုဏော အနန္တော”** ဟု မိန့်ဟောအရ ကောက်ယူပြသော်၊ နယနည်းနာ၊ အဖြာဖြာကို လိမ္မာစေကြောင်း၊ မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အဟိုများစွာ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ ပယ်စွန့်ခွာ၍၊ ခေမာဘုမ္မိ၊ ဘေးမရှိသည့် သန္တိသုခ၊ မုချကေန်၊ နိဗ္ဗာန်အရောက်၊ ညွှန်ထောက်သွန်သင်၊ ပဲ့ပြင်ပေတတ်၊ ဆရာမြတ်ကို၊ **အဟံ** – ဘုရားတပည့်တော်သည်၊ **ဝန္ဒာမိ** – ဂုဏ်တော်ရည်စူး၊ စိတ်ကြည်နူးလျက်၊ ရှိခိုးပါ၏အရှင်ဘုရား။

## ဘုရားရှိခိုး

၁။ ဘုရားကိုရှိခိုးလို့
တရားကိုတဲ့ ဦးတင်။
သံဃာကို ရိုညွတ်ကျိုးလို့ရယ်
မြတ်နိုးလျက်ပင်။
မိဘနဲ့ဆရာရှင်ကို
နေ့စဉ်ပင်ဝပ်တွား။
ပဉ္စင်္ဂါသီလများကို
ဆောက်တည်၏ဘုရား။

## ဘုရားရှိခိုး ရတဲ့အကျိုး

၂။ ပညာကြီးရ၊ ရုပ်လည်းလှ
ဘုရားရှိခိုးသူ။
စိတ်တည်ကြည်ရ၊ ဉာဏ်ကောင်းရ
ဘုရားရှိခိုးသူ။
ကြီးကဲဖြစ်ရ၊ လိုတရ
ဘုရားရှိခိုးသူ။
အင်္ဂါစုံလှ၊ ပြောကောင်းရ
ဘုရားရှိခိုးသူ။
ခံတွင်းကိုယ်မှ၊ မွှေးကြိုင်ရ
ဘုရားရှိခိုးသူ။
သူဌေးဖြစ်ရ၊ မျိုးမြတ်ရ
ဘုရားရှိခိုးသူ။
ပူဇော်ခံရ၊ နတ်ဖြစ်ရ
ဘုရားရှိခိုးသူ။
ဘေးရန်ကင်းပ၊ မဂ်ဖိုလ်ရ
ဘုရားရှိခိုးသူ။

## ပြုမြဲဝတ်

၃။ နေမင်းရီရီ ညနေစောင်းတော့
မြရေတကောင်း မလေးပြင်။
ပန်းပေါင်းစုံအောင် စိုက်ကာထိုးလို့
ရေချမ်းပန်းအိုး အမြဲတင်။
နေလုံးကြီးလေ ဝင်ကာသွားတော့
ဘုရားဆောင်ကြား မှောင်ကဝင်။
ဆီမီးရောင်ရှိန် ထိန်ထိန်ကြွားဖို့
မောင်လေးသွားလို့ ထွန်းနှင့်ရှင်။
မောင်နှမတစ်တွေ ညီညာဖျဖျ
ရှိခိုးကြစို့ ဒို့ပျော်ရွှင်။
သီလယူထပ် ရေ ပန်းကပ်
မလပ် မီးပါတင်။
အမြဲပင် အမြဲပင်
နေ့တိုင်းအမြဲပင်။

## ကန်တော့၊ ဆုတောင်း။ ဆုပေးခန်း

### ကန်တော့ပါလေ အပြစ်ပြေ

၄။ အပြစ်ကြီးနဲ့ အပြစ်ငယ်
လူတိုင်းရှိပါတယ်။
ဘယ်လိုပြုတယ် ပြေပျောက်သေး
မောင်လေးသိရင် ပြောပါ့လေး။
ရှိခိုးဝပ်ချ ကန်တော့တယ်
ကြီးတဲ့အပြစ် သေးလို့ငယ်
ငယ်တဲ့အပြစ်ဝယ် ပြေပျောက်အေး
မလေးကန်တော့ပါလေး။

ရွှေသုဝဏ်

## မပြစ်မှားထိုက်သော ခင်ပွန်းကြီး ( ကျေးဇူးရှင် ) ( ၁၀ ) ပါး

၁။ မြတ်စွာဘုရား၊
၂။ ပစ္စေကဗုဒ္ဓါ၊
၃။ ရဟန္တာပုဂ္ဂိုလ်၊
၄။ အဂ္ဂသာဝက၊
၅။ အမိ၊
၆။ အဖ၊
၇။ အရွယ်ကြီးခြင်း၊ အမျိုးမြတ်ခြင်း၊ ပညာကြီးခြင်း၊ သီလသမာဓိရှိခြင်း စသော ဂုဏ်တို့ကြောင့် အလေးအမြတ်ပြုအပ်သူ၊
၈။ ဆုံးမသွန်သင်သူ၊
၉။ ပေးကမ်းဖူးသူ၊
၁၀။ တရားဟောပုဂ္ဂိုလ်။

**မှတ်ချက်** ။ ။ ဤပုဂ္ဂိုလ်တို့ကို ပြစ်မှားခဲ့သော် ဒဏ်ဆယ်ပါး တစ်ပါးပါးခံရတတ်သည်။

## ဒဏ် ( ၁၀ ) ပါး

၁။ ဥစ္စာပျက်စီးခြင်း၊
၂။ ဆွေမျိုးပျက်စီးခြင်း၊
၃။ ကိုယ်ခန္ဓာပျက်စီးခြင်း၊
၄။ ရူးခြင်း၊
၅။ နူခြင်း၊
၆။ အစွပ်စွဲခံရခြင်း၊
၇။ မီးလောင်ခံရခြင်း၊
၈။ ဖျားနာခြင်း၊
၉။ ဒဏ်ထားခံရခြင်း၊
၁၀။ တရားရှုံးခြင်း။

**( ဆောင် )** *ဥစ္စာ ဆွေ ကိုယ်၊ ပျက်ပြို ရူး နူ၊ သူက စွပ်စွဲ၊ မီးစွဲနာဖျား၊ ဒဏ်ထားရှုံးမှတ်၊ ဤဆယ်ရပ် သူမြတ်ပြစ်မှားဒဏ်။*

**မာဃ သာစည်**

## အခါကြီး ရက်ကြီးများ၌ သက်ကြီးဝါကြီးတို့အား ကန်တော့ပုံ

ဩကာသ ဩကာသ ကာယဝစီ၊ မနောချီလျက်၊ သုံးလီသော ကံတို့တွင် တစ်ပါးပါးသော ကံဖြင့် (မွေးမိခင်အား) ဤဘဝမှာဖြစ်စေ အနမတဂ္ဂ သံသရာဘဝကဖြစ်စေ ပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့၍ (ဤဝတ်စုံတို့ဖြင့်) ကန်တော့ပါ၏။ ကန်တော့ရသောကြောင့် ကောင်းကျိုးချမ်းသာအဖြာဖြာတို့နှင့် ပြည့်စုံရ၍ စိပ္ပွားကျက်သရေ တက်နေပမာ မြန်စွာတိုးပြီး နိဗ္ဗာန်မင်္ဂဖိုလ်ကို ရက်တိုတိုနှင့် ရောက်ရပါလို၏။

**မှတ်ချက် ။** ။ "မွေးမိခင်အား" နေရာ၌ မိမိကန်တော့မည့် "အဘ၊ အဘိုး၊ အဘွား၊ ဆရာသမား" စသည် လဲလှယ်ပြီး ပြောင်းဆိုပါ။ "ဤဝတ်စုံဖြင့်" နေရာဝယ် ကန်တော့ဖွယ် လှူဖွယ် ပစ္စည်းအလိုက် "မုန့်၊ ပဲ၊ ပန်း" စသည်တို့နဲ့ လဲလှယ်ပြောင်းဆိုပါ။

## သက်ကြီးဝါကြီးတို့က ပြန်၍ ဆုပေးပုံ

ဤသို့ ရိုသေလေးစားစွာ ကန်တော့ကြရသော ကောင်းမှုကံစေတနာကြောင့် အသက်တစ်ရာ အနာတွေကင်း ကောင်းကျိုးချမ်းသာမင်္ဂလာနှင့်ပြည့်စုံကာ ဘေးအန္တရာယ်ရှင်းပြီး ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ကာ မရှိသောစကား မကြားရဘဲ သဒ္ဓါ၊ သီလစတဲ့ သူတော်ဥစ္စာ (၇) ဖြာနဲ့ ပြည့်စုံလျက် ဒါနအစရှိတဲ့ ကောင်းမှုမျိုးကို စိုက်ပျိုးနိုင်ကြပြီး မင်္ဂဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ထင်ထင် သိမြင်နိုင်ပါစေ။

## လိုရာကျိုးရ၊ ဆုတောင်းမှ

၅။ ဓာတ်ပုံထဲတွင် လှချင်ရင်
မလေးရုပ်သွင် သ,လို့ချယ်
ပြင်ဆင်ပုံလှ နေပုံလှ
ဓာတ်ပုံအလှ ပေါ်လို့ထယ်။
ကောင်းမှုပြုရင် ထို့တူပင်
ဆုတောင်းမှုတွင် တည်လို့ရယ်။
စေတနာလှ သဒ္ဓါလှ
ဆုတောင်းသမျှ ရတယ်ကွယ်။
ဆုမတောင်းရင် မောင်လေးရှင်
ဘယ်သို့ဘယ်သွင် ဖြစ်တတ်တယ်။
လှူဖွယ်ပစ္စည်း အတူမှီး
စေတနာကြီး ကျိုး– ကြီးကျယ်။

# ဆုတောင်း

❖ ဒုက္ခကင်းကုန်၊ အေးမျိုးစုံ၊ နိဗ္ဗာန်ဘုံကို၊ ခိုလှုံရပါလို၏။
❖ နိဗ္ဗာန်မလှုံ၊ ဖြစ်ရကြုံ၊ လူ့ဘုံနတ်ဘုံ၌သာ ဖြစ်ရပါလို၏။
❖ လူ့ဘုံနတ်ရွာ၊ ဖြစ်သည့်ခါ၊ ကလျာမိတ်ကောင်း၊ ပေါင်းသင်းရပါလို၏။
❖ တတ်မျိုးဖုံဖုံ၊ အလုံးစုံ၊ ကြားမြင်ရုံနဲ့ တတ်သိရပါလို၏။
❖ ဒါန၊ သီလ၊ ဓမ္မမွေးထုံ၊ ဘေးရန်လုံ၊ ကောင်းသောအာရုံနဲ့ တွေ့ကြုံရပါလို၏။
❖ ဒုစရိုက်ကင်းကွာ၊ အရာရာ လိမ္မာကျွမ်းကျင်ရပါလို၏။
❖ ပညာလည်းခြုံ၊ ဥစ္စာလုံ၊ လောကီဂုဏ်နဲ့ ပြည့်စုံရပါလို၏။
❖ နက်နဲထက်သန်၊ ထိုးထွင်းဉာဏ်၊ ပညာလျှံ၍ ကဲရပါလို၏။
❖ ဘေးရန်ကင်းကွာ၊ ကိုယ်ကျန်းမာ၊ ရောဂါကင်းရှင်းရပါလို၏။
❖ မရှိစကား၊ မသိစကား၊ မပြောမကြားရပါလို၏။
❖ ကိုယ်မပေးရင်၊ တစ်ရွေးတစ်မှျင်၊ ယူငင်လုယက် မပြုနိုင်ရပါလို၏။
❖ သဒ္ဓါရှေ့ထား ပေးဝေပြား၊ ကုန်သွားတယ်လို့ မရှိရပါလို၏။
❖ ဒါန စသည်၊ ပါရမီ စုံညီဖြည့်ကြိုးရပါလို၏။
❖ တိဟိတ် ဉက္ကဋ္ဌ၊ ယောကျ်ားမြတ်၊ ဖြစ်လတ်ကျော်ထက် ကျော်ရပါလို၏။
❖ မေတ္တေမြတ်စွာ၊ ပွင့်သောခါ၊ ဦးစွာအလျင် ဖူးမြင်ရပါလို၏။
❖ ဟောပြဓမ္မက္ခန်၊ နာရပြန်၊ ပဋိသမ်ရဟန္တာ ဖြစ်ရပါလို၏။

ရွှေသုဝဏ်
ဗုဒ္ဓဘာသာကလေးကဗျာ (၁၅၇ – ၁၆၀)

# ကန်တော့မှုဆိုင်ရာ သာဓကဝတ္ထုများ

## ကန်တော့၍ အကျိုးရ ( သောရေယျသူဌေးသား )

ကလေးနှစ်ယောက်ဖခင် သောရေယျသူဌေးသားသည် ရှင်မဟာကစ္စည်းမထေရ်၏ လှပသော ရုပ်ဆင်းအင်္ဂါကိုမြင်၍ "ငါ၏မိန်းမဖြစ်လျှင် ကောင်းလေစွ" ဟု မနောကံဖြင့် ပြစ်မှားမိ၏။ ထိုခဏ၌ ယောကျ်ားအသွင်ပျောက်၍ မိန်းမအသွင်ပေါ်လာလေ၏။ ရှက်သောကြောင့် နောက်သို့ပြန်မသွားဘဲ ခြေဦး ဘည့်ရာသို့ ထွက်သွားရာ တက္ကသိုလ်ပြည်မှ သူဌေးသားတစ်ဦးနှင့် အိမ်ထောင်ကျလေ၏။ မိခင်ဘဝဖြင့်

ကလေးနှစ်ယောက်ရပြန်၏။ နှစ်ကာလကြာသော် ဇာတိမြို့မှ ရောက်လာသော ကုန်သည်မိတ်ဆွေ၏ အကြံပေးချက်အရ ရှင်မဟာကစ္စည်းထံ သွားရောက်ကန်တော့ရာ ယောကျ်ားဇာတိ ပြန်ပေါ်လာလေ၏။

(ဓမ္မပဒ၊ ၌၊ ပ၊ ၂၁၇)

## ပိတ်ချင်းသီး ကြွက်ချေးဖြစ်

ရာဇဂြိုဟ်မှ ပိတ်ချင်းသီးရောင်းချသော ဒကာတစ်ဦးကို ရှင်ပိလိန္ဒဝစ္ဆမထေရ်က "ဟဲ့သူယုတ်နှင့် တောင်းထဲက ဘာတွေလဲ"ဟု မေးသည်တွင် စိတ်ဆိုးပြီး "ကြွက်ချေးတွေ"ဟု ပြန်ပြောသောကြောင့် ပိတ်ချင်းသီးများ ကြွက်ချေးဖြစ်ကုန်လေ၏။ မိတ်ဆွေတစ်ဦး၏ အကြံပေးချက်အရ မထေရ်ကြီးထံသွား၍ ဝန်ချကန်တော့ရန် စီမံလေ၏။ "ဟဲ့ ဒကာ ဘာတွေလဲ" ဟု မေးသည်တွင် "ပိတ်ချင်းသီးတွေပါဘုရား" ဟု လျှောက်ထားသည်နှင့်တစ်ပြိုင်နက် ကြွက်ချေးအားလုံး ပိတ်ချင်းသီးတွေ ပြန်ဖြစ်လေ၏။

(အ၊ ၌၊ ပ၊ ၂၁၇)

## မကန်တော့၍ မျောက်ဖြစ်

တစ်နေ့သ၌ ဂိဇ္ဈကုဋ်တောင်မှအဆင်း ချောက်တစ်ခုတွေ့၍ ခုန်ကူးမိသော ရှင်မဟာကစ္စည်းမထေရ်ကို သေကာရပုဏ္ဏားကြီးက မျောက်နှင့်တူသည်ဟု ကဲ့ရဲ့ပြစ်မှားလေ၏။ မြတ်စွာဘုရားက "ကန်တော့လျှင်ကောင်းမည်၊ မကန်တော့လျှင် မျောက်ဖြစ်မည်" ဟု ဗျာဒိတ်စကား မိန့်ကြားသော်လည်း မာနဓာတ်ခံဖြင့် မကန်တော့ဘဲနေ၍ သေသည့်အခါ ဝေဠုဝန်ဥယျာဉ်၌ မြင်းမြီးဆွဲမျောက်ကြီးဖြစ်လေ၏။ ဝသေကာရဟု အသံပြုလိုက်လျှင် ခေါ်သူ၏အနားသို့ ရောက်လာတတ်၏။ အကြောင်းသိလူများက "အော် ကျုပ်တို့အမတ်ချုပ်ကြီးက ဒီမှာရောက်နေတာကိုး"ဟု ပြောသောအခါ လူ့ဘဝတုန်းက အဖြစ်အပျက်ကို သတိရပြီး ရှက်လှချေရဲ့ဆိုကာ သူ၏မျက်ခွက်ကို လက်ဖြင့် ဖုံးအုပ်ထားသောဟူ၏။

(မ၊ ၌၊ ၄၊ နှာ၊ ၄၉)

အထက်ပါ အကျိုးအပြစ်ပြဝတ္ထုများကို သာကေပြု၍ မပြစ်မှားသင့် မပြစ်မှားထိုက်သော ပုဂ္ဂိုလ်များကို ကိုယ်နှုတ်စိတ်တို့ဖြင့် မပြစ်မှားမိစေရန် စောင့်စည်းချုပ်တည်းရာ၏။

မာဃဝီ သာစည်
ယဉ်ကျေးမှုသင်တန်း
(နှာ - ၇၇ - ၉၉)



အရှင်မောဂ္ဂလာန်သည် နတ်ပြည်၌ နတ်သားနတ်သမီးတို့၏ စည်းစိမ်ချမ်းသာကို တွေ့မြင်ရပုံ



အရှင်မောဂ္ဂလာန်သည် လူသတ်သမားတို့ လာသည်ကိုသိ၍ တန်ခိုးတော်ဖြင့် ရှောင်တိမ်းနေပုံ

# ကျေးဇူးရှင်ပြိတ္တာများ အပါယ်လား

မြတ်စွာဘုရား၏ လက်ပံတော်ရံ အဂ္ဂသာဝက အရှင်မောဂ္ဂလာန်သည် အလွန်တန်ခိုးကြီးတော်မူသည်။ ထိုအရှင်မောဂ္ဂလာန်ကို အမှီပြု၍ ဘုရားသာသနာတော်၌ လာဘ်ပူဇော်ခြင်းအမှုသည် လွန်စွာပေါများလေသည်။ မြတ်စွာဘုရားနှင့် သံဃာတော်တို့အား လူတို့ သဒ္ဓါကြည်ညို ဆည်းကပ်လှူဒါန်းခြင်းအမှုများပြားရခြင်းမှာ မြတ်စွာဘုရားသည် နောက်ဆုံးဝါကို ဝေဠုဝန်ရွာတွင် ဝါကပ်တော်မူသောအခါ အရှင်မောဂ္ဂလာန်သည် ရာဇဂြိုဟ်အနီး ဣသိဂိလိတောင်၏နံပါး 'ကာလ' မည်သော ကျောက်ဖျာထက်၌ သီတင်းသုံးနေတော်မူသည်။ ထိုအရှင်မောဂ္ဂလာန်သည် တန်ခိုးတော်ကြီးမားသည့်အလျောက် တစ်ခါတစ်ရံ အထက်နတ်ပြည်သို့ ဒေသစာရီကြွချီ၍ နေသန့်တော်မူသည်။ တစ်ခါတစ်ရံ ငရဲပြည်သို့ ကြွတော်မူသည်။ ယင်းသို့ကြွတော်မူရာ နတ်ပြည်၌ မြတ်စွာဘုရား၏ တပည့်သားအလုပ်အကျွေးဖြစ်ကုန်သော ယောကျ်ား၊ မိန်းမတို့သည် ကြီးစွာသော စည်းစိမ်ဗိမာန်နှင့် ပျော်စံကြသည်ကို တွေ့မြင်ခဲ့ရသည်။

လူ့ပြည်သို့ပြန်ရောက်သောအခါ မည်သည့်ဒါယကာသည် တာဝတိံသာနတ်ပြည်၌ဖြစ်၏။ မည်သည့်ဒါယကာသည် ယာမာတုသိတာနတ်ပြည်တို့၌ဖြစ်၍ ကြီးကျယ်သောစည်းစိမ်ကို ခံစားရ၏ဟု လူတို့အား ပြောကြား၏။ ငရဲပြည်မှ ပြန်လာသောအခါ၌လည်း တိတ္ထိတို့၏ အလုပ်အကျွေးများဖြစ်ကြသော မည်သည့်ဒါယကာသည် သိဉ္ဇိုးငရဲ၌ ဆင်းရဲကြီးစွာခံနေရသည်ကို ငါမြင်ခဲ့သည်။ မည်သည့်ဒါယကာ၊ မည်သည့်ဒါယိကာမတို့သည် ကာလသုတ်ငရဲ၌ ဆင်းရဲခံရသည်ကို ငါမြင်ခဲ့ရသည်။ ဤသို့ စသည်ဖြင့် လူတို့အား ပြောကြားသည်။

ထိုစကားကို လူတို့ကြားရသော် ဘုရားအယူဝါဒသို့သာလိုက်၍ သာသနာ၌သာ ကြည်ညိုဆည်းကပ်လှူဒါန်းကြလေသဖြင့် ကြီးစွာသော လာဘ်ပူဇော်မှုသည်ဖြစ်၏။ တိတ္ထိတို့ကို မကြည်ညို၊ မလှူဒါန်းကြကုန်။ ထို့ကြောင့် မြတ်စွာဘုရားနှင့် တပည့်သံဃာတော်တို့၌သာ များစွာသော လာဘ်ပူဇော်ခြင်းရှိ၍ တိတ္ထိတို့မှာ စားရမဲ့ သောက်ရမဲ့ ဖြစ်လေကုန်၏။

ထိုအခါ တိတ္ထိတို့သည် အရှင်မောဂ္ဂလာန် ဟောကြားမှုကြောင့်သာ ဤသို့ဖြစ်ရသည်ဟု ကြီးစွာသောရန်ငြိုးထားလျက် ဤရဟန်းသေမှသာ ငါတို့၌ လာဘ်ပူဇော်မှုရရှိတော့မည်ဟု ကြံ၍ အရှင်မောဂ္ဂလာန်ကို သတ်စေရခြင်းငှာ ရဲရင့်စွမ်းသော လူသတ်သမားတို့ကိုရှာဖွေသော် ကြမ်းကြုတ်ခက်ထန် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုမသိသော 'သမဏဂုတ္တိက' မည်သော လူသတ်သမားကိုတွေ့၍ ထိုသူအား အသပြာတစ်ထောင်ပေးပြီးလျှင် အရှင်မောဂ္ဂလာန်အား သတ်ရန် အစေခိုင်းလေ၏။

သမဏဂုတ္တိကလူသတ်သမားလည်း များစွာသောအပေါင်းအသင်းတို့နှင့် ညအချိန် အရှင်မောဂ္ဂလာန်ရှိရာသို့ သွားလေ၏။ အရှင်မြတ်လည်း လူသတ်သမားတို့လာကြောင်းသိလျှင် စတုတ္ထဈာန်ဝင်စားလျက်

ကောင်းကင်၌ စင်္ကြံကြွလျက် နေတော်မူ၏။ လူသတ်သမားတို့လည်း အရှင်မြတ်ကိုမမြင်လျှင် ပြန်ခဲ့၍ နောက်ည တစ်ဖန် သွားကြပြန်၏။

ထိုအခါ အရှင်မောဂ္ဂလာန်သည် ယုဂန္ဓိုရ်တောင်ညွန့်သို့ ကြွနေတော်မူ၏။ ထိုသို့ ခြောက်ညပတ်လုံး လူသတ်သမားတို့သွားသော်လည်း တန်ခိုးတော်နှင့်သာ ရှောင်ရှားလျက် နေတော်မူ၏။ ခုနစ်ရက်မြောက်သော အခါ ရှေးအခါ မိဘအား ပြစ်မှားခဲ့သောကံသည် နှိမ်နင်းခြင်းငှာ အခွင့်သာသဖြင့် မရှောင်နိုင်တော့ဘဲ လူသတ်သမားတို့ ရိုက်နှက်ညှဉ်းဆဲခြင်းကို ခံရလေ၏။

အရိုးတော်တို့သည် မှုန့်မှုန့်ညက်ညက်ကြေ၍ ဂွမ်းအိတ်ကဲ့သို့ရှိနေမှ သေပြီဟူသောအမှတ်ဖြင့် ပစ်ထားပြီး လူသတ်သမားတို့ ပြန်သွားကြ၏။ ထိုလူသတ်သမားတို့သည် မိမိအိမ်သို့မရောက်မီပင် အရှင်မြတ်အား ပြစ်မှားမိသော အနန္တရိယကံကြောင့် တောင်ကြားတစ်ခုတွင် မြေမျို၍ အဝီစိငရဲသို့ ရောက်လေ၏။

အရှင်မောဂ္ဂလာန်သည် အတန်ငယ်သတိရလာသောအခါ ဈာန်သမာပတ်အဟုန်ဖြင့် အလုံးစုံသော ကိုယ်ကို ကြွနိုင်စေ၍ မြတ်စွာဘုရားထံသို့ ကောင်းကင်ခရီးဖြင့် ကြွလာပြီးသော် ကိုယ်တော်မြတ်အား ရှိသေစွာရှိခိုး၍ အရှင်ဘုရား အကျွန်ုပ်သည် ပရိနိဗ္ဗာန်ပြုချိန်တန်ပါပြီ ခွင့်ပြုတော်မူပါဟု လျှောက်ထားပြီးလျှင် မိမိသီတင်းသုံးရာ ထိုကာလသိလိတောင်နံပါး၌ပင် ပရိနိဗ္ဗာန်စံတော်မူသည်။

တစ်နေ့သောအခါ ရဟန်းတို့၏အစည်းအဝေး၌ အရှင်မောဂ္ဂလာန်သည် မိမိနှင့်မလျော်တဲ့ သေခြင်းဖြင့် သေရသည်ဟု ပြောဆိုနေကြ၏။ မြတ်စွာဘုရားသည် ထိုအစည်းအဝေးသို့ကြွတော်မူလာကာ ရဟန်းတို့၊ အရှင်မောဂ္ဂလာန်သည် တန်ခိုးကြီးပြီး ရဟန်းဖြစ်လျက် မလျော်သော ပရိနိဗ္ဗာန်စံခြင်းဖြစ်သော်လည်း ၎င်း၏ ရှေးမကောင်းမှုဆိုလျှင် လျော်တဲ့ ပရိနိဗ္ဗာန်စံခြင်းဖြစ်သည်ဟု မိန့်၏။ ထို့နောက် ရဟန်းတို့ တောင်းပန်သောကြောင့် အရှင်မောဂ္ဂလာန်၏ ရှေးအတိတ်အကြောင်းကို အောက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားတော်မူသည်။

ရှေးအခါက အရှင်မောဂ္ဂလာန်အလောင်းသည် ဗာရာဏသီပြည် မဂဓရွာအရပ်၌ နေထိုင်၍ အခစားအလုပ်ကို လုပ်ပြီးလျှင် မိအိုဖအိုတို့ကို ကျွေးမွေးစောင့်ရှောက်နေ၏။ မိဘတို့သည် အိမ်ကိစ္စ၊ အလုပ်ကိစ္စ၊ မိဘပြုစုရေးကိစ္စတို့ဖြင့် ပင်ပန်းလှသောသားအား အကြိမ်ကြိမ် ဖျောင်းဖျပြောဆိုပြီးနောက် အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ပေးလိုက်၏။ မိဘနှစ်ပါးလည်း တဖြည်းဖြည်း အိုမင်းရင့်ရော်ပြီး မျက်စိမမြင်ခြင်းအဖြစ်သို့ ရောက်လေ၏။

ထိုအမျိုးသမီးသည် ရက်အနည်းငယ်မျှသာ မိအိုဖအိုတို့ကို လုပ်ကျွေးခြင်းတို့ပြုပြီးနောက် ယောက္ခမတို့ကို တစ်စတစ်စ ရွံမုန်းလာ၏။ အပြစ်ရှာ ပြောဆိုစပြုလာ၏။ မိမိ၏ယောကျ်ား အလုပ်သွားခိုက်တွင်

အိမ်တွင် အစစအရာရာ ဖရိုဖရဲပြုလုပ်ပြီးနောက် လင်ယောကျ်ား အလုပ်မှပြန်ရောက်လာသောအခါ မိအိုဖအို တို့ ထင်သလိုပြုလုပ်နေကြောင်း၊ မိအိုဖအိုတို့နှင့် အတူမနေနိုင်ကြောင်းကို နေ့စဉ် ကုန်းတိုက်ပြောကြား၏။

ရှင်မောဂ္ဂလာန်အလောင်း ယောကျ်ားသည် နေ့စဉ်မပြတ် ကုန်းတိုက်ပြောဆိုနေသော မယားစကား ကို ယုံကြည်နားဝင်လေသဖြင့် မျက်မမြင်မိဘတို့အား ချစ်မြတ်နိုးခြင်းမရှိတော့ဘဲ မိဘတို့အား ဖျောက်ဖျက် သတ်ပစ်ရန် ကြံစည်မိ၏။ တစ်နေ့သောအခါ ထိုအမျိုးသားသည် ရပ်ဝေးနေ ဆွေမျိုးများက မိအိုဖအိုတို့ကို ခေါ်ဆောင်လာခဲ့ရန် မှာကြားလိုက်ကြောင်းကို ပြောကြားပြီးနောက် မိဘတို့အား လှည်းဖြင့်တင်ဆောင်သွားရာ တော‌အုပ်တစ်ခုသို့ ရောက်လာ၏။

ထိုအမျိုးသားသည် တောအတွင်း သူခိုးတွေထနေကြောင်း၊ ကြောက်စရာကောင်းလှကြောင်း၊ သူခိုးတွေလာနေပြီ သတိထားတော့ဟု ပြောဆိုပြီး သူခိုးအယောင်ဆောင်၍ သူခိုးအသံကဲ့သို့ပြုလုပ်၍ မိဘနှစ်ပါးကို ရိုက်နှက်လေ၏။ မိဘနှစ်ပါးတို့ကလည်း "ငါတို့အား ခိုးသားတွေ ရိုက်နှက်နေပြီ၊ သားမောင် ဘေးကင်းရာပြေးတော့" ဟု အလွန်ကြီးမားသော မိဘမေတ္တာဖြင့် သားကိုမရိုက်မိရန် တောင်းပန်၍ ငိုကြွေးကြ၏။

ထိုအခါ သား၏စိတ်၌ ဖြစ်၍လာသည်မှာ ငါ၏မိဘတို့သည် ဤမျှလောက် နာကျင်သော်လည်း ငါ၏အကျိုးကိုသာ တောင်းပန်ငိုကြွေးကြကုန်သည်။ ဤသို့ဖြစ်လျက် ကျေးဇူးရှင်မိဘနှစ်ပါးအား ငါ ပြစ်မှားမိခြင်းသည် မသင့်လျော်ပါတကားဟု အကြံဖြစ်ပြန်သဖြင့် ခိုးသားတို့ သွားဟန်ပြုပြီးမှ မိဘနှစ်ပါးကို ကြည်နူးစုံမက်စွာ သက်သာရာရစေ၍ ခြေဆုပ်လက်နယ်ပြီး လှည်းပေါ်တင်ပြီးလျှင် အိမ်သို့ တစ်ဖန် ဆောင်ခဲ့၏။

ထိုမကောင်းမှုကံသည် ကာလကြာမြင့်စွာ ငရဲ၌ခံရသည်တွင် မပြီးဆုံးသေးဘဲ ဘဝပေါင်းများစွာ အကျိုးပေးခွင့်မရသဖြင့် ပြာလွှမ်းသော မီးကျီးစုကဲ့သို့ရှိ၍ ယခုဘဝတွင် အကျိုးပေးခွင့်ရလေသောကြောင့် သိကြားမင်းနန်းတော် ဝေဇယန္တာပြာသာဒ်ကိုပင် ခြေမတော်ဖျားဖြင့် လှုပ်ရှားခြင်းငှာ စွမ်းနိုင်သော နန္ဒောပနန္ဒ နဂါး စသောသူတို့ကို နှိမ်နင်းခြင်းငှာ စွမ်းနိုင်သော တန်ခိုးတော်အဟုန်သည် ကုန်ခန်းလေသဖြင့် အသေ သတ်ခြင်းငှာ လာသော သူသတ်သမားတို့၏ ရိုက်နှက်ခြင်းကို ခံရသည်။

ဤအရှင်မောဂ္ဂလာန်ဝတ္ထု၌ မိဘတို့သည် မိမိတို့၏ သားသမီးများအပေါ်၌ ဘယ်မျှမေတ္တာတရား ကြီးမားကြောင်းကို သိနိုင်သည်။ ထို့ကြောင့် မိဘအား မပစ်မှားမိစေရန်နှင့် မိဘအားပြစ်မှားလျှင် အပါယ်သို့ လားရကြောင်းကို သိထားရန် လိုအပ်ပေသည်။

ဇိနတ္ထပကာသနီမှ

# သရဏဂုံ

**ပါဠိဘာသာ သရဏဂမနကို** မြန်မာလို သရဏဂုံဟုခေါ်သည်။

**သရဏ** = ကိုးကွယ်ရာ၊ အားကိုးရာ၊ အားထားရာ။

**ဂမန** = ယုံကြည်ဆည်းကပ်ခြင်း။

မြတ်စွာဘုရားသည် အားကိုးရာ သရဏ။

မြတ်စွာဘုရား၏ တရားတော်သည် အားကိုးရာ သရဏ။

သံဃာတော်အပေါင်းသည် အားကိုးရာ သရဏ။

လူတို့က အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ခြင်းသည် ဂမန = ဂုံ

ထို့ကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ခြင်းကို **သရဏဂမန** = သရဏဂုံသုံးပါးဟု ခေါ်သည်။

၁။ မြတ်စွာဘုရားကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်လျှင် ဗုဒ္ဓသရဏဂုံတည်သည်။

၂။ မြတ်စွာဘုရား၏ တရားတော်ကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်လျှင် ဓမ္မသရဏဂုံတည်သည်။

၃။ သံဃာတော်အပေါင်းကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်လျှင် သံဃသရဏဂုံတည်သည်။

သရဏဂုံတည်သူသည် ဗုဒ္ဓဘာသာဝင်၊ ဗုဒ္ဓသာသနာဝင်ဖြစ်သည်။

## သရဏဂုံ ဆောင်ပုဒ်

*ရတနာသုံးဖြာ၊ အားကိုးရာဟု၊ ဆည်းကပ်ပြု၊ ခေါ်မှု သရဏဂုံ။*
*သရဏဂုံသုံးပါး၊ တည်သူများ၊ ရကြွေးချမ်းသာစုံ။*

## သရဏဂုံ ခံယူပုံ (၄) မျိုး

**သရဏဂုံ** ခံယူရာ၌ ခံယူပုံ အခြင်းအရာ (၄) မျိုးရှိ၏။ ထို (၄) မျိုးကိုပင် သရဏဂုံ (၄) မျိုးဟု **ခေါ်ဝေါ်ကြ**၏။ ယင်း (၄) မျိုးမှာ

၁။ **အတ္တသန္နိယျာတန** သရဏဂုံ

၂။ **တပ္ပရာယဏတာ** သရဏဂုံ

၃။ **သိဿဘာဝူပဂမန** သရဏဂုံ

၄။ **ပဏိပါတ** သရဏဂုံ

၁။ **ရတနာသုံးပါးကို** အာရုံပြုလျက် "ယနေ့မှအစပြု၍ ငါသည် ငါ၏ကိုယ်ကို ဘုရား၊ တရား၊ **သံဃာ** ရတနာမြတ်သုံးပါးအား အပ်နှင်းပါ၏" ဟု **မိမိကိုယ်ကို ရတနာသုံးပါးအား စွန့်လွှတ်အပ်နှင်းခြင်းကို အတ္တသန္နိယျာတန သရဏဂုံ** ဟုခေါ်သည်။

၂။ **"ယနေ့မှစ၍ ငါသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုသာလျှင် အားကိုးပါ၏၊ အားထားပါ၏၊** ကိုးကွယ်ပါ၏၊ လဲလျောင်းပါ၏**"** ဟု **ရတနာသုံးပါးကိုသာ အားကိုးအားထားခြင်း၊ ကိုးကွယ်လဲလျောင်းခြင်းကို တပ္ပရာယဏတာ သရဏဂုံ** ဟုခေါ်သည်။

၃။ "ယနေ့မှစ၍ ငါသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ အနီးနေတပည့်ဖြစ်သည်" ဟု **ရတနာသုံးပါး၏ တပည့်အဖြစ် ကပ်ရောက်ခြင်း၊ ခံယူခြင်းကို သိဿဘာဝူပဂမန သရဏဂုံ** ဟု ခေါ်သည်။

၄။ "ယနေ့မှစ၍ ငါသည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကိုသာလျှင် ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း အမှုတို့ကို ပြုပါ၏" ဟု **ရတနာသုံးပါး၌ အထွတ်အမြတ်အဖြစ်ဖြင့် လွန်စွာရိုသေ ပျပ်ဝပ်ခြင်းကို ပဏိပါတ သရဏဂုံ** ဟုခေါ်သည်။

ဤကိုးကွယ်ဆည်းကပ်ပုံ လေးမျိုးတွင် တစ်မျိုးမျိုးဖြင့် အားကိုးအားထားရာအဖြစ် **ကိုးကွယ်** ဆည်းကပ်လျှင် သရဏဂုံခံယူမှုကိစ္စ ပြီးမြောက်သည်။

*(သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ စာ ၂၀၆ ၇)*

## ရှိခိုးတိုင်း သရဏဂုံမဖြစ်

မည်သည့်ပုဂ္ဂိုလ်မဆို ရှိခိုးတိုင်း သရဏဂုံမဖြစ်၊ ယုံကြည်ဆည်းကပ်မှုမဟုတ်၊ သီလ၊ **သမာဓိ**၊ ပညာ အကျင့်တရားတို့နှင့် ပြည့်စုံ၍ မြင့်မြတ်သော ပုဂ္ဂိုလ်အဖြစ်ဖြင့် ရှိခိုးမှသာ သရဏဂုံ**ဖြစ်သည်**။ ယုံကြည်ဆည်းကပ်မှုဖြစ်သည်။

၁။ ဆွေမျိုးဖြစ်၍ ရှိခိုးခြင်း

၂။ ကြောက်၍ ရှိခိုးခြင်း

၃။ ဆရာဖြစ်၍ ရှိခိုးခြင်း

ဤရှိခိုးခြင်းများသည် သရဏဂုံမဖြစ်၊ မြတ်စွာဘုရားကိုပင် ဆွေမျိုးဖြစ်၍ ရှိခိုးလျှင် **သရဏဂုံ** မဖြစ်ပေ။

**(ဒီ-ဋ္ဌ ၁၊ ၂၀၇)**

## ဆောင်ပုဒ်

*ဆွေမျိုးအဖြစ်၊ ရှိခိုးလစ်၊ မဖြစ်သရဏဂုံ။*
*ကြောက်ရသူအဖြစ်၊ ရှိခိုးလစ်၊ မဖြစ်သရဏဂုံ။*
*ဆရာအဖြစ်၊ ရှိခိုးလစ်၊ မဖြစ်သရဏဂုံ။*
*ပုဂ္ဂိုလ်မြတ်ဟူ၊ ရှိခိုးမူ၊ ရယူသရဏဂုံ။*
*သရဏဂုံတည်က၊ ပါယ်လေးဝ၊ လားရမရှိကုန်။*

# ရှိခိုးသော်လည်း သရဏဂုံမပျက်

ရတနာသုံးပါး ယုံကြည်ဆည်းကပ်သဖြင့် သရဏဂုံတည်နေသော ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် တခြားဘာသာမှ ဘုရားဆိုသူများ၊ ဘုန်းကြီးဆိုသူများကို ဆွေမျိုးဖြစ်ခြင်း၊ ဆရာဖြစ်ခြင်းကြောင့် ရှိခိုးသော်လည်း တည်ပြီးသားသရဏဂုံမပျက်၊ မြင့်မြတ်သောပုဂ္ဂိုလ်ဟု ယူဆ၍ ရှိခိုးမှသာ သရဏဂုံပျက်သည်။

*(ဒီ၊ ဌ၊ ၁၊ ၂၀၇)*

# သရဏဂုံ ညစ်နွမ်းခြင်း (၄) မျိုး

၁။ ရတနာသုံးပါး၏ဂုဏ်ကို မသိလျှင်ဖြစ်စေ၊

၂။ အသိမှားလျှင်ဖြစ်စေ၊

၃။ ယုံမှားသံသယရှိလျှင်ဖြစ်စေ၊

၄။ ရတနာသုံးပါးကို မရိုသေလျှင်ဖြစ်စေ သရဏဂုံညစ်နွမ်း၏။

သရဏဂုံညစ်နွမ်းလျှင် ကြီးကျယ်ဖွံ့ဖြိုးသော ကောင်းကျိုးကို မရနိုင်ပေ။

*(ဒီ၊ ဌ၊ ၁၊ ၂၀၉)*

# ဆောင်ပုဒ်

*ရတနာ့ဂုဏ်ရည်၊ မသိပြီ၊ ညစ်သည် သရဏဂုံ။*
*ရတနာ့ဂုဏ်ရည်၊ သိမှားပြီ၊ ညစ်သည် သရဏဂုံ။*
*ရတနာ့ဂုဏ်ရည်၊ ယုံမှားပြီ၊ ညစ်သည် သရဏဂုံ။*
*ရတနာသုံးထွေ၊ မရိုသေ၊ ညစ်လေ သရဏဂုံ။*

# သရဏဂုံ ပျက်ပုံ (၂) မျိုး

တစ်စုံတစ်ယောက်၏ သန္တာန်၌ တည်နေသောသရဏဂုံသည်

၁။ တခြားဘာသာအယူဝါဒကို ယုံကြည်ကိုးကွယ်သောကြောင့်ဖြစ်စေ၊

၂။ သေဆုံးသောကြောင့်ဖြစ်စေ ပျက်စီး၏။

အယူဝါဒတစ်ပါး ပြောင်းသွားကိုးကွယ်၍ သရဏဂုံပျက်စီးလျှင် ဒိဋ္ဌိတဏှာ စသော ကိလေသာပွား၍ အပြစ်များ၏။ သေဆုံးသောကြောင့် သရဏဂုံပျက်စီးလျှင် မည်သည့်အပြစ်မျှ မရှိပေ။

*(ခုဒ္ဒကပါဌ ဌ၊ ၇)*

# ဆောင်ပုဒ်

*ဘာသာတစ်ပါး၊ ကိုးကွယ်ငြား၊ ပျက်ပြား သရဏဂုံ။*
*သေဆုံးလေငြား၊ ထိုသူအား၊ ပျက်ပြား သရဏဂုံ။*

# သရဏဂုံ မတည်နိုင်သူ

သရဏဂုံ တည်နေသူသည် တခြားဘာသာကို ပြောင်းလဲကိုးကွယ်မှုမပြုသမျှ မသေမချင်း သူ့သန္တာန်၌ သရဏဂုံ တည်နေ၏။ သေလျှင်ကား သရဏဂုံပျက်သွားပေပြီ။ သေပြီးနောက် စိတ်မရှိတော့သော ဥတုဇရုပ်အလောင်း၌မူ သရဏဂုံ မတည်နိုင်ပေ။ စိတ်သည်လည်း ဥတုဇရုပ်ကြွင်းအနီး၌ မရှိတော့ဘဲ နောက်တစ်ဘဝ၌ ဖြစ်ပျက်အစဉ်အတိုင်း ဖြစ်လျက်နေလေပြီ။

# သရဏဂုံ နှစ်မျိုး

ပုထုဇဉ်ပုဂ္ဂိုလ်တို့၏သန္တာန်၌ ယုံကြည်ဆည်းကပ်မှုဖြင့်တည်သော လောကီသရဏဂုံ၊ အရိယာတို့၏သန္တာန်၌ မဂ်ဉာဏ်နှင့်အတူတကွ ဖြစ်တည်လာသော လောကုတ္တရာ သရဏဂုံဟု နှစ်မျိုးရှိ၏။ လောကီသရဏဂုံသည် ညစ်လည်းညစ်နွမ်းနိုင်၏၊ ပျက်လည်း ပျက်စီးနိုင်၏။ လောကုတ္တရာ သရဏဂုံသည် ညစ်လည်းမညစ်နွမ်း၊ ပျက်လည်း မပျက်စီးပေ။

(ခုဒ္ဒကပါဠ – ၄ ၇)

# သရဏဂုံ၏ အကျိုး

သရဏဂုံတည်လျှင် ဘဝကောင်းဘဝမွန်တွေကိုရခြင်း၊ စည်းစိမ်ဥစ္စာ ပြည့်စုံခြင်းမှစ၍ ဆင်းရဲခပ်သိမ်းငြိမ်းသည်အထိ ကောင်းကျိုးချမ်းသာကို ရရှိနိုင်၏။

# နတ်ဖြစ်ရသော တံငါသည်

ရှေးက သီဟိုဠ်ကျွန်း၌ မဝအင်္ဂဏရွာတွင် တမိလ်လူမျိုး တံငါသည်တစ်ယောက်ရှိ၏။ သူသည် နှစ်ပေါင်းငါးဆယ်တိုင်တိုင် တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြီးနောက် အိုမင်းမစွမ်းဖြစ်သောအခါ ရောဂါနှိပ်စက်၍ အိပ်ရာထက်၌ လဲလျောင်းနေရ၏။

ရဟန်းတော်တစ်ပါးသည် ထိုတံငါသည်နှင့် သိကျွမ်းသဖြင့် သေခါနီး တံငါသည်မှာ အနည်းငယ်မျှပင် ထောက်တည်ရာ ရစေတော့ဆိုသောသဘောဖြင့် သူ့အိမ်သို့ ကြွသွား၏။ အိမ်သို့ရောက်သောအခါ

လူမမာ တံငါသည်ကို သရဏဂုံဆောက်တည်စေ၏။ တံငါသည်သည် သေဘေးကိုကြောက်သဖြင့် သရဏဂုံကို လိုလိုလားလား ခံယူဆောက်တည်၏။ ရဟန်းတော်က ဆက်လက်၍ ငါးပါးသီလတိုင်ပေးသောအခါ လူမမာမှာ မေးခိုင်သွား၍ လိုက်မဆိုနိုင်တော့ပေ။

ရဟန်းတော်က သင့်လောက်ပြီဟုဆိုကာ ကျောင်းသို့ ပြန်ကြွသွား၏။ မကြာမီပင် တံငါသည် ကွယ်လွန်၍ စတုမဟာရာဇ်နတ်ပြည်၌ နတ်စည်းစိမ်ချမ်းသာကို ခံစားရ၏။

ဤတံငါသည် နှစ်ပေါင်းငါးဆယ်ပြုလုပ်ခဲ့သော ပါဏာတိပါတ (အာစိဏ္ဏကံ) အကုသိုလ်ကို သေခါနီးမှ ပြုရသော (အာသန္နကံ) သရဏဂုံကုသိုလ်က တားမြစ်လိုက်ကာ ကောင်းကျိုးချမ်းသာကို ပေးခြင်းဖြစ်သည် (အ ၄ ၂၊ ၁၀၇)။ သို့သော် သရဏဂုံကုသိုလ်၏ အစွမ်းသတ္တိကုန်ဆုံးသောအခါ ထိုသူ၏ ပါဏာတိပါတကံ အကျိုးပေးခွင့် ရလာနိုင်ပေသည်။

## (၇) နှစ်သား ရဟန်းကလေး

ဝိပဿီမြတ်စွာဘုရား လက်ထက်တော်အခါက ဆင်းရဲသောသူငယ်တစ်ယောက်သည် မျက်မမြင်မိဘနှစ်ပါးကို ရှိသေစွာ လုပ်ကျွေးပြုစုလျက်နေ၏။ ဆင်းရဲလှသဖြင့် ဒါနစသော ကုသိုလ်များကို မပြုနိုင်ဘဲ အင်္ဂါသာဝကတစ်ပါးဖြစ်သော နိသဘမထေရ်ထံ၌ သရဏဂုံကိုသာ ခံယူဆောက်တည်လျက် အသက်ထက်ဆုံး နေထိုင်ခဲ့၏။ ထိုသူငယ် ကွယ်လွန်သောအခါ နတ်ပြည်၌ဖြစ်ရ၏။

နောက်နောင်ဘဝများတွင်လည်း လူ့ချမ်းသာ၊ နတ်ချမ်းသာကိုသာ လှည့်လည်ခံစားရပြီးနောက် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသော သာဝတ္ထိပြည်တွင် သူဌေးသားဖြစ်လာ၏။ ပါရမီစေတ်ခံပြည့်သူဖြစ်၍ အဖော်ကလေးများနှင့်အတူ ဇေတဝန်ကျောင်းတော်သို့ သွားရခြင်းကို အလွန်နှစ်သက်၏။

## ရဟန္တာဖြစ်ပြီ

တစ်နေ့တွင် ဇေတဝန်ကျောင်းတော်သို့သွားကြရာ ရဟန်းတော်တစ်ပါးက ကလေးများကို သရဏဂုံ ခံယူဆောက်တည်စေ၏။ သရဏဂုံ ဆောက်တည်ပြီးနောက် အဆိုပါကလေးငယ်သည် ရှေးဘဝက မိမိ တစ်သက်လုံး သရဏဂုံတည်ခဲ့သည်ကို ပြန်လည်သတိရ ဆင်ခြင်မိ၍ နှစ်သက်ဝမ်းမြောက်ခြင်း ပီတိတွေ အတိုင်းမသိ ဖြစ်ပေါ်လေ၏။ ထိုပီတိကို ဝိပဿနာရှုသောအခါ ခဏချင်းပင် ဝိပဿနာဉာဏ်တွေ ရင့်ကျက်၍ အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်အထိ ရရှိပြီးလျှင် ရဟန္တာအဖြစ်သို့ရောက်ကာ ကိလေသာဆင်းရဲ လုံးဝငြိမ်းစဲလေတော့၏။

*(အပ ၄ ၂၊ ၃၉)*

သာသနာတော်၌ အသက် ၂၀ ပြည့်မှ ရဟန်းပြုခွင့်ရှိသော်လည်း ဤရဟန္တာကလေးကိုမူ မြတ်စွာဘုရားသည် အသက် ၇ နှစ်မှာပင် ရဟန်းပြုပေးလေသည်။

သရဏဂုံတည်ခြင်း၏ အကျိုးတရားကား ကြီးမားလှ၏။

ချမ်းမြေ့ဆရာတော်
အခြေပျိုး ဗုဒ္ဓဘာသာ (၆၃–၇၁)

## အပါယ်ဒါန်ကျမ်းလာ သရဏဂုံ အကျိုး (၈) ပါး

**( ဆောင် )** *ဒေသပူဇာ၊ ပညာထက်ကြွား၊ နတ်များစောင့်လာ၊*
*ဥစ္စာပေါကြွယ်၊ နုနယ်လှပ၊ လူကချစ်ခင်၊ မိတ်လျှင်မြဲတုံ၊*
*ဂုဏ်သတင်းတက်၊ ဤရှစ်ချက်၊ ခယျက်သရဏဂုံ အကျိုးတည်း။*

**မှတ်ချက်** ။ ။ လောကီသရဏဂုံအကျိုးဟု မှတ်ပါ။

မာဃ သာစည်

## သရဏဂုံ အမှားများ

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှတစ်ပါး တခြားတရား၊ တခြားအရာကို မိမိတို့ဆင်းရဲကို ငြိမ်းပေးနိုင်သည်ဟု ထင်မှတ်ကာ အားကိုးရာအနေဖြင့် ယုံကြည်ဆည်းကပ်ကိုးကွယ်လျှင် မှားယွင်းသော ယုံကြည်အားကိုးမှု၊ မှားယွင်းသော ကိုးကွယ်မှုသာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုတရား ထိုအရာတို့၌ ဆင်းရဲငြိမ်းကြောင်း အကျင့်ကောင်းအကျင့်မှန် မရှိသောကြောင့်ပင်။

မြတ်စွာဘုရားလက်ထက်တော်အခါက အဂ္ဂိဒတ္တရသေ့ကြီးနှင့် တပည့်တစ်သောင်းတို့သည် သစ်ပင်၊ တော၊ တောင်၊ သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်၊ နတ်ကွန်းတွေကို ကိုးကွယ်နေကြ၏။

မြတ်စွာဘုရားက သူတို့ကိုးကွယ်နေကြသည်မှာ မှားယွင်းသော ကိုးကွယ်မှုတွေဖြစ်ကြောင်း၊ ဆင်းရဲကို မငြိမ်းစေနိုင်ကြောင်း၊ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်မှသာလျှင် မဂ္ဂင်ရှစ်တန်အကျင့်မှန်ကို ကျင့်ကြံအားထုတ်ခွင့်ရသဖြင့် သစ္စာလေးပါး အမှန်တရားကို သိ၍ ဆင်းရဲငြိမ်းစေနိုင်ကြောင်း ဟောကြားလျက် လမ်းမှန်ကို ပြပေးရ၏။ ထိုအခါမှပင် အဂ္ဂိဒတ္တနှင့် တပည့်အားလုံး အသိမှန်အမြင်မှန်ရကာ ရဟန္တာ ဖြစ်သွားကြ၏။

(ဓမ္မ ၄ ၂ ၁၉၉)

# အမှန်အမှား ဝေဖန်နည်း

မြတ်စွာဘုရား သက်တော် (၈၀) ပြည့်သည့်ည ပရိနိဗ္ဗာန်စံခါနီး၌ ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်ကြီးအတွင်း၀ယ် ကိုးကွယ်ရာ ဘာသာအယူ၀ါဒ အမှားအမှန် ဝေဖန်ရွေးချယ်နိုင်ရန် သုဘဒ္ဒပရိဗိုဇ်အား အောက်ပါသဘောတရားကို ဟောကြားတော်မူခဲ့၏။

၁။ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်ပါသော ဘာသာအယူ၀ါဒသည်သာလျှင် ကိလေသာကို ငြိမ်းစေ၏။ ကိလေသာငြိမ်းမှ ဆင်းရဲငြိမ်း၏။ ဆင်းရဲကိုငြိမ်းစေမှ မှန်ကန်သော ဘာသာအယူ၀ါဒ၊ မှန်ကန်သော ကိုးကွယ်ရာဖြစ်၏။

၂။ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်မပါသော ဘာသာအယူ၀ါဒသည် ကိလေသာကို မငြိမ်းစေနိုင်။ ထို့ကြောင့် ဆင်းရဲကို မငြိမ်းစေနိုင်သဖြင့် မှန်ကန်သော ဘာသာအယူ၀ါဒမဟုတ်၊ မှန်ကန်သော ကိုးကွယ်ရာမဟုတ်။

ထို့ကြောင့် မဂ္ဂင်ရှစ်ပါးကို အားထားကိုးကွယ်ရာ သရဏ=ဘာသာအယူ၀ါဒ မှန်မမှန် ခွဲခြားဝေဖန်ရန် ဘာသာရေးစံ၊ သာသနာရေးမှတ်ကျောက်အဖြစ် မှတ်ယူသင့်ပေသည်။

## အကျင့်လမ်းမှန် မဂ္ဂင်ရှစ်တန်

| | | | | |
|---|---|---|---|---|
| ၁။ | သမ္မာဒိဋ္ဌိ | = | မှန်စွာ သိမြင်မှု | ပညာမဂ္ဂင် နှစ်ပါး |
| ၂။ | သမ္မာသင်္ကပ္ပ | = | မှန်စွာ ကြံစည်မှု | |
| ၃။ | သမ္မာဝါစာ | = | မှန်စွာ ပြောဆိုမှု | သီလမဂ္ဂင် သုံးပါး |
| ၄။ | သမ္မာကမ္မန္တ | = | မှန်စွာ ပြုလုပ်မှု | |
| ၅။ | သမ္မာအာဇီ၀ | = | မှန်စွာ အသက်မွေးမှု | |
| ၆။ | သမ္မာဝါယာမ | = | မှန်စွာ ကြိုးစားအားထုတ်မှု | သမာဓိမဂ္ဂင် သုံးပါး |
| ၇။ | သမ္မာသတိ | = | မှန်စွာ သတိရမှု | |
| ၈။ | သမ္မာသမာဓိ | = | မှန်စွာ စူးစိုက်တည်ငြိမ်မှု | |

ဆောင်ပုဒ်

## ဘာသာဝါဒ ရွေးချယ်ကြ

*ဘာသာဝါဒ၊ ရွေးချယ်ကြ၊ မှန်မှ ကျိုးများသည်။*
*အယူဝါဒ၊ မှားယွင်းက၊ မုချ ကျိုးနည်းမည်။*
*အမှားအမှန်၊ ရွေးချယ်ရန်၊ စံမှန်ရှိရမည်။*
*မှတ်ကျောက်မှာတင်၊ စံမှာယှဉ်၊ ရွေးလျှင်မမှားပြီ။*

## မှတ်ကျောက်နှင့်စံ

မဂ္ဂင်ရှစ်တန်၊ စံကောင်းမှန်၊ တင်ရန်မှတ်ကျောက် ဖြစ်ပေသည်။
ရှစ်ဖြာမဂ္ဂင်၊ ဘောင်မဝင်၊ ကျင့်စဉ်များလှသည်။
ရှစ်ဖြာမဂ္ဂင်၊ ဘောင်၌ဝင်၊ ကျင့်စဉ်မှန်လှသည်။
ကျင့်စဉ်မှန်မှ၊ ယူဝါဒ၊ ဒုက္ခငြိမ်းစေသည်။
ဒုက္ခငြိမ်းမှ၊ ထိုဝါဒ၊ မုချ စစ်မှန်သည်။

## ဆင်းရဲငြိမ်းသူနှင့် မငြိမ်းသူ

မဂ္ဂင်ရှစ်ထွေ၊ ကျင့်သူတွေ၊ ကိလေငြိမ်းကြသည်။
ကိလေငြိမ်းမှ၊ ဝဋ်ဒုက္ခ၊ မုချငြိမ်းပေသည်။
မဂ္ဂင်ရှစ်ထွေ၊ မကျင့်ပေ၊ ကိလေမငြိမ်းပြီ။
ကိလေမငြိမ်း၊ ဆင်းရဲကိန်း၊ အေးငြိမ်းချမ်းသာ မရှိပြီ။
ချမ်းသာမဆောင်၊ တရားယောင်၊ ဝေးအောင်ရှောင်ရမည်။

## စစ်မှန်သော ဘာသာဝါဒ

ဗုဒ္ဓသာသနာ၊ မဂ်ရှစ်ဖြာ၊ သေချာရှိပေသည်။
ရှစ်မဂ္ဂင်ပွား၊ ကိလေများ၊ ငြိမ်းသွားချမ်းသာသည်။
ထို့ကြောင့်ဗုဒ္ဓ၊ ယူဝါဒ၊ မုချစစ်မှန်သည်။
ကြုံကြိုက်ခဲစွာ၊ သာသနာ၊ ကြုံလာရပေပြီ။
ကြုံလာသော်လည်း၊ သင်ယူလွဲ၊ သင်ပဲဆင်းရဲမည်။
မလွဲစေချင်၊ ရှစ်မဂ္ဂင်၊ တွင်တွင်ပွားရမည်။
မဂ္ဂင်ပွားလျှင်၊ ကိလေစင်၊ ပြေးဝင်နိဗ္ဗာန်ပြည်။

## မဂ္ဂင်ရှစ်ပါး

သိမှန်ကြံမှန်၊ ပြောပြုမှန်နှင့်၊ ကောင်းမှန်သက်မွေး၊
ဖြူစင်ဖွေး၍၊ မှန်ရေးကြိုးစား၊ မှန်ငြားသတိ၊ သမာဓိဟု၊
ဤသည့်ရှစ်ဖြာ၊ ကျင့်စဉ်ပါမှ၊ ဘာသာဝါဒ၊ ဝဋ်ဒုက္ခ၊
မုချငြိမ်းစေသည်။

ချမ်းမြေ့ဆရာတော်
အခြေပျိုးဗုဒ္ဓဘာသာ (၇၃ - ၇၅)

# သရဏဂုံ ဆောက်တည်ရကျိုးများ

၁။ သရဏဂုံ ကောင်းစွာတည်သူ အပါယ်လေးပါးသို့ မကျနိုင်။

၂။ သုဂတိဘုံဘဝသို့ရောက်၍ သူတကာထက်ပို၍ အသက်ရှည်ခြင်း၊ အဆင်းလှပခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်း။

၃။ အခြွေအရံပေါများခြင်း၊ ဘုန်းတန်ခိုး အာဏာ ကြီးမားခြင်း။

၄။ အကောင်းဆုံးဖြစ်သော အာရုံငါးပါးတို့ဖြင့် ပြည့်စုံခြင်း။

၅။ အများအပူဇော်ခံရခြင်း။

၆။ ဉာဏ်ပညာထက်မြက်ခြင်း။

၇။ မိမိပတ်ဝန်းကျင်က မိမိအလိုသို့ လိုက်ပါခြင်း။

၈။ သူတကာတို့ မနှိုင်းသာအောင် စည်းစိမ်ဥစ္စာခံစားရခြင်း။

၉။ ရွှေအဆင်းကဲ့သို့ အသားအရေ ဝါဝင်းလှပခြင်း။

၁၀။ အများတကာ၏ ချစ်မြတ်နိုးမှုကို ခံရခြင်း။

၁၁။ ခိုင်မြဲသော မိတ်ကောင်းဆွေကောင်း ရရှိခြင်း။

၁၂။ နေရာတကာမှာ ကျော်စောထင်ရှား ပေါ်လွင်ခြင်း။

# ဥပါသကာ ၊ ဥပါသိကာအကြောင်း

ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်သော "သရဏဂုံတည်သော" အမျိုးသားများကို ဥပါသကာဟု ခေါ်၍၊ အမျိုးသမီးများကို ဥပါသိကာဟု ခေါ်သည်။

သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ဥပါသကာ ဥပါသိကာတို့၏ အခန်းကဏ္ဍတာဝန်လည်း အရေးပါလှ၏။ သံဃာတော်အရှင်မြတ်တို့ ရှေ့ကဦးဆောင်၍ ဥပါသကာ ဥပါသိကာတို့က နောက်ကနေ၍ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပံ့ပိုးလျက် စိတ်တူသဘောတူ ကူညီကြသူများဖြစ်ကြသည်။ သာသနာတော်နှင့် သံဃာတော်များအတွက် အမြဲတမ်း အဆင်သင့် ပေးလှူရဲသူများ ဖြစ်ကြရသည်။ ဥပါသကာ၊ ဥပါသိကာတို့သည် သာသနာ့အရေးကိစ္စကြုံလာလျှင် ကြောင့်ကြမဲ့ မနေကြဘဲ သံဃာတော်များနှင့်အတူ လက်တွဲ၍ ဆောင်ရွက်ကြရသည်။

## ဥပါသကာ ဥပါသိကာတို့၏ ကိုယ်ကျင့်သီလ

ဥပါသကာ ဥပါသိကာမှန်လျှင် (၁) သူ့အသက်ကိုသတ်ခြင်း၊ (၂) သူ့ဥစ္စာကို ခိုးယူခြင်း၊ (၃) သူ့အိမ်ရာကို စော်ကားလွန်ကျူးခြင်း၊ (၄) လိမ်ညာပြောဆိုခြင်း၊ (၅) အရက်သေစာ သောက်စားခြင်းတို့မှ ရှောင်ကြဉ်နေထိုင်ခြင်းဟူသော ငါးပါးသီလနှင့် အမြဲထာဝရ ပြည့်စုံရသည်။

## ဥပါသကာ ၊ ဥပါသိကာတို့ ရှောင်ကြဉ်ရမည့် အသက်မွေးဝမ်းကျောင်း (၅) မျိုး

၁။ လက်နက်ရောင်းဝယ်မှု

၂။ လူကုန်ရောင်းဝယ်မှု

၃။ အသားကုန်ရောင်းဝယ်မှု

၄။ သေရည်အရက်၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု

၅။ အဆိပ်ကုန် ရောင်းဝယ်မှု

ဤရောင်းဝယ်စားသောက်မှု (၅) မျိုးကား မိမိ၊ သူတစ်ပါး နှစ်ဦးစလုံး ထိခိုက်ပျက်စီးစေနိုင်၍ မတရားသော၊ အပြစ်မကင်းသော ရောင်းဝယ်စားသောက်မှုများဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

## ဥပါသကာယုတ် ၊ ဥပါသကာမြတ် အင်္ဂါ (၅) ပါး

၁။ သဒ္ဓါတရားမရှိခြင်း

၂။ အကျင့်သီလပျက်စီးခြင်း

၃။ ကောင်းတာကိုမြင်ရ၊ ကြားရ၊ နံ၊ စား၊ တွေ့ထိရလျှင် ကြီးပွားကြောင်းမင်္ဂလာဟု ယုံကြည်သက်ဝင်တတ်ခြင်း

၄။ လောကီမင်္ဂလာကိုသာ ယုံကြည်လက်ခံ၍၊ ကံကို မယုံကြည်ခြင်း

**၅။ ဗုဒ္ဓသာသနာတော်မှတစ်ပါး အခြားအလှူခံပုဂ္ဂိုလ်ကို ဦးစားပေးလှူပြီးမှ သာသနာတော်ကိုမူ နောက်မှပြုခြင်း**

ဤအင်္ဂါ (၅)ပါးနှင့် ပြည့်စုံသူသည် ဥပါသကာယုတ်ဖြစ်၍ မပြည့်စုံသူသည် ဥပါသကာမြတ် ဖြစ်ပေသည်။

# ဥပါသကာ ဆုတ်ယုတ်ကြောင်း (၇) မျိုး

၁။ ရဟန်းသံဃာများအား တွေ့ဆုံဖူးမြော်မှု ယုတ်လျော့ခြင်း

၂။ တရားနာယူမှု၌ မေ့လျော့ခြင်း

၃။ ကိုယ်ကျင့်သီလ လုံခြုံအောင် မစောင့်ထိန်းခြင်း

၄။ သံဃာတော်များအပေါ်၌ ကြည်ညိုမှုအားနည်းခြင်း

၅။ အပြစ်ရှာလိုသောစိတ်ဖြင့် တရားနာခြင်း

၆။ သာသနာ့အပြင်ဘက်၌ အလှူခံပုဂ္ဂိုလ်ကို မျှော်ကိုးခြင်း

၇။ ကုသိုလ်ပြုရာ၌လည်း သာသနာ့အပြင်ဘက်၌ ဦးစားပေးပြီးမှ သာသနာတော်အတွက် နောက်ကျမှ ကုသိုလ်ပြုခြင်း။

**မှတ်ချက်** ။ ။*ဥပါသကာ ပြည့်စုံကြောင်း အရည်အချင်း (၇) မျိုးကို အပြန်နည်းအားဖြင့် မှတ်ယူရ၏။*

# ဥပါသကာဂုဏ်ရည် (၁၀) မျိုး

၁။ သံဃာတော်များနှင့် ချမ်းသာမကွဲ ဆင်းရဲအတူရှိခြင်း

၂။ မြတ်ဘုရား၏တရားကိုသာ အလေးဂရုထားခြင်း

၃။ မိမိစီးပွားရေးအလျောက် ခွဲဝေလှူဒါန်းရခြင်း

၄။ မြတ်စွာဘုရား သာသနာဆုတ်ယုတ်ပျက်စီးမည်ကိုကြားလျှင် မြင်လျှင် တည်တံ့ပြန့်ပွားအောင် ကြိုးစားခြင်း

၅။ ဖြောင့်မှန်သော အယူရှိခြင်း

၆။ ကောတုဟလကို မင်္ဂလာဟု မယုံကြည်ခြင်း

၇။ အသက်ဟူသောအကြောင်းကြောင့် သာသနာ့ပြင်ပ ပုဂ္ဂိုလ်ကို ကိုးကွယ်မှုမပြုခြင်း

၈။ **ကာယကံ ဝစီကံတို့ကို အပြစ်ကင်းအောင်စောင့်ထိန်းခြင်း**

၉။ အချင်းချင်း ညီညွတ်စွာနေထိုင်၍ ဝန်တိုမှု၊ ငြူစူမှုမရှိခြင်း၊ ကောက်ကျစ်စဉ်းလဲမှု၊ ဝါကြွားမှု မရှိရခြင်း

၁၀။ ဘုရား၊ တရား၊ သံဃာတော်ကိုသာ ကိုးကွယ်ဆည်းကပ်ခြင်း

ပြခဲ့သော ကိုယ်ကျင့်သီလ၊ အသက်မွေးမှု ဂုဏ်အရည်အချင်းကောင်းများနှင့်ပြည့်စုံ၍ အနာဂတ် သာသနာတော်အတွက် ဘုရားရှင်လိုလားအပ်သော ဥပါသကာကောင်း၊ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက် ဖြစ်မြောက်အောင် ကြိုးစားကြရာ၏။

ဗုဒ္ဓဘာသာတရားတော်
**အထက်တန်းအဆင့်အနှစ်ချုပ်**
နှာ (၆၅ – ၆၉)

# ကပ္ပိယဒကာ လျှောက်ပုံ

၁ဝိ/– တန်အပ်သော ဆွမ်း၊ သင်္ကန်း စသော ပစ္စည်းများကို အလိုရှိသောအခါ တောင်းတော်မူပါ ဘုရား။ လုံခြုံရာအရပ်ကို ညွှန်ပြတော်မူပါဘုရား။

# ကပ္ပိယဒကာ လွှဲသောခါ လျှောက်ပုံ

ကပ္ပိယဒကာ သနားတော်မူပါဘုရား။ အရှင်ဘုရား၏ ကပ္ပိယဒကာ (မောင်ဖြူ) ထံ ၁ဝိ/– တန်အပ်သော ပစ္စည်းများကို အလိုရှိသောအခါ တောင်းတော်မူပါဘုရား။

# ပစ္စည်းလေးပါးဒကာ ဖိတ်ပုံ

ဘုရားတပည့်တော် (မောင်ဖြူ) ပါဘုရား။ အလိုရှိသောပစ္စည်းများကို တောင်းတော်မူပါဘုရား။ လောကီ လောကုတ္တရာ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူပါဘုရား။ တပည့်ဒကာ အမှတ်ပြုတော်မူပါ ဘုရား။

# ထိန်းသိမ်းစရာ (၅)မျိုး

၂။ ငါတို့မှာ ထိန်းသိမ်းစရာ
ငါးဖြာရှိလေတာ၊
ငါးပါးသီလ စောင့်ထိန်းကြ
ဒါမှ လူဖြစ်မှာ *(နှစ်ခါဆို)*။
မသတ်ပါ မခိုးပါ၊
ကာမ မဖောက်ပါ၊
လိမ်ခြင်း၊ ညာခြင်း၊ သေသောက်ခြင်း
အလျဉ်းပယ်ရှောင်ခွာ၊
ငါတို့မှာ စောင့်ရှောက်စရာ
ငါးဖြာရှိလေတာ၊
ငါးပါးသီလလုံခြုံက
ဒါမှ လူအစစ်ပါ။ *(နှစ်ခါဆို)*

၂။ **ကလေးတို့** ထိန်းသိမ်းရမှာ စောင့်ရှောက်ရမှာက (၅) ပါး သီလပဲ။ (၅) ပါးသီလကို လုံခြုံ **အောင်ထိန်းကြ**၊ လုံခြုံအောင် စောင့်ရှောက်ကြ၊ ဒီသိက္ခာပုဒ်ငါးပါးကို "ငါးပါးသီလ"လို့ခေါ်တယ်။ **လူတို့** အမြဲစောင့်ထိန်းရလို့မို့ "နိစ္စသီလ"လို့လည်း ခေါ်တယ်။ တစ်သက်လုံး မကျိုးမပေါက်ရ အောင် သူတော်ကောင်းတို့ အလေးပြုရမယ့် အကျင့်ဖြစ်လို့လည်းပဲ "ဂရုဓမ္မသီလ"လို့ ခေါ်သေး တယ်။

သရဏဂုံတည်သူကို လူ့တစ်ဝက်၊ (၅) ပါးသီလလုံသူကို "လူအစစ်"လို့ ရှေးသူမြတ်တို့ ဆိုရိုးပြုခဲ့ကြတယ်။

# သိက္ခာပုဒ် (၅) ပါး၏ အကျိုးအပြစ်များ

**အနက်** ။ ။ (၁) **ပါဏာတိပါတာ** – သူတစ်ပါးအသက်ကို သတ်ခြင်းမှ၊ **ဝေရမဏိသိက္ခာပဒံ** – ရှောင် ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ **သမာဒိယာမိ** – စိတ်၌မြဲစွာ ဆောက်တည် ပါ၏။

## သတ်ဖြတ်ခြင်းအပြစ်

၃။ *သတ်တဲ့သူ ဖြတ်တဲ့သူ*
*အနာရောဂါ ပေါလို့ထူ၊*
*ကိုယ်အင်္ဂါမှု ချို့တဲ့ခြင်း*
*မွဲပြာ ရုပ်အဆင်း၊*
*အားအင်ယိုယွင်း နုံးချည့်နေ*
*လျှင်မြန်ပေါ့ခြင်း ဝေးလှပေ၊*
*ဘေးရန်တွေ့လေ လွန်ကြောက်တတ်*
*အသတ် ခံရတတ်၊*
*ခြွေရံမကပ် ပျက်တတ်တာ*
*အသက်တိုတတ်ပါ၊*
*သတ်တာ ဖြတ်တာ ရှောင်ပါသေး*
*ကောင်းကျိုးပြန်လို့ ပေးသလေး။ (၂)*

၃။ ကလေးတို့ သူများအသက်ကို သတ်ဖြတ်တတ်တဲ့ သူဟာ
၁။ အနာရောဂါ ထူပေါတတ်တယ်။
၂။ မျက်စိ၊ နား စတဲ့ အင်္ဂါများ ချို့တဲ့တတ်တယ်။
၃။ ဖြစ်ရာဘဝမှာ ရုပ်အဆင်း၊ မွဲပြာ မစိုမပြေဖြစ်တတ်တယ်။
၄။ အားအင်ယိုယွင်း နုံးချည့်ပြီး အားနည်းတတ်တယ်။
၅။ လျှင်မြန်ဖျတ်လတ်မှုလည်း မရှိတတ်ဘူး။
၆။ ဘေးရန်တွေ့ရင်လည်း အလွန်ကြောက်တတ်တယ်။
၇။ အသတ်ခံရတတ်တယ်။ (ကိုယ်တိုင် အဆိပ် စသည်သောက်မိလို့ သေရတတ်တယ်။)
၈။ အခြွေအရံလည်း ပျက်စီးတတ်တယ်။
၉။ အသက်လည်း တိုတတ်တယ်။

## သတ်ဖြတ်မှုမှ ရှောင်ကြဉ်ရင်

၁။ အနာရောဂါကင်းတယ်။
၂။ ကိုယ်၊ လက်အင်္ဂါတွေ ပြည့်စုံတယ်။
၃။ ရုပ်အဆင်း စိုပြေလှတယ်။

**ဒီလို အစရှိတဲ့ အပြန်ကောင်းကျိုးများကို ရနိုင်တယ်။ လူတစ်ယောက်ကိုမြင်ရင် ဒီအကျိုးအပြစ် ရပုံကိုကြည့်ပြီး ရှေးက သူသတ်ဖြတ်ခဲ့မှု ရှိမရှိကို သိနိုင်တယ်။ ဒီအကျိုးအပြစ်တွေကို ဆင်ခြင်ပြီး ကြိုးစား ရှောင်ကြဉ်ကြ။**

**အနက်။** ။ (၂) အဒိန္နာဒါနာ – မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ၊ **ဝေရမဏိသိက္ခာပဒံ** – ရှောင်ကြဉ် ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ **သမာဒိယာမိ** – စိတ်၌မြဲစွာ ဆောက်တည်ပါ ၏။

## ခိုးဝှက်ခြင်းအပြစ်

*၄။ ခိုးဝှက်သူ လုယက်သူ*
*ဥစ္စာမွဲလို့ ဆင်းရဲထူ၊*
*လိုရှိတာမှ ဘာမရ*
*ဝေတတ်ပါလှ ပြတ်တတ်လှ၊*
*မီးလောင်ရေဖျက် ခိုးဝှက်တာ*
*ခံရတတ်သေးတာ၊*
*သားသမီးမှာ လွန်ဆိုးဝါး*
*မင်းဆိုးနဲ့ပဲ ကြုံတတ်သား၊*
*ရန်သူမျိုးငါးပါး ဖျက်လို့ရယ်*
*ဥစ္စာ ဘောဂ ပျက်တတ်တယ်၊*
*ခိုးဝှက်တာကွယ် ရှောင်ပါသေး*
*ကောင်းကျိုးပြန်လို့ ပေးသလေး။ (၂)*

**၄။** သူများဥစ္စာကို ခိုးဝှက်လုယက်တတ်တဲ့ သူဟာ
(၁) ဥစ္စာမွဲတတ်တယ်၊ (၂) ဆင်းရဲတတ်တယ်၊ (၃) လိုချင်တာကို မရတတ်ဘူး၊ (၄) ဝေဝေ ပြတ်ပြတ် ဖြစ်ရတတ်တယ်၊ (၅) ရန်သူမျိုး ငါးပါးရဲ့ ဖျက်ဆီးခံရလို့ ဥစ္စာပျက်စီးတတ်တယ်၊ (၆) ကူးသန်းရောင်းဝယ်မတတ်လို့ စည်းစိမ်ပျက်တတ်တယ်။

ဥစ္စာရှင်က ဂုဏ်ရှိသလောက် အပြစ်ပိုကြီးတယ်။ ဥစ္စာရဲ့ တန်ဖိုးအလိုက်လည်း အပြစ်အကြီးအငယ် **ကွဲပြားတယ်။**

**ရှောင်ကြဉ်လို့ရှိရင် ဒီအပြစ်မျိုးက လွတ်ကင်းပြီး "ဥစ္စာပေါခြင်း" စတဲ့ အပြန်ကောင်းကျိုးများကို** ရနိုင်တယ်။ အကျိုးအပြစ်ကို သတိထားပြီး ကြိုးစားစောင့်ထိန်းကြ။

**အနက်** ။ ။ (၃) **ကာမေသုမိစ္ဆာစာရာ** – ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောအကျင့်မှ၊ **ဝေရမဏိသိက္ခာပဒံ** – ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို၊ **သမာဒိယာမိ** – စိတ်၌မြဲစွာ ဆောက်တည်ပါ၏။

## မှောက်မှားဖောက်ပြားခြင်းအပြစ်

*၅။ မှောက်မှားသူ ဖောက်ပြားသူ*
*မုန်းကြသူများ ရန်ပွားထူ၊*
*လာဘ်တိတ်တတ်မူ လွန်ရှားပါး*
*ချမ်းသာကင်းဆိတ်သား၊*
*မိန်းမပဏ္ဍုက် ဖြစ်တတ်တာ၊*
*အမျိုးယုတ်ညံ့ အခါခါ၊*
*ဣန္ဒြေလက္ခဏာ ချို့သိမ်ယွင်း*
*စိုးရိမ်များရခြင်း၊*
*ချစ်သူကွေ့ကွင်း ရှက်ရကာ*
*မျက်နှာမလှပါ*
*ဖောက်ပြားမိစ္ဆာ ရှောင်ပါသေး*
*ကောင်းကျိုးပြန်လို့ ပေးသလေး။ (၂)*

၅။ သူ့လင် သူ့မယားကို မှောက်မှားဖောက်ပြားတဲ့သူဟာ

၁။ မလိုမုန်းထားတဲ့သူတွေ ပေါ်များတတ်တယ်။

၂။ မုန်းရုံမက ရန်သူလည်းများတယ်။

၃။ လာဘ်ပစ္စည်းများ ရှားပါးတိတ်ဆိတ်တတ်တယ်။

၄။ ချမ်းသာမှုလည်း ကင်းဆိတ်တတ်တယ်။

၅။ မိန်းမဖြစ်ရတတ်တယ်။

၆။ မိန်းမမဟုတ် ယောကျ်ားမဟုတ် ပဏ္ဍုတ်ဖြစ်ရတတ်တယ်။

၇။ ယောကျ်ားဖြစ်ရင်လည်း အမျိုးယုတ်မှာ ဖြစ်ရတတ်တယ်။

၈။ အင်္ဂါလက္ခဏာ ဣန္ဒြေများ ချို့ယွင်းသေးသိမ်တတ်တယ်။

၉။ စိုးရိမ်ကြောင့်ကြ အားကြီးရတတ်တယ်။

၁၀။ ချစ်သူနှင့် ကွေ့ကွင်းကွဲကွာရတတ်တယ်။

၁၁။ မျက်နှာပျက်ပြီး အရှက်ကွဲရတတ်တယ်။

**မိန်းမနှင့်ယောက်ျား ပျော်ပါးခြင်းကို "ကာမဂုဏ်"လို့ခေါ်တယ်။ ကိုယ့်လင်ကိုယ့်မယားနဲ့ ပျော်ပါး ဆက်ဆံမှုကိုတော့** လောကအလိုက် ပညာရှိတို့ မကဲ့ရဲ့ထိုက်ပါ။ သူများပိုင် သားမယားများကို မှောက်မှား ဖောက်ပြားမှသာ "ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောအကျင့်"လို့ ဆိုရတယ်။

ဒီ ကာမေသုမိစ္ဆာစာရကံဟာ လွန်စွာ ဆိုးဝါးလို့မို့ တစ်သံသရာလုံးက ပါလာတဲ့ ဝါသနာဆိုးကြီးကို တရားနဲ့ မထိန်းနိုင်ရင် တကယ်တမ်း ကြည်ဖြူပြီး ချစ်သွေးတူ အိမ်ရှင် အိမ်သူချင်းသာ ပေါင်းသင်းဖို့ရာ သတိပြုသင့်လှတယ်။

တစ်ဦးကိုတစ်ဦး လွန်ကျူးဖောက်ပြန် မှောက်မှားမှုကို ရှောင်ကြဉ်ရင် "ချစ်သူခင်သူ ပေါများခြင်း" စတဲ့ အပြန်ကောင်းကျိုးများ ရနိုင်တယ်။

**အနက် ။** ။ (၄) မုသာဝါဒါ – မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ၊ **ဝေရမဏီသိက္ခာပဒံ** – ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို၊ **သမာဒိယာမိ** – စိတ်၌ မြဲစွာ ဆောက်တည်ပါ၏။

## လိမ်ညာခြင်းအပြစ်

၆။ *လိမ်တဲ့သူ ညာတဲ့သူ*
*နှုတ်လျှာကြမ်းလို့ နှုတ်ခမ်းထူ၊*
*စကားကမူ မပီသ*
*သွားမညီညာ မလှပ၊*
*ပုပ်ညှီပါးစပ် ခြောက်ကပ်အရေ*
*ဣန္ဒြေနောက် ယွင်းဖောက်ပေ၊*
*သြဇာဆိုလေ ဘယ်မရှိ*
*လျှပ်ပေါ်ပါလို့ လော်လီ၏၊*
*စိတ်မတည်ကြည် သမာဓိမပါ*
*ဖြစ်ရာဘဝ အလိမ်ခံရာ၊*
*လိမ်တာညာတာ ရှောင်ပါသေး*
*ကောင်းကျိုးပြန်လို့ ပေးသလေး။ (၂)*

၆။ လိမ်ညာပြောသူ မမှန်မုသားပြောသူဟာ

၁။ **နှုတ်လျှာထော်လော် ကြမ်းတမ်းပြီး နှုတ်ခမ်းထူတတ်တယ်။**

၂။ ယခုဘဝမှာ စကားပီပီသသ မပြောတတ်ဘူး။

၃။ **သွားများ မညီမညွတ်ဖြစ်တတ်တယ်။**

၄။ ခံတွင်းပါးစပ်များ ပုပ်ညှီတတ်တယ်။

၅။ ကိုယ်အရေအသား ပူရှိန်ခြောက်ကပ် စိုစိုဖတ်ဖတ်မရှိတတ်ဘူး။

၆။ မျက်စိ နား စတဲ့ ဣန္ဒြေများ ပြာနောက်နောက်ဖြစ်တတ်တယ်။

၇။ ပုံမှန်မလှဘဲ ဆိုးဝါးချွတ်ယွင်း ဖောက်ပြန်တတ်တယ်။

၈။ သူတစ်ပါးအပေါ်မှာ ဩဇာအာဏာမရှိ ဖြစ်တတ်တယ်။

၉။ စိတ်မတည်ဘဲ လျှပ်ပေါ်လော်လီတတ်တယ်။

၁၀။ ဖြစ်ရာဘဝမှာ အလိမ်အညာခံရတတ်တယ်။

လိမ်ညာမုသားကို ရှောင်ရှားနိုင်ရင် နှုတ်လျှာမကြမ်း နှုတ်ခမ်းပါးတဲ့ အပြန်ကောင်းကျိုးများကို ရနိုင်တယ်။

မုသားပြောသူဟာ ဘယ်ကိစ္စမှာမှ မယုံကြည်ရလို့ အကြီးအကဲမဖြစ်နိုင်ဘူး။ လိမ်မပြောဘဲ အမှန်ပြောတာကို "သစ္စာ"လို့ခေါ်တယ်။ မှန်ကန်တဲ့ သစ္စာစကားဆိုတာ ကိုယ်အလိုရှိတဲ့အကျိုးတွေ ပြီးစီးတယ်။ လူထင်ရှား၊ လူကျော်စော၊ လူကျော်၊ လူမော်" ဖြစ်ချင်ရင် မှန်သောစကားကို ပြောကြပါ။

**အနက်** ။ ။ (၅) **သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ** – မေ့လျော့ပေါ့ဆခြင်း၏ အကြောင်းစင်စစ် မူးယစ်စေတတ်သော သေရည်အရက်ကို သောက်စားခြင်းမှ၊ **ဝေရမဏီသိက္ခာပဒံ** – ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သိက္ခာပုဒ်ကို၊ **သမာဒိယာမိ** – စိတ်၌မြဲစွာ ဆောက်တည်ပါ၏။

## သေသောက်ခြင်းအပြစ်

*၇။ သေသောက်သူ ဘိန်းကောက်ရှူ*
*မူးမေ့ရူးလို့ အပျင်းထူ၊*
*သင့်မသင့်မှု မချင့်တတ်*
*အရေးအခွင့်လည်း မသိတတ်၊*
*ကျေးဇူးမမှတ် မဆပ်တတ်ပါ*
*ရှက်ခြင်းကြောက်ခြင်း ကင်းတော့တာ၊*
*မကောင်းယုတ်မာ မှန်သမျှ*
*အကုသိုလ်တိုင်း ပြုလွယ်စွ၊*
*ထိုင်းမှိုင်းဖျင်းအ ရူးပေါ်ရယ်*

*ဘဝတိုင်းလို ဖြစ်တတ်တယ်၊*
*သေသောက်မှုကွယ် ရှောင်ပါသေး*
*ကောင်းကျိုးပြန်လို့ ပေးသလေး။ (၂)*

၇။ သေရည်သောက်သူ၊ ဘိန်းကောက်ရှူသူ၊ ကဇော်လှော်စား၊ သောက်စားတတ်သူဟာ
၁။ မူးရူးမေ့လျော့တတ်တယ်။
၂။ အပျင်းထူတတ်တယ်။
၃။ အရေးအခွင့် သင့်မသင့်ကို နှိုင်းယှဉ်ပြီး မသိတတ်ဘူး။
၄။ သူတစ်ပါးပြုဖူးတဲ့ ကျေးဇူးကိုလည်း မသိမမှတ် မဆပ်တတ်ဘူး။
၅။ ဟိရိဩတ္တပ္ပဆိုတဲ့ အရှက်အကြောက်ကိုလည်း ကင်းတတ်တယ်။
၆။ မကောင်းမှု အကုသိုလ်တိုင်းကိုလည်း ပြုလွယ်မိတတ်တယ်။
၇။ ဘဝတိုင်းလို ထိုင်းမှိုင်းဖျင်းအ အရူးအပေါ်ဖြစ်ရတတ်တယ်။

သောက်စားခြင်း၊ ရှူခြင်းများမှ ရှောင်ကြဉ်နိုင်ရင် "သတိကောင်းခြင်း" စတဲ့ အပြန်ကောင်းကျိုးများကို ရနိုင်တယ်။

ဒီငါးပါးသီလကို လွန်ကျူးမိတဲ့ပုဂ္ဂိုလ်မှာ မူလပင်ရင်း အပြစ်ကြောင့် အပါယ်ငရဲသို့ ကျရောက်တတ်တယ်။ ယခုပြောပြခဲ့တဲ့ အပြစ်တွေက ဝဋ်ခံရတဲ့အနေနဲ့ ဘဝတိုင်းမှာ ဖြစ်ရတယ်။

အဲဒီငါးပါးသီလကို လုံခြုံအောင်ထိန်းလိုက်ရင် ကိုယ်၊ ကိုယ့်အိမ်၊ ကိုယ့်ဆွေ၊ ကိုယ့်မျိုး၊ ကိုယ့်ရပ်၊ ကိုယ့်တိုင်း၊ ကိုယ့်ပြည်မက ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာစေနိုင်တယ်။

ရွှေသုဝဏ်
ဗုဒ္ဓဘာသာကလေးကဗျာ (၂၈ – ၃၇)

# ကိုးပါးသီလ တောင်းခံပုံ ပါဠိ

**အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။**

(အရှင်ဘုရား တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါကိုးပါးရှိသော ဥပုသ်သီလကို တောင်းပါ၏။ တပည့်တော်အား သနားသောအားဖြင့် ကိုးပါးသီလခံယူနည်း ပေးတော်မူပါဘုရား။

ဒုတိယမ္ပိ, တတိယမ္ပိ စသည်ကို ဆက်၍ ဥစ္စာသယန မဟာသယနတိုင်အောင် ရှစ်ပါးသီလ အတိုင်း ဆိုပါ။)

ထို့နောက် "ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗာဝန္တံ လောကံ ဖရိတွာ ဝိဟရာမိ"ဟု ဆောက်တည်ရာ၏။

(စွမ်းနိုင်သမျှ မေတ္တာစိတ်ဖြင့် သတ္တဝါတို့အပေါ်၌ ဖြန့်၍နေပါမည်။)

*(ရတနာ့ဂုဏ်ရည်)*

# ဆယ်ပါးသီလ ခံယူဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ ဒသင်္ဂသမန္နာဂတံ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေဘန္တေ။ ဒုတိယမ္ပိ စသည် ဆက်၍ဆိုပါ။

(အရှင်ဘုရား တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ လူတို့၏ ဆယ်ပါးသီလကို တောင်းပါ၏၊ တပည့်တော်အား သနားသောအားဖြင့် ဆယ်ပါးသီလ ခံယူနည်း ပေးတော်မူပါဘုရား။)

ဝိကာလဘောဇနတိုင်အောင် ရှေ့သိက္ခာပုဒ် (၆) ပါးကို (၈) ပါးသီလအတိုင်း ဆိုပါ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

(ရွှေငွေကို ကိုင်ခြင်း၊ ခံယူခြင်း၊ စီမံခြင်းမှ ရှောင်ကြဉ်ပါ၏။)

*(ရတနာ့ဂုဏ်ရည်)*

# သီလရှိမှု ကျိုးငါးဆူ

၁။ သီလပြည့်စုံသူသည် မမေ့မလျော့ မပေါ့မဆ နေလေ့ရှိခြင်းကြောင့် အသုံးအဖြုန်းမများရကား များစွာသော စည်းစိမ်ကို စုဆောင်းမိ၏။

၂။ လူတော်လူကောင်းတစ်ယောက်ဟု နာမည်ကျော်ကြား ထင်ရှား၏။

၃။ မည်သည့်ပရိသတ် မည်သည့်အစည်းအဝေးမဆို မျက်နှာမပျက်ရဘဲ ရဲရဲဝံ့ဝံ့ သွားနိုင် ဝင်နိုင်၏။

၄။ သေခါနီးရောက်သော်လည်း သတိမပျောက်ဘဲ မတွေမဝေ ကြည်ကြည်လင်လင် သေရ၏။

၅။ သေပြီးနောက်လည်း ကောင်းသောဘဝသို့ ရောက်ရ၏။

## ဆောင်ပုဒ်

*သီလရှိသူ မေ့လျော့ကင်းလို့ စည်းစိမ်ပြည့်တင်း ဥစ္စာကြွယ်၊*
*ဆွေဂုဏ်မျိုးဂုဏ် လွှန်တိုးပွားအောင် ကောင်းသတင်းများ ထွက်တတ်တယ်။*
*လူထဲရောက်လာ မကြောက်ရဘဲ မျက်နှာရွှင်ပျ တန်ခိုးကြွယ်၊*
*မတွေမဝေ သေဆုံးရလို့ လူနတ်ဘဝရောက်ရတယ် ရောက်မယ် ရောက်မယ်။*

## သီလပျက်က ပြစ်ငါးဝ

၁။ သီလပျက်သူသည် မေ့မေ့လျော့လျော့များခြင်းကြောင့် ဥစ္စာစီးပွား ဆုံးရှုံးတတ်၏။
၂။ ဆွေဂုဏ်မျိုးဂုဏ်ပျက်အောင် မကောင်းသတင်း ထွက်လာတတ်၏။
၃။ မည်သည့်ပရိသတ် မည်သည့်အစည်းအဝေးမဆို မျက်နှာညှိုးလျက် သွားရတတ်၏။
၄။ တွေတွေဝေဝေ သေဆုံးရတတ်၏။
၅။ သေပြီးနောက် အပါယ် (၄) ပါးသို့ ရောက်ရ၏။

## ဆောင်ပုဒ်

*သီလပျက်သူ မေ့လျော့များလို့ ဥစ္စာစီးပွား ဆုံးရှုံးတယ်။*
*ဆွေဂုဏ်မျိုးဂုဏ် ပျက်ယိုယွင်းအောင် မကောင်းသတင်း ထွက်တတ်တယ်။*
*လူထဲရောက်လာ ကြောက်ရွံ့စိုးလို့ မျက်နှာညှိုးငယ်လာတတ်တယ်။*
*တွေတွေဝေဝေ သေဆုံးသွားတော့ အပါယ်လေးပါး ရောက်ရမယ်။*
ကြောက်ဖွယ် ကြောက်ဖွယ်။

အကြီးတန်း ရှင်ကျင့်ဝတ်
ရွှေတောင်ကုန်းမှ (၁၁ - ၁၅)

## ဒုစရိုက် ဆယ်ပါး

(ဒု = မကောင်းသော + စရိတ = စရိုက် = အကျင့်) မကောင်းသောအကျင့် (မကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု) ကို "ဒုစရိုက်" ဟုခေါ်၏။ ထိုဒုစရိုက်သည် ဆယ်ပါးရှိ၏။

## ဒုစရိုက် ကာယကံ ( ၃ ) ပါး

၁။ ပါဏာတိပါတ = သူ့အသက်သတ်မှု။
၂။ အဒိန္နာဒါန = သူ့ဥစ္စာခိုးမှု။
၃။ ကာမေသုမိစ္ဆာစာရ = ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာ ကျင့်မှု။

## ဒုစရိုက် ဝစီကံ ( ၄ ) ပါး

၄။ မုသာဝါဒ = လိမ်ပြောမှု။
၅။ ပိသုဏာဝါစာ = ချောပစ်ကုန်းတိုက်မှု (ချစ်သူနှစ်ဦး ကွဲအောင် သို့မဟုတ် မိမိအား ချစ်လာအောင် ချစ်သူနှစ်ဦးကို ရန်တိုက်ပေးမှု)။
၆။ ဖရုသဝါစာ = အယုတ်တမာ ဆဲဆိုမှု။
၇။ သမ္ဖပ္ပလာပဝါစာ = သိမ်ဖျင်းသောစကားကို ပြောဆိုမှု။

(စပါးပိန် စပါးဖျင်းသည် အတွင်း၌ အနှစ်အဆံမရှိသကဲ့သို့ အနှစ်လည်းမဖက် အနက်၏အဓိပ္ပာယ်လည်း မဟုတ်မမှန် ဒဏ္ဍာရီဝတ္ထုသွား "ရွှေယုန်နှင့်ရွှေကျား သက်ကယ်ရိတ်သွားရောတဲ့" စသော စကားမျိုးတည်း မဟုတ်သော်လည်း ဥပမာသဘောမျိုးဖြင့် အကျိုးရှိအောင် ပြောဆိုရေးသားမှုမှာ "သမ္ဖပ္ပလာပ" မဟုတ်။)

## ဒုစရိုက် မနောကံ ( ၃ ) ပါး

၈။ အဘိဇ္ဈာ = သူတစ်ပါးစည်းစိမ်ကို "ငါ့ဟာဖြစ်လျှင် ကောင်းလေစွ"ဟု မတရားကြံစည်မှု (တောင်း၍၊ ငှား၍၊ ဝယ်၍ ယူမည်ဟု ကြံစည်မှုမှာ အဘိဇ္ဈာအပြစ်မရှိ)။
၉။ ဗျာပါဒ = သေကြေပျက်စီးသွားလျှင် ကောင်းလေစွဟု သူတစ်ပါးကို ပြစ်မှားမှု။
၁၀။ မိစ္ဆာဒိဋ္ဌိ = အယူမှားမှု (ကံ ကံ၏အကျိုးကို မယုံကြည်မှု)။

ဤဒုစရိုက်ဆယ်ပါးကို "အကုသလကမ္မပထ တရားဆယ်ပါး" ဟုလည်းခေါ်သည်။ "**အပါယ်**ရောက်ကြောင်း မကောင်းသောလမ်းခရီးဖြစ်သော အကုသိုလ်ကံများ"ဟူလို။

ထိုဆယ်ပါးကို

၁။ ကိုယ်တိုင်ပြုလုပ်ခြင်းဟူသော သာဟတ္ထိက
၂။ **သူ**တစ်ပါးကို အပြုခိုင်းခြင်းဟူသော အာဏတ္တိက
၃။ **ဒုစရိုက်**ပြုလျှင် ရနိုင်မည့် လောကီကျိုးကို ပြောပြခြင်းဟူသော ဝဏ္ဏဘာသန
၄။ **သူ**တစ်ပါးတို့ အလိုအလျောက် ပြုနေသည်ကို ဝမ်းမြောက်သဘောတူခြင်းဟူသော သမနုည ဤလေးမျိုးဖြင့် မြောက်ပွားလျှင် လေးဆယ်ဖြစ်၏။

## ဆောင်ပုဒ်

၁။ *သက်သတ်၊ ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။*

၂။ *လှည့်စားရန်တိုက်၊ မိုက်မိုက်ကန်းကန်း၊ နှုတ်ကြမ်းလေခြင်း၊ ပိန်ဖျင်းစကား၊ ပြောဆိုငြား၊ လေးပါး ဝစီကံ။*

၃။ *သူ့ဥစ္စာမှန်၊ မတရားကြံ၍၊ ဖောက်ပြန်သေကြေ၊ ပျက်စေလိုငြား၊ အယူမှား၊ သုံးပါး မနောကံ။*

## သုစရိုက် ဆယ်ပါး

( သု = ကောင်းသော = စရိတ = စရိုက် = အကျင့် )
ကောင်းသောအကျင့်ကို သုစရိုက်ဟုခေါ်၏။
ဤသုစရိုက်လည်း ဆယ်ပါးရှိ၏။

## သုစရိုက် ကာယကံ ( ၃ )ပါး

၁။ ပါဏာတိပါတ ဝိရတိ = ပါဏာတိပါတမှရှောင်မှု
၂။ အဒိန္နာဒါန ဝိရတိ = အဒိန္နာဒါနမှရှောင်မှု
၃။ ကာမေသုမိစ္ဆာစာရ ဝိရတိ = ကာမေသုမှ ရှောင်မှု

## သုစရိုက် ဝစီကံ ( ၄ ) ပါး

၄။ မုသာဝါဒ ဝိရတိ = မုသာဝါဒမှရှောင်မှု
၅။ ပိသုဏာဝါစာ ဝိရတိ = ပိသုဏာဝါစာမှရှောင်မှု
၆။ ဖရုသာဝါစာ ဝိရတိ = ဖရုသဝါစာမှရှောင်မှု
၇။ သမ္ဖပ္ပလာပဝိရတိ = သမ္ဖပ္ပလာပမှရှောင်မှု

## သုစရိုက် မနောကံ ( ၃ ) ပါး

၈။ အနဘိဇ္ဈာ = အဘိဇ္ဈာကို မပြုခြင်း
၉။ အဗျာပါဒ = ဗျာပါဒကို မပြုခြင်း
၁၀။ သမ္မာဒိဋ္ဌိ = ကောင်းသောအယူကို ယူခြင်း။

ဤသုစရိုက်ဆယ်ပါးကို "ကုသလကမ္မပထ တရားဆယ်ပါး" ဟုလည်းခေါ်၏။ (ကုသလ ကုသိုလ် + ကမ္မ – ကံ + ပထ လူ့ပြည်နတ်ပြည်သို့ရောက်ကြောင်း၊)

(၁) ကိုယ်တိုင်ပြုခြင်း၊ (၂) သူများကို ပြုဖို့ရန် စေခိုင်းခြင်း၊ (၃) သုစရိုက်အကျိုးကျေးဇူးကို ပြောပြခြင်း၊ (၄) သူတစ်ပါးတို့ အလိုအလျောက်ပြုနေသည်ကို သဘောကျခြင်း၊ ဤလေးမျိုးဖြင့်မြောက်လျှင် သုစရိုက်လေးဆယ်ဖြစ်၏။

**( ဆောင် )** *ဒုစရိုက်နှင့်၊ သုစရိုက်ပြိုင်၊ ဤဆယ်ခိုင်ကို၊ ကိုယ်တိုင်ပြုကြား၊ သူများခိုင်းတုံ၊ ဂုဏ်ကိုပြောပြ၊ ဝမ်းမြောက်ကြပြန်၊ လေးဆယ်မှန်၊ မြှောက်ဟန်သဘောပိုက်။*

အရှင်ဇနကာဘိဝံသ

ဗုဒ္ဓဘာသာသင်ခန်းစာ (၅၃ – ၅၅)

# သီဿကောဝါဒ ကျမ်းနိဒါန်းမှ ကောက်နုတ်ချက်များ

အို အမိသီလ၊ သင် အမိသီလသည် အလွန်အံ့သြဖွယ်ကောင်းစွတကား။ သင်အမိသီလကို စောင့်ရှောက်ထိန်းသိမ်းကြသူတို့သည် ကြောက်ဖွယ်ဘေးအပေါင်းမှ လွတ်မြောက်ကြ၍ အရိယာရောင် ပြေးနိုင်ကြကုန်၏။

အို အမိသီလ၊ သင်အမိသီလသည် အလွန်အံ့သြဖွယ်ကောင်းပါပေစွ။ သင် အမိသီလကို စောင့်ထိန်း သည်ရှိသော် ပုထုဇဉ်တို့သည်သော်လည်း အရိယာပုဂ္ဂိုလ်မြတ်တို့ကဲ့သို့ အပါယ်ဘေးကြီးမှလွတ်၍ အပါယ် တံခါး ပိတ်ကြရကုန်၏။

(၈၉ ဂါထာ)

ရဟန်းသည် စာပေကျမ်းဂန်တတ်သော်လည်း သီလမရှိလျှင် ချီးမွမ်းဖွယ်မဟုတ်။ ရေရှိသော်လည်း ကြာမရှိသော ရေကန်ကဲ့သို့တည်း။

(၉၃ ဂါထာ)

ရဟန်းသည် ပညာတတ်သော်လည်း သီလရှိမှ တင့်တယ်သည်။ သစ်ပင်များ အနှစ်ရှိသော်လည်း အသီးရှိမှ အဖိုးတန်သကဲ့သို့တည်း။

(၉၅ ဂါထာ)

ဂဏဝါစက စာချပုဂ္ဂိုလ်ကြီးဖြစ်သော်လည်း သီလရှိမှ မြတ်နိုးထိုက်သည်။ ချိုမြိန်သော အရသာ ရှိသော သစ်သီးမှသာ မြတ်နိုးစွာ စားသုံးအပ်သကဲ့သို့တည်း။

(၉၇ ဂါထာ)

ဓမ္မကထိကပုဂ္ဂိုလ်ကြီးဖြစ်သော်လည်း သီလရှိမှသာ ချစ်မြတ်နိုးအပ်သည်။ သစ်ပင်သည် အပွင့် ရှိသော်လည်း မွှေးကြိုင်သောအနံ့ရှိမှ မြတ်နိုးအပ်သကဲ့သို့တည်း။

(၉၈ ဂါထာ)

စာပေကျမ်းဂန်တတ်လျက် သီလမရှိလျှင် ရှင်လျက်သေနေသူဖြစ်သောကြောင့် ငါ၏တပည့်တို့သည် ရှင်လျက်သေနေသူတို့ မဖြစ်ကြပါစေလင့်။

(၁၀၁ ဂါထာ)

# သူတော်ကောင်းတို့၏ ဂုဏ်ရည်

အရောင်ခြောက်ခြောက် ဂုဏ်မရောက်သော စဥ့်ကျောက်သည်သော်လည်း ရွှေနှင့်ရောယှက် အတူချက်အပ်သည်ရှိသော် ရွှေနှင့်မခြား ရွှေသားရွှေရောင် ပြောင်ပြောင်ရှန်းရှန်း ထွန်းလင်းတင့်တယ်နိုင်၏။

အရောင်မည်းမည်း မှောင်မစဲသည့် မီးသွေးခဲသော်လည်း အရောင်ရဲရဲ မီးကျီးခဲနှင့် ရောနှောမိသည်ရှိသော် အရောင်ရဲရဲ မီးကျီးခဲဖြစ်နိုင်၏။

ဤလောက၌ ပတ္တမြားမှန်ကင်းတို့သည် နေရောင်နှင့်တွေ့မှ ပြိုးပြိုးပြက်ပြက် အရောင်ထွက်နိုင်ကြ၏။ ပဒုမ္မာကြာရုံသည်လည်း နေရောင်ခြည်နှင့်တွေ့ရမှသာ ကားကားစွင့်စွင့် ရှုတိုင်းတင့်အောင် ပွင့်နိုင်ကြကုန်၏။

ရွှေလက်စွပ်သည် စိန်ကွပ်မှသာ ပြောင်တလက်လက် အရောင်ထွက်၍ နှစ်သက်ဖွယ်ဖြစ်၏။ ဝက်သားသည် ဆီကောင်းဆီသန့်နှင့် ကြော်ချက်ရမှသာ လူတိုင်းစားချင် မင်းပွဲဝင်သည့် ဘောဇဉ် ခဲဖွယ်ကောင်း ဖြစ်နိုင်၏။

ဝက်သားပင်ဖြစ်သော်လည်း ချက်ပြုတ်တတ်သော စားဖိုသည်၏ အချက်အပြုတ်ကို မခံရလျှင် ပုပ်သိုးသွားတတ်၏။

ဤသဘောကို ဆင်ခြင်စဉ်းစား သတိထားကြကုန်၍ မကောင်းမြစ်တာ ကောင်းရာညွှန်ပြ သီလဝန္တဖြစ်သော ဆရာသမားကောင်း မိတ်ဆွေကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံ နေထိုင်ကြပါကုန်။ သူတော်ကောင်းတို့၏ ပြုပြင်သွန်သင်မှုကို ခံယူကြပါကုန်။

(၁၂၈ မှ ၁၃၅ ထိ ဂါထာများ)

# သူယုတ်မာကို ဝေးဝေးရှောင်

အတုမရှိ မြင့်မြတ်သော ဘုရားရှင်တို့သည် မြင်းမိုရ်တောင်ကို လှန်ခြင်းငှာ စွမ်းနိုင်သော်လည်း ဒုစရိုက်ထဲ မှောက်လျက်လဲနေသော မသူတော်၏စိတ်ကိုမူ လှန်ခြင်းငှာ မစွမ်းနိုင်။

(၁၈၃ ဂါထာ)

မြွေပွေး၊ မြွေဟောက်သည် ကြမ်းကြုတ်၏။ သူယုတ်မာသည်လည်း ကြမ်းကြုတ်၏။ ထိုနှစ်ဦးကို့တွင် မြွေပွေးမြွေဟောက်ကို ဆေးဝါးမန္တန်ဖြင့် ဟန့်တားကုစွမ်းနိုင်၏။ သူယုတ်မာကိုမူ မည်သူဟန့်တား ကုစွမ်းပါမည်နည်း။

(၁၈၇ ဂါထာ)

သူယုတ်မာတို့သည် ရှေ့တွင် ချိုသာသောစကားကို ပြောဆိုလျက် ကွယ်ရာ၌မူ အကျိုးစီးပွားပျက်စီးအောင် ပြုတတ်ကြ၏။ နို့ရည်ဆမ်းထားသော အဆိပ်အိုးတို့ကဲ့သို့တည်း။

(၁၉၄ ဂါထာ)

သူယုတ်မာတို့သည် လာဘ်လာဘ၌ တပ်မက်ကြကုန်သောကြောင့် လာဘ်လာဘအမျိုးမျိုးကို မရရအောင် ကြံဆောင်အားထုတ်ကြကုန်၏။

## သည်းခံခြင်းသည် အမြတ်ဆုံး

သူတော်ကောင်းတို့သည်ကား တရားဓမ္မကိုသာ ခင်တွယ်မြတ်နိုးကြကုန်သောကြောင့် သူတော်ကောင်းတရားအမျိုးမျိုးကို မရရအောင် ကြံဆောင်အားထုတ်ကြကုန်၏။

(၂၀၁ ဂါထာ)

ငရဲမီးကို ကမ္ဘာဖျက်မီးဖြင့် အောင်နိုင်နိုင်၏။ မဟာပထဝီမြေကြီးကို ကမ္ဘာဖျက်မိုးကြီးဖြင့် အောင်နိုင်နိုင်၏။ မြင်းမိုရ်တောင်ကြီးကို ကမ္ဘာဖျက် လေမုန်တိုင်းဖြင့် အောင်နိုင်နိုင်၏။ သူယုတ်မာတို့၏ ယုတ်မာညစ်ညမ်းဆိုးသွမ်းသော အမူအကျင့်ကို အဘယ်အခါ အဘယ်ဖြင့် အောင်နိုင်ဖူးပါသနည်း။ မအောင်နိုင်သည်သာ။

(၂၃၃ ဂါထာ)

ဤသို့သောသဘောကို ဆင်ခြင် စဉ်းစားကြကုန်လျက် ဘေးအန္တရာယ်အသွယ်သွယ်မှ ကြောက်လန့်ကြကုန်သော ငါ၏တပည့်တို့သည် ကမ္ဘာဖျက်မီး စသည်တို့ကို ရှောင်ကြဉ်ကြကုန်သကဲ့သို့ ထိုသူယုတ်မာတို့ကို ဝေးဝေးက ရှောင်ကြဉ်နိုင်ကြပါစေ။

(၂၃၄ ဂါထာ)

# သည်းခံခြင်းသည် အမြတ်ဆုံး

ကြီးမားသော အရိပ်ရှိသော သစ်ပင်ကြီးသည် မိမိကို ခုတ်လှဲဖြတ်တောက်သူကို မလဲမချင်း မိမိအရိပ်ဖြင့် အေးမြစေ၏။

(၂၃၈ ဂါထာ)

စန္ဒကူးနံ့သာပင်သည် မိမိကို မီးရှို့သည့်သူကို မကုန်မချင်း မိမိ၏မွှေးရနံ့ဖြင့် နှစ်သက်စေ၏။

(၂၃၉ ဂါထာ)

ပတ္တမြားကျောက်မျက်ရွဲသည် မိမိကို သွေးသောသူကို မကုန်မချင်း မိမိအရောင်ဖြင့် တောက်ပြောင်စေ၏။

(၂၄၀ ဂါထာ)

ကရုဏာ၊ မေတ္တာ၊ သဒ္ဓါ၊ ပညာ စသော သူတော်ကောင်းရတနာတို့ဖြင့် တန်ဆာဆင်ထားအပ်သော သူတော်ကောင်းသည်လည်း မိမိကို ညှဉ်းဆဲနှိပ်စက်သူကို မိမိအသက်မသေမချင်း မိမိ၏မေတ္တာဖြင့် ချိုသာအေးမြသောစကားကို ပြောဆိုနိုင်၏။

(၂၄၁ ဂါထာ)

ဤသဘောကို ဆင်ခြင်စဉ်းစား၍ သည်းခံခြင်း၏အကျိုးကို သိမြင်သော ပညာရှိသော ငါ၏တပည့်တို့သည် မိမိကိုညှဉ်းဆဲသည့် ငရဲလောင်းမျိုး လူညစ်ဆိုးတို့ကို မေတ္တာရေချမ်းဖြင့် ဆွတ်ဖျန်းချမ်းသာကြစေကုန်သတည်း။

(၂၄၂ ဂါထာ)

ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏
သီသသကောဝါဒကျမ်း နိဒါန်းမှ



သဉ္ဇိုဝ်းငရဲ



ကာဠသုတ်ငရဲ



သံဃာတငရဲ



ရေရှဝငရဲ




မဟာရောရုဝငရဲ



တာပနငရဲ



မဟာတာပနငရဲ



အဝိစိငရဲ

# ငရဲခန်း

## ငရဲကြီး ( ၈ ) ထပ်ဆောင်ပုဒ်

*သိဥ္စိုး ကာလ သံဃာတနှင့်*
*ရောရုဝနှစ်၊ တာပန်နှစ်၊ မှတ်လစ် အဝီစိ။*
*အထပ်တိုင်းမှာ ဘင် ပြာ လက် သန် ကြိမ်ပိုက်ရံ ငါးတန်ဥဿဒရှိ။*

## ဒုစရိုက်သမားတို့၏ ကျရောက်ရာ

ယခု လူ့ပြည်၌ ပြစ်မှုကျူးလွန်သူတို့၏ ကျရောက်ခံစားဖို့ရာ အကျဉ်းထောင်များ တည်ရှိသကဲ့သို သတ္တဝါတို့၏တည်နေရာ ဤကမ္ဘာမြေအတွင်း၌လည်း မကောင်းမှုဒုစရိုက် ကျူးလွန်သူတို့၏ ကျရောက်ခံနေ ဖို့ရာ ငရဲထောင်များ တည်ရှိကြသည်။ ထိုငရဲထောင်ကား သတ္တဝါတို့ကံလျှင် အရင်းခံ၍ ဥတုကြောင့် ဖြစ်နေသော ကမ္မပစ္စယ ဥတုဇရုပ်တရားတည်း။ ထိုငရဲသည် သတ္တဝါတို့ ကံအားလျော်စွာ အမျိုးမျို တည်ရှိနေရုံမျှသာမက လူ့ဘုံနှင့်နီးကပ်သော မြေတွင်းမှာပင် လောဟကုမ္ဘီ သံရည်ငရဲရှိကြောင်းကို ကျမ်းဂ တို့၌ တွေ့ရ၏။ ဤကျမ်း၌ အများပြောရိုးဖြစ်သော ငရဲကြီးရှစ်ထပ်ကိုသာ အကျယ်ထုတ်ပြမည်။ ထိုင ရှစ်ထပ်သည်ကား (၁) သိဥ္စိုးငရဲ၊ (၂) ကာဠသုတ်ငရဲ၊ (၃) သံဃာတငရဲ၊ (၄) ရောရုဝငရဲ၊ (၅ မဟာရောရုဝငရဲ၊ (၆) တာပနငရဲ၊ (၇) မဟာတာပနငရဲ၊ (၈) အဝီစိငရဲတည်း။ ငရဲတစ်ထပ်တစ်ထပ် (၁) ဘင်ပုပ်ငရဲ၊ (၂) ပြာပူငရဲ၊ (၃) လက်ပံတောငရဲ၊ (၄) သန်လျက်ရွက်တောငရဲ၊ (၅) ဝေတ္တရဏီခေ "သံရည်မြစ်ငရဲ" ဟု ငရဲငယ် (၅) ထပ် တံတိုင်းခတ်သကဲ့သို့ ရံပတ်၍နေသတဲ့။ ထိုငရဲ (၅) ထပ်က ဥဿဒငရဲဟုခေါ်သည်။

## ယမမင်း

စတုမဟာရာဇ်နတ်တို့တွင် အပါအဝင်ဖြစ်သော ဝေမာနိကပြိတ္တာမင်းကိုပင် **"ယမမင်း" ဟုခေါ်၏** တစ်ခါတစ်ရံ နတ်စည်းစိမ်ကိုခံစား၍ တစ်ခါတစ်ရံမှာမူ မကောင်းမှုကံအကျိုးကို ( ရိုးရိုးပြိတ္တာများကဲ့သို့ ခံစားရရှာသေး၏။ ထိုယမမင်းကား တစ်ယောက်သာမက အများပင်ရှိလေသည်။ လူ့ဘုံ၌ အစိုးရများ ရုံးထိုင်သလို ယမမင်းများလည်း ငရဲဘုံ၏ တံခါးလေးဖက်၌ ရုံးစိုက်ကြပြီးလျှင် ငရဲရောက်လာသူများက စစ်ဆေးမေးမြန်းကြသည်။

သို့သော် ငရဲသို့ရောက်လာသူတိုင်း အစစ်အဆေးခံရသည်မဟုတ်။ အကုသိုလ်ကြီး၍ ထင်ရှားသ တို့မှာ တစ်ခါတည်း ငရဲသို့ ကျရလေသည်။ အကုသိုလ်နည်းပါးသူများအတွက် လွတ်လိုလွတ်ငြားအငေ

**အားဖြင့် ယမမင်းထံ အစစ်အဆေးခံခွင့်ရလေသည်။ ထို့ကြောင့် ယမမင်း၏ စစ်ဆေးမှုမှာ အပြစ်ရှာလို၍ မဟုတ်။ လွတ်သင့်က လွတ်ခွင့်ရစေလိုသောကြောင့်ဖြစ်သည်။ ယခုအခါ အယူခံရုံးမင်းများနှင့် အလားတူ ပင်တည်း။ သို့အတွက် "ယမမင်းဟူသည်မှာ တရားစောင့်သော မင်းကောင်းမင်းမြတ်ပင်တည်း" ဟု မှတ်ပါ။**

*(ဥပရိပဏ္ဏာသ၊ ဒေဝဒူတသုတ်)*

## ငရဲထိန်း

ဤငရဲထိန်းများလည်း စတုမဟာရာဇ်နတ်မျိုးအပါအဝင် နတ်ဘီလူးနတ်ရက္ခိုသ်များတည်း။ ထိုငရဲထိန်းများ၏ အလုပ်ကား အနည်းငယ်သာ အကုသိုလ်ဖြင့် ကျရောက်လာသူများကို ယမမင်းထံပို့ခြင်း၊ ငရဲသို့ ရောက်ပြီးသူများကို လက်မရွံ့ အာဃာတသားများကဲ့သို့ ရက်စက်ကြမ်းကြုတ်စွာ သတ်ပုတ်ရိုက်နှက်ခြင်းပင်တည်း။ (ငရဲမီးစသော အန္တရာယ်တို့လည်း ကံကြောင့်ဖြစ်ရသော ကမ္မပစ္စယ ဥတုဇရုပ်များဖြစ်ရကား ငရဲခံမည့်သူ၌သာ ပူလောင်၍ ထိုငရဲထိန်းတို့မှာ မပူလောင်ချေ။)

## ယမမင်း စစ်တမ်း

အများကြားဖူးနားဝရှိအောင် ဒေဝဒူတသုတ္တန်ပါဠိတော်လာ ယမမင်းစစ်တမ်းကို အကျဉ်းချုပ်ပြဦးအံ့။ လူ့ပြည်မှရှိသော ကလေး၊ သူအို၊ သူနာ၊ သူသေ၊ အကျဉ်းသမား ငါးဦးသားကို ယမမင်းစေလွှတ်အပ်သော တမန်တော်မဟုတ်သော်လည်း အလားတူဖြစ်သောကြောင့် "ဒေဝဒူတ"ဟုခေါ်သည်။ (ဒေဝ = ယမမင်း၏ + ဒူတ = တမန်တော်၊ ဒေဝဒူတ – ပုဒ်ကို အမျိုးမျိုးဖွင့်ကြသေး၏။) ယမမင်းသည် မိမိထံမှောက်သို့ ရောက်လာသော ငရဲသားများအား ဒေဝဒူတငါးမျိုးကို ဖော်ပြလျက် စစ်ဆေးလေ့ရှိသည်။

ယမမင်း။ ။ မောင်မင်း လူ့ပြည်မှာတုန်းက မိမိ၏ ကျင်ကြီးကျင်ငယ်ကို မသုတ်သင်နိုင်ဘဲ ကျင်ကြီးကျင်ငယ်ထဲ၌ လူးကာလိမ့်ကာ နေရရှာသော ကလေးငယ်များကို မတွေ့ခဲ့ဘူးလား။

ငရဲသား။ ။ တွေ့ခဲ့ပါသည်။

ယမမင်း။ ။ မိမိကိုယ်တိုင် နားလည်သောအရွယ်သို့ ရောက်သောအခါ ထိုကလေးများကို ကြည့်ရှု၍ "ငါသည် ဘာမျှနားမလည်ရှာသေးသော ယခုလို ကလေးသူငယ်ဖြစ်ဖို့ရာ နောင်ခါ ပဋိသန္ဓေနေရဦးမည်။ ပဋိသန္ဓေနေခြင်းသဘောကို မလွန်နိုင်သေးအံ့တကား။ ယခုနှယ်က ကိုယ်နှုတ်စိတ်များကို စောင့်စည်းလျက် ကောင်းကောင်းနေမှသာ တော်တော့မည်"ဟု အကြံအစည်များ မဖြစ်ခဲ့ဘူးလားမောင်မင်း။

(အလွန်ကြင်နာစွာ မေးသည်။)

ငရဲသား။ ။ ကျွန်တော် မေ့လျော့နေသည့်အတွက် ကုသိုလ်ကောင်းမှုဘက်၌ စိတ်စက်မဝင်စားမိခဲ့ပါ။

ယမမင်း။ ။ မောင်မင်း မကောင်းမှုကို ဆွေမျိုးဉာတကာ ဆရာမိဘ စသူတို့က ပြုပေးသည်မဟုတ်။ မောင်မင်းကိုယ်တိုင် ပြုခဲ့သည်ဖြစ်၍ မိမိအပြစ်ဒဏ်ကို မေ့လျော့သူတို့ ထုံးစံအတိုင်း မောင်မင်းခံရချေတော့မည်။

ဤနည်းအတိုင်း သူအိုကိုညွှန်ပြ၍ ဒုတိယအကြိမ်မေး၏၊ သူနာကိုညွှန်ပြ၍ တတိယအကြိမ်မေး၏၊ သူသေကို ညွှန်ပြ၍ စတုတ္ထအကြိမ်မေး၏၊ အကျဉ်းသမားကို ညွှန်ပြ၍ ပဉ္စမအကြိမ်မေး၏။ (၅) ကြိမ်တိုင်အောင်မေး၍ ကုသိုလ်ကောင်းမှုကို သတိမရသေးလျှင် ယမမင်းကိုယ်တိုင် "လူ့ဘဝဝယ် ထိုသူကုသိုလ်ပြုသည့်အခါတုန်းက မိမိအား အမျှဝေဖူးသလား" ဟု စဉ်းစား၏။ (ဤအချက်ကို ထောက်၍ ကုသိုလ်ပြုသောအခါ ယမမင်းအား အမျှပေးဝေကြသည်။) စဉ်းစား၍ရလျှင် ထိုကုသိုလ်ကို ဖော်ပြော၏။ ယမမင်းက ပြောခြင်းကြောင့်ဖြစ်စေ၊ မိမိဘာသာ သတိရ၍ဖြစ်စေ၊ ကုသိုလ်ကို သတိရသည်နှင့်တစ်ပြိုင်နက် ငရဲမှ လွတ်မြောက်၍ နတ်ပြည်ရောက်သူလည်း အများပင်ရှိ၏။ ထိုနေရာမျိုးကျမှ မိမိ၏ကုသိုလ်များ အားထားရကြောင်း ထင်ရှားပေသည်။ ယမမင်းကိုယ်တိုင် စဉ်းစား၍မရသောအခါ ဆိတ်ဆိတ်နေရတော့၏။ ထိုအခါ ငရဲကောင်သတ္တဝါကို ငရဲထိန်းတို့ ယူဆောင်လျက် အမျိုးမျိုးနှိပ်စက်ကြလေတော့သည်။

## သိဋ္ဌိုဝ်းငရဲ

"သဋ္ဌိဝ" ဟူသော ပါဠိကို မြန်မာလို "သိဋ္ဌိုး"ဟု ပြန်ထားသည်။ "သံ = အဖန်ဖန် + ဇိဝ = အသက်ရှင်ရာ ငရဲ" ဟု ဆိုလိုသည်။ ထိုငရဲသို့ ကျရောက်လာသော သတ္တဝါကို ငရဲထိန်းတို့က အပိုင်းပိုင်းပြတ်အောင် ခုတ်ဖြတ်ကြ၏။ ထိုကဲ့သို့ ခုတ်ဖြတ်ကြသည့်အတွက် တစ်ခါတည်း သေစရာပင်။ သို့သော် အကုသိုလ်ကံ မကုန်သေးသမျှ တစ်ခါတည်း သေကြေပျောက်ပျက်မသွားဘဲ ထပ်ကာထပ်ကာ အသက်ရှင်လျက် ငရဲထိန်းတို့၏ ခုတ်ဖြတ်မှု သတ်ပုတ်မှုကိုသာ ပြင်းစွာခံကြရရှာလေသည်။ အကုသိုလ်ကံ၏ ကြောက်ဖွယ်ကောင်းပုံသည် ငရဲ၌ သာ၍ထင်ရှားပေသည်။

## ကာဠသုတ်ငရဲ

သစ်တုံးကို ရွေသော လက်သမားတို့ အသုံးပြုသော မျဉ်းကြိုးကို ပါဠိလို "ကာဠသုတ္တ" မြန်မာလို "ကာဠသုတ်" ဟုခေါ်သည်။ ထိုငရဲသို့ ကျရောက်လာသော သတ္တဝါများကို ငရဲထိန်းတို့က (သားကောင်ကို ခွေးတွေလိုက်သလို) အတင်းလိုက်ကြ၏။ ထိုသို့ အတင်းလိုက်၍ မောဟိုက်သွားသည့်အခါ (သစ်တုံးကြီးကို သစ်ရွေသမားတို့က ခုတ်ရွေကြသကဲ့သို့) ကျကျနန မျဉ်းကြိုးချ၍ ပက်လက်တစ်မျိုး၊ မှောက်လျက်တစ်မျိုး၊ ဝဲယာတစ်မျိုး၊ ရှေ့နောက်တစ်မျိုးအားဖြင့် အမျိုးမျိုးခုတ်ရွေကြလေတော့သည်။ သို့သော် အကုသိုလ်ကံ မကုန်သေးသမျှ လွတ်ခွင့်မရ။ သေလည်း မသေနိုင်ကြ။

## သံဃာတငရဲ

အပြင်းအထန် ကြိတ်ချေ သတ်ဖြတ်ရာဖြစ်သော ငရဲကို "သံဃာတငရဲ"ဟု ခေါ်သည်။ ထိုငရဲ၏ အောက်မြေအပြင်မှာ မီးအလျှံတွေထလျက် အထု ၉ ယူဇနာရှိသော သံမြေပြင်ကြီးတည်း။ ထိုငရဲသို့ ကျရောက်သောသူများကို ထိုသံမြေအပြင်၌ (ထန်းပင်ငုတ်ကလေးတွေကို စိုက်ထားသလို) ခါးထိအောင် စိုက်ထားကြသည်။ ထိုအခါ အရှေ့အရပ်မှလာသော သံတောင်ကြီးက စားမည် ဝါးမည်ဟု ဆိုနေသလို တဒိန်းဒိန်း တခြိမ်းခြိမ်း မြည်ဟီးလျက် ကြိတ်ကာ ကြိတ်ကာ အနောက်အရပ်သို့ သွားပြီးနောက် ဝေဟင်အရပ်မှ သံတောင်ကြီးက ထိုနည်းအတိုင်းပင် ကြိတ်ကာ ကြိတ်ကာ မြောက်အရပ်သို့ သွားပြီးလျှင် အနောက်အရပ်သို့ ရောက်ပြီးသော သံတောင်ကြီးကလည်း အရှေ့အရပ်သို့ ကြိတ်ကာ ကြိတ်ကာ ပြန်၍လာ လေသည်။ ဤနည်းအတိုင်းပင် အရပ်လေးမျက်နှာမှ သံတောင်တွေ (သန်းဥတုပ်သလို) ဖိနှိပ်ကြိတ်ချေ သော်လည်း အကုသိုလ်ကံ မကုန်သမျှ ငုတ်စုစုပေါ်ထွက်လျက် ဆက်ကာ ဆက်ကာ အကြိတ်ခံရရှာလေသည်။

## ရောရုဝငရဲ

"ရောရုဝ" ဟူသော ပါဠိသည် "ပြင်းစွာငိုကြွေးခြင်း" ဟူသော အနက်ကိုပြ၏။ ထိုငရဲ၌ မီးတောက်တို့သည် တဟုန်းဟုန်းထလျက်ရှိ၏။ ငရဲသို့ ကျရောက်လာသူတို့အား ထိုမီးတောက်မီးလျှံများက ဒွါရ (၉) ပေါက်မှ အတင်းဝင်ရောက် လောင်ကျွမ်းသဖြင့် အလွန်အားငယ်စွာ တစာစာ အော်ကြရရှာ လေသည်။ ဤသို့ မီးတောက်မီးလျှံ အလောင်ခံနေရသောကြောင့် "ဇလရောရုဝ" ဟုလည်းခေါ်သည်။

## မဟာရောရုဝငရဲ

ဤငရဲကား မီးတောက်မီးလျှံမဟုတ်ဘဲ မီးခိုးတွေ တစ်ငရဲလုံး လွှမ်းဖုံးနေ၏။ ငရဲသို့ ကျရောက်သူ တို့ကို မီးခိုးတွေက အတွင်းအပြင် အတင်းဝင်၍ နှူးနှပ်ကြလေတော့၏။ ငရဲသူ ငရဲသားတို့မှာ ဘာမျှ မတတ်နိုင်ကြတော့ဘဲ သနားစဖွယ် အားငယ်စွာ အော်နေကြရရှာလေတော့သည်။ ဤငရဲကို "ဓူမရောရုဝငရဲ" ဟုလည်းခေါ်၏။

## တာပနငရဲ

"တာပန" ဟူသော ပါဠိသည် "ပူလောင်စေတတ်" ဟူသော အနက်ကိုပြ၏။ ထိုငရဲသို့ ကျ ရောက်လာသော သတ္တဝါများကို ထန်းလုံးလောက်ကြီးမား၍ မီးလျှံထသော သံတံကျင်၌ မလှုပ်နိုင်အောင် စိုက်ထားပြီးလျှင် ထိုထန်းလုံးလောက်ရှိသော တံကျင်မှထွက်သော မီးအလျှံတို့က အမြဲပူလောင်စေသည်။

## မဟာတာပနငရဲ

တာပနငရဲထက်ပင် သာလွန်၍ ပူလောင်စေတတ်သော ငရဲကို "မဟာတာပန"ဟုလည်းကောင်း၊ "ပတာပန"ဟုလည်းကောင်း ခေါ်၏။ ထိုငရဲ၌ မီးလျှံထနေသော သံတောင်ကြီးရှိ၏။ ထိုသံတောင်၏ အောက်ခြေ၌ သံတံကျင်တွေ စိုက်ထူထား၏။ ထိုငရဲသို့ ကျရောက်လာသော သတ္တဝါများကို ငရဲထိန်းတို့က သံတောင်ပေါ်သို့ မတက်တက်အောင် ရိုက်နှက်၍တင်ကြကုန်၏။ သံတောင်ပေါ်သို့ ရောက်သောအခါ ကံကြမ္မာအလျောက် လေမုန်တိုင်းပေါ်ပေါက်၍ ထိုလေမုန်တိုင်းက တောင်ခြေ၌ရှိသော တံကျင်ပေါ်သို့ ရောက်အောင် တိုက်လွှင့်ချလိုက်သဖြင့် တံကျင်အဖျား၌ ကားခနဲ စူးဝင်ကြရရှာလေတော့သည်။

## အဝီစိငရဲ

(အ = မရှိ + ဝီစိ = အကြား) ထိုအဝီစိငရဲ၌ မီးတောက်မီးလျှံများလည်း အကြားမရှိ။ တစ်ငရဲလုံး၌ မီးလျှံချင်း ဆက်၍နေ၏။ ငရဲသတ္တဝါချင်းလည်း အကြားမရှိ။ ဝါးကျည်တောက်အတွင်း၌ မုန်ညင်းစေ့ ကလေးတွေ ပြည့်ကျပ်နေသကဲ့သို့ သတ္တဝါတွေ ပြည့်ကျပ်ညှပ်နေတော့၏။ ဆင်းရဲဒုက္ခလည်း အကြားမရှိ၊ ဒုက္ခမှ လွတ်ကင်း၍ ချမ်းသာခွင့် လုံးဝမရနိုင်။ ဤသို့ မီးလျှံ၊ သတ္တဝါ၊ ဆင်းရဲဒုက္ခ ဤ ၃ မျိုးတို့ အကြားမရှိအောင် ဆက်စပ်နေသောကြောင့် "အဝီစိငရဲ" ဟုခေါ်၏။

## ငရဲဒုက္ခ အကုန်မပြနိုင်

ဤငရဲကြီးရှစ်ထပ်မှ နောက်၌ ဘင်ပုပ်ငရဲစသော ဥဿဒငရဲများဝယ် ဆင်းရဲပုံတွေ များစွာရှိသေး၏။ ထို့ပြင် ဒု၊ သ၊ န၊ သော ဟု ဟစ်အော်ကြသော သူဌေးသား လေးယောက်တို့၏ ကျက်ရာ "လောဟကုမ္ဘီ" သံရည်အိုးငရဲကား ရာဇဂြိုဟ်ပြည်၏အနီးအောက်မှာပင်ရှိ၏။ ရာဇဂြိုဟ်ပြည်အနီးက တပေါဒါမြစ်သည် လောဟကုမ္ဘီငရဲ နှစ်ခုစပ်ကြားမှ စီးတက်လာသော မြစ်ပင်တည်း။ ထို့ကြောင့် ငရဲငယ်တွေ လူ့ပြည်အနီးမှာပင် များစွာရှိလေသည်။ ငရဲ၌ ခံနေရသော ဒုက္ခအမျိုးမျိုးကား "**ယာဝဉ္စိဒံ ဘိက္ခဝေ န သုကရာ အက္ခာနေန ပါပုဏိတုံ၊ ယာဝဒုက္ခာ နိရယာ**" နှင့်အညီ နှစ်လရှည်စွာ ဘုရားရှင် ဟောပြတော်မူသော်လည်း ကုန်နိုင်ဖွယ် မရှိဘူးတဲ့။

"**ဘိက္ခဝေ** – ဘိက္ခုတို့၊ **ယာဝဉ္စိဒံ** – ငရဲ၌ ဆင်းရဲသလောက်၊ **အက္ခာနေန** – ဟောပြတော်မူသဖြင့်၊ **ပါပုဏိတုံ** – အပြီးရောက်ခြင်းငှာ၊ **န သုကရာ** – မလွယ်ကုန်၊ **နိရယာ** – ငရဲတို့သည်၊ **ယာဝ** – အလွန်အကဲ သာလျှင်၊ **ဒုက္ခာ** – ဆင်းရဲစေတတ် ဆင်းရဲရာ အရပ်တို့ပေတည်း။

## တိုက်တွန်းချက်

ဤငရဲဒုက္ခကို အဖန်ဖန်စဉ်းစားမိသူသည် မိမိပြုမိသော အကုသိုလ်အတွက် နောင်တတစ်ဖန် မပူပန်တော့ဘဲ အသစ်အကုသိုလ်မဖြစ်အောင်သာ သတိထား၍ ကုသိုလ်တရားကို ပွားများအားထုတ်သင့်ပြီ။ ရှေးတုန်းက ဤဒေဝဒူတသုတ္တန်ကို ဆရာ့ထံသင်ယူသော ရဟန်းတော်လေးတစ်ပါးသည် "အရှင်ဘုရား တပည့်တော်ကို စာမချသေးဘဲ ကမ္မဋ္ဌာန်းကိုသာ ပေးတော်မူပါဘုရား" ဟု ဆရာ့ထံ ကမ္မဋ္ဌာန်းတောင်း၍ တရားကို အားထုတ်လေရာ မကြာမီ သောတာပန်ဖြစ်ပြီးနောက် ကျမ်းစာကို ထပ်၍သင်ယူသတဲ့။ ဤ ဒေဝဒူတသုတ္တန်၏အဆုံး၌ တရားကို အားထုတ်၍ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်မြတ်တို့မှာ မရေမတွက်နိုင်အောင် ရှိခဲ့ဘူးပြီ။ ဘုရားရှင် အလောင်းလည်း ဤဒေဝဒူတသုတ္တန်ကို ဟောတော်မူမြဲပင် ဖြစ်ပါလေသတဲ့။

အရှင်ဇနကာဘိဝံသ

ကိုယ်ကျင့်အဘိဓမ္မာ (၂၈၅ – ၂၉၇)

## ဝိသုဒ္ဓာဝါစာ အပြစ်ပြဝတ္ထု

### ထူးဆန်းသော ဝက်လူကြီး

ရာဇဂြိုဟ်မြို့သည် စည်ကား၏။ အုပ်ချုပ်သူ ဘုရင်ဗိမ္ဗိသာရနှင့် သမားတော်ကြီး ဇီဝကတို့ကြောင့် ထင်ရှား၏။ ထူးခြားသော လက္ခဏာတစ်ရပ်မှာ မြို့ကို တောင်ငါးလုံးက ဝန်းရံထားခြင်းပင်ဖြစ်သည်။

ထိုတောင်ငါးလုံးကား ပဏ္ဍဝ၊ ဝေဘာရ၊ ဝေပုလ္လ၊ ဣသိဂိလိ၊ ဂိဇ္ဈကုဋ်တို့ ဖြစ်ကြ၏။ တောင် ငါးလုံးမှာ မနိမ့်မမြင့်ဖြစ်၍ မြို့၏ တံတိုင်းများသဖွယ် တည်ရှိကြ၏။ ဝေဠုဝန်ကျောင်းတော်မှာ တောင်များ၏ အပြင်ဘက်တွင်ရှိ၏။

အရှင်မောဂ္ဂလ္လာန်နှင့် အရှင်လက္ခဏမထေရ်နှစ်ပါးသည် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းလာကြ၏။ တောင်စောင်းတစ်နေရာတွင် အလွန်ထူးဆန်းသော သတ္တဝါတစ်ကောင်ကို အရှင်မောဂ္ဂလ္လာန်မြင်ရ၏။

သတ္တဝါကြီးမှာ မော့ကြည့်လောက်အောင်ပင် ကြီးမားလှ၏။ သူ၏ကိုယ်မှာ လူကိုယ်ဖြစ်၍ ခေါင်းမှာ လူခေါင်းမဟုတ်ဘဲ ဝက်ခေါင်းကြီးဖြစ်နေ၏။ နှုတ်သီးအတွင်းမှ အမြီးတစ်ချောင်း တွဲလောင်းကျ ကာ ပေါက်နေရာ ဝက်တစ်ကောင်သည် ဝက်မြီးတစ်ခုကို ကိုက်ထားသကဲ့သို့ရှိ၏။ အမြီးပေါက်နေသော နှုတ်သီးအတွင်းမှ ပိုးလောက်တွေ တဖွားဖွားကျနေသည်မှာ မြင်ရသူ အော်ဂလီဆန်စရာဖြစ်နေ၏။ သတ္တဝါ ကြီးတစ်ကောင်လုံးကို ခြုံကြည့်လိုက်လျှင် ကြောက်စရာ ရွံစရာ သတ္တဝါကြီး ဖြစ်နေ၏။

ဝေဠုဝန်ကျောင်းတော်အတွင်း မြတ်စွာဘုရား၏ ထံတော်မှောက်သို့ မထေရ်နှစ်ပါး ရောက်လာကြ သောအခါ အရှင်မောဂ္ဂလ္လာန်က အကြောင်းစုံကို လျှောက်ထား၏။ မြတ်စွာဘုရားက ဂိဇ္ဈကုဋ်တောင်စောင်းမှ

ထိုဝက်လူကြီးမှာ ပြိတ္တာကြီးဖြစ်ကြောင်း၊ ကုန်းချော ရန်တိုက်စကား ပြောဆိုခြင်းအမှု ပိသုဏာဝါစာ ဒုစရိုက်ကြောင့် ပြိတ္တာဖြစ်ကာ ဆင်းရဲခံနေရကြောင်း မိန့်ကြားတော်မူ၏။

ထိုဝက်လူပြိတ္တာကြီးမှာ ကဿပမြတ်စွာဘုရားလက်ထက်တော်အခါက နာမည်ကြီး ဓမ္မကထိက ဘုန်းကြီးတစ်ပါးဖြစ်ခဲ့၏။ ထိုဓမ္မကထိကသည် တရားဟောလှည့်လည်ရာမှ တောရွာတစ်ရွာရှိ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ တည်းခိုနေ၏။

ထိုကျောင်းမှ ကျောင်းနေ အာဝါသိကဘုန်းကြီးနှစ်ပါးမှာ စိတ်သဘောထား နူးညံ့လှ၏။ တစ်အူတုံဆင်း ညီရင်းအစ်ကိုပမာ လွန်စွာခင်မင်ကြ၏။ အချင်းချင်း ရိုသေလေးစားကြ၏။ ထို့ကြောင့် ရွာရှိ ဒကာ ဒကာမတို့က လွန်စွာမှ ကြည်ညိုကြသဖြင့် အစစအရာရာ ဘာမျှလိုလေသေးမရှိအောင် လှူဒါန်း ပြုစုကြသောကြောင့် အလွန်ပြည့်စုံသောကျောင်းဖြစ်၏။

## ကုန်းချောပြီ

ဤအခြေအနေကို တပ်မက်စိတ်ဝင်နေသော ဓမ္မကထိကသည် သူ့ကို ချမ်းချမ်းသာသာနေနိုင်အောင် အစွမ်းကုန်ပြုစုစောင့်ရှောက်ရုံမျှမက အနီးအပါးရွာများ၌ တရားပွဲကျင်းပနိုင်အောင် စီစဉ်ပေးသည့် အရှင်နှစ်ပါး၏ ကျေးဇူးကိုမျှ မထောက်ထားဘဲ အကျိုးလိုလားသည့်ဟန်ဖြင့် အရှင်နှစ်ပါးကို ဟိုတစ်မျိုး သည်တစ်ဖုံ ပြောကာ ကုန်းတိုက်၏။

ရိုးသား၍ စိတ်ကောင်းရှိလှသော အရှင်နှစ်ပါးမှာ တစ်ကြိမ်နှစ်ကြိမ်မျှပြောသည့် ကုန်းချောစကားကို မယုံကြသော်လည်း အကြိမ်ကြိမ်ပြောလာသောအခါ ယုံကြည်သွားကြ၏။ ရိုးသားသူများဖြစ်၍ အချင်းချင်း ဖြေရှင်းဖို့ကိုပင် သတိမရဘဲ နှစ်ပါးလုံး ကျောင်းကို ပစ်ခဲ့ပြီးလျှင် အသီးသီး တစ်လမ်းစီ ထွက်သွားကြလေသည်။ ဓမ္မကထိကဘုန်းကြီးသည် လူကြားကောင်းရုံမျှ တားမြစ်ပြီးနောက် ကျောင်းကို အပိုင်စီးလိုက်တော့၏။

အရှင်နှစ်ပါးမှာ ကုန်းစကားကို ယုံစားမိကြ၍ အချင်းချင်း မေတ္တာပျက်ကာ စိတ်လက်မချမ်းသာစွာဖြင့် နှစ်ပေါင်းများစွာ တစ်နေရာပြီးတစ်နေရာ ရွှေ့ပြောင်းနေထိုင်ကြ၏။ နောက်ဆုံး၌ တောရွာကျောင်းတစ်ကျောင်းတွင် မမျှော်လင့်ဘဲ ဆုံမိကြရာမှ အချင်းချင်း ဝမ်းနည်းကြေကွဲစွာ မေးမြန်းမိကြ၏။ ထိုအခါမှ ဓမ္မကထိက က ကျောင်းလိုချင်၍ မိမိတို့နှစ်ပါး ကွဲပြားအောင် ကုန်းစကားတိုက်ခြင်းဖြစ်ကြောင်း သိသဖြင့် နှစ်ပါးလုံး နေရင်းကျောင်းကို ပြန်လာကာ ဓမ္မကထိကကို ကျောင်းမှ နှင်ထုတ်ပြီးလျှင် ရှေးကကဲ့သို့ပင် ချမ်းသာစွာ နေထိုင်ကြလေ၏။

## အဝီစိသို့

ဓမ္မကထိကသည် ကျောင်းမှ ထွက်ခွာသွားပြီးနောက် မကြာမီပင် ကွယ်လွန်သွားပြီးလျှင် အဝီစိငရဲ၌ ကျရောက်ရ၏။ နှစ်ပေါင်းများစွာ ငရဲဆင်းရဲကို ခံစားရပြီးနောက် ငရဲမှ လွတ်မြောက်လာသော်လည်း

ကုန်းချော ဒုစရိုက်ကာ၏ အရှိန်အဟုန် မကုန်သေးသဖြင့် ဂိန္နာကုဋ္ဌတောင်၌ ဝက်လူပြိဟ္တာကြီးလာဖြစ်နေရ ကြောင်း ရှင်တော်မြတ်ဘုရား ရှင်းလင်းဟောကြားတော်မူ၏။

ကြောက်ဖွယ်ကောင်းလှသည့် ပိသုဏာဝါစာဒုစရိုက်ကာ၏ ဆိုးကျိုးပါပေတည်း။

(ဝမ္မ ၄ ၂၊ ၂၉၈ ၂၆၀)

# ဖရုသဝါစာ အပြစ်ပြဝတ္ထု

## နာမည်ကြီး အမ္ဗပါလီ

ကောရာဇ်ခေတ်တွင် ဝေသာလီပြည်သည် ကောရာဇ်နိုင်ငံမဟုတ်ပေ။ ဂဏအုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်သော နိုင်ငံဖြစ်၏။ ဝေသာလီပြည်မှ လိစ္ဆဝီမင်းသားတို့သည် စုပေါင်းအုပ်ချုပ်ရေး (ဂဏ) စနစ် ကို အကြွင်းမဲ့ ယုံကြည်သလောက် ဖြစ်နိုင်သမျှ အကောင်အထည်ဖော်နေကြသူများဖြစ်၏။ အောင်မြင် သလောက်လည်း အောင်မြင်နေ၏။ ဝေသာလီအုပ်ချုပ်ရေးမှာ အသွင်အပြင်အရ အနှစ်သာရပါ ဂဏ စနစ်ဖြစ်၏။ မလ္လာမင်းသားတို့လည်း ဤဂဏစနစ်ကိုပင် ကြိုးစား၍ တည်ဆောက်နေကြ၏။ သို့သော် ဝေသာလီလောက်ကား အောင်မြင်မှုရပုံ မပေါ်သေးပေ။

## နာမည်ကျော်

ထိုခေတ်က ဝေသာလီဟုဆိုလျှင် အမ္ဗပါလီက တွဲလျက်ပါပြီး ဖြစ်နေ၏။ ဝေသာလီနှင့် အမ္ဗပါလီ သည် ခွဲ၍မရပေ။ ဤမျှပင် အမ္ဗပါလီက နာမည်ကြီး၏။ နာမည်ကြီးသလောက်လည်း ချောလှ၏။ သို့သော် သူ့အလုပ်ကား လူတန်းစားအမြင်ဖြင့်ကြည့်လျှင် အောက်ဆုံးလွှာအတန်းစားဖြစ်၏။ သူကား လူတိုင်းကို ပျော်လေအောင် ဖျော်ဖြေရသော ပြည့်တန်ဆာသာတည်း။

အမ္ဗပါလီဆိုသည့် နာမည်မှာ ဆန်းလည်းဆန်း၏။ နှစ်သက်ဖွယ်လည်းရှိ၏။ သရက်ပင် အစောင့် အရှောက်ရှိသူ၊ သရက်ပင်၏ စောင့်ရှောက်ခြင်းကို ခံယူရသူဟု အဓိပ္ပာယ်ရ၏။ သူသည် လူ့ဝမ်း၌ ပဋိသန္ဓေ မနေ။ သရက်ပင်၌ ပဋိသန္ဓေနေသည်ဟု ပြောကြ၏။ သူသည် အမှန်ပင် သရက်ပင်၌ ပဋိသန္ဓေနေလေ သလား သို့မဟုတ် တရားမဝင်ရထားသည့် မွေးစကလေးကို မကျေးမွေး မသုတ်သင်နိုင်၍ မိခင်က သရက်ပင်အောက်သို့ လာရောက်ပစ်ထားလေသလားဆိုသည်ကိုတော့ မည်သူမျှ တပ်တပ်အပ်အပ် မပြောနိုင် ပေ။ မည်သို့ဆိုစေ သူ့နာမည်က သရက်ပင်နှင့် တစ်နည်းနည်းဖြင့် ဆက်စပ်မှုရှိနေသည်တော့ အမှန်ပင်။ အမ္ဗပါလီ နာမည်က လှ၏။ ရုပ်ကချော။ သူမတူအောင် ချော၏။ သို့သော် သူ့အလုပ်က ယုတ်ညံ့လှ၏။

## ကုသိုလ်ကံ

သူသည် ဖုဿဘုရားရှင် ပွင့်တော်မူစဉ်အခါက အကြီးအကျယ် အလှူကြီးပေး၍ ရုပ်ရည်ချောမော လှပရန် ဆုပန်ခဲ့၏။ ထိုစဉ်က အင်အားကောင်းသလောက် တက်ကြွယက်သန်နေသော လှူချင်စိတ် တွန်းပို့ပေးမှုကြောင့် ယခုဘဝ၌ သည်အလှကို သူရခြင်းဖြစ်၏။

## အကုသိုလ်ကံ

သိခီဘုရားရှင်လက်ထက်တော်အခါ၌ ဘိက္ခုနီမဖြစ်ခဲ့၏။ တတ်နိုင်သမျှ တရားကျင့်ခဲ့၏။ သို့သော် ခရီးတော့ မရောက်ခဲ့ပေ။ တစ်နေ့ စေတီတော်တစ်ဆူကို ဖူးမြော်ရင်း စေတီကို လယ်ယာရစ်လှည့်ပတ်နေရာမှ ဘုရားရှင်ပြင်တော်ပေါ်တွင် တံတွေးကွက်တစ်ကွက်ကို သူတွေ့ရ၏။ ရှေ့ကသွားကြသော ဘိက္ခုနီတစ်သိုက်ထဲမှ တစ်ယောက်ယောက် ထွေးသွားကြောင်း သူသိ၏။ အမှန်တော့ တံတွေးထွေးသွားသော ဘိက္ခုနီမှာ ရင်ပြင်တော်လွတ်ရာသို့ သွား၍ထွေးခြင်းဖြစ်သော်လည်း ရေးကြီးသုတ်ပျာဖြစ်၍ ရင်ပြင်တော်ပေါ် ကျမှန်းမသိ ကျသွားခြင်းဖြစ်၏။

အမ္ဗပါလီအလောင်း ဘိက္ခုနီသည် တံတွေးကွက်ကို တွေ့လျှင် "ဟင်း ဘယ်က ပြည့်တန်ဆာမများ ရင်ပြင်တော်ပေါ် ထွေးသွားပါလိမ့်၊ အကျင့်ယုတ်မတွေ၊ သာသနာဖျက်မတွေ" ဟု ကြမ်းကြမ်းတမ်းတမ်း ဆဲလိုက်၏။ ဘုရားသမီးတော်ဖြစ်သော ဘိက္ခုနီမတစ်ပါး မဆိုထားနှင့်တော့။ သာမန်အဆင့်အတန်းရှိသော လူ့ဝတ်ကြောင်မိန်းမတစ်ယောက်ပင် နှုတ်မှ မထွက်ဝံ့သောစကား၊ မထွက်သင့်သောစကားကို သူ့နှုတ်မှ ကြမ်းတမ်းစွာ ထွက်လိုက်၏။

## ဆိုးကျိုး

ဤဖရုသဝါစာ ဒုစရိုက်ကြောင့် သူသည် ဘဝများစွာ ပြည့်တန်ဆာချည်း ဆက်ကာ ဆက်ကာ ဖြစ်ခဲ့ရ၏။ ဤအမ္ဗပါလီဘဝတွင်လည်း အခြေအနေက တွန်းပို့သဖြင့် စိတ်မပါဘဲလျက် ယုတ်ညံ့သော ပြည့်တန်ဆာအလုပ်ကို လုပ်နေရ၏။

သို့သော်လည်း မြတ်စွာဘုရား တည်းဟူသော အမိုကောင်း ကလျာဏမိတ္တကို ရ၍ ဘုရားရှင်၏ ကျောင်းအမဖြစ်ရပြီးလျှင် အရွယ်ထောက်လာသည့်အခါ သာသနာ့ဘောင်ဝင်ကာ တရားအားထုတ်သဖြင့် ရဟန္တာဖြစ်သွား၏။

ဝစီဘေဒ ထိတိုင်းရှလှပါတကား။

ချမ်းမြေ့ဆရာတော်

အခြေပြုး ဗုဒ္ဓဘာသာ (၁၅၆ – ၁၆၂

# သမ္ဗပ္ပလာပဝါစာ အပြစ်ပြဝတ္ထု

## ဂါမဏိရွာသူကြီး

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းသီတင်းသုံးတော်မူစဉ် တာလပုဋ အမည်ရှိသော ဂါမဏိရွာသူကြီးသည် ရှင်တော်ဘုရားအား ဤသို့ လျှောက်ထားလေ၏။ "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား– အကျွန်ုပ်၏ မိဘဘိုးဘွားတို့သည် ကချေသည်တို့အဖြစ်၌ တည်ကြကုန်၍ သဘင်၏အလယ်၌ မမှန်သောအမူအရာ ချွတ်ယွင်းသော အမူအရာတို့ဖြင့် သဘင်ရှုသူ လူအပေါင်းတို့ကို ရွှင်မြူးဝမ်းမြောက်လျက် နှစ်သက်မွေ့လျော်ပျော်ပါးစေ၏။ ထိုကချေသည် အပေါင်းတို့သည် ထိုအမူကြောင့် ပဟာသမည်သော နတ်ရွာစံရကြောင်းကို ကချေသည်ဆရာကြီးတို့ အဆက်ဆက်မှ ကြားဖူးရပါသည်။ ထိုအကြောင်းကို မှန်မမှန်" ရှင်တော်ဘုရားအား လျှောက်ထားလေ၏။

ထိုအခါ ရှင်တော်ဘုရားသည် အနက်ဒြဗ်ကင်း သိမ်ဖျင်းသော သမ္ဖပ္ပလာပစကားမျိုးဖြစ်၍ "တာလပုဋရွာသူကြီး သင်သည် ဤစကားကို ငါဘုရားအား မလျှောက်ထား မမေးမြန်းလေလင့်" ဟု သုံးကြိမ်တိုင် ပယ်လေ၏။ ဤသို့ ပယ်သော်လည်း တာလပုဋ ရွာသူကြီးသည် သုံးကြိမ်တိုင်တိုင် ထပ်၍ လျှောက်ထားမေးမြန်းပြန်၏။ ထိုအခါ ရှင်တော်ဘုရားသည်

"တာလပုဋရွာသူကြီး သင့်ကို မမေးမြန်း မလျှောက်ထားလေလင့်" ဟု သုံးကြိမ်တိုင်တိုင် ပယ်လျက် တားမြစ်သော်လည်း သုံးကြိမ်တိုင်တိုင် ထပ်မံ၍ လျှောက်ထားရကား သင့်အား ငါဘုရား ဖြေကြားအံ့၊ နားစိုက်စိုက်ထောင်။ ချစ်သား ဂါမဏိ သဘင်သည်နှင့် ကြည့်ရှုသော သူတို့သည် နတ်ရွာသို့ စံရကြောင်း မဟုတ်။ စင်စစ်သော်ကား မဟာအဝီစိ ငရဲကြီး၏ တစ်စိတ်၌တည်သော "ပဟာသ" အမည်ရှိသော ငရဲ၌ သဘင်သည်တို့သည် က,သောအသွင်၊ ဆိုသောအသွင်၊ တီးသောအသွင်ဖြင့် ခံကြရကုန်၏။ ကြည့်ရှုသောသူတို့သည် ကြည့်ရှုသောအသွင်၊ ရယ်မြူးသောအသွင်၊ ပျော်ရွှင်သောအသွင် စသောအားဖြင့် ခံကြရကုန်၏" ဟု ဟောတော်မူ၏။

*သုဓနုပါရဂူကျမ်း (နှာ ၆၃)*

# ဆုတောင်းလို့ တောင်းပန်လို့ မရနိုင်

မြတ်စွာဘုရားသည် နာလန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် တစ်ချိန်တွင် အသိဗန္ဓကၡ၏သား ရွာသူကြီးက ပစ္စုန္တရစ်မှာနေသော ပုဏ္ဏားများသည် လူသေလျှင် သေသူကို နတ်ပြည်သို့ တင်ပေးကြကြောင်း လျှောက်ထားပြီးနောက် "မြတ်စွာဘုရားလည်း ထိုကဲ့သို့ ပြုလုပ်ပေးနိုင်ပါသလား"ဟု ဆက်လက်၍ မေးမြန်းလျှောက်ထား၏။

မြတ်စွာဘုရားက "ရွာသူကြီး သင် သဘောပေါက်သလို ဖြေပါ" ဟု မိန့်ကြားပြီးနောက် သူကြီးကို မေးခွန်းထုတ်တော်မူ၏။ "သူကြီး ကျောက်ဖျာကို ရေထဲချလိုက်ပြီး ဒီကျောက်ဖျာကြီး ရေပေါ်မှာ

ပေါလောပေါ်နေပါစေလို့ ကြီးမားလှတဲ့ လူထုကြီးက ဝိုင်းဝန်းဆုတောင်းတောင်းပန်ရင် အဲဒီကျောက်ဖျာကြီး ရေပေါ်ပေါ်ပါမည်လား။"

"မပေါ်နိုင်ပါဘုရား"

"အဲဒီ ဥပမာအတိုင်းပဲ သူကြီး၊ ဒုစရိုက်အမှု ပြုတဲ့သူကို ဒီလူသေရင် နတ်ပြည်ရောက်ပါစေလို့ လူတွေက ဝိုင်းဝန်းပြီး ဘယ်လိုပင် ဆုတောင်း၊ ဘယ်လိုပင် တောင်းပန်သော်လည်း အဲဒီသူဟာ နတ်ပြည် မရောက်နိုင်ဘူး။ အပါယ်ပဲ ကျမှာပဲ"

"နောက်တစ်ခု မေးဦးမည်။ သင် သဘောပေါက်သလို ဖြေပါ သူကြီး။ ထောပတ်အိုးကိုဖြစ်စေ၊ ဆီအိုးကိုဖြစ်စေ၊ ရေနက်ကြီးထဲ နှစ်ခွဲလိုက်ပြီး ရေပေါ်ပေါ်လာတဲ့ ထောပတ်တွေ ဆီတွေကို 'ရေထဲမြုပ်ကြပါ၊ မပေါ်ကြပါနဲ့'လို့ လူတွေက ဝိုင်းဝန်းဆုတောင်းကြ တောင်းပန်ကြရင် အဲဒီထောပတ်တွေ ဆီတွေ ရေထဲ မြုပ်ပါမည်လား"

"မမြုပ်ပါဘုရား"

"အဲဒီ ဥပမာအတိုင်းပဲ သူကြီး၊ သုစရိုက်အမှု ပြုတဲ့လူကို 'ဒီလူသေရင် အပါယ်ကျပါစေ'လို့ လူတွေက ဝိုင်းဝန်းပြီး ဘယ်လိုပင် ဆုတောင်း၊ ဘယ်လိုပင် တောင်းပန်သော်လည်း ဒီလူဟာ အပါယ် မကျနိုင်ဘူး။ နတ်ပြည်ကိုပဲရောက်မှာပဲ"

မြတ်စွာဘုရား၏ ဥပမာဖြင့် ရှင်းပြချက်ကို ရွာသူကြီး လွန်စွာ နှစ်သက်သွားသဖြင့် ဥပါသကာ အဖြစ် ခံယူလိုက်၏။

*(သံ ၂၊ ၄၉၈)*

မည်သည့်အရာကိုမျှ ဆုတောင်းရုံ တောင်းပန်ရုံမျှဖြင့် မရနိုင်။ ကိုယ်တိုင်အားထုတ်၍ ပြုလုပ်မှသာလျှင် ရနိုင်ကြောင်း ဖော်ပြသော တရားတော်ဖြစ်၏။

ချမ်းမြေ့ဆရာတော်

အခြေပျိုး ဗုဒ္ဓဘာသာ (၁၆၃–၁၆၄)

# ဓမ္မပါလဇာတ်တော်လင်္ကာ

(ဓမ္မပါလအမျိုး၌ လူတွေ ငယ်ငယ်ရွယ်ရွယ်တွင် မသေကြခြင်းအကြောင်းကို ပါမောက္ခကြီးကမေး၍ ဓမ္မပါလဗြဟ္မဏကြီးက ဖြေကြားပုံ)

မေး။ ။ သင်တို့မျိုးဆွေ၊ ငယ်သူတွေ၊ မသေ ဘာကြောင့်နည်း။
ဘယ်တရားနှင့်၊ ဘယ်အကျင့်၊ ကျင့်ကြလို့ပါနည်း။
ဘယ်အကျင့်ကို၊ ကျင့်တယ်ဆို၊ ဒီလို အကျိုးရသနည်း။
အို ဗြဟ္မဏ၊ သိလိုလှ၊ ပြောပြစေချင်သည်။

ဖြေ။ ။ ဒို့မျိုးဆွေများ၊ ကျင့်တရား၊ နာကြားလေတော့ ပြောပါမည်။
သုစရိုက်တရား၊ ကျင့်ကြိုးစား၊ မှသား ရှောင်ကြသည်။
သုတော်မကြိုက်၊ ဒုစရိုက်၊ ဆွေလိုက်မျိုးလိုက် ရှောင်ကြဉ်သည်။
ငရဲလားစေ၊ အလုပ်တွေ၊ ဒို့ဆွေ ရှောင်ကြဉ်သည်။
သူယုတ်သူတော်၊ ဟောပြောသော်၊ လျော်အောင်နာကြသည်။
သူယုတ်ဓမ္မ၊ စွန့်ပယ်ချ၊ သန္တတရား ပွားများသည်။
သူယုတ်နွာရှဲ၊ သူတော်တွဲ၊ အမြဲဆည်းကပ်သည်။
ရဟန်းပုဏ္ဏား၊ စသည်အား၊ ဆွမ်းများလှူပါသည်။
မလှူခင် လှူဆဲ၊ လှူပြီးလည်း၊ လှိုက်လှဲဝမ်းသာသည်။
ထို့ကြောင့် ဒို့ဆွေ၊ ငယ်သူတွေ၊ မသေ ဘေးကင်းသည်။
သတ်တာခိုးတာ၊ သေသောက်တာ၊ ဝေးစွာ ရှောင်ကြဉ်သည်။
ဇနီးမောင်နှံ၊ ကျင့်ဖောက်ပြန်၊ အမှန် ကင်းရှင်းသည်။
သီလစင်ဖြူ၊ မြတ်အိမ်သူ၊ ဖွားမူ သားက လိမ္မာသည်။
ပညာသုတ၊ စွယ်စုံရ၊ ဝေဒကျွမ်းကျင်သည်။
တစ်မိသားလုံး၊ သုကျင့်သုံး၊ သက်ဆုံး ဒုရှောင်သည်။
တစ်ဆွေမျိုးလုံး၊ သုကျင့်သုံး၊ သက်ဆုံး ဒုရှောင်သည်။
ခြွေရံတွေလည်း၊ ဒုရှောင်လွှဲ၊ သုပဲ ကျင့်သုံးသည်။
တမလွန်လည်း၊ ကောင်းဖို့ပဲ၊ စိတ်ထဲရည်စူးသည်။
ထို့ကြောင့်တို့ဆွေ၊ ငယ်သူတွေ၊ မသေဘေးကင်းသည်။
ထီးကစောင့်ရှောက်၊ မိုးရေပေါက်၊ မရောက်ပမာညီ၊
တရားကျင့်မှ၊ တရားက၊ မုချ စောင့်ရှောက်သည်။
ကောင်းစွာကျင့်ရာ၊ တရားမှာ၊ ချမ်းသာဆောင်ပေသည်။
တရားပယ်ချ၊ တရားက၊ မုချ မစောင့်ပြီ။
တရားကင်းကွာ၊ လူမိုက်မှာ၊ ချမ်းသာဝေးလေသည်။

(၈၄-၇ ၅၃-၅)

ချမ်းမြေ့ဆရာတော်

# သုဓမ္မာနတ်သဘင်၌ လူ့ပြည်မှ ကုသိုလ်ရှင်စာရင်း ဖတ်ကြားပုံ

တာဝတိံသာနတ်ပြည်၊ သုဓမ္မာရတနာပြာသာဒ်ကြီး၌ တစ်လလျှင် ရှစ်ကြိမ် တရားပွဲကျင်းပသည်။ လဆန်းလဆုတ် ငါးရက်၊ ရှစ်ရက်၊ တစ်ဆယ့်လေးရက်၊ တစ်ဆယ့်ငါးရက်၊ ပေါင်းရှစ်ရက်ဖြစ်သည်။

ထိုတရားပွဲကြီး၌ –

၁။ သနင်္ကုမာရဗြဟ္မာမင်း

၂။ သိကြားမင်း

၃။ ဓမ္မကထိကနတ်သား တစ်ယောက်ယောက် တရားဟောကြားလေသည်။

၄။ ဓမ္မကထိကရဟန်းတော် တစ်ပါးပါး ဟောကြားလေသည်။

ထိုနတ်သဘင်တရားပွဲ၌ လူ့ပြည်မှ ကုသိုလ်ရှင်စာရင်းကိုလည်း ဖတ်ကြားသေးသည်။

ကုသိုလ်ရှင်စာရင်းကို –

၁။ လဆန်း၊ လဆုတ်ရှစ်ရက်နေ့၌ စတုလောကပါလနတ်မင်းကြီး၏ အမတ်များက လူ့ပြည်ဆင်း၍ စာရင်းကောက်ကြသည်။

၂။ လဆန်း၊ လဆုတ် တစ်ဆယ့်လေးရက်နေ့၌ နတ်မင်းကြီးတို့၏ သားတော်တို့သည် စာရင်း ကောက်ကြသည်။

၃။ လဆန်း၊ လဆုတ် တစ်ဆယ့်ငါးရက်နေ့၌ စတုလောကပါလ နတ်မင်းကြီးလေးပါးတို့ကိုယ်တိုင် စာရင်းကောက်ကြသည်။

စာရင်းရွှေပုရပိုက်ကြီးကိုလည်းကောင်း၊ ဆေးဒန်းမြင်းသိလာမင်တံကိုလည်းကောင်း ယူဆောင်၍ စာရင်းရေးမှတ်ကြောင်းဆိုသည်။

နတ်တို့သည် အလွန်တန်ခိုးကြီးသောကြောင့် မျက်လုံးတစ်ချက် ဝင့်ကြည့်ရုံဖြင့် ကုသိုလ်ရှင်ပေါင်း ရာထောင်များစွာကိုမြင်၍ တန်ခိုးဖြင့် ရွှေပုရပိုက်ပေါ် အက္ခရာတို့ကို လျင်မြန်စွာတင်နိုင်ကြောင်း ခန့်မှန်း မှတ်သားရာ၏။

၁။ မောင်၊ မိ၊ မည်သူသည် သရဏဂုံဆောက်တည်၏။

၂။ ငါးပါးသီလစောင့်၏။

၃။ ဘစ်လ ဥပုသ် ရှစ်ရက် ဥပုသ်စောင့်၏။

၄။ အမိ၊ အဖကို လုပ်ကျွေး၏။

၅။ ဤမြည်သော ဘုရားပုထိုးစေတီပင်၌ ပန်းပူဇော်၏။

၆။ ဆီမီးတစ်ထောင် ပူဇော်၏။

၇။ အခါမဲ့တရားပွဲ ကျင်းပလှူဒါန်း၏။

၈။ စေတီဘော်ထီး အောက်ဝရန်တာ၊ စေတီတော်ပတ်ပတ်လည် ဝရန်တာ၊ စေတီတော်အလယ်ဝမ်း၌ ဝရန်တာကိုပြုလုပ်လှူဒါန်း၏။

၉။ ခြသေ့်ရုပ် ထိုင်ခုံကိုပြု၏။

၁၀။ ခြသေ့်ရုပ်ပါသော စောင်းတန်းကို ပြုလုပ်၏။

၁၁။ ကာယ၊ ဝစီ၊ မနော၊ သုစရိုက်သုံးပါးကို ပြုကျင့်၏။

၁၂။ ပုညကိရိယာဝတ္ထု ကုသိုလ် (၁၀) ပါးကို ပြုကျင့်၏ဟု ကုသိုလ်ရှင်စာရင်းကို (၁၂) ချက်မာတိကာ ဖြင့် ရေးမှတ်ကြောင်းဆိုသည်။

ထိုရွှေပုရပိုက် ပဥ္စသီခနတ်သားအား ပေး၏။ ၎င်းမှ မာတလိနတ်သားအားပေး၏။ ထိုမှ သိကြားမင်းအား ပေးဆက်၏။ ရွှေပုရပိုက်စာရင်းပါးလျှင် နတ်အပေါင်းက ဝမ်းနည်းကြ၏။ ထူလျှင် ဝမ်းသာကြ၏။ သိကြားမင်းသည် ရွှေပုရပိုက်ကိုဖွင့်၍ ကုသိုလ်ရှင်စာရင်းကို ဖတ်ကြားသည်။ သိကြားမင်း၏ အသံကား သံမှန်ရှိုးရှိုးဖြစ်က (၁၂) ယူဇနာ အသံပြန့်နှံ့၏။ အသံမြင့်ပါက ယူဇနာတစ်သောင်း လွှမ်းမိုးသောဟူ၏။ ထိုအကြောင်းနှင့်ပတ်သက်၍ ကျောက်ကာရွှေဂူနီဘုရား ဆွမ်းတော်ကြီးဝတ်အသင်းမှ ဆွမ်းတော်ကြီးသီချင်းကို ဤသို့ စပ်ဆို၏။

(သီချင်း၌ ပတ္တမြားကညစ် ရွှေပေလွှာဟု ခန့်ညားအောင် ရေးစပ်ထားသည်။)

*တာဝတိံမာဃိန်သိကြားက ပတ္တမြားကညစ်နဲ့ ရွှေပေလွှာ၊ ကုသိုလ်ရှင်အမည်သွင်းလို့ စာရင်းတင်တဲ့ အခါ၊ ဒါနကို ပြုတော်မူကြပါ၊ သီလကို မြဲတော်မူကြပါ၊ ဘာဝနာကမ္မဋ္ဌာန်းကိုတော့ စီးဖြန်းဖို့ နေ့စဉ် အမြဲသာ။ ရွှေဂူနီဝတ်တော်အသင်းက နှိုးဆော်ခြင်းပြုလိုက်ပါတယ်ခင်ဗျာ ...*

(ဒီ ၂၊ ၄ ၂၄၃/၄)

ဘဒ္ဒန္တကုဏ္ဍလ

မဟာသုတဒီပနီ

နှာ ၁၅၈ – ၁၆၀

# မေတ္တာပို့

၁။ ယခုရောက်လာ၊ တို့သူငါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၂။ ရှင်လူများစွာ၊ တို့သူငါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊

၃။ ဂုဏ်တော်အနန္တ၊ မြတ်ဆရာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၄။ မိဘနှစ်ဖြာ၊ ဂုဏ်နန္တ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၅။ တို့ကျောင်းတွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၆။ တို့မြို့တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၇။ တို့နယ်တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၈။ ရဟန်းသံဃာ၊ အားလုံးမှာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၉။ ပစ္စည်းလေးဖြာ၊ ဒါယကာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၁၀။ မင်းစိုးရာဇာ၊ နယ်တကာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၁၁။ ခိုးတိုက်လိမ်ညာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၁၂။ တို့စကြဝဠာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၁၃။ အနန္တစကြဝဠာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၁၄။ အပါယ်လေးရွာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၁၅။ လူနတ်ဗြဟ္မာ၊ အားလုံးမှာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၁၆။ သုံးဆယ့်တစ်ဘုံ၊ အလုံးစုံ၊ အကုန်ချမ်းသာကြပါစေ။

မဟာစည်ဆရာတော်ဘုရားကြီး

# ဗြဟ္မဝိဟာရ = ဗြဟ္မစိုရ်တရား လေးပါး

**မေတ္တာ** = သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားသောစိတ်။

**ကရုဏာ** = ဆင်းရဲသောသတ္တဝါကို သနားကြင်နာခြင်း။

**မုဒိတာ** = သူတစ်ပါး ကြီးပွားချမ်းသာသည်ကို ဝမ်းသာခြင်း။

**ဥပေက္ခာ** = မိမိကံအလျောက် ဖြစ်ကြရတာပဲဟု အလယ်အလတ် သဘောထားခြင်း။

# ၎င်းလေးပါး ပို့ပွားပုံ

| | | |
|---|---|---|
| သဗ္ဗေသတ္တာ | = | သတ္တဝါမှန်သမျှ |
| အဝေရာဟောန္တု | = | ဘေးရန်ကင်းကြပါစေ။ |
| အဗျာပဇ္ဈာဟောန္တု | = | စိတ်ဆင်းရဲကင်းကြပါစေ။ |
| အနီဃာဟောန္တု | = | ကိုယ်ဆင်းရဲကင်းကြပါစေ။ |
| သုခီ အတ္တာနံ ပရိဟရန္တု | = | မိမိကိုယ်ကို ချမ်းသာစွာဆောင်နိုင်ကြပါစေ။ (မေတ္တာပို့) |
| ဒုက္ခာမုစ္စန္တု | = | ဆင်းရဲခြင်းက လွတ်ကင်းကြပါစေ။ (ကရုဏာပို့) |
| ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု | = | ရပြီးသား စည်းစိမ်ချမ်းသာမှ မကင်းကွာ မယုတ်လျော့ကြပါစေနှင့်။ (မုဒိတာပို့) |
| ကမ္မဿကာ | = | မိမိ၏ ကောင်းမှု မကောင်းမှုသည်သာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။ (ဥပေက္ခာပွား) |

# မေတ္တာသာရဏီယတရား

## ကာယကံမေတ္တာ

မေတ္တာနှင့်ယှဉ်၊ ပြုမူလျှင်၊ အစဉ်အောက်မေ့ဖွယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တစ်သွေးတည်း၊ ညီလည်းညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်ငြိမ်းချမ်းတယ်။

## ဝစီကံမေတ္တာ

မေတ္တာနှင့်ယှဉ်၊ ပြောဆိုလျှင်၊ အစဉ်အောက်မေ့ဖွယ်။
ချိုသာစကား၊ ကျိုးလိုလား၊ ကြားရချမ်းသာတယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တစ်သွေးတည်း၊ ညီလည်းညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်ငြိမ်းချမ်းတယ်။

## မနောကံမေတ္တာ

မေတ္တာနှင့်ယှဉ်၊ စိတ်ထားလျှင်၊ အစဉ်အောက်မေ့ဖွယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရိုသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တစ်သွေးတည်း၊ ညီလည်းညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်ငြိမ်းချမ်းတယ်။

ချမ်းမြေ့ဆရာတော်

## ပုညကြိယာဝတ္ထု ဆယ်ပါး

ပုည = ကောင်းမှု + ကြိယာ = ပြုထိုက်သော + ဝတ္ထု = စီးပွားချမ်းသာတည်ရာ၊ ယခုဘဝ၌ **စိတ်ကောင်း** ခြင်း၏တည်ရာ၊ နောင်သံသရာ၌ စီးပွားချမ်းသာ၏ တည်ရာအကြောင်းဖြစ်၍ စင်စစ်ပြုထိုက်သော **ကောင်းမှု** များကို "ပုညကြိယာဝတ္ထု" ဟု ခေါ်၏။

(ထိုကောင်းမှုများ၏ အဓိပ္ပာယ်ကို ဆရာက ကလေးများ နားလည်ရုံ နည်းနည်းစီပြောပေးပါ။)

ထိုကောင်းမှုဆယ်ပါးကား

၁။ **ဒါန** = စွန့်ကြဲပေးကမ်းလှူဒါန်းမှု
၂။ **သီလ** = ဆိုင်ရာသီလများကို စောင့်ထိန်းမှု
၃။ **ဘာဝနာ** = ဘုရားဂုဏ်တော်စသည်ကို အာရုံပြုနေမှု (ကမ္မဋ္ဌာန်း အားထုတ်မှု)
၄။ **အပစာယန** = ရိုသေထိုက်သူကို ရိုသေမှု
၅။ **ဝေယျာဝစ္စ** = သူတစ်ပါး၏ ကုသိုလ်ကိစ္စ၌ ကူညီမှု
၆။ **ပတ္တိဒါန** = မိမိကုသိုလ်အဖို့ကို အမျှပေးဝေမှု
၇။ **ပတ္တာနုမောဒန** = သူတစ်ပါးက အမျှဝေလျှင် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု
၈။ **ဓမ္မဿဝန** = တရားစကားကို နားထောင်မှု
၉။ **ဓမ္မဒေသနာ** = ပစ္စည်းလာဘ် မငဲ့ဘဲ တရားဟောမှု
၁၀။ **ဒိဋ္ဌိဇုကမ္မ** = အယူကို ဖြောင့်မှန်စွာယူမှု (ကံ ကံ၏အကျိုးကို ယုံကြည်မှု)

# ဆောင်ပုဒ်

*၁။ ဒါန သီလာ၊ ဘာဝနာနှင့်၊ အပစာယနာ၊ ရှိသေစွာ၊ ဝေယျာဝစ္စဖြင့်။*

*၂။ ပတ္တိဒါန အမျှပေးဝေ ခေါ်လေသာစု ပတ္တာနုမော ဟောလေသမျှ နာယူက ဓမ္မဿဝနနှင့်။*

*၃။ ကိုယ်တိုင်ဟောပြ ဓမ္မဒေသနာ ဖြောင့်စွာယူမှု ဒိဋ္ဌိဇုကမ် ဤဆယ်တန် မှတ်ရန် အဆင့်ဆင့်*

*(ဗုဒ္ဓဘာသာ သင်ခန်းစာ ၆၁–၆၆*

တရားစစ်မှန် ကျင့်ကြံကြမှ
ချမ်းသာသုခ ရနိုင်သည်။
တရားတုတွေ ကျင့်နေကြလို့
ဗုဒ္ဓဝါဒ ပြယ်ရသည်။
ယခုမြန်မြန် အမှန်လမ်းသို့
တစ်ဖန်လှမ်းဖို့ ချိန်တော်ပြီ။
သို့မှ တိုင်းပြည်ဘာသာရေးကြောင့်
သာယာအေးဆေး ရှိလိမ့်မည်။

အရှင်ဇနကာဘိဝံသ

# သာသနာ့ယဉ်ကျေးမှု ကျင့်ဝတ်

မေး ။ ။ ဘုရားသံဃာ၊ ဆရာသမား၊ ထံတော်ပါး၊ ခစားဘယ်သို့ ဝင်မည်နည်း။

ဖြေ ။ ။ လက်ကန်တော့ထိုး၊ လက်အုပ်မိုး၊ ညွှတ်လျှိုးဝင်ပါမည်။

မေး ။ ။ ဝတ်ချခဲ့သော်၊ တည်ငါးဖော်၊ ညီလျော်ဘယ်သို့ ချမည်နည်း။

ဖြေ ။ ။ နဖူး၊ ဒူး၊ လက်၊ မြေထက်ကျငြား၊ တည်ခြင်းငါး၊ ဝပ်တွားချပါမည်။

မေး ။ ။ အဘယ်တရား၊ ကိုယ်တွင်းထား၊ ခစားရမည်နည်း။

ဖြေ ။ ။ ဂါရဝ၊ မေတ္တာ၊ သဒ္ဓါ၊ ဆန္ဒ၊ ဓမ္မကရုဏာ၊ ငါးဖြာတရား၊ ကိုယ်တွင်းထား၊ ခစားရပါမည်

မေး ။ ။ ဘုရားသံဃာ၊ ရှေ့တော်မှာ ကောင်းစွာ ဘယ်သို့နေမည်နည်း။

ဖြေ ။ ။ မျက်လွှာချလျက်၊ လက်အုပ်ယှက်၊ နှစ်ဖက်ဒူးပေါ်ထားပါမည်။

မေး ။ ။ လျှောက်ထားလေဖွယ်၊ သွယ်သွယ်စကား၊ နောက်ဆွယ်ဖျား၊ စကားဘယ်သို့ ထည့်မည်နည်း

ဖြေ ။ ။ လျှောက်ထားလေဖွယ်၊ သွယ်သွယ်စကား၊ နောက်ဆွယ်ဖျား၊ "ပါဘုရား"ကို ထည့်ပါမည်

မေး ။ ။ ဘယ်သူဘယ်ဝါ မေးသောခါ ကောင်းစွာ ဘယ်သို့လျှောက်မည်နည်း။

ဖြေ ။ ။ **ဘုရားတပည့်တော်၊ နာမည်ဖော်၍၊ နောက်သော် "ပါဘုရား" ထည့်ဆက်ပြော၊** ပြန်ကြား လျှောက်ပါမည်။

မေး ။ ။ ရှိသေနည်းပါး၊ ကိုယ်တော်စား၊ စကားဘယ်သို့ သုံးမည်နည်း။

ဖြေ ။ ။ ဦးပဥ္စင်း၊ ကိုရင်၊ အရှင်၊ ဘုန်းကြီး၊ တစ်သီးဆရာတော်၊ ဤငါးဖော်၏၊ နောက်သော် ပါဘုရား၊ ထည့်ဆက်ပြော၊ လျှောက်ထားခေါ်ဆိုရပါမည်။

မေး ။ ။ စားဖွယ်သုံးရာ၊ အဖြာဖြာ၊ ကောင်းစွာ ဘယ်သို့ကပ်မည်နည်း။

ဖြေ ။ ။ နှစ်တောင့်ထွာတွင်း၊ ဝဲဘက်ချဉ်းလျက်၊ ဒူးစုံယှက်၊ နှစ်ဘက်ကပ်ပါမည်။

မေး ။ ။ ထိုထိုအရာ၊ ပေးသောခါ၊ ကောင်းစွာ ဘယ်သို့ယူမည်နည်း။

ဖြေ ။ ။ ကိုယ်ကိုညွတ်လျက်၊ လက်အုပ်ယှက်၊ နှစ်ဖက်ပသူပါမည်။

မေး ။ ။ ဆရာသမား၊ ခွင့်လွှတ်ပြော၊ ထသွားဘယ်သို့ ပြုမည်နည်း။

ဖြေ ။ ။ တည်ခြင်းငါးဖြာ၊ ညီညာဝပ်ချ၊ နောက်ဆုတ်ထ၊ တုပ်ကွ လက်အုပ်ချီပါမည်။

မေး ။ ။ မိမိနေရာ၊ ထေရ်သံဃာ၊ ကြွလာ မည်သို့ပြုမည်နည်း။

ဖြေ ။ ။ ရှေးရှုထလျက်၊ လက်အုပ်ချီကာ၊ နေရာခင်းပေး၊ အကြောင်းမေး၊ မြတ်လေးရှိသေ ပြုပါမည်။

မေး ။ ။ ရဟန်းသံဃာ၊ တွေ့သောခါ၊ ဦးစွာဘယ်သို့ လျှောက်မည်နည်း။

ဖြေ ။ ။ လိုရာမိန့်ရန်၊ ဆုံးမရန်၊ ဖိတ်မန်လျှောက်ပါမည်။

မေး ။ ။ ပစ္စည်းဒကာ၊ ဖိတ်သောခါ၊ ကောင်းစွာ ဘယ်သို့လျှောက်မည်နည်း။

ဖြေ ။ ။ လောကီလောကုတ္တရာ၊ ဆုံးမပါ၊ လိုရာမိန့်ဖို့ လျှောက်ပါမည်။

မေး ။ ။ လမ်းသွားလမ်းလာ၊ ထေရ်သံဃာ၊ တွေ့ခါဘယ်သို့ လျှောက်မည်နည်း။

ဖြေ ။ ။ ခွင့်သာလျှင်ထိုင်၊ မထိုင်သာလျှင် လက်အုပ်မိုး၊ ရှိခိုးလမ်းဖယ်ပေးပါမည်။

မေး ။ ။ မိခင် ဖခင်၊ ကျေးဇူးရှင်၊ ထွက်ဝင်မည်သို့၊ ပြုမည်နည်း။

ဖြေ ။ ။ ဘုရားအသွင်၊ ရှိဦးတင်၊ ထွက်ဝင်ပြုပါမည်။

မေး ။ ။ လူကြီးမိဘ၊ တွေ့ဆုံက၊ တုပ်ကွ ဘယ်သို့ပြုမည်နည်း။

ဖြေ ။ ။ ရှိသေလေးစား၊ ကိုယ်ညွတ်သွား၊ ရှောင်ရှားပေးပါမည်။

မေး ။ ။ အိပ်ရာဝင်လျှင်၊ မအိပ်ခင်၊ နေ့စဉ် ဘယ်သို့ပြုမည်နည်း။

ဖြေ ။ ။ ဘုရားသံဃာ၊ ဆရာမိဘ၊ ရှိဦးချ၊ သီလယူပါမည်။

*ဝိသုဒ္ဓါရုံ ဂုဏ်တော်ဖွင့်*

အပိုင်း (၂)

**စာရိတ္တကောင်းမွန်ရေးကဏ္ဍ ပြီး၏။**

# အပိုင်း (၃)

# ကြီးပွားချမ်းသာရေး ကဏ္ဍ

## မင်္ဂလသုတ် ပါဠိနှင့် မြန်မာပြန်

### မင်္ဂလာအမွှမ်း

ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ၊
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စမင်္ဂလံ။

နတ်နှင့်တကွသော လူတို့သည် ဆယ့်နှစ်နှစ်တိုင်အောင် ကြံစည်တွေးတောပါသော်လည်း မင်္ဂလာတရား၏အဓိပ္ပာယ်ကို မသိနိုင်ကြကုန်။ မင်္ဂလာတရားသည် အရေအတွက် (၃၈) ပါးရှိ၏။ မင်္ဂလာတရားသည် ကြီးပွားခြင်း၏ အကြောင်းဖြစ်၏။

ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ၊
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမဟေ။

နတ်တကာတို့ထက်မြတ်သော ဝိသုဒ္ဓိနတ် ဘုရားမြတ်သည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားအလို့ငှာ မင်္ဂလာတရားကို ဟောတော်မူခဲ့ပါသည်။ မကောင်းမှုအားလုံးကို ပယ်ပျောက်တတ်သောကြောင့် မင်္ဂလာဟုခေါ်ပါသည်။ အို သူတော်ကောင်းတို့ ထိုမင်္ဂလာတရားကို ကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

### မင်္ဂလာနိဒါန်း

**ဧဝံ မေသုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ။ အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။**

အကျွန်ုပ်အာနန္ဒာသည် မင်္ဂလာတရားတော်ကို မြတ်စွာဘုရား၏ ရှေ့မှောက်တော်မှ ဤသို့ကြားနာမှတ်သားခဲ့ရပါသည်။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး

ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူပါသည်။ ထိုအခါ မထင်ရှားသော နတ်သားတစ်ယောက်သည် သန်းခေါင်ယံအချိန်၌ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်လာပါသည်။ ဇေတဝန် တစ်ကျောင်းလုံး နတ်သား၏ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပနေပါသည်။ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်လာသော နတ်သားသည် သင့်လျော်ရာအရပ်၌ မတ်တတ်ရပ်လျက် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးလျှင် ဂါထာဖြင့် ဤသို့ မေးလျှောက်လေသည်။

## မင်္ဂလာတရားတောင်း

ဗဟူဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလံ မုတ္တမံ။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား များစွာကုန်သော နတ်နှင့် လူတို့သည် စင်ကြယ်သော နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တကုန်၍ မင်္ဂလာတရားတော်ကို ၁၂ နှစ်ကြာမျှ ကြံစည်တွေးတောပါ သော်လည်း မသိနိုင်ကြပါကုန်။ ထိုမင်္ဂလာတရားကို ရှင်းလင်းဟောကြားပေးသနားတော်မူပါဘုရား။

## (၃၈) ဖြာ မင်္ဂလာတရားတော်

### ၁။ ပေါင်းသင်းဆက်ဆံရေး မင်္ဂလာသုံးပါး

| | | |
|---|---|---|
| ၁။ **အသေဝနာ စ ဗာလာနံ** | = | လူဆိုးလူမိုက်ကို မမှီဝဲ မပေါင်းသင်းရခြင်း |
| ၂။ **ပဏ္ဍိတာနဉ္စ သေဝနာ** | = | ပညာရှိလူလိမ္မာကို မှီဝဲပေါင်းသင်းရခြင်း |
| ၃။ **ပူဇာစ ပူဇနေယျာနံ** | = | ပူဇော်ထိုက်သော သူတို့ကို ပူဇော်ရခြင်း |
| **ဧတံမင်္ဂလမုတ္တမံ** | = | ဤသုံးပါးသည် မြတ်သောမင်္ဂလာမည်၏။ |

### ၂။ နေရေးထိုင်ရေး မင်္ဂလာသုံးပါး

| | | |
|---|---|---|
| ၄။ **ပတိရူပ ဒေသဝါသော စ** | = | သင့်လျော်သောအရပ်၌နေရခြင်း |
| ၅။ **ပုဗ္ဗေစ ကတပုညတာ** | = | ရှေး၌ပြုဖူးသော ကောင်းမှုအထူးရှိခြင်း |
| ၆။ **အတ္တသမ္မာပဏိဓိစ** | = | မိမိ၏ ကိုယ်စိတ်နှစ်ပါးကို စောင့်ထိန်းခြင်း |
| **ဧတံမင်္ဂလမုတ္တမံ** | = | ဤသုံးပါးသည် မြတ်သောမင်္ဂလာမည်၏။ |

## ၃။ သင်ကြားရေး မင်္ဂလာလေးပါး

၇။ **ဗာဟုသစ္စဉ္စ** = လောကီလောကုတ် အကြားအမြင်များခြင်း
၈။ **သိပ္ပဉ္စ** = စက်မှုလက်မှုအတတ်တို့ကို တတ်ရခြင်း
၉။ **ဝိနယောစ သုသိက္ခိတော** = လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြား နားလည်ခြင်း
၁၀။ **သုဘာသိတာစ ယာဝါစာ** = အပြောအဆို ချိုသာယဉ်ကျေးခြင်း
**ဧတံမင်္ဂလမုတ္တမံ** = ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။

## ၄။ ပြုစုရေး မင်္ဂလာသုံးပါး

၁၁။ **မာတာပိတု ဥပဋ္ဌာနံ** = မိဘနှစ်ပါးကို လုပ်ကျွေးပြုစုခြင်း
၁၂။ **ပုတ္တဒါရဿ သင်္ဂဟော** = သားမယားတို့ကို တရားနှင့်အညီ လုပ်ကျွေးခြင်း
၁၃။ **အနာကုလာစ ကမ္မန္တာ** = အနှောင့်အယှက်ကင်းသောအလုပ်ကို လုပ်ကိုင်ခြင်း
**ဧတံမင်္ဂလမုတ္တမံ** = ဤသုံးပါးသည် မြတ်သောမင်္ဂလာမည်၏။

## ၅။ လိုက်နာကျင့်သုံးရေး မင်္ဂလာလေးပါး

၁၄။ **ဒါနဉ္စ** = စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း
၁၅။ **ဓမ္မစရိယာ** = သုစရိုက်တရားကိုကျင့်ခြင်း
၁၆။ **ဉာတကာနဉ္စ သင်္ဂဟော** = ဆွေမျိုးတို့အား ထောက်ပံ့ကူညီခြင်း
၁၇။ **အနဝဇ္ဇာနိ ကမ္မာနိ** = အပြစ်ကင်းသော အမှုတို့ကိုပြုရခြင်း
**ဧတံမင်္ဂလမုတ္တမံ** = ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။

## ၆။ ရှောင်ကြဉ်ရေး မင်္ဂလာလေးပါး

၁၈။ **အာရတိ** = မကောင်းမှုမဖြစ်အောင် စိတ်ဖြင့်ရှောင်ခြင်း
၁၉။ **ဝိရတီပါပါ** = မကောင်းမှုမဖြစ်အောင် ကိုယ်နှုတ်ဖြင့် ရှောင်ခြင်း
၂၀။ **မဇ္ဇပါနာစ သံယမော** = မူးယစ်သေစာ မသောက်စားခြင်း
၂၁။ **အပ္ပမာဒေါစ ဓမ္မေသု** = ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း
**ဧတံမင်္ဂလမုတ္တမံ** = ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။

## ၇။ စိတ်ထားရေး မင်္ဂလာငါးပါး

၂၂။ **ဂါရဝေါ စ** = ရိုသေထိုက်သောသူတို့ကို ရိုသေရခြင်း
၂၃။ **နိဝါတောစ** = မိမိကိုယ်ကို နှိမ့်ချရခြင်း
၂၄။ **သန္တုဋ္ဌိစ** = ရောင့်ရဲလွယ်ခြင်း (လောဘအပို အလိုမလိုက်ခြင်း)
၂၅။ **ကတညုတာ** = သူတစ်ပါးကျေးဇူးကိုသိခြင်း
၂၆။ **ကာလေန ဓမ္မဿဝနံ** = သင့်လျော်သောအခါ တရားနာခြင်း
**ဧတံမင်္ဂလမုတ္တမံ** = ဤငါးပါးသည် မြတ်သောမင်္ဂလာမည်၏။

## ၈။ သည်းခံရေး မင်္ဂလာလေးပါး

၂၇။ **ခန္တီ စ** = သည်းခံရခြင်း
၂၈။ **သောဝစဿတာ** = ဆုံးမလွယ်ရခြင်း
၂၉။ **သမဏာနဉ္စဒဿနံ** = ရဟန်းသံဃာတို့အား ဖူးမြော်ရခြင်း
၃၀။ **ကာလေန ဓမ္မသာကစ္ဆာ** = သင့်လျော်သောအခါ တရားဆွေးနွေးခြင်း
**ဧတံမင်္ဂလမုတ္တမံ** = ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။

## ၉။ ခြိုးခြံရေး မင်္ဂလာလေးပါး

၃၁။ **တပေါ စ** = ခြိုးခြံချွေတာခြင်း
၃၂။ **ဗြဟ္မစရိယဉ္စ** = မြတ်သောအကျင့်ကို ကျင့်ခြင်း (မေထုန်မှရှောင်ခြင်း)
၃၃။ **အရိယာသစ္စာနဒဿနံ** = သစ္စာလေးပါးကို သိခြင်း
၃၄။ **နိဗ္ဗာန သစ္ဆိကိရိယာစ** = နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း
**ဧတံမင်္ဂလမုတ္တမံ** = ဤလေးပါးသည် မြတ်သောမင်္ဂလာမည်၏။

## ၁၀။ စိတ်အားခိုင်ခံ့ရေး မင်္ဂလာလေးပါး

၃၅။ **ဖုဋ္ဌဿ လောကဓမ္မေဟိ**
**စိတ္တံယဿ နကမ္ပတိ** = လောကဓံတရားနှင့် တွေ့ကြုံသောအခါ စိတ်ဓာတ်မတုန်လှုပ်ခြင်း
၃၆။ **အသောကံ** = မစိုးရိမ်ခြင်း
၃၇။ **ဝိရဇံ** = ကိလေသာမြူကင်းခြင်း
၃၈။ **ခေမံ** = ဘေးကင်းခြင်း
**ဧတံမင်္ဂလမုတ္တမံ** = ဤသုံးပါးသည် မြတ်သောမင်္ဂလာမည်၏။

**မှတ်ချက်။** ။ ၁ မှ ၃၂ အထိ လောကီမင်္ဂလာ၊ ကျန် (၆) ပါး လောကုတ္တရာမင်္ဂလာ၊ ၁ မှ ၃၃ အထိ အကြောင်းမင်္ဂလာ၊ ကျန် ငါးပါးအကျိုး မင်္ဂလာဟု မှတ်ပါ။

## မင်္ဂလာအကျိုးပြ နိဂုံး

တောဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ၊

သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

ဤ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့ကို လိုက်နာပြုကျင့်သောကြောင့် ရန်သူမှန်သမျှ အနိုင်မခံရ။ အရပ်ဒေသ အားလုံးတို့၌ ကြီးပွားချမ်းသာခြင်းသို့ ရောက်နိုင်၏။ ၃၈ ဖြာမင်္ဂလာတရားသည် နတ်လူတို့အတွက် အမြတ်ဆုံးသော မင်္ဂလာမည်၏။

*မင်္ဂလသုတ်ပါဠိ မြန်မာပြန်ပြီး၏။*

## မင်္ဂလာဆိုင်ရာ သရုပ်နှင့် အဓိပ္ပာယ်များ

### ကောလာဟလ ငါးမျိုး

ကပ္ပကောလာဟလ၊ ဗုဒ္ဓကောလာဟလ၊ စက္ကဝတ္တိကောလောဟလ၊ မင်္ဂလာကောလာဟလ၊ မောနေယျကောလာဟလ။

သိန်းမှာကမ္ဘာ၊ ထောင်မှာဘုရား၊ ရာကားစကြာ၊
မင်္ဂလာဆယ့်နှစ်နှစ်၊ ခုနစ်နှစ်မောနေယျ၊ ပိုင်းခြားပြ၊
ငါးဝကောလာဟလာ။

## သာဝတ္ထိ + ဇေတဝန် + အနာထပိဏ်

သဝတ္ထရသေ့၏ နေရာ၌ တည်ထောင်သော မြို့ဖြစ်၍ သာဝတ္ထိခေါ်၏။ တစ်နည်းအားဖြင့် လူသုံးပစ္စည်းမှန်သမျှ အပြည့်အစုံရှိသောကြောင့် သာဝတ္ထိခေါ်၏။

ဇေတမင်းသား၏ ဥယျာဉ်ကို ဝယ်၍ ဆောက်လုပ်သော ကျောင်းဖြစ်၍ ဇေတဝန်ကျောင်းခေါ်၏။ အနာထပိဏ်သူဌေးကြီးက (၅၄) ကုဋေအကုန်ခံ၍ ဆောက်လုပ်သည်။ ခိုကိုးရာမဲ့ ဆင်းရဲနွမ်းပါးသူတို့အား အစာအာဟာရ ဝေငှပေးကမ်းတတ်သည်ကိုစွဲ၍ အနာထပိဏ်ဟု လူတွေက ခေါ်ကြသည်။ မိဘပေးသော အမည်ရင်းမှာ သုဒတ္တဖြစ်သည်။

# ဗာလနှင့် ပဏ္ဍိတ

**( ဆောင် )** *သတ္တဝါအပေါင်း၊ ဆင်းရဲကြောင်းကို၊ ပြောဆိုပြုလုပ်၊ ကြံအားထုတ်၊ လူယုတ် ဗာလက။*
*သတ္တဝါအပေါင်း၊ ချမ်းသာကြောင်းကို၊ ပြောဆိုပြုတတ်၊ ကြံစည်မှတ်၊ လူမြတ်ပဏ္ဍိတ။*

## ပူဇော်ထိုက်သူများ

ဘုရားပစ္စေကာ၊ မြတ်သံဃာနှင့်၊ ဆရာမိဘ၊ ယောက္ခမဆို၊ အစ်ကိုအစ်မ၊ ဂုဏဝုမ်၊ သက်ကြီးဘိုနှင့်၊ ကိုယ်၏လင်သား၊ ဆယ့်သုံးပါးကို၊ မမှားမှန်စွာ၊ ပူဇော်ရာသည်၊ မင်္ဂလာမောင်တို့သိဖွယ်တည်း။ (မင်္ဂလာမယ်တို့ သိဖွယ်တည်း)

## ပဋိရူပအရပ်

ကုသိုလ်၊ ပညာ၊ ဥစ္စာ၊ ကျန်းမာမှု၊ ငြိမ်းချမ်းရေးတို့နှင့် ပြည့်စုံသော အရပ်မျိုးကို ပဋိရူပအရပ်ဟု မှတ်ရမည်။

## သမ္ပတ္တိစက်လေးပါး

မိတ်ကောင်းကိုရှာ၊ သင့်ရာနေအပ်၊ ပြုလတ်ကုသိုလ်၊ ကိုယ်ကိုစောင့်စည်း၊ စက်ကြီးလေးပါး၊ ပြည့်စုံငြား၊ မှတ်သား သမ္ပတ္တိ။

၁။ သပ္ပုရိသူပနိဿယစက်
၂။ ပဋိရူပဒေသဝါသစက်
၃။ ပုဗ္ဗေစ ကတပုညတာစက်
၄။ အတ္တသမ္မာပဏိဓိစက်

## ဝိနည်း ( စည်းကမ်း ) နှစ်မျိုး

၁။ အာဂါရိက ဝိနယ = လူ့ဝိနည်း၊ လူ့စည်းကမ်း
၂။ အနာဂါရိက ဝိနယ = ရဟန်းဝိနည်း၊ ရဟန်းစည်းကမ်း

## သုဘာသိတ ( စကားအင်္ဂါ လေးပါး )

ကောင်းစွာပြောကြား၊ တရားနှင့်ယှဉ်၊ နားဝင်ချမ်းသာ၊ မှန်ရာမြွက်လွယ်၊ ဤလေးသွယ်၊ နှုတ်ဝယ် ဂုဏ်အင်္ဂါ။

## မိဘကျေးဇူး ဥပမာ

၁။ ဤမြေကြီးမှာ၊ ဝါးရှက်သာ၊ ပမာနိူင်းဆိုရ၊
၂။ မြင်းမိုရ်တောင်မှာ၊ နွားချိုသာ၊ ပမာနိူင်းဆိုရ၊
၃။ စကြဝဠာ၊ အပ်နဖားသာ၊ ပမာနိူင်းဆိုရ
၄။ သမုဒ္ဒရာ၊ မိုးပေါက်သာ၊ ပမာနိူင်းဆိုရ
ကျေးဇူးမိဘ၊ အနန္တ၊ များလှ ဤပုံပြ
မိဘကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးသိမှ ဆပ်လို့ရ။

## သားသမီး သုံးမျိုး

ပုတ္တဒါရသင်္ဂဟမင်္ဂလာ၌ ပုတ္တအရ သားနှင့်သမီး (၂) မျိုးလုံးကို ယူရသည်။ ဒါနအရ အဂမနိယ ဝတ္ထုခေါ်သော မယား (၂၀) လုံးကို ယူရမည်။

၁။ **အတိဇာတ** သားသမီး = မိဘထက် သီလသမာဓိပညာ အကျင့်သာလွန်သူ။
၂။ **အနုဇာတ** သားသမီး = မိဘနှင့် သီလသမာဓိပညာ အကျင့်တူညီသူ။
၃။ **အဝဇာတ** သားသမီး = မိဘအောက် သီလသမာဓိပညာအကျင့် ညံ့ဖျင်းသူ။

## မယား ( ၇ ) မျိုး

မယားခုနစ်မျိုး၊ ယှိမြဲရိုးတွင်၊ ခိုးသူအရှင်၊ သူသတ်သွင်သို့၊ အကြင်မယား၊ လား၏ငရဲ၊ အမြဲမှတ်ဘိ၊ အမိတမျှ၊ နှမမယွန်း၊ ခင်ပွန်းသဖွယ်၊ ကျွန်နှယ်လေးဖြာ၊ မယားမှာမူ၊ နိဗ္ဗာနတ်ပြည်၊ လားကြောင်းမည်၏။ ယင်းသည်လေးသွယ်၊ မယားဝယ်လည်း၊ ကျွန်နှယ်အလား၊ ထိုမယားမူ၊ ယောက်ျားဆုပ်နှံ၊ နိဗ္ဗာန်ဆုတောင်း၊ တောင်းကမလွတ်၊ မချွတ်တူညီ၊ ပြည့်မြဲမည်၏။

*(မယဒေဝ ပုဒ်ရေ ၃၈၂)*

## ကိုယ့်အားကိုယ်ကိုး အဓိဋ္ဌာန်

**( ဆောင် )** *ငါ့သားသမီး၊ ငါ့ဇနီးကို၊ ငါကြီးသည့်ခါ၊ ငါဖွေရှာ၍၊ ငါသာထောင်ပင့်၊ ငါချီးမြှင့်ဖို့၊ ငါနှင့်တော်ရာ၊ ငါ့ပညာကို၊ ငါသာကြိုးစား၊ ငါမနားသည်၊ ငါ့အား ငါကိုးမည်တကား။*

## အနာကုလ = အနှောင့်အယှက်ကင်း

အချိန်ကို လေးစားခြင်း၊ သင့်လျော်အောင် ဆောင်ရွက်ခြင်း၊ မပျင်းရိခြင်း၊ လုံ့လရှိခြင်း၊ မဖြုန်းတီးခြင်း၊ ဤအချက်များနှင့်အညီ ဆောင်ရွက်သော လယ်လုပ်ကုန်သွယ်အမှုမျိုးကို အနာကုလကမ္မခေါ်သည်။

*ချိန်ခါသိလင့်၊ သင့်အောင်ပြုခြင်း၊ မပျင်းမရိ၊ လုံ့လရှိလျက်၊ မပျက်စီးစေ၊ အလုပ်တွေ၊ ရှုပ်ထွေးမရှိရာ။*

## ဒါန သုံးမျိုး

၁။ **ဣဏဒါန** = ကြွေးသစ်ချခြင်း (သားသမီးကို ကျွေးမွေးခြင်း)
၂။ **မောက္ခဒါန** = ကြွေးဟောင်းဆပ်ခြင်း (မိဘကို လုပ်ကျွေးပြုစုခြင်း)
၃။ **နိဓိဒါန** = ရွှေအိုးမြှုပ်ခြင်း (ကုသိုလ်ကောင်းမှုပြုခြင်း)

## အနဝဇ္ဇ ကမ္မ = အပြစ်မရှိသောအမှု

ဥပုသ်စောင့်ခြင်း၊ ကုသိုလ်ရေး၌ ဝေယျာဝစ္စပြုခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ တံတားဆောက်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ ရေချမ်းစင်တည်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ လမ်းပြုပြင်ခြင်း စသောအမှုလုပ်ငန်းတို့ကို အနဝဇ္ဇကမ္မ (အပြစ်မရှိသောအမှု) ဟု ဆိုရသည်။

**(ဆောင်)** *အကုသိုလ်ပြစ်၊ မင်းအပြစ်နှင့်၊ စင်စစ်ဝေးခြား၊ အလုပ်များကို၊ ကြိုးစားမယုတ်၊ ကောင်းပြုလုပ်က၊ အလုပ်ကြောင့်သာ မင်္ဂလာ၊ မောင့်မှာတိုးလိမ့်မည်။*

## ဂါရဝနှင့် နိဝါတ

ဂါရဝသည် အထက်လူကြီးကို ရိုသေရ၍ ကိုယ်နှုတ်ယဉ်ကျေးမှုနှင့်ဆိုင်၏။ နိဝါတသည် မိမိ၏ မာန်မာနကို နှိမ့်ချရ၍ စိတ်ယဉ်ကျေးမှုနှင့်ဆိုင်၏။ မာန်မာနကို နှိမ့်ချရာ၌ ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးနှင့် ချိုကျိုးနွားလား သဘောထားရမည်။ ရိုသေခြင်းကြောင့် မျက်မှောက်ချီးမွမ်းခံရခြင်း၊ တမလွန်၌ သုဂတိရောက်ရခြင်းအကျိုး နှစ်ပါးကို ရနိုင်၏။ ဤကား တိတ္တိရဇာတ်အလိုတည်း။ ပရိတ်ကြီးပါဠိအရ "သက်ရှည် ဆင်းလှ သုခခွန်အား" အကျိုးလေးပါးကို ရနိုင်၏။

## ကတညုနှင့် ကတဝေဒီ

မေတ္တာရှေးဦး၊ ပြုပေဖူးကို၊ ကျေးဇူးသိမှု၊ ကတညုတည့်၊ ထိုသူထက်ပင်၊ ကျေးဇူးအင်ကို ထင်ထင်မချွတ်၊ ပြော်ဆိုတတ်က၊ သူမြတ်မှန်လှ၊ ကတဝေဒီ၊ ဟူတုံပြီရှင့်။

**(မယဒေဝ)**

## ကျေးဇူးသိခြင်း အကျိုး ( ၁၀ ) ပါး

၁။ အစားအစာပေါများခြင်း။
၂။ ရောက်ရာအရပ်၌ အပူဇော်ခံရခြင်း။
၃။ သူခိုး၊ ဓားပြ၊ အစိုးရတို့ အနှိပ်စက်မခံရခြင်း။
၄။ လူအများက နှစ်သက်လိုလားခြင်း။
၅။ ဂုဏ်ကျေးဇူးသတင်း ကျော်စောခြင်း။
၆။ အခြံအရံပေါများခြင်း။
၇။ ဘုန်းကျက်သရေ တိုးပွားခြင်း။
၈။ အမြင့်မှကျသော်လည်း မှီရာတည်ရာရခြင်း။
၉။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လယ်ယာစပါး တိုးပွားခြင်း။
၁၀။ ရန်သူမထိပါးနိုင်ခြင်း။

*(တေမိယဇာတ်တော်ကြီး)*

## တရားနာခြင်း အကျိုးငါးပါး

မကြားဖူးက၊ ကြားဖူးရခြင်း၊ ပြီးခြင်းစင်ကြယ်၊ ဖျောက်ပယ်ယုံမှား၊ ဖြောင့်ဖြောင့်အယူ၊ ကြည်ဖြူ စိတ်ထား၊ ဤငါးပါးကို၊ တရားနာက၊ ရလေရ။

*(သုံးပုံတံတားကျမ်း)*

## သည်းမခံခြင်းအပြစ်နှင့် သည်းခံခြင်းအကျိုး

သည်းမခံသူ၊ ဖြစ်ပါမူကား၊ သူမချစ်ခင်၊ ရန်လျှင်တိုးပွား၊ အပြစ်များခဲ့၊ သေကားတွေဝေ၊ သေလျှင်အပါယ်၊ လားစဖွယ်တည်း၊ ငါးသွယ်အပြန်၊ ရမြဲမှန်သည်၊ သည်းခံသူဖို့ အကျိုးတည်း။

## ဆုံးမလွယ်က ချမ်းသာရ

**( ဆောင် )** *မိဘဘိုးဘွား၊ ဆရာများ၏၊ ကောင်းစားစေလို*
*မေတ္တာသို၍၊ ထိုထိုဆုံးမ၊ ဩဝါဒကို၊ နားမှုမထောင်*
*မကြားယောင်သို့၊ မောင်တို့ပြုက (မယ်တို့ပြုက)*
*ခုပစ္စုပ္ပန်၊ နောင်သံသရာ၊ ဖြစ်များစွာလည်း*
*ချမ်းသာမည့်ရေး၊ အလွန်ဝေးသည်၊ မောင်လေး နားထောင်စမ်းပါကွယ်။*
*(မလေး နားထောင်စမ်းပါကွယ်)*

## ရဟန်းသံဃာ ဖူးမြင်ရခြင်းအကျိုး

၁။ ဘဝတစ်ထောင် မျက်စိရောဂါကင်းခြင်း၊
၂။ ပူပန်မှုငြိမ်းအေးခြင်း၊
၃။ မျက်စိကြည်လင်၍ ရတနာဗိမာန်၌ ဖွင့်ထားသော ပတ္တမြားပြတင်းပေါက်နှင့်တူခြင်း၊
၄။ ကမ္ဘာတစ်သိန်းပတ်လုံး နတ်စည်းစိမ်ချမ်းသာကိုရခြင်း။

*(သုတ္တနိပါတ် ဠ ၂၊ ၃၂)*

## လောကဓံတရား ( ၈ ) ပါး

၁။ လာဘော = လာဘ်ရခြင်း
၂။ အလာဘော = လာဘ်မရခြင်း
၃။ ယသော = အခြံအရံများခြင်း
၄။ အယသော = အခြံအရံနည်းပါးခြင်း
၅။ နိန္ဒာ = ကဲ့ရဲ့ခံရခြင်း
၆။ ပသံသာ = ချီးမွမ်းခံရခြင်း
၇။ သုခံ = ချမ်းသာခြင်း
၈။ ဒုက္ခံ = ဆင်းရဲခြင်း

## ကျင့်ဝတ်နိဒါန်းကဗျာ

သိင်္ဂါလ ခေါ် ကိုဖိုးခွေးအား
ဘုရားပေးတဲ့ အဆုံးအမတွေ။
ကျင့်ဝတ်ဖြာဖြာ ထုတ်ကာပြ
သုတ်ပါထေယျ ကျမ်းလာသလေ။
ဤကျင့်ဝတ်တွေ တကယ်ချွတ်ယွင်းက
အပါယ်ဝဋ်တွင်း ဆင်းရမလေ။
ကျင့်ဝတ်ပြည့်စုံ ဖြည့်သူများ
တကယ်ကြီးပွား ချမ်းသာနေ။
သေသော် နတ်ရွာလားမှာပဲကွဲ့
နိဗ္ဗာန်နဲ့လည်း မလွဲသွေ။

ဒါ့ကြောင့်မနေး၊ ကဗျာတေး
ဖွဲ့ရေး တင်ဆက်ပေ။
အဲဒါကြောင့် ဖြည့်ကြ ကျင့်ကြ ကမ္ဘာ့ကျင့်ဝတ်တွေ။

# သိင်္ဂါလောဝါဒသုတ်လာ ကျင့်ဝတ်ကဗျာများ

## ၁။ သားသမီးကျင့်ဝတ် ငါးပါး

မိဘနှစ်ဖြာ ကျွေးမွေးပြု[၁]လို့
အမှုဆောင်ရွက် စီမံလေ[၂]။
မွေခံထိုက်စေ[၃] မျိုးနွယ်စောင့်[၄]လို့
မနှောင့်နှေးနဲ့ လှူမြှရေ[၅]။
သားသမီးများ ဝတ္တရား
ငါးပါးကျေပါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

(၁) မိဘနှစ်ပါးကို ဂရုတစိုက် ကျွေးမွေးပြုစုခြင်း။
(၂) မိဘတို့ရဲ့ အမှုကိစ္စကို ကူညီစီမံဆောင်ရွက်ခြင်း။
(၃) ကောင်းမြတ်တဲ့ မိဘတို့ရဲ့အမွေကို ခံထိုက်အောင်ကျင့်ခြင်း။
(၄) မိဘအမျိုးအနွယ် မပျက်အောင် စောင့်ထိန်းခြင်း။
(၅) မိဘကို ရည်စူးပြီး လှူဒါန်းကာ အမျှပေးဝေခြင်း။

## ၂။ မိဘကျင့်ဝတ် ငါးပါး

မကောင်းမြစ်တာ[၁] ကောင်းရာပြ[၂]လို့
အတတ်သိပ္ပ သင်ပါစေ[၃]။
ပစ္စည်းဥစ္စာ ရင်းနှီးပေး[၄]လို့
ထိမ်းမြားရေးလည်း မနှေးပေ[၅]။
မိဘနှစ်ပါး ဝတ္တရား
ငါးပါးကျေပါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

(၁) သားသမီးများကို မကောင်းမှုမပြုအောင် တားမြစ်ခြင်း။
(၂) ကောင်းမှုကုသိုလ်တွေရအောင် ညွှန်ပြခြင်း။
(၃) အတတ်ပညာများကို သင်စေခြင်း။
(၄) ပစ္စည်းဥစ္စာ အရင်းအနှီးပေးခြင်း။
(၅) အရွယ်မနှောင်းစေဘဲ သင့်တော်သူနှင့် ထိမ်းမြားပေးခြင်း။

## ၃။ တပည့်ကျင့်ဝတ် ငါးပါး

သူမြတ်ဆရာ အဆုံးအမကို
ညီညာထကြွ နာယူလေ[၁]။
လာမူဆီးကြို[၂] ထံနီးကပ်[၃]လို့
ရိုသေလေးမြတ် လုပ်ကျွေးနေ[၄]။
သင်တွေးအံရွတ်[၅] တပည့်ဝတ်
မချွတ် ဤငါးတွေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

(၁) ဆရာ့ဆုံးမစကားကို လေးစားတက်ကြွစွာ နာယူခြင်း။
(၂) ဆရာကြွလာလျှင် နေရာမှထကာ ဆီးကြိုခြင်း။
(၃) ဆရာ့ထံပါးကို မကြာမကြာ ချဉ်းကပ်ခြင်း။
(၄) ဆရာသမားကို ရိုသေလေးမြတ်စွာ ပြုစုလုပ်ကျွေးခြင်း။
(၅) အတတ်ပညာများကို ရိုသေစွာ သင်ရ၊ တွေးရ၊ အံရ၊ ရွတ်ရခြင်း။

## ၄။ ဆရာ့ကျင့်ဝတ် ငါးပါး

တပည့်တွေကို အတတ်သင်ပေး[၁]လို့
ယဉ်ကျေးအောင်ကွဲ့ ဆုံးမလေ[၂]။
သိပ္ပမချန် သွန်သင်ပြီး[၃]တော့
ဘေးရန်ကာဆီး အမြဲပေ[၄]။
သင့်ရာအပ်ပို့[၅] ဆရာတို့
ကျင့်ဖို့ ဝတ်ငါးတွေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

(၁) တပည့်များအား အတတ်ပညာကို ကောင်းစွာသင်ပေးခြင်း။
(၂) ယဉ်ကျေးလိမ္မာအောင် ဆုံးမညွှန်ပြပေးခြင်း။
(၃) မိမိတတ်သမျှ (သိပ္ပ) ကို မခြွင်းမချန်သင်ပေးခြင်း။
(၄) ဘေးရန်ရောက်သည့်အခါ ကာဆီးစောင့်ရှောက်ပေးခြင်း။
(၅) သင့်တော်ရာ မိတ်ဆွေဆရာတို့ထံ အပ်နှံပေးခြင်း။

## ၅။ မယားကျင့်ဝတ် ငါးပါး

ပစ္စည်းဥစ္စာ ရလာသမျှကို
သေချာကျန သိမ်းထုပ်လေ[၁]။
လျော်အောင်ဖြန့်ချိ[၂] မပျင်းရိနဲ့[၃]
အိမ်တွင်းရှိမှု လုပ်ပါမသွေ[၄]။
ယောကျ်ားတစ်ပါး မဖောက်ပြား[၅]
မယားဝတ်ငါးတွေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

(၁) လင်သားရှာဖွေ၍ ရလာသမျှ ပစ္စည်းဥစ္စာများကို သေချာကျနစွာ သိမ်းဆည်းထုပ်ပြုထားခြင်း။
(၂) နှစ်ဖက်သော ဆွေမျိုးသားချင်းများကို လျော်အောင်ဖြန့်ချိ (ချီးမြှင့်) ခြင်း။
(၃) ပြုဖွယ်ကိစ္စတို့၌ မပျင်းမရိ လုံ့လရှိခြင်း။
(၄) အိမ်တွင်းမှုတာဝန်များကို ပြုလုပ်ခြင်း။
(၅) ယောကျ်ားတစ်ပါးနှင့် ဖောက်ပြားသွားလာမှုကို ရှောင်ကြဉ်ခြင်း။

## ၆။ လင်ကျင့်ဝတ် ငါးပါး

မထေမဲ့မြင် ပြောပြုကောင်း[၁]လို့
သူ့ထံအပ်နှင်း ဥစ္စာပေ[၂]။
ဝတ်စားတန်ဆာ ဆင်ကာမရိုး[၃]
ကြင်နာမြတ်နိုး တတ်ပါစေ[၄]။
မိန်းမတစ်ပါး မဖောက်ပြား[၅]
လင်သား ဝတ်ငါးတွေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

(၁) မိမိသားမယားကို မထေမဲ့မြင် မပြောမပြုခြင်း။
(၂) ရလာသော ပစ္စည်းဥစ္စာများကို မယားအား အပ်နှင်းခြင်း။
(၃) ဝတ်စားတန်ဆာ ဆင်ယင်ပေးခြင်း။
(၄) ကိုယ့်မယားကို ကြင်နာမြတ်နိုးခြင်း။
(၅) မိန်းမတစ်ပါးနှင့် ဖောက်ပြားသွားလာမှုကို ရှောင်ကြဉ်ခြင်း။

## ၇။ မိတ်ဆွေကျင့်ဝတ် ငါးပါး

နှုတ်မြွက်ချိုသာ[၁] သစ္စာမြဲ[၂]လို့
ပေးကမ်းစွန့်ကြဲ ချီးမြှင့်လေ[၃]။
ကိုယ်နှင့်ယှဉ်ကာ တန်းတူထား[၄]
သူ့ကျိုးစီးပွား ဆောင်ရွက်ပေ[၅]။
မိတ်ဆွေဝတ္တရား ဤငါးပါး
ကျင့်ငြား မပျက်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

(၁) နှုတ်မြွက်ချိုသာခြင်း။
(၂) မချွတ်မလွဲ အမြဲမှန်ကန်ခြင်း။
(၃) ပေးကမ်းစွန့်ကြဲ ချီးမြှင့်ခြင်း။
(၄) ကိုယ်နှင့်ယှဉ်ကာ တန်းတူထားခြင်း။ (လူတန်းစား မခွဲခြားခြင်း)
(၅) သူ့အကျိုးစီးပွားကို ဆောင်ရွက်ခြင်း။

## ၈။ အလုပ်ရှင်ကျင့်ဝတ် ငါးပါး

လုပ်ခလစာ ပြည့်ဝပေး[၁]လို့
အရေးရှိက စီမံလေ[၂]။
ကောင်းတဲ့ရသာ ခွဲဝေ[၃]လို့
မကျန်းမာက ဆေးကုစေ[၄]။
ချိန်ခါမလင့် ခွင့်လွှတ်သင့်[၅]
အလုပ်ရှင့် ဝတ်ငါးတွေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

(၁) လုပ်ခလစာကို အပြည့်အဝပေးခြင်း။
(၂) အရေးရှိက ကူညီစိမ်ပေးခြင်း။
(၃) ကောင်းမြတ်သော အရသာကို ခွဲဝေငှပေးခြင်း။
(၄) မကျန်းမမာရင် ဆေးကုသပေးခြင်း။
(၅) အချိန်အခါမလင့်စေဘဲ အလုပ်ခွင်မှ ပြန်လွှတ်ခြင်း။ (ခွင့်လွှတ်သင့်တဲ့အခါ ခွင့်လွှတ်ခြင်း)

## ၉။ အလုပ်သမားကျင့်ဝတ် ငါးပါး

နောက်ချန်အိပ်ကာ[၁] အရင်ထ[၂]လို့
အရှင်ကပေးမှ ယူပါလေ[၃]။
ကျေးဇူးဂုဏ်ကို ချီးမွမ်းပြော[၄]လို့
အလုပ်ကိုရော စေ့စပ်စေ[၅]။
အလုပ်သမားဝတ္တရား
ငါးပါးမချွတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

(၁) နောက်ချန်၍ ထိုင်ရအိပ်ရခြင်း။
(၂) အိပ်ရာမှ အရင်ထရခြင်း။
(၃) အရှင်ကပေးတာကိုမှ ယူရခြင်း။
(၄) အရှင်၏ ကျေးဇူးဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း။
(၅) အလုပ်ကို စေ့စပ်သေချာစွာ ပြုလုပ်ခြင်း။

## ၁၀။ ဒါယကာကျင့်ဝတ် ငါးပါး

ရှေးရှုမေတ္တာ စိတ်စဉ်သက်[၁]လို့
ချစ်ကြင်ဆောင်ရွက် ကိုယ်ဖြင့်ပေ[၂]။
ခင်မင်နှုတ်ချို သာလျှောက်ကြား[၃]လို့
"လိုရာ မိန့်ဘုရား" ဖိတ်ထားလေ[၄]။
တတ်အားသမျှ လှူဒါန[၅]
ဒါယကာ့ ဝတ်ငါးထွေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

(၁) မေတ္တာရှေးရှုသော စိတ်အစဉ်သက်ခြင်း။ (စိတ်ဖြင့် မေတ္တာပို့ခြင်း)
(၂) ချစ်ကြင်သောစိတ်ထား၍ ကိုယ်ဖြင့်ဆောင်ရွက်ခြင်း။
(၃) ခင်မင်သောစိတ်ထား၍ နှုတ်ဖြင့်ချိုသာစွာ လျှောက်ကြားခြင်း။
(၄) "အလိုရှိရာ အမိန့်ရှိပါဘုရား"ဟု ဖိတ်ထားခြင်း။
(၅) တတ်အားသမျှ လှူဒါန်းရခြင်း။

## ၁၁။ ရဟန်းကျင့်ဝတ် ခြောက်ပါး

မကောင်းမြစ်တား[၁] ကောင်းညွှန်ကြား[၂]လို့
နာဖူးပြီးသား ထပ်ဟောလေ[၃]။
အသစ်ဟောကာ[၄] လမ်းမှန်ဖို့ကွဲ့
နတ်ထံတင်ပို့[၅] မေတ္တာစေ[၆]။
ရဟန်းဝတ္တရား ဤခြောက်ပါး
ကြိုးစား မချွတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

(၁) မကောင်းမှုတွေကို တားမြစ်ခြင်း။
(၂) ကောင်းမှုတွေကို ညွှန်ကြားပေးခြင်း။
(၃) နာဖူးပြီးသား တရားကိုလည်း ထပ်ဟောပေးခြင်း။
(၄) မနာဖူးသေးတဲ့ အသစ်တရားများကို ဟောပေးခြင်း။
(၅) နတ်မြို့နတ်ထံ နိဗ္ဗာန်အထိ လမ်းမှန်ညွှန်ပြခြင်း။
(၆) ဒကာဒကာမတို့အပေါ်၌ မေတ္တာစိတ်ကို စေလွှတ်ခြင်း။ (မေတ္တာပို့ပေးခြင်း)

## ၁၂။ အကြီးအကဲကျင့်ဝတ် ခြောက်ပါး

ထကြွလုံ့လ ဝီရိယရှိ[၁]လို့
အမြဲသတိထား နိုးကြားနေ[၂]။
နောက်လိုက်ငယ်သူငယ်သားများကို
ညာတာသနားကြင်နာလေ[၃]။
ခွင့်လွှတ်သည်းခံ[၄] ဝေဖန်ပြ[၅]လို့
အမှန်ထောက်ရှု တတ်ပါပေ[၆]။

ကြီးကဲဝတ္တရား ဤခြောက်ပါး
မမှားညီညွတ်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

(၁) ထကြွလုံ့လ ဝီရိယရှိခြင်း။
(၂) အမြဲသတိထား နိုးကြားစွာ အိပ်ခြင်းနေခြင်း။
(၃) ညာတာသနားကြင်နာခြင်း။
(၄) ခွင့်လွှတ်သည်းခံခြင်း။
(၅) စဉ်းစားဝေဖန်၍ ပြုလုပ်ပြောဆိုခြင်း။
(၆) အမှန်ရောက်အောင် ထောက်မြော်ကြည့်ရှုခြင်း။

## ၁၃။ အရပ်ခြောက်မျိုး ရှိခိုးသူ

အရှေ့အရပ်ဆိုတာ "မိနှင့်ဘ"ပေါ့
အနန္တ ကျေးဇူးကြီးလို့ပေ။
တောင်အရပ်ဒီသာ "ဆရာမြတ်"ကွဲ့
ပူဇော်အပ်လို့ မှတ်ကြလေ။
အနောက်အရပ်ဟာ "ဇနီးမယားနဲ့
သမီးသား"တဲ့ နောက်လိုက်တွေ။
မြောက်အရပ်မှ ဆင်းရဲရောက်က
လွန်မြောက်စေတဲ့ "မြတ်မိတ်ဆွေ"။
အောက်အရပ်မှ ကိုယ့်အောက်ထားတဲ့
"အလုပ်သမားနဲ့ အခိုင်းအစေ"
ကိုယ့်ထက်တည်နေ "မြတ်ဘုရားနဲ့
သံဃာများ"က ထက်အရပ်ပေ။
ကျင့်ဝတ်ကျေလျှင် အရပ်ခြောက်မျိုးကို
"ရှိခိုးသူ"လို့ ဆိုရသလေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

## ကျင့်ဝတ်နိဂုံးကဗျာ

ဘုရားဟောဖော် ဖြည့်ကျင့်အပ်တဲ့
ကျင့်ဝတ်တရား ပျက်သူတွေ။
ဝိရိယဉာဏ် သတိဖျင်းတော့
အသိကင်းမဲ့ ပျင်းပျက်ပွေ။
ခုဘဝပင် ဥစ္စာမဲ့လို့
ကိုယ်စိတ်ဆင်းရဲ အောက်ကျနေ။
အမျိုးပျောက်ကာ ဘာသာပျက်လို့
နေခက်သေခက် ခက်မည်မသွေ။
ဒါ့ကြောင့် မောင်မယ် တို့တွေများ
ကျင့်ဝတ်တရားတွေ ဖြည့်စို့ဟေ။
ဒါမှသာလျှင် ပညာတိုးလို့
ဥစ္စာပြည့်ဖြိုး ချမ်းသာမလေ။
နိဗ္ဗာန်တိုင်အောင် အကျိုးပါပေးလို့
မျိုးဘာသာရေး တိုးတက်စေ။
အဲဒါကြောင့် ဖြည့်ကြ ကျင့်ကြ
ဗုဒ္ဓဝါဒ ကမ္ဘာ့ကျင့်ဝတ်တွေ။

အရှင်ခေမာစာရ
(မန်းရေတံခွန်)

## သိကြားလောင်းကျင့်ဝတ် ခုနစ်ပါး

မိဘနှစ်ဖြာ ပြုလုပ်ကျွေး[၁]လို့
ရှိသေလေးစား ကြီးသူကို[၂]။
သစ္စာရှိကာ[၃] ကုန်းမချော[၄]
အပြောမကြမ်း သာယာချို[၅]။
နှမြောဝန်တို မစွဲကောင်း[၆]လို့
အမျက်ထွက်ခြင်း မရှိသကို[၇]။

ဤခုနစ်ပါး ကျင့်ဝတ်များ
သိကြားဖြစ်ကြောင်းဆို။
အဲဒါကြောင့် ကျင့်ကြပါလား
သိကြားဖြစ်စေလို။

အရှင်ခေမာစာရ
(မန်းရေတံခွန်)

## နာယက မတင်ထိုက်သူ ခြောက်ဦး

ကဏန်းကောင်လို လက်မထောင်[၁]
ပုတ်သင်ကောင်လို ခေါင်းညိတ်တတ်[၂]
နာယက မမြှောက်အပ်။
လေလာယိမ်းတတ် ကိုင်းပင်သဖွယ်[၃]
နွားသိုးကြီးနှယ် စိတ်တိုက[၄]
လူကြီးမတင်ရ။
ခွေးအကဲ့သို့ အစားကြီးဖိမ်ခံ[၅]။
ကိုယ်ဘက်အယက်သန် လိပ်လိုကျင့်[၆]။
ကြီးကဲမထားသင့်။
ဂဏန်းပုတ်သင် နွားသိုး ကိုင်းပင်
ခွေးအ လိပ်သွင် လူခြောက်ရပ်
နာယက တင်လတ် ပျက်မည်မှတ်။

## အသင်းအဖွဲ့ပျက်ကြောင်း ခြောက်ပါး

အမျက်ထွက်လွယ်[၁] ရန်ငြိုးသို[၂]
ကျေးဇူးမဲ့ကို ဆိုလေခြင်း[၃]
ဂုဏ်တုဂုဏ်ပြိုင် ပြုကာတင်း[၄]။
ငြူစူခြင်းနဲ့[၅] ဝန်တိုတာ[၆]
သင်းဖွဲ့ပျက်ရာ ဤခြောက်ပါး
ငါတို့ရှောင်ရှား တို့ရှောင်ရှား။

အရှင်ခေမာစာရ
(မန်းရေတံခွန်)

# သိင်္ဂါလောဝါဒသုတ်လာ ရှောင်ကြဉ်ရန် အပြစ်ပြကဗျာများ

## ၁။ ဥစ္စာပျက်ကြောင်း ခြောက်ပါး

ယစ်မူးတတ်စွာ သေရည်များနဲ့
မူးယစ်ဆေးဝါး သောက်စားကာ[၁]။
ညချိန်မတော် လမ်းသလား[၂]လို့
လောင်းကစားပြု[၃] ပွဲကြည့်တာ[၄]။
မကောင်းမိတ်ဆွေ ပေါင်းဖော်သင်း[၅]လို့
ပျင်းရိခြင်းဖက် နေမှုဟာ[၆]။
ဥစ္စာပျက်ပြား ကြောင်းခြောက်ပါး
ရှောင်ရှားအမြဲသာ။
အဲဒါမှ ဗုဒ္ဓဘာသာ့ သာဝကမည်ပေတာ။

## ၂။ သေရည်သောက်ခြင်း အပြစ်ခြောက်ပါး

မူးယစ်သေရည် သုံးသောက်စားက
ဥစ္စာပျက်ပြား[၁] ရန်ပွားတာ[၂]။
အနာရောဂါ လွန်ထူပြော[၃]လို့
ကျော်စောမဲ့ရ ဂုဏ်ပျက်ကာ[၄]။
အင်္ဂါမလုံ ဗလာပြု[၅]လို့
ပညာကလည်း အားနည်း[၆]ရာ။
သေရည်သောက်စား ပြစ်ခြောက်ပါး
ရှောင်ရှားအမြဲသာ။
အဲဒါမှ ဗုဒ္ဓဘာသာ့ သာဝကမည်ပေတာ။

## ၃။ အခါမဲ့သွားလာခြင်း အပြစ်ခြောက်ပါး

ညချိန်မတော် လမ်းသလားတော့
ကိုယ့်သားမယားလည်း မလုံခြုံပါ[၁]။
ကိုယ်လည်းမလုံခြုံ[၂] ပစ်ကာထားတဲ့
ကိုယ့်စီးပွားလည်း မလုံခြုံရာ[၃]။

**သံသယဖြစ်ကာ[၅] အများလူစုက**
**မကောင်းမှု၌ စွပ်စွဲမှာ[၇]။**
ကိုယ်ရောစိတ်ပါ မချိတင်ကဲ
ဆင်းရဲဒုက္ခ ရောက်တတ်စွာ[၆]။
အခါမဲ့သွား ပြစ်ခြောက်ပါး
ရှောင်ရှားအမြဲသာ။
အဲဒါမှ ဗုဒ္ဓဘာသာ သာဝကမည်ပေတာ။

## ၄။ ပွဲလမ်းသဘင် အပြစ်ခြောက်ပါး

ကပွဲတစ်လီ[၁] ဆိုပွဲတစ်အုပ်[၂]နဲ့
တီးကြမှုတ်ကြ ပွဲတစ်ဖြာ[၃]။
သိမ်ဖျင်းများစွာ ဟောပွဲတသီး[၅]နဲ့
လက်ခုပ်တီးပွဲ တစ်မျိုးပါ[၇]။
စည်တီးတစ်တွေ[၆] ရှိရာသွားလို့
ကြည့်ပါများတော့ ထိုသူမှာ။
ကုသိုလ်လိမ္မာရေးရာများနဲ့
ဥစ္စာစီးပွား ပျက်ရတာ။
ပွဲသဘင်သွား ပြစ်ခြောက်ပါး
ရှောင်ရှားအမြဲသာ။
အဲဒါမှ ဗုဒ္ဓဘာသာ သာဝကမည်ပေတာ။

## ၅။ လောင်းကစားခြင်း အပြစ်ခြောက်ပါး

ဖဲ၊ ဂျင်စသည် လောင်းကစားတော့
နိုင်သူခိုက်ရန် ဖြစ်တတ်စွာ[၁]။
ရှုံးတဲ့သူမှာ စိုးရိမ်များ[၂]လို့
စည်းစိမ်လျော့ပါး ဆုတ်ယုတ်တာ[၃]။
မဝင်သက်သေ[၅] မနှစ်မြို့တော့
မိတ်ဆွေတို့က နှိမ့်ဆိုရာ[၇]။

သားသမီးကို သူတစ်ပါးတို့
ထိမ်းမြားလိုခြင်း မရှိပါ[၆]။
လောင်းတမ်းစကား ပြစ်ခြောက်ပါး
ရှောင်ရှားအမြဲသာ။
အဲဒါမှ ဗုဒ္ဓဘာသာ့ သာဝကမည်ပေတာ။

## ၆။ မိတ်ဆွေပျက် ခြောက်ပါး

လောင်းကစားကြူး[၁]ကာ မိန်းမကြူး[၂]လို့
သေရည်သောက်ကြူး[၃] မိတ်ယုတ်မာ။
အတုလုပ်ကာ သူလှည့်စား[၄]
မထောက်မထား ဖြောင်လိမ်တာ[၅]။
သူတစ်ပါးကို နိုင်ထက်ကဲလို့
နှိပ်စက်ညှဉ်းဆဲ သတ်ဖြတ်ရာ[၆]။
မိတ်ဆွေပျက်များ ဤခြောက်ပါး
ရှောင်ရှားအမြဲသာ။
အဲဒါမှ ဗုဒ္ဓဘာသာ့ သာဝကမည်ပေတာ။

## ၇။ ပျင်းရိခြင်း အပြစ်ခြောက်ပါး

အေးလွန်းပါတယ် "မလုပ်သေးဘူးပေါ့"[၁]
ပူလွန်းပြန်တော့ "နေဦးကွာ"[၂]။
မိုးချုပ်ပါပြီ "အိပ်မယ်နော်"[၃]
စောလွန်းသေးလို့ "မတော"[၄]။
ဗိုက်ဆာလွန်းတယ် "အလုပ်မဆင်း"[၅]
ဗိုက်တင်းပြန်တော့ "နားရမှာ"[၆]။
ပျင်းရိခြင်းများ ပြစ်ခြောက်ပါး
ရှောင်ရှားအမြဲသာ။
အဲဒါမှ ဗုဒ္ဓဘာသာ့ သာဝကမည်ပေတာ။

## ၈။ ဗုဒ္ဓသာဝက

ကျင့်ဝတ်မှန်လျှင် ကျင့်ကြံကြလို့
အပြစ်မှန်က ရှောင်ကြပါ။
ဗုဒ္ဓမြစ်ဖွား တို့ဘုရားက
ချစ်သနားလို့ ဟောခဲ့တာ။
လိုက်နာကြသူ မောင်မယ်များတို့
တကယ်ကြီးပွား ချမ်းသာမှာ။
ဒါနသီလာ ဘာဝနာအမှုနဲ့
သာသနာပြုတတ်စေရာ။
အတ္တပရ ကျိုးနှစ်ဝ
ဆောင်ကြအမြဲသာ။
အဲဒါမှ ဗုဒ္ဓဘာသာ့ သာဝကမည်ပေတာ။

အရှင်ခေမာစာရ
(မန်းရေတံခွန်)

## သွေးအရင်းမို့ ဘေးကင်းရန် အမှာကဗျာများ

၁။ ကြီးပွားချမ်းသာ မင်္ဂလာတရားနှင့်
စဉ်လာတိုးပွား မြန်မာတွေ။
အိမ်ထောင်ပြုရာ လူမျိုးခြားကို
ရှောင်ရှားပါကွဲ့ ကင်းအောင်နေ။
ချစ်ကြိုက်တတ်စွာ နှလုံးသားက
ဘာသာကွဲပြား ဖယ်ရှားလေ။
မိစ္ဆာဆိုးဝါး လူမျိုးခြားကို
ယူမိမှားတော့ ပါယ်လေးထွေ။
အဲဒါကြောင့် အိမ်ထောင်ပြုမှား ရှောင်ရှားကြပါလေ။
၂။ တိုင်းရင်းမြန်မာ အချင်းချင်းကို
သွေးအရင်းမို့ ချစ်ကြိုက်လေ။

ဒို့သွေးမြန်မာ သဘာဝက
ဗုဒ္ဓဓမ္မ ယုံကြည်နေ။
သာသနာ့ဝန် အားသွန်ထမ်းတဲ့ ရှင်ရဟန်းကို ပူဇော်လေ။
ကုသိုလ်ငွေးကြွယ် တကယ်အေးလို့
အပါယ်ဘေးနှင့် ဝေးရပေ။
အဲဒါကြောင့် မြန်မာသွေးစစ် မွေးဖြစ်ကြပါစေ။
၃။ မြန်မာမွေးဖွား ကလေးများကို
ဖက်စပ်ကပြား ကင်းကြစေ။
ဘိုးဘွားစဉ်လာ မိဘများက
သွေးသားစင်စစ် မြန်မာပေ။
ကိုယ့်လက်ထက်မှာ အမျိုးဖျက်ရင်
ဆိုးချက်ကတော့ ကမ္ဘာမကြေ။
လူမျိုးသစ္စာ ကျင့်ဖောက်ပြားက
တိရစ္ဆာန်များ မမီပေ။
တိရစ္ဆာန်မှာ မျိုးတူချင်းကို
သွေးယူသွင်းလို့ မွေးဖွားပေ။
အဲဒါကြောင့် ဖက်စပ်ကပြား
မွေးဖွားကင်းပါစေ။
၄။ လူမျိုးမတူ ဘာသာခြားကို
ထိမ်းမြားလက်ထပ် ကင်းကြစေ။
မျိုးနွယ်ဘာသာ ပျက်အောင်လုပ်သည့်
စိတ်ယုတ်မာများ ဖယ်ရှားလေ။
မိစ္ဆာလူမျိုး ချစ်မြတ်နိုးက
လွန်အားကိုးရ တစ်သက်ပေ။
နိယတမိစ္ဆာ အယူမှားတော့
အပါယ်လေးပါး ကျရပေ။
အဲဒါကြောင့် မိစ္ဆာလူမျိုး
ချစ်ကြိုးကင်းပါစေ။

၅။ ငါတို့မြန်မာ အမျိုးသမီးတို့
သွေးချင်းနီးလို့ မှာပရစေ။
စိန်ရွှေဥစ္စာ ဒေါ်လာစွဲလို့
အယူလွဲနောက် လိုက်သူတွေ။
တစ်သက်ချစ်ကြည် စည်းစိမ်ဖြိုးလည်း
ငရဲအိုးက စောင့်လျက်နေ။
အချစ်ကိုသာ ယုံကာမှတ်၍
ဘဝပုံအပ် မသင့်ပေ။
လူမျိုးဘာသာ စဉ်လာမပျက်လို့
တိုးတက်ကြဖို့ ချစ်တတ်စေ။
အဲဒါကြောင့် ဘဝဖော်ဖြစ်
ချစ်တတ်ကြပါစေ။
၆။ ငါတို့မြန်မာ တိုင်းရင်းသားတို့
နီးကြားရိုးသား ကြိုးစားလေ။
ကိစ္စတိုင်းမှာ သိဉာဏ်ထားလို့
ကိုယ့်ကျင့်တရားလည်း ခိုင်မြဲစေ။
ချစ်ခြင်းမေတ္တာ နှလုံးသားကို
တန်ဖိုးထားလို့ ချစ်တတ်စေ။
လူမျိုးဘာသာ အောက်မကျဖို့
ထောက်ပံ့ကြစို့ တို့တစ်တွေ။
အဲဒါကြောင့် ဘာသာလူမျိုး
ကောင်းကျိုးဆောင်ရွက်လေ။
၇။ ရင်ဖုံးအင်္ကျီ ခြုံပဝါများနှင့်
မြန်မာဝတ်စား ဆင်ယင်လေ။
မြန်မာ့ရိုးရာ ဝတ်ဆင်ကြမှ
မြန်မာပီသ ဂုဏ်တင့်ဝေ။
အနောက်တိုင်းသွင်ပြင် ဂါဝန်စကတ်နှင့်
အင်္ကျီပါးလှပ် ရင်ဟိုက်တွေ။

ရှေ့မြင်နောက်ပေါ် သားမှာပြီလို့
မလုံမလဲ အရှက်မဲ့နေ။
မိဘ ဆရာ ကြီးသူများက
ဆုံးမပြောကြား တားမြစ်လေ။
တိုင်းတစ်ပါးဝတ်ဆင် သရုပ်ပျက်ကို
တိုက်ဖျက်ကြစို့ တို့တစ်တွေ၊
အဲဒါကြောင့် မြန်မာ့မျိုးရိုး
မြတ်နိုးဝတ်ဆင်လေ။

၈။ တို့တိုင်းတို့ပြည် တို့လူမျိုးကို
ဂုဏ်မညှိုးအောင် ထိန်းသိမ်းလေ။
မျိုးဇာတိဂုဏ် ယဉ်ကျေးမှုကို
နောင်ရှေးရှုလို့ မြတ်နိုးစေ။
ဘိုးဘွားစဉ်လာ မျိုးချစ်သွေးကို
အားသစ်မွေးလို့ ခိုင်မြဲစေ။
ကြွံခိုင်ကျန်းမာ ပညာရေးကို
စဉ်လာမနေး ကြိုးစားလေ။
အဲဒါကြောင့် ငါတို့လူမျိုး
မညှိုးဂုဏ်တင့်ဝေ။

အချင်ဝိစိတ္တ
မိုးနဲကုန်းကျောင်းတိုက်
တပ်ကုန်းမြို့။

# လောကနီတိ ပါဠိ-အနက် (၁)

## ၁။ ပဏ္ဍိတကဏ္ဍ

၁။ လောကနီတိံ ပဝက္ခာမိ၊
နာနာသတ္ထ သမုဒ္ဓဋံ။
မာဂဓေနေဝ သံခေပံ၊
ဝန္ဒိတွာ ရတနတ္တယံ။

၁။ **အဟံ** – ငါသည်၊ ရတနတ္တယံ – ရတနာသုံးပါးတို့၏ အပေါင်းကို၊ **ဝန္ဒိတွာ** – ရှိခိုးပြီး၍၊ **နာနာသတ္ထ သမုဒ္ဓဋံ** – အထူးထူးသောကျမ်းတို့မှ ထုတ်အပ်သော၊ **လောကနီတိံ** – လောကနီတိ အမည်ရှိသော ကျမ်းကို၊ **မာဂဓေနေဝ** – မဂဓဘာသာဖြင့်သာလျှင်၊ **သံခေပံ** – သံခေပေန – အကျဉ်းအားဖြင့်၊ **ပဝက္ခာမိ** – ဟောပေလတ္တံ့။

၂။ နီတိ လောကေ ပုရိသဿ သာရော၊
မာတာ ပိတာ အာစရိယောစ မိတ္တော။
တသ္မာဟိ နီတိံ ပုရိသော ဝိဇညာ၊
ဉာဏီ မဟာ ဟောတိ ဗဟုဿုတောစ။

၂။ **ဟိ** – ဂုဏ်အထူးကား၊ **နီတိ** – နီတိကျမ်းသည်၊ **လောကေ** – လောက၌၊ ပုရိသဿ – ယောကျ်ားၡ၏၊ **သာရော** – အနှစ်လည်းမည်၏၊ **မာတာပိတာစ** – အမိအဖလည်းမည်၏၊ **အာစရိယောစ** – ဆရာလည်းမည်၏၊ **မိတ္တောစ** – အဆွေခင်ပွန်းလည်းမည်၏၊ တသ္မာ – ထို့ကြောင့်၊ **နီတိံ** – နီတိကျမ်းကို၊ **ဝိဇညာ** – တတ်သော၊ ပုရိသော – ယောကျ်ားသည်၊ ဗဟုဿုတော – များသော အကြားအမြင်ရှိသော၊ **မဟာ** – မြတ်သော၊ **ဉာဏီ** – ပညာရှိသည်၊ **ဟောတိ** – ဖြစ်၏။

၃။ အလသဿ ကုတော သိပ္ပံ၊
အသိပ္ပဿ ကုတောဓနံ။
အဓနဿ ကုတော မိတ္တံ၊
အမိတ္တဿ ကုတော သုခံ။
အသုခဿ ကုတော ပုညံ၊
အပုညဿ ကုတော ဝရံ။

၃။ **အလသဿ** – ပျင်းသောသူအား၊ **ကုတောသိပ္ပံ** – အတတ်အဘယ်မှာ တတ်အံ့နည်း။ **အသိပ္ပဿ** – အတတ်မရှိသောသူအား၊ **ကုတောဓနံ** – ဥစ္စာအဘယ်မှာရအံ့နည်း။ **အဓနဿ** – ဥစ္စာမရှိသောသူအား၊

**ကုတောမိတ္တံ** – အဆွေခင်ပွန်း အဘယ်မှာရအံ့နည်း။ **အမိတ္တဿ** – အဆွေခင်ပွန်းမရှိသောသူအား၊ **ကုတောသုခံ** – ချမ်းသာအဘယ်မှာ ရအံ့နည်း။ **အသုခဿ** – ချမ်းသာမရှိသောသူအား၊ **ကုတောပုညံ** – ကောင်းမှုအဘယ်မှာ ပြုရအံ့နည်း။ **အပုညဿ** – ကောင်းမှုမရှိသောသူအား၊ **ကုတောဝရံ** – နိဗ္ဗာန်ကို အဘယ်မှာ ရနိုင်အံ့နည်း။

၄။ သိပ္ပါသမံ ဓနံ နတ္ထိ၊
သိပ္ပံ စောရာ န ဂဏှန္တိ။
ဣဓလောကေ သိပ္ပံ မိတ္တံ၊
ပရလောကေ သုခါဝဟံ။

၄။ **သိပ္ပါ** – အတတ်နှင့်၊ **သမံ** – တူသော၊ **ဓနံ** – ဥစ္စာသည်၊ **နတ္ထိ** – မရှိ။ **သိပ္ပံ** – အတတ်ကို၊ **စောရာ** – ခိုးသူတို့သည်၊ **န ဂဏှန္တိ** – မယူနိုင်ကုန်၊ **ဣဓလောကေ** – ဤလောက၌၊ **သိပ္ပံ** – အတတ်သည်ကား၊ **မိတ္တံ** – အဆွေခင်ပွန်းဖြစ်၏။ **ပရလောကေ** – တမလွန်ဘဝ၌၊ **သုခါဝဟံ** – ချမ်းသာကိုဆောင်တတ်၏။

၅။ အပ္ပကံ နာတိမညေယျ၊
စိတ္တေ သုတံ နိဓာပယေ။
ဝမ္မိကောဒကံ ဗိန္ဒုဝ၊
စိရေန ပရိပူရတိ။

၅။ **သုတံ** – အကြားအမြင်ပညာကို၊ **အပ္ပကံ** – နည်း၏ဟူ၍၊ **နာတိမညေယျ** – မအောက်မေ့ရာ၊ **စိတ္တေ** – စိတ်၌၊ **နိဓာပယေ** – ထားရာသလျှင်ကတည်း။ **ဝမ္မိကော** – တောင်ပို့၌၊ **ဥဒကဗိန္ဒု** – ရေပေါက်သည်၊ **စိရေန** – ကျဖန်များစွာ ရှည်ကြာသဖြင့်၊ **ပရိပူရတိဣဝ** – ပြည့်သကဲ့သို့တည်း။

၆။ ခုဒ္ဒေါတိ နာတိမညေယျ၊
ဝိဇ္ဇံဝါ သိပ္ပမထဝါ။
ဧကမ္ပိ ပရိယောဒါတံ၊
ဇီဝိတကပ္ပကာရဏံ။

၆။ **ဝိဇ္ဇံဝါ** – နှုတ်မှုပညာကိုလည်းကောင်း၊ **အထ** – ထိုမြို့၊ **သိပ္ပံဝါ** – လက်မှုပညာကိုလည်းကောင်း၊ **ခုဒ္ဒေါတိ** – ငယ်၏ဟူ၍၊ **နာတိမညေယျ** – မအောက်မေ့ရာ၊ **ပရိယောဒါတံ** – ကုန်စင်အောင် တတ်မှုကား၊ **ဧကမ္ပိ** – တစ်ခုသောအတတ်သည်လည်း၊ **ဇီဝိတကပ္ပကာရဏံ** – အသက်မွေးကြောင်း ဖြစ်ပါသလျှင်ကတည်း။

၇။ **သေလေ သေလေ န မာဏိကံ၊**
**ဂဓေ ဂဓေ န မုတ္တိကံ။**
**ဝနေ ဝနေ န စန္ဒနံ၊**
**ဌာနေ ဌာနေ န ပဏ္ဍိတံ။**

၇။ **သေလေ သေလေ** – တောင်တောင်ဟူသမျှ၌၊ **နမာဏိကံ** – ပတ္တမြားမရှိ၊ **ဂဓေ ဂဓေ** – ဆင်ဆင်ဟူသမျှ၌၊ **န မုတ္တိကံ** – အမြုတေမရှိ၊ **ဝနေ ဝနေ** – တောတောဟူသမျှ၌၊ **န စန္ဒနံ** – စန္ဒကူးမရှိ၊ **ဌာနေ** – ဌာနေ၊ အရပ်တိုင်း အရပ်တိုင်း၌၊ **န ပဏ္ဍိတံ** – ပညာရှိသုခမိန်မရှိ။

၈။ **ပဏ္ဍိတော သုတ သမ္ပန္နော၊**
**ယတ္ထ အတ္ထိတိ စေ သုတော။**
**ဗဟုဿာဟေန တံဌာနံ၊**
**ဂန္တ္တဗ္ဗံဝ သုတေသိနာ။**

၈။ **သုတသမ္ပန္နော** – သုတနှင့်ပြည့်စုံသော၊ **ပဏ္ဍိတော** – ပညာရှိသည်၊ **ယတ္ထ** – အကြင်အရပ်၌၊ **အတ္ထိတိ** – ရှိ၏ဟူ၍၊ **စေ သုတော** – အကယ်၍ ကြားငြားအံ့၊ **တံဌာနံ** – ထိုအရပ်သို့၊ **သုတေသိနာ** – သုတကို ရှာသော အမျိုးကောင်းသားသည်၊ **ဗဟုဿာဟေန** – သည်းစွာအားထုတ်သဖြင့်၊ **ဂန္တ္တဗ္ဗံဝ** – သွားရာ သာလျှင်ကတည်း။

၉။ **သိနေ သိပ္ပံ သိနေ ဓနံ၊**
**သိနေ ပဗ္ဗတမာရုဟံ။**
**သိနေ ကာမဿ ကောဓဿ၊**
**ဣမေ ပဥ္စ သိနေ သိနေ။**

၉။ **သိပ္ပံ** – အတတ်ကို၊ **သိနေ** – ဖြည်းဖြည်းသင်ရာ၏၊ **ဓနံ** – ဥစ္စာကို၊ **သိနေ** – ဖြည်းဖြည်းရှာရာ၏၊ **ပဗ္ဗတံ** – တောင်ကို၊ **အာရုဟံ** – အာရုဟန္တော၊ တက်သောသူသည်၊ **သိနေ** – ဖြည်းဖြည်းတက်ရာ၏။ **ကာမဿ** – ကာမဂုဏ်ကို၊ **သိနေ** – ဖြည်းဖြည်း တစ်စတစ်စသာအလိုရှိရာ၏။ **ကောဓဿ** – အမျက်ကို၊ **သိနေ** – ဖြည်းဖြည်းထွက်ရာ၏။ **ဣမေ ပဥ္စ** – ဤငါးပါးတို့ကို၊ **သိနေ သိနေ** – ဖြည်းဖြည်း တစ်စတစ်စသာ အလိုရှိရာ၏။

**၁၀။ သုတိ သမ္မုတိ သင်္ချာစ၊**
**ယောဂါနီတိ ဝိသေသကာ။**
**ဂန္ဓဗ္ဗာ ဂဏိကာ စေဝ၊**
**ဓနု ဗေဒါစ ပူရဏာ။**

၁၀။ **သုတိစ** – အကြားအမြင်အတတ်လည်းကောင်း၊ **သမ္မုတိစ** – ဓမ္မသတ်အတတ်လည်းကောင်း၊ **သင်္ချာစ** – ဂဏန်းအတတ်လည်းကောင်း၊ **ယောဂါစ** – တံစဉ်း၊ ဓူး၊ ဆောက် အတတ်လည်းကောင်း၊ **နီတိစ** – နီတိကျမ်းအတတ်လည်းကောင်း၊ **ဝိသေသကာစ** – ယာယီယတြာစသော ဗျာကရိဏ်းအတတ် လည်းကောင်း၊ **ဂန္ဓဗ္ဗာစ** – စောင်းညင်းစသော ကဗျာလင်္ကာအတတ်လည်းကောင်း၊ **ဂဏိကာ စေဝ** – လက်ပစ်အတတ်လည်းကောင်း၊ **ဓနု ဗေဒါစ** – ဒူးလေး၊ လင်းလေးအတတ်လည်းကောင်း၊ **ပူရဏာ စ** – စကားဟောင်းအတတ်လည်းကောင်း။

**၁၁။ တိကိစ္ဆာ ဣတိဟာသာစ၊**
**ဇောတိ မာယာစ ဆန္ဒတိ။**
**ကေတု မန္တာစ သဒ္ဒါစ၊**
**သိပ္ပါ ဋ္ဌာရသကာ ဣမေ။**

၁၁။ **တိကိစ္ဆာ** – ဆေးအတတ်လည်းကောင်း၊ **ဣတိဟာသာစ** – ရယ်ရွှင်မှုအတတ်လည်းကောင်း၊ **ဇောတိစ** – ဗေဒင်အတတ်လည်းကောင်း၊ **မာယာစ** – လှည့်ပတ်သောအတတ်လည်းကောင်း၊ **ဆန္ဒတိစ** – ဆန်းကျမ်းအတတ်လည်းကောင်း၊ **ကေတုစ** – သံတမန်အတတ်လည်းကောင်း၊ **မန္တာစ** – မန္တာန်အတတ်လည်းကောင်း၊ **သဒ္ဒါစ** – သဒ္ဒါကျမ်းအတတ်လည်းကောင်း၊ **ဣမေ** – ဤ**သည်တို** ကား၊ **အဋ္ဌာရသကာ** – တစ်ဆယ့်ရှစ်ပါးကုန်သော၊ **သိပ္ပါ** – အတတ်တို့တည်း။

**၁၂။ အပုဋ္ဌော ပဏ္ဍိတော ဘေရီ၊**
**ပဇ္ဇုန္နော ဟောတိ ပုစ္ဆိတော။**
**ဗာလော ပုဋ္ဌော အပုဋ္ဌောပိ၊**
**ဗဟုံပိ ဘဏတေ သဒါ။**

၁၂။ **လောကေ** – လောက၌၊ **ပဏ္ဍိတော** – ပညာရှိသည်၊ **အပုဋ္ဌော** – သူမမေးမူကား၊ **ဘေရီ** – စည်ကြီး သဖွယ်၊ **ဟောတိ** – ဖြစ်၏။ **ပုစ္ဆိတော** – သူတည်းမေးမူကား၊ **ပဇ္ဇုန္နော** – မိုးကြီးသဖွယ်၊ **ဟောတိ** – ဖြစ်၏။ **ဗာလော** – သူမိုက်သည်၊ **ပုဋ္ဌောပိ** – မေးသော်လည်းကောင်း၊ **အပုဋ္ဌောပိ** – မမေးသော် လည်းကောင်း၊ **သဒါ** – အခါခပ်သိမ်း၊ **ဗဟုမ္ပိ** – များစွာလည်း၊ **ဘဏတေ** – **ဘဏတေဝ** – ဟောပြော တတ်သလျှင်ကတည်း။

၁၃။ **ပေါတ္တကောသုစ ယံ သိပ္ပံ၊
ပရဟေတ္တေသု ယံ ဓနံ။
ယထာ ကိစ္စေ သမုပ္ပန္နေ၊
န တံ သိပ္ပံ န တံ ဓနံ။**

၁၃။ **လောကေ** – လောက၌၊ **ပေါတ္တကေသု** – ပေတို့၌၊ **ယံ သိပ္ပဥ္စ** – အကြင်အတတ်သည်လည်းကောင်း၊ **ပရဟတ္ထေသု** – သူတစ်ပါး၏လက်တို့၌၊ **ယံဓနဥ္စ** – အကြင်ဥစ္စာသည်လည်းကောင်း၊ **အတ္ထိ** – ရှိ၏။ **ယထာ ကိစ္စေ** – ပြုဖွယ်ကိစ္စသည်၊ **သမုပ္ပန္နေ** – ဖြစ်လတ်သော်၊ **တံသိပ္ပံ** – ထိုပေ၌ရှိသော အတတ်သည်၊ **နသိပ္ပံ** – အတတ်မမည်၊ **တံ ဓနဥ္စ** – ထိုသူတစ်ပါးတို့၏ လက်၌ရှိသော ဥစ္စာသည်လည်း၊ **န ဓနံ** – ဥစ္စာမမည်။

၁၄။ ဇလပ္ပမာဏံ ကုမုဒ္ဒမာလံ၊
ကုလပ္ပမာဏံ ဝိနယော ပမာဏံ။
ဗျတ္တိပ္ပမာဏံ ကထိတ ဝါကျံ၊
ပထဝီ ပမာဏံ တိဏမိလာတံ။

၁၄။ **လောကေ** – လောက၌၊ **ဇလပ္ပမာဏံ** – ရေတိမ်ရေနက်ကိုကား၊ **ကုမုဒ္ဒမာလံ** – ကုမုဒ္ဒရာကြာကို မြင်သဖြင့် သိအပ်၏။ **ကုလပ္ပမာဏံ** – အမျိုးယုတ်မြတ်ကိုကား၊ **ဝိနယော ပမာဏံ** – ကိုယ်အမူအရာ နှုတ်အမူအရာအားဖြင့် သိအပ်၏။ (ထိုသူ၏အကျင့်အားဖြင့် သိအပ်၏သော်လည်းဟူ) **ဗျတ္တိပ္ပမာဏံ** – ပညာရှိမရှိကိုကား၊ ကထိတ ဝါကျံ – ဆိုသော စကားဖြင့် သိအပ်၏။ ပထဝီ **ပမာဏံ** – မြေကောင်း မကောင်းကိုကား၊ တိဏမိလာတံ – မြက်ညှိုး မညှိုးကို မြင်သဖြင့် သိအပ်၏။

၁၅။ အပ္ပဿုတော သုတံ အပ္ပံ၊
ဗဟုံ မညတိ မာနဝါ။
သိန္ဓုဒက မပဿန္တော၊
ကူပေ တောယံဝ မဏ္ဍုကော။

၁၅။ **လောကေ** – လောက၌၊ **အပ္ပဿုတော** – နည်းသောသုတရှိသောသူသည်၊ **အပ္ပံ** – အနည်းငယ်သော၊ **သုတံ** – သုတကို၊ **ဗဟုံ မညတိ** – အများအောက်မေ့တတ်၏။ **မာနဝါ** – မာန်ရှိတတ်၏၊ **ကိမိဝ** – အဘယ်ကဲ့သို့နည်းဟူမူကား၊ **သိန္ဓုဒကံ** – သမုဒ္ဒရာရေကို၊ **အပဿန္တော** – မမြင်ဖူးသော၊ **မဏ္ဍုကော** – ဖားသူငယ်သည်၊ **ကူပေ** – တွင်း၀၌၊ **တောယံ** – ရေကို၊ ဗဟုံမညတိဣဝ – အများထင်သကဲ့သို့တည်း။

၁၆။ ပဌမံ န ပရာဇိတော သိပ္ပံ၊
ဒုတိယံ န ပရာဇိတော ဓနံ။
တတိယံ န ပရာဇိတော ဓမ္မံ၊
စတုတ္ထံ ကိံ ကရိဿတိ။

၁၆။ လောကေ – လောက၌၊ ပဌမံ – ပထမအရွယ်၌ကား၊ န ပရာဇိတောသိပ္ပံ – အတတ်မရတုံအံ့၊ ဒုတိယံ – ဒုတိယအရွယ်၌ကား၊ န ပရာဇိတောဓနံ – ဥစ္စာမရတုံအံ့၊ တတိယံ – တတိယအရွယ်၌ကား၊ န ပရာဇိတောဓမ္မံ – တရားမရတုံအံ့၊ စတုတ္ထံ – စတုတ္ထအရွယ်တိုင်မှကား၊ ကိံ ကရိဿတိ – အဘယ်မှု စအံ့နည်း။

၁၇။ ဗျတ္တာ ပုတြာ ကိမာလသော၊
အဗျတ္တော ဘာရ ဟာရိကော။
ဗျတ္တကော ပူဇိတော လောကေ၊
ဗျတ္တာ ပုတြာ ဒိနေဒိနေ။

၁၇။ ပုတြာ – ချစ်သားတို့၊ ဗျတ္တာ – အတတ်ပညာ သင်ကုန်လော့၊ ကိံ – အဘယ်ကြောင့်၊ အလသော – ပျင်းဘိသနည်း။ ပုတြာ – ချစ်သားတို့၊ ဒိနေဒိနေ – နေ့တိုင်းနေ့တိုင်း၊ ဗျတ္တာ – အတတ်ပညာ သင်ကုန်လော့။ အဗျတ္တော – အတတ်ပညာမရှိသောသူသည်၊ ဘာရ ဟာရိကော – သူ၏ဝန်ထမ်း ဖြစ်တတ်၏။ ဗျတ္တကော – အတတ်ပညာရှိသောသူကို၊ လောကေ – လောက၌၊ ပူဇိတော – သူတစ်ပါး တို့ ပူဇော်အပ်၏။

၁၈။ မာတာ သတြု ပိတာ ဝေရီ၊
ယေန ဗာလော န သိက္ခိတော။
သဘာ မဇ္ဈေ န သောဘတိ၊
ဟံသ မဇ္ဈေ ဗကော ယထာ။

၁၈။ ယာယ – အကြင်အမိသည်၊ ဗာလော – သားငယ်ကို၊ န သိက္ခိတော – အတတ်ပညာသင်၍မပေး၊ သာမာတာ – ထိုအတတ်ပညာ သင်၍မပေးသောအမိသည်၊ သတြု – ရန်သူမည်၏။ ယေန – အကြင် အဘသည်၊ ဗာလော – သားငယ်ကို၊ န သိက္ခိတော – အတတ်ပညာသင်၍မပေး။ သောပိတာ – ထို အတတ်ပညာ သင်၍မပေးသောအဖသည်၊ ဝေရီ – ရန်သူမည်၏။ သော – ထိုအတတ်ပညာမရှိသော သူသည်၊ ဟံသ မဇ္ဈေ – ဟင်္သာတို့၏အလယ်၌၊ ဗကော ယထာ – ဗျိုင်းကဲ့သို့၊ သဘာမဇ္ဈေ – သဘင် အလယ်၌၊ န သောဘတိ – မတင့်တယ်၊ တသ္မာ – ထိုသို့အတတ်ကိုမသင်စေသောကြောင့်၊ ဝေရီ – ရန်သူမည်၏။

၁၉။ ကဏှကာဂီရိ ကော တိက္ခတိ၊
ကော အဥ္ဇနံ မိဂက္ခိယံ။
ဥပ္ပလဿ ပလ္လလေ ကော သုဂန္ဓံ၊
ကုလပုတ္တရူပေါ ပဝတ္တတိ သမတိဘာဝေါ။

၁၉။ **ကဏှကာဂီရိ** – တောင်ချောက်ကြား၌ ရောက်သောဆူးကို၊ **ကော တိက္ခတိ** – အဘယ်သူထက်စိမ့်ချွန်သနည်း။ **သမတိဘာဝေါ** – မိမိအလိုလိုသာလျှင် ထက်ပချေ၏ရှင့်၊ **မိဂက္ခိယံ** – သမင်တို့၏မျက်စိ၌၊ **ကော အဥ္ဇနံ** – အဘယ်သူမျက်စဉ်းခတ်၍ကြည်သနည်း။ **သမတိဘာဝေါ** – မိမိအလိုလိုသာလျှင် ကြည်ပချေ၏ရှင့်၊ **ပလ္လလေ** – ညွန်၌၊ **ဥပ္ပလဿ** – ကြာကို၊ **ကော သုဂန္ဓံ** – အဘယ်သူအနံ့ကောင်း ထည့်ပချေသနည်း။ **သမတိဘာဝေါ** – မိမိအလိုလိုသာလျှင် အနံ့ကောင်းတုံ၏ရှင့်။ **ကုလပုတ္တရူပေါ** – အမျိုးကောင်းသားတို့၏သဘောသည်၊ **ကောပဝတ္တတိ** – အဘယ်သူပြု၍ဖြစ်သနည်း၊ **သမတိဘာဝေါ** – မိမိအလိုလိုသာဖြစ်ပချေ၏ရှင့်။

၂၀။ နရသံ အ ကောတမ္ဗုလံ၊
အဓနေဿ လက်တမ္ပိ။
အလောဏကန္တု ဗျဥ္ဇနံ၊
ဗျာကရဏံ အသိပ္ပဿ။

၂၀။ **အကောတမ္ဗုလံ** – ထုံးမရှိသောကွမ်းသည်၊ **နရသံ** – အရသာမရှိ၊ **အဓနေဿ** – ဥစ္စာမရှိသောသူ၏၊ **အလက်တမ္ပိ** – တန်ဆာဆင်ခြင်းသည်လည်း၊ **နရသံ** – အရသာမရှိ၊ **အလောဏကံ** – ဆားမရှိသော၊ **ဗျဥ္ဇနံတု** – စားဖွယ်သည်လည်း၊ **နရသံ** – အရသာမရှိ၊ **အသိပ္ပဿ** – အတတ်မရှိသောသူ၏၊ **ဗျာကရဏံ** – ပျို့ကဗျာဖွဲ့ခြင်းသည်လည်း၊ **နရသံ** – အရသာမရှိ။

၂၁။ သုဿုသာ သုတသမ္ပန္နော၊
သုတ ပညာယ ဝဍ္ဎတိ။
ပညာယ အတ္တံ ဇာနာတိ၊
အတ္ထော ဉာတော သုခါဝဟော။

၂၁။ **သုဿုသာ** – နာခြင်း မှတ်ခြင်း၌ ကောင်းစွာအားထုတ်သောသူသည်၊ **သုတသမ္ပန္နော** – သုတနှင့်ပြည့်စုံ၏၊ **သုတ ပညာယ** – သုတပညာဖြင့်၊ **ဝဍ္ဎတိ** – ပွား၏။ **ပညာယ** – သုတပညာဖြင့်၊ **အတ္တံ** – အနက်ကို၊ **ဇာနာတိ** – သိ၏။ **ဉာတော** – သိအပ်သော၊ **အတ္ထော** – အနက်သည်၊ **သုခါဝဟော** – ချမ်းသာကိုဆောင်တတ်၏။

၂၂။ **ဘောဇနံ မေထုနံ နိဒ္ဒါ၊**
**ဂေါဏော ပေါသေပိ ဝိဇ္ဇတိ။**
**ဝိဇ္ဇာ ဝိသေသော ပေါသဿ၊**
**ဟီနော ဂေါဏသမော ဘဝေ။**

၂၂။ **လောကေ** – လောက၌၊ **ဘောဇနံ** – အစာစားခြင်းသည်လည်းကောင်း၊ **မေထုနံ** – မေထုန်မှီဝဲခြင်းသည်လည်းကောင်း၊ **နိဒ္ဒါ** – အိပ်ခြင်းသည်လည်းကောင်း၊ **ဂေါဏေပိ** – နွား၌လည်းကောင်း၊ **ပေါသေပိ** – ယောကျ်ား၌လည်းကောင်း၊ **ဝိဇ္ဇတိ** – ရှိ၏၊ **ဝိဇ္ဇာ** – အတတ်ပညာသည်ကား၊ **ပေါသဿ** – ယောကျ်ားအား၊ **ဝိသေသော** – အထူးပေတည်း၊ **ဟီနော** – အတတ်ညာမှယုတ်ခဲ့မူကား၊ **ဂေါဏသမော** – နွားနှင့်တူသည်၊ **ဘဝေ** – ဖြစ်၏။

၂၃။ **နတ္ထိ ဝိဇ္ဇာ သမံ မိတ္တံ၊**
**နစ ဗျာဓိ သမော ရိပု။**
**နစ အတ္တ သမံ ပေမံ၊**
**နစ ကမ္မ သမံ ဗလံ။**

၂၃။ **လောကေ** – လောက၌၊ **ဝိဇ္ဇာ သမံ** – အတတ်နှင့်တူသော၊ **မိတ္တံ** – အဆွေခင်ပွန်းမည်သည်၊ **နတ္ထိ** – မရှိ။ **ဗျာဓိ သမော** – အနာနှင့်တူသော၊ **ရိပု** – ရန်သူမည်သည်၊ **နစ အတ္ထိ** – မရှိ၊ **အတ္တ သမံ** – ကိုယ်နှင့်တူသော၊ **ပေမံ** – ချစ်သောသူမည်သည်၊ **နစ အတ္ထိ** – မရှိ။ **ကမ္မ သမံ** – ကံနှင့်တူသော၊ **ဗလံ** – အားမည်သည်၊ **နစ အတ္ထိ** – မရှိ။

၂၄။ **ဟံသော မဇ္ဈေ န ကာကာနံ၊**
**သီဟော ဂုန္နံ န သောဘတေ။**
**ဂဒြဘမဇ္ဈေ တုရင်္ဂေါ၊**
**ဗာလမဇ္ဈေစ ပဏ္ဍိတော။**

၂၄။ **လောကေ** – လောက၌၊ **ဟံသော** – ဟင်္သာသည်၊ **ကာကာနံ** – ကျီးတို့၏၊ **မဇ္ဈေ** – အလယ်၌၊ **န သောဘတေ** – မတင့်တယ်။ **သီဟော** – ခြင်္သေ့သည်၊ **ဂုန္နံ** – နွားတို့၏၊ **မဇ္ဈေ** – အလယ်၌၊ **န သောဘတေ** – မတင့်တယ်။ **တုရင်္ဂေါ** – မြင်းသည်၊ **ဂဒြဘမဇ္ဈေ** – မြည်းတို့၏အလယ်၌၊ **န သောဘတေ** – မတင့်တယ်။ **ဗာလမဇ္ဈေ** – လူမိုက်တို့၏အလယ်၌၊ **ပဏ္ဍိတော** – ပညာရှိသည်၊ **န သောဘတေ** – မတင့်တယ်။

၂၅။ ယာဝဇီဝံပိ စေ ဗာလော၊
ပဏ္ဍိတံ ပယိရုပါသတိ။
န သော ဓမ္မံ ဝိဇာနာတိ၊
ဒဗ္ဗီ သူပရသံ ယထာ။

၂၅။ **ဗာလော** – သူမိုက်သည်၊ **ယာဝဇီဝံပိ** – အသက်ထက်ဆုံးလည်း၊ **ပဏ္ဍိတံ** – ပညာရှိကို၊ **စေပယိရုပါသတိ** – အကယ်၍ ဆည်းကပ်ငြားအံ့၊ **သော ဗာလော** – ထိုသူမိုက်သည်၊ **ဓမ္မံ** – တရားကို၊ **နဝိဇာနာတိ** – မသိ၊ ကိမိဝ – အဘယ်ကဲ့သို့နည်းဟူမူကား၊ ဒဗ္ဗီ – ယောက်မသည်၊ **သူပရသံ** – ဟင်း၏အရသာကို၊ န ဝိဇာနာတိယထာ – မသိသကဲ့သို့တည်း။

၂၆။ မုဟုတ္တ မပိ စေ ဝိညူ၊
ပဏ္ဍိတံ ပယိရုပါသတိ။
ခိပ္ပံ ဓမ္မံ ဝိဇာနာတိ၊
ဇိဝှာ သူပ ရသံ ယထာ။

၂၆။ **ဝိညူ** – ပညာရှိသည်၊ **မုဟုတ္တ မပိ** – တခဏမျှလည်း၊ **ပဏ္ဍိတံ** – ပညာရှိကို၊ **စေပယိရုပါသတိ** – အကယ်၍ ဆည်းကပ်ငြားအံ့။ ခိပ္ပံ – လျင်စွာ၊ ဓမ္မံ – တရားကို၊ ဝိဇာနာတိ – သိ၏၊ **ကိမိဝ** – အဘယ်ကဲ့သို့နည်းဟူမူကား၊ ဇိဝှာ – လျှာသည်၊ သူပ ရသံ – ဟင်း၏အရသာကို၊ **ဝိဇာနာတိယထာ** – သိသကဲ့သို့တည်း။

၂၇။ ဝိနာ သတ္ထံ န ဂစ္ဆေယျ၊
သူရော သိင်္ဂါမဘူမိယံ။
ပဏ္ဍိတွဒ္ဓဂူ ဝါဏိဇော၊
ဝိဒေသ ဂမနော တထာ။

၂၇။ **သူရော** – ရဲရင့်သောသူသည်၊ သတ္ထံ – လက်နက်ကို၊ ဝိနာ – ကင်း၍၊ **သိင်္ဂါမဘူမိယံ** – စစ်မြေအရပ်သို့၊ **န ဂစ္ဆေယျ** – မသွားရာ၊ တထာ – ထို့အတူ၊ ပဏ္ဍိတော – ပညာရှိသည်၊ သတ္ထံ – ကျမ်းဂန်ကို၊ **ဝိနာ** – ကင်း၍၊ **န** ဘာသေယျ – စကားမဆိုရာ၊ အဒ္ဓဂူ – အဓွန့်ရှည်သော ခရီးသို့သွားသော၊ **ဝါဏိဇော** – ကုန်သည်သည်၊ သတ္ထံ – အဖော်ကို၊ ဝိနာ – ကင်း၍၊ **နဂစ္ဆေယျ – မသွားရာ**၊ **ဝိဒေသ ဂမနော** – အရပ်တစ်ပါးသို့သွားသောသူသည်၊ **သတ္ထံ** – အဖော်ကို၊ **ဝိနာ – ကင်း၍**၊ **န ဂစ္ဆေယျ** – မသွားရာ။

၂၈။ ခနနာသံ မနော တာပံ၊
ဃရေ ဒုစ္စရိတာနိစ။
ဝဋ္ဋနဋ္ဌ အဝမာနံ၊
ပဏ္ဍိတော န ပကာသယေ။

၂၈။ လောကေ – လောက၌၊ ခနနာသဋ္ဌ – ဉစ္စာပျက်ခြင်းကိုလည်းကောင်း၊ မနောတာပဋ္ဌ – နှလုံးပူပန်ခြင်းကိုလည်းကောင်း၊ ဃရေ – အိမ်၌၊ ဒုစ္စရိတာနိစ – မကောင်းမှုကို ပြုကျင့်ခြင်းတို့ကိုလည်းကောင်း၊ ဝဋ္ဋနဋ္ဌ – လှည့်ပတ်ခြင်းကိုလည်းကောင်း၊ အဝမာနဋ္ဌ – မထေမဲ့မြင်ပြုခြင်းကိုလည်းကောင်း၊ ပဏ္ဍိတော – ပညာရှိသည်၊ န ပကာသယေ – ထင်ရှားမပြုရာ။

၂၉။ ပတ္တာ နုရူပကံ ဝါကျံ၊
သဘာဝ ရူပကံ ပိယံ။
အတ္တာ နုရူပကံ ကောခံ၊
ယော ဇာနာတိ သပဏ္ဍိတော။

၂၉။ လောကေ – လောက၌၊ ပတ္တာ နုရူပကံ – အရေးအခွင့်ရောက်သည်နှင့် လျော်သော၊ ဝါကျံ – စကားကိုလည်းကောင်း၊ သဘာဝ ရူပကံ – ကိုယ်အားလျောက်ပတ်သော၊ ပိယံ – ချစ်အပ်သောသူကို လည်းကောင်း၊ အတ္တာ နုရူပကံ – ကိုယ်နှင့်တန်ရုံသော၊ ကောခံ – အမျက်ကိုလည်းကောင်း၊ ယော – အကြင်သူသည်၊ ဇာနာတိ – သိတတ်၏။ သော – ထိုသူသည်၊ ပဏ္ဍိတော – ပညာရှိမည်၏။

၃၀။ အခနေဿ ရသံ ခါဒါ၊
အဗလဿ ဟတာ နရာ။
အပ္ပညဿ ဝါကျ ရတာ၊
ဉမ္မတ္တက သမာ ဣမေ။

၃၀။ အခနေဿ – ဉစ္စာမရှိဘဲလျက်၊ ရသံ ခါဒါ – အရသာစားကြူးသောသူ၊ အဗလဿ – ခွန်အားမရှိဘဲလျက်၊ ဟတာ နရာ – အသတ်အပုတ် ကြိုက်တတ်သောသူ၊ အပညဿ – ပညာမရှိဘဲလျက်၊ ဝါကျ ရတာ – စကားလိုလားသောသူ၊ ဣမေ – ဤသည်တို့ကား၊ ဉမ္မတ္တက သမာ – သူရူးနှင့်တူကုန်၏။

၃၁။ အနဝှါယံ ဂမယန္တော၊
အပုစ္ဆာ ဗဟု ဘာသကော။
အတ္တ ဂုဏံ ပကာသေန္တော၊
တိဝိခံ ဟီန လက္ခဏံ။

၃၁။ **အနဝှါယံ** – သူမခေါ်ဘဲလျက်၊ **ဂမယန္တော** – သူ့အိမ်သို့ သွားဖန်များသောသူ၊ **အပုဋ္ဌာ** – သူမမေးဘဲ၊ **ဗဟု ဘာသကော** – များစွာပြောဟောတတ်သောသူ၊ **အတ္တ ဂုဏံ** – မိမိဂုဏ်ကျေးဇူးကို၊ **ပကာသေန္တော** – ပလွှားတတ်သောသူ၊ **ဉာဒံတိဝိစံ** – ဤသုံးပါးသည်၊ **ဟီန လက္ခဏံ** – သူယုတ်၏ လက္ခဏာတည်း။

၃၂။ အပ္ပရူပေါ ဗဟုံ ဘာသော၊
အပ္ပပညော ပကာသကော။
အပ္ပပူရော ဃဋော ခေါဘော၊
အပ္ပခီရာ ဂါဝီ စလေ။

၃၂။ **အပ္ပရူပေါ** – အဆင်းမလှသောသူသည်၊ **ဗဟုံ ဘာသော** – စကားများတတ်၏။ **အပ္ပပညာ** – ပညာနည်းသောသူသည်၊ **ပကာသကော** – ထင်ရှားပြတတ်၏။ **အပ္ပပူရော** – ရေမပြည့်သော၊ **ဃဋော** – အိုးသည်၊ **ခေါဘော** – ချောက်ချားတတ်၏။ **အပ္ပခီရာ** – နို့ရည်မထွက်သော၊ **ဂါဝီ** – နွားမသည်၊ **စလေ** – ကျောက်ကန်တတ်၏။

၃၃။ မဏ္ဍူကောပိ ဥက္ကြေ သီဟော၊
ကာကဂ္ဂဟော ပိယေ ပိယေ။
အပဏ္ဍိပိ ပဏ္ဍိဟုတွာ၊
ဓီရာ ပုစ္ဆေ ငယေ ငယေ။

၃၃။ **မဏ္ဍူကောပိ** – ဖားသူငယ်သည်လည်း၊ **ဥက္ကြေ** – ဆောင့်ကြောင့်ထိုင်တတ်ကာမူ၊ **သီဟော** – ခြင်္သေ့ဟု ထင်၏၊ **ကာကဂ္ဂဟော** – ကျီးတည်းချီမှုကား၊ **ပိယေ ပိယေ** – ချစ်ဆွေ ချစ်ဆွေဟု မြည်တတ်၏။ **အပဏ္ဍိပိ** – ပညာမရှိသော သူမိုက်သည်လည်း၊ **ပဏ္ဍိဟုတွာ** – မိမိကိုယ်ကို ပညာရှိထင်ခြင်းကြောင့်၊ **ဓီရာ** – ပညာရှိတို့သည်၊ **ပုစ္ဆေ** – မေးလတ်သော်၊ **ငယေ ငယေ** – ငါ့ရှင် ငါ့ရှင်ဟု ချစ်ဖွယ်သောစကားကို ဆိုတတ်၏။

၃၄။ မဏ္ဍူကောပိ ဥက္ကြေ သီဟော၊
သူကရေပိ ဥဟော ဒီပေ။
ဗိဠာရေပိ သဒ္ဒိသေ ဗျဂ္ဃေ၊
သဗ္ဗဓီရေ သိပ္ပသမေ။

၃၄။ **မဏ္ဍူကောပိ** – ဖားသူငယ်သည်လည်း၊ **ဥက္ကြေ** – ဆောင့်ကြောင့်ထိုင်ခြင်းတူကာမျှ။ **သီဟော** – ခြင်္သေ့ဟူကောင်းအံ့လော၊ **သူကရေပိ** – ဝက်သည်လည်း၊ **ဥဟော** – အုတ်အုတ် မြည်တတ်ကာမျှ၊ **ဒီပေ** –

**ကျားသစ်ဟူကောင်းအံ့လော၊ ဗိဋ္ဌာရေပိ** – ကြောင်သည်လည်း၊ **သဒိသော** – အဆင်းသဏ္ဌာန်တူကာမျှ၊ **ဗျဂ္ဃော** – ကျားဟူကောင်းအံ့လော၊ **သဗ္ဗဓီရေ** – ခပ်သိမ်းသော ပညာရှိတို့သည်လည်း၊ **သိပ္ပသမေ** – အတတ်ချင်းတူ ကောင်းအံ့လော။

၃၅။ န တိတ္တိ ရာဇာ ဓနမှိ
ပဏ္ဍိတောပိ သုဘာသိတေ။
စက္ခုပိ ပိယ ဒဿနေ၊
ဇလေ သာဂရော န တိတ္တိ။

၃၅။ **ရာဇာ** – မင်းတို့သဘောမည်သည်၊ **ဓနမှိ** – ဥစ္စာ၌၊ **နတိတ္တိ** – ရောင့်ရဲခြင်းမရှိ၊ **ပဏ္ဍိတောပိ** – ပညာရှိသည်လည်း၊ **သုဘာသိတေ** – စကားကောင်း၌၊ **န တိတ္တိ** – ရောင့်ရဲခြင်းမရှိ၊ **စက္ခုပိ** – မျက်စိသည်လည်း၊ **ပိယဒဿနေ** – ချစ်သောသူကိုမြင်ခြင်း၌၊ **န တိတ္တိ** – ရောင့်ရဲခြင်းမရှိ၊ **သာဂရော** – သမုဒ္ဒရာသည်၊ **ဇလေ** – ရေ၌၊ **န တိတ္တိ** – ရောင့်ရဲခြင်းမရှိ။

၃၆။ ရူပယောဗ္ဗန သမ္ပန္နာ၊
ဝိသာလ ကုလ သမ္ဘဝါ။
ဝိဇ္ဇာ ဟီနာ နသောဘန္တိ
နိဂန္ဓာ ဣဝ ကိံသုကာ။

၃၆။ **ရူပယောဗ္ဗန သမ္ပန္နာ** – အဆင်းအရွယ်နှင့်ပြည့်စုံလျှင်းမူလည်း၊ **ဝိသာလ ကုလ သမ္ဘဝါ** – ပြန့်ပြောကြွယ်ဝသောအမျိုး၌ ဖြစ်လျှင်မူလည်း၊ **ဝိဇ္ဇာ ဟီနာ** – အတတ်ပညာမှ ယုတ်ခဲ့မူကား၊ **နသောဘန္တိ** – မတင့်တယ်ကုန်၊ **ကိံသုကာ** – ပေါက်ပန်းတို့သည်၊ **နိဂန္ဓာ ဣဝ** – အနံ့မှကင်းကုန်သကဲ့သို့တည်း။

၃၇။ ဟီန ပုတ္တော ရာဇာ မစ္စော၊
ဗာလ ပုတ္တော စ ပဏ္ဍိတော။
အဓနဿ ဓနံ ဗဟု၊
ပုရိသာနံ နမညထ။

၃၇။ **လောကေ** – လောက၌၊ **ဟီန ပုတ္တော** – အမျိုးယုတ်သောသူ၏သားဖြစ်လျက်လည်း၊ **ရာဇာ မစ္စော** – မင်း၏အမတ်ဖြစ်တတ်၏။ **ဗာလ ပုတ္တောစ** – လူမိုက်၏သားဖြစ်လျက်လည်း၊ **ပဏ္ဍိတော** – ပညာရှိဖြစ်တတ်၏။ **အဓနဿ** – ဥစ္စာမရှိသောသူ၏သားဖြစ်လျက်လည်း၊ **ဓနံ** – ဥစ္စာသည်၊ **ဗဟု** – များတတ်၏။ **တသ္မာ** – ထို့ကြောင့်၊ **ပုရိသာနံ** – ယောက်ျားတို့အား၊ **နမညထ** – မထေမဲ့မြင်မပြုကုန်ရာ။

၃၈။ ယော သိဿော သိပ္ပလောဘေန၊
ဗဟုံ ဂဏှာတိ တံ သိပ္ပံ။
မူဂေါ၀ သုပိနံ ပဿံ၊
ကထေတုမ္ပိ န ဥဿဟေ။

၃၈။ **ယော သိဿော** – အကြင်တပည့်သည်၊ **သိပ္ပလောဘေန** – အတတ်ကိုလိုသဖြင့်၊ **ဗဟုံ** – အထူးထူး အပြားပြားများစွာ။ **ဂဏှာတိ** – သင်တတ်၏။ **သောသိဿော** – ထိုတပည့်သည်၊ **တံ သိပ္ပံ** – ထိုအတတ်ကို၊ **သုပိနံ** – အိပ်မက်ကို၊ **ပဿန္တော** – မြင်သော၊ **မူဂေါ၀** – သူအကဲ့သို့၊ **ကထေတုမ္ပိ** – ပြန်ဆိုခြင်းငှာလည်း၊ **န ဥဿဟေ** – မစွမ်းနိုင်ရာ။

၃၉။ န ဘိန္ဒေတုံ ကုမ္ဘကာရော၊
သောဘေတုံ ကုမ္ဘံ ဃဋ္ဋတိ။
န ခိပေတုံ အပါယေသု၊
သိဿာနံ ဝုမိ ကာရဏာ။

၃၉။ **ကုမ္ဘကာရော** – အိုးထိန်းသည်သည်၊ **ကုမ္ဘံ** – အိုးကို၊ **ဘိန္ဒေတုံ** – ကွဲစိမ့်သောငှာ၊ **နဃဋ္ဋတိ** – မခတ်၊ **သောဘေတုံ** – တင့်တယ်စိမ့်သောငှာ၊ **ဃဋ္ဋတိ** – ခတ်၏၊ **အာစရိယော** – ဆရာသည်၊ **သိဿာနံ** – တပည့်တို့အား၊ **အပါယေသု** – အပါယ်ဆင်းရဲတို့သို့၊ **ခိပေတုံ** – ကျစေခြင်းငှာ၊ **နဃဋ္ဋတိ** – မပုတ်ခတ်၊ **ဝုမိ ကာရဏာ** – အတတ်ပညာ အစီးအပွားဟူသောအကြောင်းကြောင့်၊ **ဃဋ္ဋတိ** – ပုတ်ခတ်၏။

၄၀။ တဂ္ဂရဉ္စ ပလာသေန၊
ယော နရော ဥပနယှတိ။
ပတ္တာပိ သုရဘိ ဝါယန္တိ၊
ဧဝံ ဓီရူပသေဝနာ။

၄၀။ **ယော နရော** – အကြင်သူသည်၊ **တဂ္ဂရဉ္စ** – တောင်ဇလပ်ပန်းကိုလျှင်၊ **ပလာသေန** – ပေါက်ဖက်နှင့်၊ **ဥပနယှတိ** – ထုပ်၏၊ **တဿ** – ထိုသူ၏၊ **တဂ္ဂရောဧဝ** – တောင်ဇလပ်ပန်းသည်သာလျှင်၊ **သုရဘိ** – ကောင်းသောအနံ့ကို၊ **ဝါယန္တိ** – လှိုင်စေသည်ကား၊ **န** – မဟုတ်၊ **ပတ္တာပိ** – ပေါက်ဖက်တို့သည်လည်း၊ **သုရဘိ** – ကောင်းသောအနံ့ကို၊ **ဝါယန္တိ** – လှိုင်စေကုန်၏။ **ဧဝံတထာ** – ထို့အတူ၊ **ဓီရူပသေဝနာ** – ပညာရှိနှင့် ပေါင်းဖက်မှီဝဲရသောသူတို့ကို၊ ဒဋ္ဌဗ္ဗာ – မှတ်အပ်ကုန်၏။

*ပဏ္ဍိတကဏ္ဍံ – ပညာရှိကို ဆိုရာဖြစ်သော အခန်းသည်*
*နိဋ္ဌိတံ – ပြီးပြီ။*

## ၂။ သုဇနကဏ္ဍ

၄၁။ သဗ္ဘိရေဝ သမာသေထ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ ပညာယ၊
သေယျော ဟောတိ န ပါပိယော။

၄၁။ **သဗ္ဘိရေဝ** – သူတော်ကောင်းတို့နှင့်သာလျှင်၊ **သမာသေထ** – ပေါင်းဖက်ရာ၏။ **သဗ္ဘိ** – သူတော်ကောင်းတို့နှင့်၊ **သန္ထဝံ** – ပေါင်းဖက်ခြင်းကို၊ **ကုဗ္ဗေထ** – ပြုရာ၏။ **သတံ** – သူတော်ကောင်းတို့၏၊ **သဒ္ဓမ္မံ** – တရားကို၊ **အညာယ** – သိ၍၊ **သေယျော** – မြတ်သည်၊ **ဟောတိ** – ဖြစ်၏။ **ပါပိယော** – ယုတ်မာသည်၊ **န ဟောတိ** – မဖြစ်။

၄၂။ စဇ ဒုဇ္ဇနံ သံသဂ္ဂံ၊
ဘဇ သာဓု သမာဂမံ။
ကရ ပုည မဟောရတ္တိံ
သရ နိစ္စ မနိစ္စတံ။

၄၂။ **ဒုဇ္ဇနသံသဂ္ဂံ** – သူယုတ်တို့နှင့် ပေါင်းဖက်ခြင်းကို၊ **စဇ** – စဇာဟိ – စွန့်လော၊ **သာဓုသမာဂမံ** – ပေါင်းဖက်အပ်သော သူတော်ကောင်းသို့၊ **ဘဇ** – ဘဇာဟိ – ဆည်းကပ်လော့၊ **မဟောရတ္တိံ** – နေ့ညဥ့်ပတ်လုံး၊ ပုညံ – ကောင်းမှုကို၊ **ကရ** – ကရောဟိ – ပြုလော့။ **အနိစ္စတံ** – သင်္ခါရတရားတို့၏ မမြဲသောအဖြစ်ကို၊ **နိစ္စံ** – အမြဲ၊ **သရ** – သရာဟိ – အောက်မေ့လော့။

၄၃။ ယထာ ဥဒုမ္ဗရ ပက္ကာ၊
ဗဟိ ရတ္တကမေဝစ။
အန္တော ကိမိလ သမ္ပုဏ္ဏာ၊
ဧဝံ ဒုဇ္ဇန ဟဒယာ။

၄၃။ **ဥဒုမ္ဗရပက္ကာ** – ရေသဖန်းသီးမှည့်တို့သည်၊ **ဗဟိ** – အပ၌၊ **ရတ္တကမေဝစ** – နီစွာသာလျှင်ကတည်း။ **အန္တော** – အတွင်း၌ကား၊ **ကိမိလ သမ္ပုဏ္ဏာ** – ပိုးအတိပြည့်ကုန်သည်။ **ဟောန္တိယထာ** – ဖြစ်ကုန် သကဲ့သို့၊ **ဧဝံတထာ** – ထို့အတူ၊ **ဒုဇ္ဇန ဟဒယာ** – သူယုတ်တို့၏နှလုံးတို့သည်၊ **ဟောန္တိ** – ဖြစ် ကုန်၏။

၄၄။ ယထာပိ ပနသာ ပက္ကာ၊
ဗဟိ ကဏ္ဍကမေဝစ။
အန္တော အမတ သမ္ပန္နာ၊
ဧဝံ သုဇန ဟဒယာ။

၄၄။ **ပနသာပက္ကာပိ** – ပိန္နဲသီးမှည့်တို့သည်ကား၊ **ဗဟိ** – အပ၌၊ **ကဏ္ဍကမေဝစ** – ဆူးသာထင်ကုန်၏။ **အန္တော** – အတွင်း၌ကား၊ **အမတ သမ္ပန္နာ** – အမြိန်အရသာနှင့် ပြည့်စုံကုန်သည်။ **ဟောန္တိယထာ** – ဖြစ်ကုန်သကဲ့သို့၊ **ဧဝံတထာ** – ထို့အတူ၊ **သုဇန ဟဒယာ** – သူတော်ကောင်းတို့၏နှလုံးတို့သည်။ **ဟောန္တိ** – ဖြစ်ကုန်၏။

၄၅။ သုက္ခောပိ စန္ဒန တရု န ဇဟာတိ ဂန္ဓံ၊
နာဂေါဂတော နရမုခေ န ဇဟာတိ လီဠံ။
ယန္တာဂတော မဓုရသံ န ဇဟာတိ ဥစ္ဆု၊
ဒုက္ခောပိ ပဏ္ဍိတ ဇနော န ဇဟာတိ ဓမ္မံ။

၄၅။ **လောကေ** – လောက၌၊ **စန္ဒနတရု** – စန္ဒကူးပင်သည်၊ **သုက္ခောပိ** – ခြောက်သွေ့သော်လည်း၊ **ဂန္ဓံ** – အနံ့ကို၊ **နဇဟာတိ** – မစွန့်၊ **နာဂေါ** – ဆင်ပြောင်သည်၊ **ဂတောပိ** – စစ်မြေပြင်သို့ရောက်သော်လည်း၊ **နရမုခေ** – လူတို့၏ မျက်မှောက်၌၊ **လီဠံ** – တင့်တယ်ခြင်းကို၊ **န ဇဟာတိ** – မစွန့်၊ **ဥစ္ဆု** – ကြံသည်၊ **ယန္တာဂတောပိ** – ယန္တရားစက်၏အဝသို့ရောက်သော်လည်း၊ **မဓုရသံ** – ချိုသောအရသာကို၊ **န ဇဟာတိ** – မစွန့်၊ **ပဏ္ဍိတ ဇနော** – ပညာရှိသူတော်ကောင်းသည်၊ **ဒုက္ခောပိ** – ဆင်းရဲခြင်းသို့ ရောက်သော်လည်း၊ **ဓမ္မံ** – သူတော်ကောင်းတရားကို၊ **န ဇဟာတိဝေ** – မစွန့်သလျှင်ကတည်း။

၄၆။ သီဟောနမ ဓိဃစ္ဆာပိ၊
ပဏ္ဏာဒီနိ န ခါဒတိ။
သီဟောနာမ ကိသောစာပိ၊
နာဂ မံသံ န ခါဒတိ။

၄၆။ **သီဟောနာမ** – ခြင်္သေ့မည်သည်၊ **ဓိဃစ္ဆာပိ** – မွတ်သိပ်သော်လည်း၊ **ပဏ္ဏာဒီနိ** – သစ်ရွက် စသည်တို့ကို၊ **န ခါဒတိ** – မစား၊ **သီဟောနာမ** – ခြင်္သေ့မည်သည်ကား၊ **ကိသောစာပိ** – ကြုံလှီသော်လည်း၊ **နာဂ မံသံ** – ဆင်သားကို၊ **န ခါဒတိ** – မစား။

၄၇။ ကုလ ဇာတော ကုလ ပုတ္တော၊
ကုလ ဝံသ သုရက္ခကော။
အတ္တနာ ဒုက္ခ ပတ္တောပိ၊
ဟီန ကမ္မံ န ကာရယေ။

၄၇။ **ကုလ ဇာတော** – မြတ်သောအမျိုး၌ ဖြစ်ထသော၊ **ကုလ ဝံသ သုရက္ခကော** – အမျိုးအနွယ်ကို စောင့်တတ်ထသော၊ **ကုလပုတ္တော** – အမျိုးကောင်းသားသည်၊ **အတ္တနာ** – မိမိသည်၊ **ဒုက္ခ ပတ္တောပိ** – ဆင်းရဲခြင်းသို့ရောက်သော်လည်း၊ **ဟီန ကမ္မံ** – ယုတ်သောအမှုကို၊ **န ကာရယေ** – မပြုရာ။

၄၈။ စန္ဒနံ သီတလံ လောကေ၊
တတော စန္ဒံဝ သီတလံ။
စန္ဒန စန္ဒ သီတမှာ၊
သာဓု ဝါကျံ သုဘာသိတံ။

၄၈။ **လောကေ** – လောက၌၊ **စန္ဒနံ** – စန္ဒကူးသည်၊ **သီတလံ** – ချမ်းမြေ့စွာ၏။ **တတော** – ထိုစန္ဒကူးချမ်းမြေ့သည်ထက်၊ **စန္ဒံဝလ** – သည်သာလျှင်၊ **သီတလံ** – ချမ်းမြေ့၏၊ **စန္ဒန စန္ဒ သီတမှာ** – စန္ဒကူး၊လ၊ ချမ်းမြေ့သည်ထက်၊ **သုဘာသိတံ** – ကောင်းစွာဆိုအပ်သော၊ **သာဓု ဝါကျံ** – သူတော်ကောင်းတို့၏စကားသည်၊ **သီတလံ** – ချမ်းမြေ့စွာ၏။

၄၉။ ဥဒေတိ ဘာဏု ပစ္ဆိမေ၊
မေရု ရာဇာပိ နမတိ။
သီတလံ ယဒိ နရဂ္ဂိ၊
ပဗ္ဗတဂ္ဂေစ ဥပ္ပလံ။
ဝိကသေ န ဝိပရိတံ၊
သာဓု ဝါစာ ကုဒါစနံ။

၄၉။ **ဘာဏု** – ရောင်ခြည်တစ်ထောင်ဆောင်သောနေမင်းသည်၊ **ပစ္ဆိမေ** – အနောက်မျက်နှာ၌၊ **ဥဒေတိ** – တက်ရာ၏၊ **မေရု ရာဇာပိ** – မြင်းမိုရ်တောင်မင်းသည်လည်း၊ **နမတိ** – ညွတ်ရာ၏။ **ယဒိ** – အကယ်မလွဲ၊ **နရဂ္ဂိ** – ငရဲမီးသည်၊ **သီတလံ** – ချမ်းမြေ့ရာ၏။ **ပဗ္ဗတဂ္ဂေ** – တောင်ထိပ်၌လည်း၊ **ဥပ္ပလံ** – ကြာသည်၊ **ဝိကသေ** – ပွင့်ရာ၏။ **သာဓု ဝါစာ** – သူတော်ကောင်းတို့၏စကားသည်၊ **ကုဒါစနံ** – တစ်ရံတစ်ဆစ်မျှ၊ **န ဝိပရိတံ** – မဖောက်ပြန်ရာ။

၅၀။ သုခါ ရုက္ခဿ ဆာယာ၀၊
တတော ဉာတိမာတာပိတု။
တတော အာစရိယော ရညော၊
တတော ဗုဒ္ဓဿ နေကဓာ။

၅၀။ **ရုက္ခဿ** – သစ်ပင်၏၊ **ဆာယာ၀** – အရိပ်သည်လျှင်၊ **သုခါ** – ချမ်းသာ၏၊ **တတော** – ထိုသစ်ပင်ရိပ်ချမ်းသာသည်ထက်၊ **ဉာတိမာတာပိတု** – ဆွေမျိုးမိဘ၏၊ **ဆာယာ** – အရိပ်သည်၊ **သုခါ** – ချမ်းသာ၏၊ **တတော** – ထိုဆွေမျိုးမိဘ၏ အရိပ်ချမ်းသာသည်ထက်၊ **အာစရိယော** – ဆရာသမား၏အရိပ်သည်၊ **သုခေါ** – ချမ်းသာ၏။ **တတော** – ထိုဆရာသမားတို့၏ အရိပ်ချမ်းသာသည်ထက်၊ **ရညော** – မင်း၏၊ **ဆာယာ** – အရိပ်သည်၊ **သုခါ** – ချမ်းသာ၏။ **တတော** – ထိုမင်း၏အရိပ်ချမ်းသာသည်ထက်၊ **ဗုဒ္ဓဿ** – မြတ်စွာဘုရား၏၊ **ဆာယာ** – အရိပ်ဟုဆိုအပ်သော တရားတော်သည်၊ **အနေကဓာ** – များစွာသော အပြားအားဖြင့်၊ **သုခါ** – ချမ်းသာ၏။

၅၁။ ဘမရာ ပုပ္ဖ မိစ္ဆန္တိ၊
ဂုဏာ မိစ္ဆန္တိ သုဇနာ။
မက္ခိကာ ပူတိ မိစ္ဆန္တိ၊
ဒေါသ မိစ္ဆန္တိ ဒုဇ္ဇနာ။

၅၁။ **ဘမရာ** – ပိတုန်းတို့သည်၊ **ပုပ္ဖံ** – ပန်းကို၊ **ဣစ္ဆန္တိ** – အလိုရှိကုန်၏။ **သုဇနာ** – သူတော်ကောင်းတို့သည်၊ **ဂုဏံ** – ဂုဏ်ကျေးဇူးကို၊ **ဣစ္ဆန္တိ** – အလိုရှိကုန်၏။ **မက္ခိကာ** – ယင်တို့သည်၊ **ပူတိံ** – အပုပ်ကို၊ **ဣစ္ဆန္တိ** – အလိုရှိကုန်၏။ **ဒုဇ္ဇနာ** – သူယုတ်တို့သည်၊ **ဒေါသံ** – အမျက်ကို၊ **ဣစ္ဆန္တိ** – အလိုရှိကုန်၏။

၅၂။ မာတာ ဟီနဿ ဒုဗ္ဘာသာ၊
ပိတာ ဟီနဿ ဒုက္ကိရိယာ။
ဥဘော မာတာ ပိတာ ဟီနာ၊
ဒုဗ္ဘာသာစ ဒုက္ကိရိယာ။

၅၂။ **မာတာ ဟီနဿ** – အမိယုတ်သောသူအား၊ ဒုဗ္ဘာသာ – မကောင်းသောစကားရှိသည်၊ **ဟောတိ** – ဖြစ်၏၊ **ပိတာဟီနဿ** – အဖယုတ်သောသူအား၊ ဒုက္ကိရိယာ – မကောင်းသောအမူအကျင့်ရှိသည်၊ **ဟောတိ** – ဖြစ်၏။ **ဥဘော မာတာ ပိတာ ဟီနာ** – မိဘနှစ်ပါးစုံယုတ်မူကား၊ **ဒုဗ္ဘာသာစ** – မကောင်းသောစကားရှိသည်လည်း၊ **ဟောတိ** – ဖြစ်၏။ ဒုက္ကိရိယာစ – မကောင်းသောအမူအကျင့်ရှိသည်လည်း၊ **ဟောတိ** – ဖြစ်၏။

၅၃။ **မာတာ သေဋ္ဌသ သုဘာသာ၊**
**ပိတာ သေဋ္ဌသ သုကိရိယာ။**
ဥဘော မာတာ ပိတာ သေဋ္ဌာ၊
သုဘာသာစ သုကိရိယာ။

၅၃။ **မာတာ သေဋ္ဌသ** – အမိမြတ်သောသူအား၊ **သုဘာသာ** – ကောင်းသောစကားရှိ၏။ **ပိတာ သေဋ္ဌသ** – အဖမြတ်သောသူအား၊ **သုကိရိယာ** – ကောင်းသောအမှုအကျင့်ရှိ၏။ **ဥဘော မာတာ ပိတာ သေဋ္ဌာ** – မိဘနှစ်ပါးစုံမြတ်မူကား၊ **သုဘာသာစ** – ကောင်းသောစကားလည်းရှိ၏။ **သုကိရိယာစ** – ကောင်းသောအမှုအကျင့်လည်းရှိ၏။

၅၄။ သင်္ဂါမေ သူရ မိစ္ဆန္တိ၊
မန္တီသု အကုတူဟလံ။
ပိယဉ္စ အန္န ပါနေသု၊
အတ္ထ ကိစ္စေသု ပဏ္ဍိတံ။

၅၄။ **သင်္ဂါမေ** – စစ်မြေပြင်အရပ်၌၊ **သူရံ** – ရဲရင့်သောသူကို၊ **ဣစ္ဆန္တိ** – အလိုရှိကုန်၏၊ **မန္တီသု** – လျှို့ဝှက်သောတိုင်ပင်ရာတို့၌၊ **အကုတူဟလံ** – စကားစောင့်ချုပ်၊ အုတ်အုတ်ကျက်ကျက်၊ မပွက်တတ်သောသူကို၊ **ဣစ္ဆန္တိ** – အလိုရှိကုန်၏။ **အန္န ပါနေသု** – ထမင်းအဖျော်ကောင်း စားသောက်သောအခါတို့၌၊ **ပိယံ** – ချစ်သောသူကို၊ **ဣစ္ဆန္တိ** – အလိုရှိကုန်၏။ **အတ္ထ ကိစ္စေသု** – အနက်သဒ္ဒါ ခဲခက်စွာသော အရေး**အရာ**အမှုကိစ္စရှိသော ကာလတို့၌၊ **ပဏ္ဍိတံ** – ပညာရှိသောသူကို၊ **ဣစ္ဆန္တိ** – အလိုရှိကုန်၏။

၅၅။ သုနခေါ သုနခံ ဒိသွာ၊
ဒန္တံ ဒဿေတိ ဟိံသိတုံ။
ဒုဇ္ဇနော သုဇနံ ဒိသွာ၊
ရောသယံ ဟိံသ မိစ္ဆတိ။

၅၅။ **သုနခေါ** – ခွေးတစ်ကောင်သည်၊ **သုနခံ** – ခွေးတစ်ကောင်ကို၊ **ဒိသွာ** - မြင်၍၊ **ရောသယံ** – ချုပ်ချယ်လျက်၊ **ဟိံသိတုံ** – ညှဉ်းဆဲအံ့သောငှာ၊ **ဒန္တံ** – သွားကို၊ **ဒဿေတိ** – ပြ၏။ **ဒုဇ္ဇနော** – သူယုတ်သည်၊ **သုဇနံ** – သူတော်ကောင်းကို၊ **ဒိသွာ** – မြင်၍၊ **ရောသယံ** – ချုပ်ချယ်လျက်၊ **ဟိံသံ** – ညှဉ်းဆဲခြင်းအမှုကို၊ **ဣစ္ဆတိ** – ပြုခြင်းငှာ အလိုရှိ၏။

၅၆။ **မာစ ဝေဂေန ကိစ္စာနိ၊**
**ကရောသိ ကာရာပေသိ ဝါ။**
**သဟသာ ကာရိတံ ကမ္မံ၊**
**မန္ဒော ပစ္ဆာ နုတပ္ပတိ။**

၅၆။ **ဝေဂေန** – လျင်စွာ၊ **ကိစ္စာနိ** – အမှုကိစ္စဟူသမျှတို့ကို၊ **မာစကရောသိ** – မိမိလည်းမပြုလင့်၊ **မာစကာရာပေသိဝါ** – သူတစ်ပါးကိုလည်း မပြုစေလင့်၊ **ကမ္မံ** – အမှုကို၊ သဟသာ – အဆောတလျင်၊ **ကာရိတံ** – ပြုမှုကား၊ မန္ဒော – ပညာနည်းသောသူသည်၊ ပစ္ဆာ – နောက်မှ၊ **အနုတပ္ပတိ** – ပူပန်ရတတ်၏။

၅၇။ **ကောဓံ ဝိဟိတွာ ကဒါစိ န သောစတိ၊**
**မက္ခပ္ပဟာနံ ဣသယော ဝဏ္ဏယန္တိ။**
**သဗ္ဗေသံ ဖရုသ ဝါစံ ခမထ၊**
**ဧတံ ခန္တိမုတ္တမ မာဟု သန္တော။**

၅၇။ **လောကေ** – လောက၌၊ **ကောဓံ** – အမျက်ကို၊ **ဝိဟိတွာ** – ဖျောက်နိုင်မှုကား၊ **ကဒါစိ** – တစ်ရံတစ်ဆစ်မျှလျှင်၊ **နသောစတိ** – မစိုးရိမ်ရ၊ **မက္ခပ္ပဟာနံ** – သူ့ကျေးဇူးကို ဆိုတတ်သောသူကို၊ **ဣသယော** – ဘုရား စသော သူတော်ကောင်းတို့သည်၊ **ဝဏ္ဏယန္တိ** – ချီးမွမ်းကုန်၏။ **သဗ္ဗေသံ** – ခပ်သိမ်းကုန်သော သူတို့၏၊ **ဖရုသ ဝါစံ** – ကြမ်းကြုတ်သောစကားကို၊ **ခမထ** – သည်းခံကုန်လော့။ **ဧတံခန္တိံ** – ဤသို့သော သည်းခံခြင်းကို၊ **ဥတ္တမံ** – မြတ်၏ဟူ၍၊ **သန္တော** – ဘုရား စသော သူတော်ကောင်းတို့သည်၊ **အာဟု** – ဆိုကုန်၏။

၅၈။ **ဒုက္ခော နိဝါသော သမ္ဗာဓေ၊**
**ဌာနေ အသုစိ သင်္ကတေ။**
**တတော အရိမှိ အပ္ပိယေ၊**
**တတောပိ အကတညုနိ။**

၅၈။ **လောကေ** – လောက၌၊ **အသုစိ သင်္ကတေ** – မစင်အတိပြည့်သော၊ **သမ္ဗာဓေ** – ကျဉ်းမြောင်းသော၊ **ဌာနေ** – အရပ်၌၊ **နိဝါသော** – နေရခြင်းသည်၊ **ဒုက္ခော** – ဆင်းရဲ၏။ **တတော** – ထိုထက်၊ **အပ္ပိယေ** – မချစ်မနှစ်သက်လိုသော၊ **အရိမှိ** – ရန်သူ့ထံ၌၊ **နိဝါသော** – နေရခြင်းသည်၊ **ဒုက္ခော** – ဆင်းရဲ၏။ **တတောပိ** – ထိုထက်လည်း၊ **အကတညုနိ** – သူ့ကျေးဇူးကို မသိတတ်သောသူ၏အထံ၌၊ **နိဝါသော** – နေရခြင်းသည်၊ **ဒုက္ခော** – ဆင်းရဲ၏။

၅၉။ **ဩဝဒေယျာ နုသာသေယျ၊**
**အသဗ္ဘာစ နိဝါရယေ။**
သတံဟိ သော ပိယော ဟောတိ၊
အသတံ ဟောတိ အပ္ပိယော။

၅၉။ **ဩဝဒေယျ** – ဆုံးမသင့်သောအရာ၌ ဆုံးမရာ၏။ **အနုသာသေယျ** – မပြတ်ဆုံးမရာ၏။ **အသဗ္ဘာစ** – ယုတ်မာသော အကျင့်မှလည်း၊ **နိဝါရယေ** – တားမြစ်ရာ၏။ **ဟိ** – ထိုစကားသင့်စွ၊ **သော** – ထို ဆုံးမတတ်သောသူကို၊ **သတံ** – သူတော်ကောင်းတို့သည်၊ **ပိယော** – ချစ်ခင်အပ်သည်၊ **ဟောတိ** – ဖြစ်၏၊ **အသတံ** – သူတော်မဟုတ် သူယုတ်တို့သည်၊ **အပ္ပိယော** – မချစ်ခင်အပ်သည်၊ **ဟောတိ** – ဖြစ်၏။

၆၀။ ဥတ္တမတ္တ နိဝါတေန၊
**သူရံ ဘေဒေန နိဇ္ဇယေ။**
**နီစံ အပ္ပကဒါနေန၊**
**ဝါယာမေန သမံ ဇယေ။**

၆၀။ **ဥတ္တမံ** – ကိုယ့်ထက်မြတ်သောသူကို၊ **အတ္တနိဝါတေန** – ကိုယ်ကိုနှိမ့်ချသဖြင့်၊ **နိဇ္ဇယေ** – အောင်ရာ၏၊ **သူရံ** – ရဲရင့်သောသူကို၊ **ဘေဒေန** – သင်းခွဲသဖြင့်၊ **နိဇ္ဇယေ** – အောင်ရာ၏။ **နီစံ** – ကိုယ့်အောက် နိမ့်သောသူကို၊ **အပ္ပကဒါနေန** – တစိုးတစိပေးသဖြင့်၊ **နိဇ္ဇယေ** – အောင်ရာ၏။ **သမံ** – ကိုယ်နှင့် တူသောသူကို၊ **ဝါယာမေန** – လုံ့လပြုသဖြင့်၊ **ဇယေ** – အောင်ရာ၏။

၆၁။ န ဝိသံ ဝိသမိစ္စာဟု၊
ဓနံ သံဃဿ ဥစ္စတေ။
ဝိသံ ဧကံဝ ဟနတိ၊
သဗ္ဗံ သံဃဿ ဟနတိ။

၆၁။ **လောကေ** – လောက၌၊ **ဝိသံ** – အဆိပ်ကို၊ **ဝိသံဣတိ** – အဆိပ်ဟူ၍၊ **နအာဟု** – မဆိုကုန်၊ **သံဃဿ** – သံဃာ၏၊ **ဓနံ** – ဥစ္စာကို၊ **ဝိသံဣတိ** – အဆိပ်ဟူ၍၊ **ဥစ္စတေ** – ဆိုအပ်၏။ **ဝိသံ** – အဆိပ်သည်၊ **ဧကံဝဟနတိ** – တစ်ကြိမ်သာလျှင် သတ်တတ်၏။ **သံဃဿ** – သံဃာ၏၊ **ဓနံ** – ဥစ္စာသည်ကား၊ **သဗ္ဗံ** – အကြိမ်ကြိမ်အဖန်ဖန်၊ **ဟနတိ** – သတ်တတ်၏။

၆၂။ **ဇဝေန ဘဒြံ ဇာနန္တိ၊**
**ဗလိဗဒ္ဓဉ္စ ဝါဟေန။**
**ဒုဟေန ဓေနုံ ဇာနန္တိ၊**
**ဘာသမာနေန ပဏ္ဍိတံ။**

၆၂။ **ဇဝေန** – လျင်မြန်ခြင်းဖြင့်၊ **ဘဒြံ** – မြင်းကောင်းကျေးဇူးကို၊ **ဇာနန္တိ** – သိကုန်၏။ **ဝါဟေန** – လေးသောဝန်ကို ရွက်ဆောင်သဖြင့်၊ **ဗလိဗဒ္ဒံ** – နွားလားကျေးဇူးကို၊ **ဇာနန္တိ** – သိကုန်၏။ **ဒုဟေန** – နို့ညှစ်ခြင်းဖြင့်၊ **ဓေနုံ** – နို့ထွက်သောနွားမ၏ကျေးဇူးကို၊ **ဇာနန္တိ** – သိကုန်၏။ **ဘာသမာနေန** – ကြံစည်လျှို့ဝှက်ရာ၌ ပြောဆိုခြင်းဖြင့်၊ **ပဏ္ဍိတံ** – ပညာရှိကျေးဇူးကို၊ **ဇာနန္တိ** – သိကုန်၏။

၆၃။ ဓန မပ္ပမ္ပိ သာဓူနံ၊
ကူပေ ဝါရိဝ နိဿယော။
ဗဟုံအပိ အသာဓူနံ၊
နစ ဝါရိဝ အဏ္ဏဝေ။

၆၃။ **သာဓူနံ** – သူတော်ကောင်းတို့၏၊ **ဓနံ** – ဥစ္စာသည်၊ **အပ္ပမ္ပိ** – အနည်းငယ်သော်လည်း၊ **ကူပေ** – တွင်းဝ၌၊ **ဝါရိဝ** – ရေကဲ့သို့၊ **နိဿယော** – သူတစ်ပါးတို့ မှီခိုရာရ၏။ **အသာဓူနံ** – သူတော်ကောင်းမဟုတ်သောသူတို့၏၊ **ဓနံ** – ဥစ္စာသည်၊ **ဗဟုံအပိ** – များသော်လည်း၊ **အဏ္ဏဝေ** – သမုဒ္ဒရာ၌၊ **ဝါရိဝ** – ရေကဲ့သို့၊ **နစ နိဿယော** – သောက်ချိုးရာ မှီရာမရ။

၆၄။ အာပံ ပိဝန္တိနော နဇ္ဇာ၊
ရုက္ခာ ခါဒန္တိ နော ဖလံ။
ပဿန္တိ ကွစိ နော မေဃာ၊
ပရတ္ထာယ သတံ ဓနံ။

၆၄။ **အာပံ** – ရေကို၊ **နဇ္ဇာ** – မြစ်တို့သည်၊ **နော ပိဝန္တိ** – မသောက်ကုန်၊ **ရုက္ခာ** – သစ်ပင်တို့သည်၊ **ဖလံ** – အသီးကို၊ **နောခါဒန္တိ** – မစားကုန်။ **မေဃာ** – မိုးတို့သည်လည်း၊ **ကွစိ** – အချို့သောအရပ်တို့၌၊ **နောဝဿန္တိ** – မရွာကုန်။ **သတံ** – သူတော်ကောင်းတို့၏၊ **ဓနံ** – ဥစ္စာသည်လည်း၊ **ပရတ္ထာယ** – သူတစ်ပါး၏အကျိုးငှာသာတည်း။

၆၅။ **အပ္ပဿွေယျံ န ပဿွေယျ၊**
**အစိန္တေယျံ န စိန္တယေ။**
**ဓမ္မမေဝ သုစိန္တေယျ၊**
**ကာလံ မောဃံ န ဣစ္ဆယေ။**

၆၅။ **အပဿွေယျံ** – မတောင့်တအပ်သည်ကို၊ **န ပဿွေယျ** – မတောင့်တရာ၊ **အစိန္တေယျံ** – မကြံအပ်သည်ကို၊ **န စိန္တယေ** – မကြံရာ၊ **ဓမ္မမေဝ** – တရားသဘောနှင့် စပ်ယှဉ်သည်ကိုသာလျှင်၊ **သုစိန္တေယျ** – **ကောင်းစွာ** ကြံရာ၏၊ **မောဃံ** – အချည်းနှီးသော၊ **ကာလံ** – ကာလကို၊ **န ဣစ္ဆယေ** – အလိုမရှိရာ။

၆၆။ **အစိန္တိတမ္ပိ ဘဝတိ၊**
**စိန္တိတမ္ပိ ဝိနဿတိ။**
**န ဟိ စိန္တာမယာ ဘောဂါ၊**
**ဣတ္ထိယာ ပုရိသဿဝါ။**

၆၆။ **အစိန္တိတမ္ပိ** – မကြံဘဲလျက်လည်း၊ **ဘဝတိ** – ဖြစ်တတ်၏။ **စိန္တိတမ္ပိ** – ကြံသော်လည်း၊ **ဝိနဿတိ** – ပျက်တတ်၏။ **ဟိ** – ထိုစကားသင့်စွ၊ **ဣတ္ထိယာဝါ** – မိန်းမအားလည်းကောင်း၊ **ပုရိသဿဝါ** – ယောကျ်ားအားလည်းကောင်း၊ **ဘောဂါ** – စည်းစိမ်တို့သည်၊ **နစိန္တာမယာ** – ကြံတိုင်းလည်းမပြီးကုန်။

၆၇။ **အသန္တဿ ပိယော ဟောတိ၊**
**သန္တေ န ကုရုတေ ပိယံ။**
**အသတံ ဓမ္မံ ရောစတိ၊**
**တံ ပရာဘဝတော မုခံ။**

၆၇။ **ယော** – အကြင်သူသည်၊ **အသန္တဿ** – သူတော်မဟုတ်သောသူအား၊ **ပိယော** – ချစ်အပ်သည်၊ **ဟောတိ** – ဖြစ်၏။ **သန္တေ** – သူတော်ကောင်းကို၊ **ပိယံ** – ချစ်ခြင်းကို၊ **န ကုရုတေ** – မပြု၊ **အသတံ** – မသူတော်တို့၏၊ **ဓမ္မံ** – တရားကိုသာလျှင်၊ **ရောစတိ** – နှစ်သက်၏။ **တဿ** – ထိုသူ၏၊ **တံ** – ထိုအမူအကျင့်သည်၊ **ပရာဘဝတော** – ပျက်စီးအံ့သည်၏၊ **မုခံ** – အကြောင်းတည်း။

*သုဇနကဏ္ဍံ – သူတော်ကောင်းတို့ကို ဆိုရာ အခန်းသည်*
*နိဋ္ဌိတံ – ပြီးပြီ။*

# လိုရာပြီးမြောက်လိုပါက

ဆင်းရဲသားဘဝမှ သူဌေးကြီးဖြစ်သွားသောသူ၊ တောသားဘဝမှ တိုင်းပြည်ခေါင်းဆောင်ကြီး ဖြစ်သွားသူတို့ကအစ သာမညပုဂ္ဂိုလ်အဖြစ်မှ ရဟန္တာအရှင်သူမြတ် ဖြစ်သွားသူတို့အထိ ထူးထူးချွန်ချွန် ဖြစ်သွားသူတို့မှာ ထူးခြားသောအရည်အချင်းနှင့် ပြည့်စုံကြသည်။ ယင်းအရည်အချင်းတို့ကား (၁) ပြင်းပြသောဆန္ဒ၊ (၂) ကြီးမားသော လုံ့လဝီရိယ၊ (၃) ကြံ့ခိုင်ထက်သန်သော စိတ်ဓာတ်၊ (၄) ထက်မြက်သောဉာဏ်ပညာတို့ဖြစ်သည်။

ဤအရည်အချင်းလေးပါး၏ သဘော အဓိပ္ပာယ်ကို အောက်တွင် ရှင်းပြထားသည်။

## ၁။ ပြင်းပြသောဆန္ဒ

မိမိမှာ ဆန္ဒတစ်ခုခုရှိပါက မိမိဆန္ဒမပြည့်မချင်း၊ မိမိဖြစ်ချင်သောပန်းတိုင်သို့ မရောက်မချင်း နောက်မဆုတ်ဘဲ လုပ်ရဲကိုင်ရဲသော အလွန်ပြင်းပြသောဆန္ဒမျိုးဖြင့် ပြုလုပ်ပါက မည်သည့်ကိစ္စမဆို ပြီးစီးအောင်မြင်သည်သာဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်က **"ဆန္ဒဝတော ကိံ နာမကမ္မံ န သိဇ္ဈတိ** –ပြင်းပြသော အလိုဆန္ဒရှိသူအား အဘယ်မည်သော အမှုကိစ္စဟူသမျှသည် မပြီးစီးဘဲ ရနိုင်ပါအံ့နည်း။ မုချကေန်အမှန် ပြီးစီးအောင်မြင်သည်သာတည်း" ဟု ဟောတော်မူခဲ့သည်။

## ၂။ ကြီးမားသော လုံ့လဝီရိယ

**"ဝီရိယဝတော ကိံ နာမကမ္မံ န သိဇ္ဈတိ** –ကြီးမားသော လုံ့လဝီရိယရှိသောသူအား မပြီးစီးသော အမှုကိစ္စဟူသည် မရှိ" ဟူ၍ ဗုဒ္ဓရှင်တော်မြတ် ဟောတော်မူခဲ့သည်။ ယင်းဟောထားချက်နှင့်အညီ ဝီရိယထုတ်လျှင် ပြီးစီးကောင်းသော အလုပ်အကိုင်မျိုးကို လုပ်ကိုင်ရသောအခါ ကိုယ်စိတ်နှစ်ပါး ဆင်းရဲငြားလည်း ဂရုမထား၊ ဝီရိယထုတ်မှုကို မည်မျှလောက်မှ ဝန်မလေးဘဲ မပြီးပြီးအောင် ဇွဲကောင်းကောင်းနှင့် လုပ်တတ်သူအား အမှုကိစ္စဟူသမျှသည် ပြီးစီးအောင်မြင်သည်သာဖြစ်၏။

## ၃။ ထက်သန်ကြံ့ခိုင်သော စိတ်ဓာတ်

**"စိတ္တဝတော ကိံ နာမကမ္မံ န သိဇ္ဈတိ** –ထက်သန်ကြံ့ခိုင်သော စိတ်ဓာတ်ရှိသူအား မပြီးစီးသော အမှုကိစ္စဟူသည် မရှိ" ဟု ဗုဒ္ဓရှင်တော် ဟောတော်မူခဲ့သည်။ ထို့ကြောင့် တစ်ခုခုကို ပြုလုပ်လိုသောစိတ်မျိုး ဖြစ်ပေါ်လာပါက ပျော့ညံ့အားနည်း ဆုတ်နစ်သောစိတ်မျိုးဖြင့်မပြုလုပ်ဘဲ ထိုအလုပ်ကိုသာ စွဲစွဲလမ်းလမ်း

စူးစူးစိုက်စိုက်ဖြစ်ပြီး မည်မျှလောက်ပင် ကြန့်ကြာစေကာမူ အဆင်းရဲခံကာ မတုန်မလှုပ် တည်တံ့မြဲမြံသော ထက်သန်ကြံခိုင်သောစိတ်ဖြင့် လုပ်ကိုင်ပါက ထိုအလုပ်သည် ကေန်မုချ ပြီးစီးအောင်မြင်သည်သာဖြစ်၏။

## ၄။ ထက်မြက်သော ဉာဏ်ပညာ

အလုပ်ကိစ္စတို့ကို လုပ်ကိုင်ဆောင်ရွက်ရသောအခါ ဆင်ကန်းတောတိုး အရမ်းကာရော မလုပ်ဆောင်ရ။ ဉာဏ်စွမ်း၊ ပညာစွမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့လျှင် လွယ်ကူချောမောစွာ ပြီးစီးတတ်သည်။ မိမိလုပ်ကိုင်ဆောင်ရွက်ရမည့် အလုပ်ကိစ္စ၏ အကြောင်းအကျိုး အခြေအနေအရပ်ရပ်ကို ဝေဖန်သုံးသပ်ရမည်။ စဉ်းစားဆင်ခြင်ရမည်။ ဆွေးနွေးမေးမြန်းရမည်။ စူးစမ်းစစ်ဆေးရမည်။ ဤသို့ ဉာဏ်အား၊ ပညာအား စိုက်ထုတ်ပြီး အချက်ကျကျ တစ်မျိုးပြီးတစ်မျိုး မဖြစ်မနေဆောင်ရွက်ပါက လိုရာကိစ္စ ပြီးမြောက်ရသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်က "ပညာဝတော ကိံ နာမကမ္မံ န သိဇ္ဈတိ – ထက်မြက်သော ပညာရှိသူအား မပြီးစီးသော အမှုကိစ္စမည်သည် မရှိ" ဟု ဟောတော်မူခဲ့ခြင်းဖြစ်သည်။

ယခုပြဆိုခဲ့သော ဆန္ဒမျိုး၊ ဝီရိယမျိုး၊ စိတ်မျိုး၊ ပညာမျိုးသည် မိမိတို့ လိုရာကိစ္စပြီးမြောက်အောင် လုပ်ဆောင်အားပေးသော အခြေခံတရားများဖြစ်သဖြင့် ယင်းတရားလေးမျိုးကို သုတ္တန်တွင် 'ဣဒ္ဓိပါဒ်လေးပါး' ဟူ၍လည်းကောင်း၊ အဘိဓမ္မာတွင် 'အဓိပတိလေးပါး' ဟူ၍လည်းကောင်း ဟောတော်မူခဲ့သည်။

ဦးတင်မောင်
အငြိမ်းစားကျောင်းဆရာကြီး

## (၁) ရတနာသုံးပါးကို ကိုးကွယ်ခြင်း

စိန် ရွှေ ရတနာ စသည့် လောကီရတနာများထက် ရှာတွေ့ဖို့ရန် အလွန့်အလွန် ပို၍ခဲယဉ်းသဖြင့် ရှားလည်းရှားပါး အဘိုးအနဂ္ဃလည်း ထိုက်တန်လှပေသော "ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်" ဟူသော "ဘုရား၊ တရား၊ သံဃာ" မည်သော 'လောကုတ္တရာ ရတနာမြတ်သုံးပါး' ကို မိမိ၏စိတ်သန္တာန်ထဲ၌ထားရှိကာ နှစ်နှစ်ကာကာယုံကြည်ပြီး ရှိခိုးပူဇော် ကိုးကွယ်ဆည်းကပ်ခြင်းသည် 'ဘေးကင်းချမ်းသာစေကြောင်း အခြေခံတရားကောင်း' ဖြစ်၏။ ယင်း 'ကောင်းမှုကံ' ကို အမြဲပြုနေသော ပညာရှိသည် ရေဘေး၊ မီးဘေး၊ လျှင်ဘေး စသည့် သဘာဝဘေးအန္တရာယ်ကြီးများမှစ၍ ဘေးကြီးဘေးငယ် အသွယ်သွယ်တို့မှကင်းဝေးပြီး ကိုယ်စိတ်နှစ်ပါး ချမ်းသာရရှိမည့်အပြင် နောက်ဘဝ၌ နတ်ပြည်သို့ ကေန်ရောက်ရှိမည်ဖြစ်၏။

**ကိုးကွယ်ဆည်းကပ်ပုံကား** ***"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** – မြတ်စွာဘုရားကို ကိုးကွယ်အားထားရာအဖြစ် **ကိုးကွယ်**ဆည်းကပ်ပါ၏။" ***"ဓမ္မံ သရဏံ ဂစ္ဆာမိ** – တရားတော်မြတ်ကို ကိုးကွယ်အားထားရာအဖြစ် **ကိုးကွယ်**ဆည်းကပ်ပါ၏။" ***"သံဃံ သရဏံ ဂစ္ဆာမိ** – သံဃာတော်မြတ်ကို ကိုးကွယ်အားထားရာအဖြစ် **ကိုးကွယ်**ဆည်းကပ်ပါ၏" ဟူ၍ နံနက် (၃) ကြိမ်၊ နေ့လယ် (၃) ကြိမ်၊ ည (၃) ကြိမ် **နေ့စဉ်** 'ဝတ်' ထား၍ ရွတ်ဆိုကာ **လက်အုပ်ချီ** ဦးချကန်တော့ရမည်။ ဤအလုပ်သည် ဘာမျှဝန်မလေး **မပင်ပန်း ပိုက်ဆံမကုန်** (၃) မိနစ်ခန့်သာကြာ၍ အချိန်မကုန်ဘဲ မိမိအိမ်ထဲ၌ပင် ပြုလုပ်နိုင်သည့် 'ကုသိုလ်မှုကြီး' ဖြစ်၏။ ဤသို့ နေ့စဉ် 'ဝတ်' ထား၍ လုပ်သွားလျှင်၊ ဘေးအန္တရာယ် 'ကြီး၊ ငယ်' ဟူသမျှမှ**ကင်းဝေးပြီး စီးပွားရေး**၌လည်း အဆင်ပြေကာ ကိုယ်စိတ်နှစ်ပါး ချမ်းသာလာပါလိမ့်မည်။ ဤသို့ ကောင်းကျိုးများ**စွာကို ပေးစွမ်းနိုင်**သည့် ဤရတနာမြတ်သုံးပါးမှတစ်ပါး ဘဝတစ်လျှောက်လုံး နစ်မွန်းစေမည့် ထိုထိုဘုရား**ဆိုသူ**တွေ နတ်တွေကို ကိုးကွယ်မှားမှုမပြုမိရန် အလွန့်အလွန် အရေးကြီးလှပေသည်။ ထိုရတနာမြတ်သုံးပါးကို **အဘယ့်** ကြောင့် ကိုးကွယ်သင့်ကြောင်းကို အနည်းငယ်ရှင်းပြပေးပါမည်။

## ဗုဒ္ဓ

ယခု ကျွန်ုပ်တို့ကိုးကွယ်နေသည့် 'ဂေါတမ' ဘုရားရှင်၏ အလောင်းတော်ဖြစ်သော **'သုမေဓာ** ရှင်ရသေ့' သည် လွန်ခဲ့သည့် 'လေးသင်္ချေနှင့် ကပ်ကမ္ဘာတစ်သိန်း' ကာလက ပွင့်ပေါ်ခဲ့သော **'ဒီပင်္ကရာ** ဘုရားရှင်' ထံ၌ ရဟန်းပြု၍ ရဟန္တာအရှင်မြတ်အဖြစ်ဖြင့် 'ဝဋ်ဒုက္ခဇာတ်သိမ်းရာ မြတ်နိဗ္ဗာန်' **သို့** စံဝင်နိုင်သည့် ပါရမီကုသိုလ်ကံတွေနှင့် ပြည့်စုံခဲ့သော်လည်း မိမိတစ်ဦးတည်း နိဗ္ဗာန်စံဝင်ရန် အလိုဆန္ဒမရှိဘဲ အခြားသတ္တဝါများကိုပါ နိဗ္ဗာန်သို့ ပို့ဆောင်ကယ်တင်လိုသော၊ 'သတ္တဝါတို့အပေါ်၌ထားရှိသည့် လွန်စွာ သနားခြင်း – မဟာကရုဏာတော်' ကြောင့် သတ္တဝါတွေကို 'သံသရာဝဋ်ဆင်းရဲ' မှ ကယ်တင်ပေးနိုင်သည့် 'သဗ္ဗညု – ဗုဒ္ဓ' (တရားအားလုံးကိုသိမြင်သည့် ဘုရားအစစ်) ဖြစ်လာနိုင်ဖို့အတွက် ထိုဘဝမှစ၍ 'လေးသင်္ချေ နှင့် ကပ်ကမ္ဘာတစ်သိန်း' တိုင်တိုင် 'ပါရမီတော်ဆယ်ပါး၊ အပြားသုံးဆယ်' တို့ကို ဘဝတိုင်း ဘဝတိုင်းမှာ ဆင်းရဲကြီးစွာခံ၍ ဖြည့်ကျင့်ခဲ့သဖြင့် ဤကပ်ကမ္ဘာမှာ 'ဘုရားအစစ်' ဖြစ်လာခဲ့ရ၏။ (တခြားဘာသာဝင်တို့ ကိုးကွယ်ကြသည့် ဘုရား**ဆိုသူ**တို့ကား ထိုကဲ့သို့ ခိုင်လုံသည့်အထောက်အထား သမိုင်းကြောင်းများမရှိသော 'စိတ်ကူးယဉ်ဘုရား' ဟူ၍ စွဲမြဲစွာမှတ်ယူရာ၏) *ကျွန်ုပ်တို့၏ 'ဗုဒ္ဓ – ဘုရားအစစ်' သည်ကား (၆) **နှစ်တိုင်တိုင်** 'သေလုမျောပါး' ပြင်းထန်စွာ တရားကို ကျင့်ကြံအားထုတ်ပြီးမှ ဘုန်းတော်အနန္တ၊ ဉာဏ်တော် **အနန္တ နှင့်**ပြည့်စုံသော ဘုရား**အစစ်**ဖြစ်လာသည့် ပုဂ္ဂိုလ်မြတ်ကြီးဖြစ်၏။ (တခြားဘာသာဝင်တို့၏ 'ဘုရား' **ဆိုသူ**သည်ကား ဘယ်တရားတွေကိုကျင့်ခဲ့သည်ဟူ၍ ခိုင်လုံသည့်အထောက်အထား လုံးဝမရှိချေ။) *ကျွန်ုပ်

တို့၏ 'ဗုဒ္ဓ–ဘုရား' သည်၊ 'သဗ္ဗညု–ဘုရား' ဖြစ်လာပြီး နောက်၌ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အပါယ်ငရဲမှ လွတ်မြောက်စေကြောင်း နတ်ပြည်သို့ရောက်စေကြောင်း သံသရာဝဋ်ဆင်းရဲအားလုံးမှ လွတ်မြောက်ရာ 'နိဗ္ဗာန်' သို့ ရောက်စေကြောင်း တရားတော်တွေအမျိုးမျိုးကို ၄၅ နှစ်တိုင်တိုင် 'နေ့ရော ညပါ' မနေမနား လှည့်လည်ဟောကြားတော်မူခဲ့ပေ၏။ (အခြားသော 'ဘုရားဆိုသူ' တို့ကား ထိုကဲ့သို့သော 'တရားမှန် တရားကောင်း' တွေကို ဟောထားခဲ့ကြောင်း အတိအကျမတွေ့ရှိရပေ။) ထို့ကြောင့် ကျွန်ုပ်တို့၏ 'ဗုဒ္ဓ–ဘုရားအစစ်' သည် သတ္တဝါတို့အား လွန်စွာ ကျေးဇူးပြုပေးခဲ့သည့် ကျေးဇူးရှင်မြတ်ကြီးဖြစ်၍ ကျွန်ုပ်တို့၏ ရှိသေမြတ်နိုး၊ လက်အုပ် (လက်စုံ) မိုး၍ အမြဲရှိခိုးပူဇော်မှုကို ခံတော်မူထိုက်ပါပေသည်။

## ဓမ္မ

ကျွန်ုပ်တို့၏ ဘုရားရှင်ဟောကြားတော်မူခဲ့သည့် 'ဓမ္မ–တရားတော်' ၌ (၁) ရှောင်ကြဉ်ဖို့ရန် အတွက် 'အပါယ်ငရဲရောက်စေကြောင်း' 'တရားမှား တရားဆိုးများ'၊ (၂) လိုက်နာကျင့်ကြံနိုင်ဖို့ရန် အတွက် နတ်ပြည်သို့ရောက်ကြောင်း သာမည 'တရားမှန် တရားကောင်းများ'၊ (၃) ဈာန်အဘိညာဉ်များကို ရရှိ၍ ဗြဟ္မာ့ပြည်သို့ရောက်ကြောင်း အလတ်စား 'တရားမှန် တရားကောင်းများ'၊ (၄) သံသရာဝဋ်ဆင်းရဲ အားလုံးမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ရောက်စေကြောင်း အမြတ်ဆုံး 'တရားမှန် တရားကောင်းများ' ဟူ၍ တရားမျိုးစုံပါဝင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓဟောကြားခဲ့သည့် 'ကယ်တင်ပေးတရားတော်' သည် သတ္တဝါ တို့အား လွန်စွာကျေးဇူးပြုပေးသဖြင့် ကျွန်ုပ်တို့သည် ရှိသေမြတ်နိုး လက်အုပ် (လက်စုံ) မိုး၍ အမြဲရှိခိုး ပူဇော်မှုကို ခံတော်မူထိုက်ပါပေသည်။ (တခြားဘာသာဝင် ဘုရားဆိုသူတို့၏ ဟောတရားများသည်ကား ယောင်ဝါးဝါး သဘာဝယုတ္တိကင်းမဲ့သည့်အပြင်၊ တချို့တရားများကား လူတွေကို 'မိုက်စိတ်သွင်းပြီး' အပါယ်ငရဲသို့ တောက်လျှောက်ရောက်စေကြောင်း 'တရားဆိုး' များ ဖြစ်နေသည်။)

## သံဃာ

ဘုရားရှင်၏ တပည့်သား သံဃာတော်များသည် သတ္တဝါတို့၏အကျိုးစီးပွားအတွက် ဆရာဘုရား သခင် ဟောကြားတော်မူခဲ့သည့် တရားဓမ္မတွေအားလုံးကို (နောင်လာနောက်သားများအတွက်) လူ့စည်းစိမ် တွေကိုမခံစားဘဲ ဆင်းရဲကြီးစွာခံ၍ မပျောက်ပျက်အောင် ကြိုးစားသင်ယူ လေ့လာထိန်းသိမ်း စောင့်ရှောက်ခဲ့ သည့်အပြင် တစ်ဘက်တွင်လည်း နိဗ္ဗာန်ရောက်ဖို့အတွက် ဆင်းရဲပင်ပန်းစွာဖြင့် ကမ္မဋ္ဌာန်းတရားကို နေ့ညမအား ကျင့်ကြံအားထုတ်ကြပေသည်။ "တခြားဘာသာများ၌ကား 'သံဃာအစစ် ဘုန်းကြီးအစစ်' ဟူ၍ မရှိဘဲ လူ့စည်းစိမ်ကိုခံစားလျက် 'စား ဝတ် နေရေး' အဆင်ပြေဖို့အတွက် သူတို့ဘာသာကလက်ခံ

သည့် 'မဟုတ်တရားများ' ကို သူတစ်ပါးတို့အား နည်းမျိုးစုံဖြင့် လှည့်ဖြားဆွဲဆောင်၍ ဟောပြောသာသနာပြုနေကြကုန်၏။) ထို့ကြောင့် သံဃာတော်များသည် ကျွန်ုပ်တို့အား လွန်စွာကျေးဇူးပြုသည့် ကျေးဇူးရှင်ကြီးများဖြစ်၍ ကျွန်ုပ်တို့၏ ရိုသေမြတ်နိုး လက်အုပ် (လက်စုံ) မိုး၍ အမြဲရှိခိုးပူဇော်မှုကို ခံတော်မူထိုက်ပါပေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ 'ရတနာအစစ်သုံးပါး' ကို ယုံကြည်စွာကိုးကွယ်လျှင်–

*"ဗုဒ္ဓေသု ပူဇံ မဟာတေဇဝဍ္ဎော"–(ဗုဒ္ဓအား ပူဇော်သောသူသည် ဘုန်းတန်ခိုးကြီး၏။)

"ဓမ္မေသု ပူဇံ မဟာပညဝဍ္ဎော"–(ဓမ္မအား ပူဇော်သောသူသည် အမှားအမှန် ခွဲခြားသိမြင်သော ဉာဏ်ပညာကြီးမား၏။)

"သံဃေသု ပူဇံ မဟာဘောဂဝဍ္ဎော" (သံဃာအား ပူဇော်သောသူသည် လွန်စွာ ကြွယ်ဝချမ်းသာ၏) ဟူ၍ မိန့်မှာတော်မူခဲ့ပေသည်။ ထို့ကြောင့် 'ဘုရားမှန်၊ တရားမှန်၊ သံဃာမှန်' ကို အသက်ထက်ဆုံး ယုံကြည်စွာကိုးကွယ်ဆည်းကပ်သောသူသည် ဘဝအဆက်ဆက်တွင် အပါယ်ငရဲသို့မကျရောက်ဘဲ နတ်ပြည်သို့သာရောက်နိုင်သဖြင့် ထိုရတနာသုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်သင့်လှပေသည်။ ထို 'ရတနာသုံးပါးအစစ်' ကို မကိုးကွယ်ဘဲ တခြား 'ထင်မိထင်ရာ' တို့ကို ကိုးကွယ်မှုများသွားလျှင်ကား "ဆေးအတွက် သာ၍လေး" ဟူသကဲ့သို့ ထိုအယူမှားသူတို့သည် သူတို့ပြောပြောနေသည့် (စိတ်ကူးယဉ်) ကောင်းကင်ဘုံနန်း သုခဘုံနန်းသို့ ရောက်မည်ဝေးစွ 'အပါယ်ငရဲ' သို့သာ ကျရောက်သွားမည်ဖြစ်၏။ သို့ဖြစ်၍ 'ရတနာသုံးပါးအစစ်' ကို ကိုးကွယ်ဆည်းကပ်ကြသူတို့သည် နောင်ခံစားရမည့် ကောင်းကျိုးချမ်းသာများကို မြော်မြင်၍ ဘာမဟုတ်သည့် လတ်တလော 'စား ဝတ် နေရေး' သာမညဒုက္ခကလေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် 'ဗုဒ္ဓဘာသာဝင်အဖြစ်' ကို စွန့်ပြီး အပါယ်ငရဲသို့ကျရောက်စေမည့် 'မိစ္ဆာဒိဋ္ဌိဘာသာခြား' သို့ မကူးပြောင်းမိကြရန် 'မေတ္တာကရုဏာ' ရှေ့ထား၍ အထူးပန်ကြားအပ်ပါသည်။

## *ဂုဏ်တော်ပွားများခြင်း

ရတနာသုံးပါး (သရဏဂုံသုံးပါး) ၏ ဂုဏ်တော်များကို တတ်စွမ်းသမျှပွားများခြင်းသည် 'နတ်ပြည်သို့ရောက်ခြင်း' စသည့် များစွာသောကောင်းကျိုးများကို ရရှိစေ၏။ သို့ဖြစ်၍ *(၁) ဗုဒ္ဓ၏ ဂုဏ်တော်များစွာတို့တွင် (လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားဟု အဓိပ္ပာယ်ရှိသည့်) 'အရဟံဂုဏ်တော်' ကို (၁၀၈ လုံးပါ ပုတီးတစ်ခေါက်စိပ်၍ဖြစ်စေ) အချိန်ရသမျှ အာရုံပြု၍ ကြည်ညိုသဒ္ဓါပွားခြင်း၊ (ထို့ထက်တတ်စွမ်းနိုင်ပါက) *(၂) တရားဂုဏ်တော်များစွာတို့တွင် (အခါမလင့် အချိန်မရွေး ကောင်းကျိုးပေးသောတရားတော်ဟု အဓိပ္ပာယ်ရှိသည့်) 'အကာလိကော ဂုဏ်တော်" ကို အာရုံပြု၍ ကြည်ညိုသဒ္ဓါပွားခြင်း၊ *(၃) သံဃာဂုဏ်တော်များစွာတို့တွင် (လူနတ်ဗြဟ္မာ

သတ္တဝါတို့၏ ကုသိုလ်မျိုးစေ့စိုက်ပျိုးရာ အကောင်းမြတ်ဆုံးသော 'ကုသိုလ်လယ်မြေကောင်း' ဖြစ်၏ဟု အဓိပ္ပာယ်ရှိသည့်) 'အနုတ္တရံ ပုညခေတ္တံ လောကဿဂုဏ်တော်' ကို အာရုံပြု၍ ကြည်ညိုသဒ္ဓါပွားခြင်းတို့သည် ဤဘဝ၌ 'ဘေးအန္တရာယ် ဒုက္ခအသွယ်သွယ်' မှ ကင်းဝေးစေပြီး နောင်ဘဝ၌ အပါယ်ငရဲသို့ မကျရောက်ဘဲ နတ်ပြည်သို့သာ ရောက်စေနိုင်သဖြင့် ဤ 'မနောကံကုသိုလ်' ကို မဖြစ်မနေ ပြုသင့်လှပေသည်။

## * ဗြဟ္မစိုရ်တရားပွားများခြင်း

"မေတ္တာ – သတ္တဝါတို့ကို ချစ်ခင်ကြင်နာခြင်း၊ ကရုဏာ – ဆင်းရဲနေ ဒုက္ခရောက်နေသူတို့ကို သနားခြင်း၊ မုဒိတာ – ချမ်းသာနေသူတို့ကိုမြင်၍ ဝမ်းမြောက်ခြင်း၊ ဥပေက္ခာ – သတ္တဝါတွေအားလုံးကို မချစ်မမုန်းဘဲ စိတ်တည်ငြိမ်စွာထားရှိခြင်း" ဟူသော ဤတရား (၄) ပါးတို့သည် ဗြဟ္မာမင်းကြီးတို့ ကျင့်သုံး၍ နေထိုင်သည့် တရားမြတ်များဖြစ်သဖြင့် 'ဗြဟ္မဝိဟာရတရားများ' ဟုလည်းကောင်း၊ တစ်လောက လုံးကို ချမ်းသာစေ စိုစိုပြေပြေဖြစ်စေသည့် တရားမြတ်များဖြစ်သဖြင့် 'ဗြဟ္မစိုရ်တရားများ' ဟုလည်းကောင်း ခေါ်ရကုန်၏။ ထိုတရား (၄) ပါးတို့တွင် တစ်ပါးပါးကိုဖြစ်စေ၊ (၄) ပါးလုံးကိုဖြစ်စေ စိတ်အားလပ် ချိန်၊ အနားယူချိန်၌ တတ်စွမ်းသမျှ ပွားများကျင့်ကြံအားထုတ်နေသော ပညာရှိတို့သည် ဤဘဝ၌ မိမိတို့လည်း ဘေးကင်းချမ်းသာစွာ နေထိုင်ရ၊ သူတစ်ပါးတို့အားလည်း ဘေးကင်းချမ်းသာစွာ နေထိုင်စေရသည့်အပြင် နောင်ဘဝ၌လည်း အပါယ်ငရဲဘေးမှ လုံးဝလွတ်မြောက်၍ နတ်ပြည်သို့ ဧကန်မုချရောက်ရကုန်၏။ ဤ တရားများကို ပွားများအားထုတ်ခြင်းသည် 'ငွေကြေးမကုန်၊ ကိုယ်စိတ် (၂) ပါး မပင်ပန်းဘဲ ဘေးကင်း ချမ်းသာစေပြီး မိမိနှင့် သူတစ်ပါး တစ်လောကလုံးအား အလွန်ကြီးမားသည့် အကျိုးကျေးဇူးများကိုပေးသဖြင့် ယင်းအလုပ်ကို အချိန်ရသမျှ လုပ်ဆောင်ထိုက်လှပေသည်။ ထို (၄) ပါးတို့ကို ပွားများပုံကား –

*(၁) ဆင်းရဲချမ်းသာမရွေး သတ္တဝါတွေအားလုံးကို အာရုံပြု၍ "မိတ်ဆွေ – ရန်သူ၊ ချစ်သူ – မုန်းသူ" ဟု လုံးဝမခွဲခြားဘဲ မိမိနှင့်အတူတကွ မိမိကိုပမာထား၍ မိမိ၏မိသားစုများ၊ မိမိအိမ်ဝန်းကျင်၌ နေထိုင်ကြကုန်သော၊ အခြားအရပ်ဝေးဒေသတို့၌ နေထိုင်ကြကုန်သော "နတ်များ၊ အစိုးရမင်းများ လူပုဂ္ဂိုလ်များ၊ ကျွဲ၊ နွား၊ ခွေး၊ ဝက်၊ ကြက်" စသည့် တိရစ္ဆာန်တွေအားလုံးတို့သည် "ဘေးရန် ခပ်သိမ်း ကင်းဝေးကြပါစေ၊ ကိုယ်စိတ် (၂) ပါး ကျန်းမာချမ်းသာကြပါစေ" ဟု နှုတ်ဖြင့်ရွတ်ဆို၍ 'မေတ္တာပွားခြင်း' ကို ပြုရာ၏။

*(၂) ထို့နောက် ဆင်းရဲနေ ဒုက္ခရောက်နေကြသည့် သတ္တဝါအားလုံးကို အာရုံပြု၍ "ကိုယ်စိတ် (၂) ပါး ဆင်းရဲခြင်းမှကင်းဝေးကြပါစေ" ဟု နှုတ်ဖြင့်ရွတ်ဆို၍ 'ကရုဏာပွားခြင်း' ကို ပြုရာ၏၊

*(၃) ထို့နောက် ကြွယ်ဝချမ်းသာ ပျော်ရွှင်နေကြသူတွေအားလုံးကို အာရုံပြု၍ "မိမိတို့ ရရှိထားသည့် စည်းစိမ်ဥစ္စာ ရာထူးဂုဏ်သိရ်တို့မှ မဆုတ်မယုတ်ဘဲရှိကြပါစေ" ဟု နှုတ်ဖြင့်ရွတ်ဆိုလျက် 'မုဒိတာပွားခြင်း' ကိုပြုရာ၏။

*(၄) ထိုနောက် 'အမြင့်မြတ်ဆုံး ဥပေက္ခာတရား' ကို ဤသို့ပွားများရာ၏။ "လူတို့မည်သည် မိမိချစ်ခင်သည့် ပုဂ္ဂိုလ်တွေ ကြီးပွားချမ်းသာနေသည်ကိုမြင်ရလျှင်လည်းကောင်း၊ မိမိမုန်းနေသူတွေ ဆင်းရဲနေ ဒုက္ခရောက်နေသည်ကို မြင်ရလျှင်လည်းကောင်း၊ 'ဝမ်းသာ' တတ်ကြပြီး မိမိချစ်ခင်သူတွေ ဆင်းရဲနေ ဒုက္ခရောက်နေသည်ကို မြင်ရလျှင်လည်းကောင်း၊ မိမိမုန်းသူတွေ ကြီးပွားချမ်းသာနေသည်ကို မြင်ရလျှင်လည်းကောင်း၊ 'ဝမ်းနည်း' တတ်ကြ၏။ ထိုသို့ 'ဝမ်းသာ ဝမ်းနည်း' (၂) မျိုးသည်လည်းကောင်း၊ 'ချစ်ခြင်း မုန်းခြင်း' (၂) မျိုးသည်လည်းကောင်း စိတ်နှလုံးကို တုန်လှုပ်ချောက်ချား မတည်မငြိမ်ဖြစ်စေပြီး စိတ်တည်ငြိမ်အေးငြိမ်းမှုကို နှောင့်ယှက်ဖျက်ဆီးသောကြောင့် ပညာရှိသူတော်ကောင်းများအဖို့ 'အကောင်းဆုံးတရားမျိုးမဟုတ်' ရကား ချစ်ခြင်း မုန်းခြင်း၊ ဝမ်းသာခြင်း ဝမ်းနည်းခြင်းမဖြစ်စေဘဲ စိတ်တည်ငြိမ်အေးငြိမ်းအောင် နေထိုင်ရာ၏။ ထို့ကြောင့် "သဗ္ဗေသတ္တာ ကမ္မဿကာ" သတ္တဝါတွေအားလုံးသည် မိမိတို့အား 'ချမ်းသာစေ ဆင်းရဲစေ' တတ်သော မိမိတို့ပြုခဲ့သည့် ကောင်းမကောင်းကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏။ "သတ္တဝါတွေ ချမ်းသာဆင်းရဲကြသည်မှာ သူတို့ပြုခဲ့သည့် 'ကောင်းမကောင်းသော ကံ' များကသာ ဖန်တီးဖန်ဆင်းခြင်းဖြစ်၏။ အခြား ဘယ်သူကမျှ ဘယ် 'ဘုရားသခင်ဆိုသူ' ကမျှ ဖန်ဆင်းခြင်းမဟုတ်" ဟူ၍ 'ဥပေက္ခာပွားခြင်း' ကို အချိန်ရသမျှ အားထုတ်ရာ၏။

# *ဝင်လေထွက်လေများကို ရှုမှတ်ခြင်း

ဆင်းရဲဒုက္ခတွေအမျိုးမျိုး၊ ချမ်းသာသုခတွေအမျိုးမျိုးကို ခံစားနေကြသည့် သတ္တဝါတွေကို တွေ့မြင်နေလျှင် သာမန်လူတွေမဆိုထားဘိ စိတ်ကို ရာနှုန်းပြည့်မထိန်းနိုင်သေးသည့် ပညာရှိ သူတော်ကောင်းများကိုပင် 'ဝမ်းသာ ဝမ်းနည်း' ဖြစ်စေတတ်ရကား မိမိ၏ စိတ်တည်ငြိမ် အေးငြိမ်းမှုကို နှောင့်ယှက်နေသည့် ထို 'ဝမ်းနည်း ဝမ်းသာ' သဘော (၂) မျိုးကို ရှောင်ရှားနိုင်ရန်အလို့ငှာ ကျွန်ုပ်တို့၏ ဗုဒ္ဓဘုရားရှင်က "ဆိတ်ငြိမ်သည့်နေရာ၌ ခန္ဓာကိုယ်ကို မတ်မတ်ထား၍ မျက်စိမှိတ်ကာ တင်ပလ္လင်ခွေ (တင်ပြင်ခွေ) ထိုင်နေလျက် မိမိ၏နှာခေါင်းဖြင့် ပုံမှန်ရှူရှိုက်နေသည့် 'ဝင်လေ ထွက်လေ' တို့ကို မိမိ၏နှာခေါင်းဝ၌ သတိကို စွဲမြဲစွာကပ်ထား၍ စူးစိုက်ရှုမှတ်နေရမည်" ဟူ၍ အကောင်းဆုံးနည်းလမ်းတစ်ခုကို ဟောပြပေးတော်မူခဲ့၏။ ယင်းအကျင့်ကို အချိန်ရသမျှ လေ့ကျင့်အားထုတ်သွားလျှင် ယခုပစ္စုပ္ပန်ဘဝ၌လည်း ရောဂါကင်းကွာ

ကိုယ်ကျန်းမာ၍ ဘေးရန်ကင်းကွာ စိတ်ချမ်းသာစွာဖြင့် နေထိုင်သွားရမည့်အပြင် နောင်ဘဝ၌လည်း အပါယ်ငရဲသို့ကျရောက်ရခြင်း ဒုက္ခဆိုးကြီးမှထွက်မြောက်၍ ချမ်းသာသုခမျိုးစုံကို ခံစားရရာ နတ်ပြည်သို့ ဧကန်မုချ ရောက်ရမည်ဖြစ်သောကြောင့် ဤမျှကောင်းကျိုးများစွာကိုလည်း ပေးစွမ်းနိုင်သော ပိုက်ဆံလည်း မကုန်၊ ပင်လည်းမပင်ပန်း၊ ဓိမ်ကျကျနေထိုင်၍လည်း လုပ်ဆောင်နိုင်သည့် ဤ 'ဝင်လေ ထွက်လေရှုမှတ်ခြင်း (အာနာပါနကမ္မဋ္ဌာန်း) အလုပ်' ကို 'မိမိကိုယ်ကို တကယ်ချစ် တကယ်ချမ်းသာစေလိုသူတိုင်း' အချိန်ရသမျှ အားထုတ်သင့်လှပေသတည်း။

ငရဲနှင့် နတ်ပြည်
(၄၀ – ၅၀)
ဦးမြင့်ဆွေ
မဟာဝိဇ္ဇာ ၊ လန်ဒန်
ကျောင်းအုပ် ၊ ဗုဒ္ဓတက္ကသိုလ်
မန္တလေး

# ဗုဒ္ဓဘာသာဝင်တစ်ဦး နေ့စဉ်လိုက်နာဆင်ခြင်ရန်
# ဗုဒ္ဓဘာသာတစ်နေ့တာ
# (ချမ်းသာအောင်နေနည်း)

၁။ နေထွက် နေဝင်၊ ကိုးဂုဏ်ရှင်၊ နေ့စဉ်ရှိခိုးမယ်။

၂။ အနန္တငါး၊ ဂုဏ်တော်များ၊ ညွတ်တွားကန်တော့မယ်။
(ရွတ်ပွားကန်တော့မယ်)

၃။ မျက်နှာသစ်လျှင်၊ ရေကိုမြင်၊ မြင်စဉ်မေတ္တာပွားပါ့မယ်။

၄။ သစ်ရင်းသစ်ရင်း၊ လျော့ယိုယွင်း၊ ရုပ်ဆင်းသတိထားပါ့မယ်။

၅။ မသန့်မစင်၊ ရေအိမ်ဝင်၊ ဆင်ခြင် အသုဘပွားပါ့မယ်။
(၆ မှ ၁၁ အထိ ယောဂီများအတွက်)

၆။ လူမမာကြီး၊ ဆေးကျွေးနည်းသို့၊ ပုံမှီး၍သာ၊ ဤခန္ဓာ အစာရေစာကျွေးပါ့မယ်။

၇။ နူနာကောင်ကြီး၊ ကျပ်တွေစည်းသို့၊ ပုံမှီး၍သာ၊ ဤခန္ဓာ တန်ဆာအဝတ် ဆင်ပါ့မယ်။

၈။ နေ့စဉ်ယှယ၊ ကျွေးမွေးရလည်း၊ ခဏတိုင်းသေ၊ နေ့တိုင်းသေ၊ သေမှု ဆင်ခြင်ပွားပါ့မယ်။

၉။ ရုပ်ဆင်း ကြန်အင်၊ အကန်းသွင်၊ မမြင်ချင်ယောင်ဆောင်ပါ့မယ်။

၁၀။ တွေ့ကရစကား၊ နားပင်းလား၊ မကြားချင်ယောင်မဆောင်ပါ့မယ်။

၁၁။ စကားပေါက်ကရ၊ နှုတ်မဟ၊ အအလိုပဲနေပါ့မယ်။

၁၂။ လောဘစကား၊ ဒေါသစကား၊ မောဟစကား၊ မာနစကား၊ ဣဿာစကား၊ မီးတောက်လား၊ ရှောင်ရှားဝေးစွာနေပါ့မယ်။

၁၃။ လူချင်းတွေ့လျှင်၊ ကိုယ်ကပင်၊ အရင်မေတ္တာပို့ပါ့မယ်။

၁၄။ တန်းတူတွေ့လျှင်၊ မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ်တယ်။

၁၅။ ပြိုင်မယ့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။

၁၆။ ကိုယ့်အောက်တွေ့လျှင်၊ ကရုဏာဝင်၊ မဝင်နိုင်က နိုင်တတ်တယ်။

၁၇။ နိုင်မယ့်အစား၊ ကရုဏာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။

၁၈။ ကိုယ့်ထက်သာလျှင်၊ မုဒိတာဝင်၊ မဝင်ဣဿာယိုင်တတ်တယ်။

၁၉။ ယိုင်မယ့်အစား၊ မုဒိတာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။

၂၀။ ကောင်းဆိုးကြုံရ၊ ဘုံဘဝဝယ်၊ ကယ်မဖို့ရာ၊ ခွင့်မသာမူ၊ သတ္တဝါတစ်ခု၊ ကံတစ်ခုဟု၊ ဉပေက္ခာဝင်၊ ကံဆင်ခြင်၊ ကြည်လင်အေးအောင်နေပါ့မယ်။

၂၁။ ရုပ်ကိုယ်လည်းပြင်၊ စိတ်လည်းပြင်၊ ပြင်ဆင်တိုင်းရ၊ ပြုတိုင်းလှ သုခနိဗ္ဗာန် တိုင်လိမ့်မယ်။

**ဓမ္မစရိယ ဦးဌေးလှိုင်**
**ဘဝခုံရုံးစာအုပ်မှ**

## အပိုင်း (၃)

## ကြီးပွားချမ်းသာရေးကဏ္ဍပြီး၏။



ဝေရဉ္ဇာအောင်ပွဲ

# အပိုင်း (၄)

# အောင်မြင်ရေး ကဏ္ဍ

## ထပ်ဆင့်အောင်ခြင်းများ

### ဝေရဉ္စာအောင်ပွဲ

ဝေရဉ္စာခေါ် ဗြဟ္မဏဘွဲ့၊ ဟန်မရတဲ့ ပုဏ္ဏားအို။
ဘုရားရှင်ကို အထင်သေးလို့၊ ရင်လေးဖွယ်ပဲ သူဆဲဆို။
ဗုဒ္ဓချစ်ရှင် အသစ်ပြင်ဟောမှ၊ ပြစ်တင်ပြောသမျှ ကြေကွဲပြို။
ကြက်ဥပမာ မိုးယှဉ်ဟောတော့၊ ကြီးစဉ်သဘော ကြိုက်လို့ကို၊
ထိုဗြဟ္မဏ မာန်တွေကျ၊ ဦးချကာကြည်ညို။
အဲဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဉ်ဆို။

တစ်ခါတုန်းက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ဝေရဉ္စာမြို့မှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီအချိန်မှာ ပုဏ္ဏားကြီးတစ်ယောက်က မြတ်စွာဘုရားဆီကိုလာပြီးတော့ "အို- ရဟန်းဂေါတမ သင်ဟာ အသက်အရွယ်ကြီးမားတဲ့ ပုဏ္ဏားကြီးများကို ရှိမခိုးဘူး၊ အရိုအသေမပြုဘူးလို့ ကျွန်ုပ်တို့ ကြားဖူးတယ်။ ကျွန်ုပ်တို့ကြားဖူးတဲ့အတိုင်းပဲ ယခု သင်ဟာ အသက်အရွယ်ကြီးမားတဲ့ ပုဏ္ဏားကြီးတွေကို ရှိမခိုး အရိုအသေမပြုတာတွေရယ်၊ ဒါဟာ သင်ရဲ့ ချွတ်ယွင်းချက်ပဲ"လို့ ပြောတယ်။ မြတ်စွာဘုရားက "ပုဏ္ဏားကြီး ငါဘုရားရှိခိုးရမယ့် လူနတ်ဗြဟ္မာသတ္တဝါ တစ်ယောက်မျှ မရှိဘူး။ ငါဘုရားရဲ့ ရှိခိုးခံရတဲ့ပုဂ္ဂိုလ်ဟာ ခေါင်းပြတ်ကျသွားမှာပဲ"လို့ မိန့်တော်မူတယ်။ အဲဒီတော့ ပုဏ္ဏားကြီးက စိတ်ဆိုးပြီး "ရဟန်းဂေါတမဟာ အရသာမခံစားတတ်ဘူး"လို့ ပြောတယ်။ သူပြောလိုတဲ့သဘောကတော့ "ရဟန်းဂေါတမဟာ လူချင်းပေါင်းသင်းဆက်ဆံမှု ပြေပြစ်ရေးအရသာကို မခံစားတတ်ဘူး၊ လူမှုရေးရာမတတ်ဘူး"လို့ ပြောတာပါပဲ။ ဒါပေမဲ့ မြတ်စွာဘုရားက စကားကို အသစ်ပြင်ပြီးတော့ "ဟုတ်တယ်၊ ငါ အရသာမခံစားတတ်ဘူး။ ဘာဖြစ်လို့လဲဆိုလို့ရှိလျှင် ငါဘုရားဟာ ကာမဂုဏ်အာရုံအရသာတွေကို ခံစားတတ်တဲ့တဏှာ မရှိလို့ပဲ" လို့ မိန့်တော်မူတယ်။ အဲဒီလိုပဲ ရှစ်ကြိမ်တိုင်တိုင် စွပ်စွဲဆဲရေးပေမယ့် ဘုရားက အသစ်ပြင်ပြင်ဟောတော့

ပျက်ကုန်တာပေါ့။ နောက်တော့ မြတ်စွာဘုရားက ကြက်ဥ ဥပမာနဲ့ဟောပြတယ်။ "ပုဏ္ဏားကြီး ကြက်တစ်ကောင်ဟာ ဥတွေ အများကြီး ဥထားပေမယ့် ဘယ်ဥကိုမှ အကြီးအငယ် မသတ်မှတ်ကြဘူး။ ဥခွံထဲကခွဲပြီး အရင်ဆုံးထွက်တဲ့ကြက်ကိုသာ အကြီးဆုံးလို့ ခေါ်ရသလိုပဲ ငါဘုရားသာ အဝိဇ္ဇာဥခွံတွင်းက အရင်ဆုံးခွဲထွက်တာမို့ ငါသာလျှင် အကြီးဆုံးဖြစ်တယ်"လို့ ဟောလိုက်တော့ သိပ်သဘောကျသွားပြီး "ဟုတ်ပါတယ်၊ မှန်ပါတယ် မြတ်စွာဘုရားဟာ အကြီးဆုံးပါပဲ။ တပည့်တော်ကိုလည်း တပည့်ဒကာလို့ မှတ်ပါ"လို့ လျှောက်ပြီး ပြန်သွားရော။



သုစိလောမ ခရလောမအောင်ပွဲ

# သုစိလောမ ခရလောမအောင်ပွဲ

သုစိလောမာ ခရလောမ၊ ဒေါသကျူးတဲ့ ဘီလူးနှစ်ကောင်။
ဗုဒ္ဓအရှင်မှာ ဝင်ကာပူးဖို့၊ ပြူးလို့ပြဲလို့ ချောက်တဲ့မောင်။
မကြောက်တဲ့ပြင် ရှင်ကာလန်းတော့၊ ပညာစမ်းဖို့ အမေးဆောင်။
ဗုဒ္ဓမြတ်စွာ လှစ်ကာရှင်းတော့၊ သစ္စာလမ်းပေါက် ရောက်တဲ့နောင်။
ဘီလူးနတ်မျိုး ပျပ်ဝပ်ကျိုး၊ ရှိခိုးမာန်မထောင်။
အဲဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဥ်အခေါင်။

ရှေးတုန်းက ဗုဒ္ဓဂယာအနားမှာ သုစိလောမနဲ့ ခရလောမဆိုတဲ့ ဘီလူးနှစ်ကောင်ရှိတယ်။ တစ်ကောင်ကတော့ အပ်လိုချွန်ထက်နေတဲ့ အမွေးရှိလို့ သုစိလောမလို့ခေါ်တယ်။ နောက်တစ်ကောင်ကတော့ မထိနိုင်အောင် ကြမ်းတမ်းတဲ့အမွေးရှိလို့ ခရလောမလို့ ခေါ်တယ်။ မြတ်စွာဘုရားက သူတို့အကျွတ်တရားရမှာကို မြင်တော်မူတာနဲ့ သုစိလောမဘီလူးရဲ့ဗိမာန်မှာ ဝင်ပြီးထိုင်တော်မူတယ်။ အဲဒီတော့ ခရလောမက သုစိလောမကို "သူငယ်ချင်း သူငယ်ချင်း မင်းနေရာမှာ ရဟန်းတစ်ပါး ဝင်ထိုင်နေတယ်"လို့ ပြောလိုက်တော့ သုစိလောမက "ရဟန်းကောင်း ဟုတ်သလား မဟုတ်သလားဆိုတာ သိအောင် ငါချောက်ကြည့်မယ်" လို့ ပြောတယ်။ ပြီးတော့ သပိတ်လုံးလောက်ရှိတဲ့ မျက်စိကြီးပြူး ငှက်ပျောဖူးလောက်ရှိတဲ့ အစွယ်ကြီးတွေပေါ်အောင် ပါးစပ်ကြီးဖြဲပြီး လက်ကားယား ခြေကားယားနဲ့ မြတ်စွာဘုရားအနားကို ကပ်သွားတယ်။ ဒီတော့ မြတ်စွာဘုရားက အသာလေးနောက်ဆုတ်ပေးလိုက်တော့ သူက "ရဟန်းကြီး ငါ့ကို ကြောက်သလား" လို့ မေးသတဲ့။ "သုစိလောမ သင့်ကို ငါမကြောက်ဘူး၊ ဒါပေမဲ့ သင့်အမွေးတွေကို ရွံလို့ ငါမထိချင်ဘူး" လို့ မိန့်တော်မူတယ်။ မြတ်စွာဘုရား မကြောက်မှန်းသိတော့မှ ထိုင်ပြီး ပြဿနာမေးတယ်။

တပ်မက်စိတ်ဆိုး ပျင်းပျော်မျိုး၊ ကြောက်စိုးဘယ်က ဖြစ်ပေါ်သနည်း။
တပ်မက်စိတ်ဆိုး ပျင်းပျော်မျိုး၊ ကြောက်စိုးကိုယ်က ဖြစ်ပေါ်သတည်း။

"တပ်မက်လိုချင်တာ၊ စိတ်ဆိုးတာ၊ ပျင်းတာ၊ ပျော်တာ၊ ကြောက်တာတွေဟာ ဘယ်က ဘယ်လိုဖြစ်ပါသလဲ"လို့ မေးတော့ "အဲဒါတွေဟာ ခန္ဓာကိုယ်က သက္ကာယဒိဋ္ဌိအစွဲရှိလို့ ဖြစ်ကြတယ်"လို့ မြတ်စွာဘုရားက ဖြေတော်မူလိုက်တယ်။

အဲဒီလို မေးရင်းဖြေရင်း တရားနာရင်းနဲ့ သောတာပန်ဖြစ်သွားကြရော။



ဓမ္မအောင်ပွဲ

## အမ္ဗဋ္ဌ အောင်ပွဲ

ပေါက္ခရသာဆရာမြတ်က၊ လက္ခဏာဖတ်ခိုင်းရာဝယ်။
အမျိုးဇာတ်ဂုဏ် မာန်ဟုန်ရစ်တဲ့၊ အမ္ဗဋ္ဌတဲ့ ပုဏ္ဏားငယ်။
ဘုရားရှင်ကို အလိုဆိုးနဲ့၊ မှုံချိုးမျှစ်ချိုး ပြောရက်တယ်။
နာနာဖိကာ သိစရာ ဟောမှ၊ "အတိမာ" လျှောလို့ရှုံးရတယ်။
သူ့ဆရာဝေါက် ခြေနှင့်ကျောက်၊ ခွေခေါက်ချာချာလယ်။
အဲဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဉ်ကွယ်။

ရှေးတုန်းက ဥက္ကဋ္ဌမြို့မှာ ပေါက္ခရသာတိဆိုတဲ့ ပုဏ္ဏားဆရာကြီးတစ်ယောက်ရှိတယ်။ အဲဒီပုဏ္ဏားကြီးဟာ မြတ်စွာဘုရားရဲ့ဂုဏ်တော် ကျေးဇူးတော်တွေကို ကြားရတော့ ဟုတ်မဟုတ်သိချင်တာနဲ့ သူတပည့် ပုဏ္ဏားကလေးအမ္ဗဋ္ဌကို မြတ်စွာဘုရားရဲ့ လက္ခဏာတော်တွေကို အကြည့်ခိုင်းလိုက်တယ်။ သူဟာ အခြွေအရံနဲ့ အတူသွားပြီးတော့ မြတ်စွာဘုရားနဲ့ စကားပြောတဲ့အခါ မတ်တတ်ကြီးပြောလိုပြောလမ်းလျှောက်ရင်းပြောလိုပြောနဲ့ လုပ်နေတော့

မြတ်စွာဘုရားက "အမ္ဗဋ္ဌ သင်ဟာ ပုဏ္ဏားကြီးတွေ ဆရာသမားတွေနဲ့ စကားပြောတဲ့အခါမှာ ဒီလိုပဲ မတ်တတ်ရပ်ရင်း လမ်းလျှောက်ရင်း စကားပြောသလား"လို့ မေးတော်မူတယ်။

"ဟာ ဘယ်ဟုတ်မလဲ သူ့တို့ကိုတော့ ထိုင်ပြီး ရိုရိုသေသေပြောတာပေါ့၊ သင်တို့လို အောက်တန်းစားတွေ ကတုံးတွေ ရဟန်းစုတ်တွေနဲ့ကျတော့ ဒီလိုပဲ မတ်တတ်ကြီးပြောတာပေါ့"လို့ ရိုင်းရိုင်းစိုင်းစိုင်း ပြန်ပြောတယ်။

မြတ်စွာဘုရားက "သင်ဟာ ဆရာကောင်း သမားကောင်းတွေဆီမှာ နည်းမှန်လမ်းမှန် သင်ကြားနေထိုင်ခြင်းမရှိဘဲ သင်ကိုသင် နည်းမှန်လမ်းကျသင်ပြီးပြီလို့ ထင်နေတာပဲ။ သင်လာတဲ့ လိုရင်းကိစ္စကိုသာနှလုံးသွင်းပါ"လို့ ပြောလိုက်တော့

စိတ်ဆိုးပြီး "အို– ရဟန်းဂေါတမ သင်တို့ သာကီဝင်မျိုးတွေဟာ အင်မတန် ရုန့်ရင်းကြမ်းတမ်းတယ်၊ အမျိုးညံ့ဖြစ်ရက်သားနဲ့ ပုဏ္ဏားတွေကို မပူဇော်ဘူး၊ အရိုအသေလည်း မပြုဘူး"လို့ အမျိုးပါနိုက်ပြီး ပြောလိုက်တယ်။

ဒီတော့ မြတ်စွာဘုရားက မေးတော်မူတယ်၊ "သာကီဝင်တွေက သင့်ကို ဘယ်လိုလုပ်လို့ ရုန့်ရင်းတယ်လို့ ပြောရသတုံး"။

"တစ်ခါတုန်းက ကျွန်ုပ်ဟာ ကိစ္စရှိလို့ ကပိလဝတ်ပြည်ကို သွားတယ်၊ အဲဒီတုန်းက သာကီဝင်တွေဟာ ကျွန်ုပ်ကို စောင်းမြောင်းပြီး လှောင်ပြောင်နေကြတယ်၊ ဘယ်သူမှ ကျွန်ုပ်ကို နေရာမပေးဘူး အမျိုးညံ့တွေဖြစ်ရက်သားနဲ့ ပုဏ္ဏားကို ဒီလိုလုပ်တာ မတော်ဘူး"လို့ အမ္ဗဋ္ဌပြန်ပြောတယ်။

မြတ်စွာဘုရားက "အမ္ဗဋ္ဌရယ် ... ငှက်ကလေးတွေတောင်မှ ကိုယ့်နေရာမှာကိုယ် ကြိုက်သလို အော်နိုင်သေးတာပဲ၊ သူတို့လည်း သူတို့မြို့ သူတို့ပြည်မှာ ကြိုက်သလိုနေကြမှာပေါ့။ ဒီလိုအသေးအဖွဲကလေးတွေနဲ့ စိတ်မဆိုးသင့်ပါဘူး"လို့ မိန့်တော်မူတယ်။

ဒါပေမဲ့ သူက မကျေနပ်ဘူး၊ "အို– ရဟန်းဂေါတမ အမျိုးလေးပါးထဲမှာ ပုဏ္ဏားဟာ အမြတ်ဆုံးပဲ တဲ့ ကျန်တဲ့အမျိုးတွေဟာ ပုဏ္ဏားရဲ့အစေခံ အလုပ်အကျွေးတွေသာဖြစ်တယ်။ ဒီလို သာကီဝင်မင်းမျိုးတွေဟာ အမျိုးညံ့ဖြစ်ပါလျက်နဲ့ ကျွန်ုပ်တို့ပုဏ္ဏားတွေကို အရိုအသေမပြုတာဟာ မကောင်းဘူး"လို့ သူက ထပ်ပြောပြန်တယ်။

အဲဒီလို သုံးကြိမ်သုံးခါတိုင် သာကီဝင်တွေကို မှိုချိုးမျှစ်ချိုး ပြောနေတော့ မြတ်စွာဘုရားက မေးတော်မူတယ်။

"အဗ္ဗဋ္ဌ သင်ဟာ ဘယ်အဆက်အနွယ်လဲ"

"ကျွန်ုပ်ဟာ ကဏှာယန အဆက်အနွယ်ဖြစ်ပါတယ်"လို့ သူက ပြန်ဖြေတယ်။

"ဟာ ဒီလိုဆို သင်ဟာ သာကီဝင်တွေရဲ့ကျွန်၊ သာကီဝင်တွေဟာ သင်ရဲ့ သခင်ဖြစ်နေတာပေါ့။ သာကီဝင်တွေဟာ ဩက္ကာကမင်းကြီးရဲ့ သားသမီးတွေပဲ။ အဲဒီ ဩက္ကာကမင်းကြီးရဲ့ ကျွန်မတစ်ယောက်ဟာ မည်းနက်နေတဲ့ ကလေးတစ်ယောက်မွေးတယ်။ ဒါကြောင့် သူ့ကို ကဏှလို့ခေါ်တယ်။ အဲဒီကဏှဟာ သင်တို့ရဲ့ အဆက်အနွယ်မှာ အစဖြစ်လို့ သင့်အနွယ်ကို ကဏှာယနလို့ခေါ်တယ်။ ဒါကြောင့် သင်ဟာ ကျွန်မသားပဲ"လို့ ဘုရားက မိန့်တော်မူလိုက်တော့

သူ့နောက်က ပရိသတ်တွေက "အမ္ဗဋ္ဌကို ဒီလို ချိုးချိုးဖွဲ့ဖွဲ့ မပြောပါနဲ့၊ အမ္ဗဋ္ဌဟာ အမျိုးကောင်းသား ပညာတတ်ဖြစ်ပါတယ်"လို့ ဝိုင်းပြောကြတယ်။

ဒီတော့ မြတ်စွာဘုရားက "သင်တို့ တိတ်တိတ်နေကြ၊ ငါ အမ္ဗဋ္ဌကိုမေးမယ်။ ကဲ– အမောင် အမ္ဗဋ္ဌ ငါပြောတာ ဟုတ်သလား မဟုတ်ဘူးလား မှန်မှန်ဖြေစမ်း"လို့ မေးတော့ ဘာမှမဖြေနိုင်ဘဲ ခေါင်းငုံ့နေတယ်။

နောက်တော့ ဘီလူးကြီးပေါ်လာပြီးတော့ "မြတ်စွာဘုရားမေးတာ မှန်မှန်ပြော၊ မပြောလျှင် ခေါင်းရိုက်ခွဲလိုက်မယ်"ဆိုတော့မှ "မြတ်စွာဘုရား မိန့်တော်မူတဲ့အတိုင်း ဟုတ်ပါတယ်" လို့ အမ္ဗဋ္ဌ ဝန်ခံတယ်။

ဒီတော့မှ မြတ်စွာဘုရားက ပုဏ္ဏားတွေဟာ မင်းမျိုးလောက် အဆင့်အတန်းမရှိတာကို ဟောပြီးတော့ "အမ္ဗဋ္ဌရော သင့်ဆရာရော ရသေ့ရဟန်းလည်းမဟုတ် ရသေ့ရဟန်းဖြစ်ဖို့ ကျင့်တဲ့လူတောင် မဟုတ်သေးဘူး။ သင်ဟာ ငါဘုရားပေါ်မှာ မယုံသင်္ကာရှိလျှင် စစ်ဆေးမေးမြန်းကြည့်၊ ငါဘုရား အကုန်ဖြေရှင်းပြမယ်" လို့ မိန့်တော်မူတော့မှ သူ့ဆရာမှာတဲ့အတိုင်း လက္ခဏာတွေ စစ်ကြည့်တော့ အကုန်လုံး မှန်နေတာ တွေ့ရတယ်။

ဒါနဲ့ သူ့နေရပ်ကို ပြန်ပြီး ဆရာဖြစ်တဲ့ ပေါက္ခရသာတိ ပုဏ္ဏားကြီးကို အကုန်ပြန်ပြောတော့ ဆရာကြီးက "မင်းဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရိုင်းရိုင်းစိုင်းစိုင်း ချိုးချိုးဖွဲ့ဖွဲ့ ပြောတဲ့ကောင် တော်တော်မိုက်တဲ့အကောင်"လို့ဆိုပြီး ထကန်လိုက်တာ တလိမ့်ခေါက်ကွေးကျတာပဲတဲ့။



ပါထိကပုတ္တအောင်ပွဲ

# ပါထိကပုတ္တအောင်ပွဲ

ဝမရှိပါ ဝိလာလုပ်တဲ့၊ ပါထိကပုတ် တိတ္ထိဟာ။
ဘုရားကို စိန်ခေါ် ပြိုင်ဖော်ညှိလို့၊ လူသိနတ်ကြား သူကြွားဝါ။
ဗုဒ္ဓထွက်လာ စကြာဖြန့်တော့၊ ရှက်ကာလန့်လို့ ထွက်ပြေးရာ။
လူတွေလိုက်ကာ လာဖို့ပြော၊ "လာသော်ကော"လို့ အော်ရင်းသာ။
ပျဉ်နဲ့တင်ဟာ ကပ်နိုင်မြဲလို့၊ ရပ်နိုင်ပဲမို့ ရှုံးရရှာ။
ဇိနဘုရား အသံကြား၊ နားက ကြောက်သွေးဖြာ။
အဲဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဉ်ပါ။

ရှေးတုန်းက ဝေသာလီပြည်မှာ ပါထိကပုတ္တလို့ခေါ်တဲ့ အဝတ်မဝတ်တဲ့ တိတ္ထိကြီးတစ်ယောက်ရှိတယ်။ သူဟာ နာမည်ကြီးအောင် ဟန်ကြီးပန်ကြီးလုပ်ပြီးတော့ ပရိသတ်ထဲမှာ ပြောလေ့ရှိတယ်။ ဘယ်လိုပြောသလဲဆိုတော့ "ကျုပ်က ရဟန်းဂေါ[illegible]နဲ့ တန်ခိုးပြိုင်ချင်တယ်။ သူကလမ်းတစ်ဝက်လာ ကျုပ်က လမ်းတစ်ဝက်သွားမယ်။ ပြိုင်တဲ့အခါမှာလည်း သူကတစ်ခုပြလျှင် ကျုပ်က နှစ်ခု၊ သူနှစ်ခုပြလျှင် ကျုပ်က လေးခုပြမယ်။ သူဘယ်လောက်ပြပြ ကျုပ်က နှစ်ဆတိုးတိုးပြီး ပြလိုက်မယ်"တဲ့။ ဒီအကြောင်းကို ရဟန်းတစ်ပါးက ဘုရားရှင်ကို လာလျှောက်ထားတယ်။ မြတ်စွာဘုရားက "ပါထိကပုတ္တဟာ ဒီလိုအပြောမျိုး အထင်မျိုးရှိနေလျှင် ငါဘုရားရှေ့တော်ကို မလာနိုင်ဘူး၊ လာလျှင်လည်း ဦးခေါင်းပြတ်ကျသွားမှာပဲ"လို့ မိန့်တော်မူပြီးတော့ "ဒီနေ့ ဆွမ်းစားပြီးလျှင် ငါဘုရား ပါထိကပုတ္တနေတဲ့ ကျောင်းကိုသွားမယ်၊ သင်သွားပြီး ပြောထားနှင့်"လို့ ထပ်ပြီး မိန့်တော်မူလိုက်တယ်။ ဒီတော့ အဲဒီရဟန်းက မြို့ထဲသွားပြီး လိစ္ဆဝီမင်းတွေကို လည်းပြော၊ မြို့ထဲက လူတွေလည်းပြောတော့ မင်းပုဏ္ဏားသူဌေးသူကြွယ်တွေ အများကြီးဟာ တန်ခိုးပြိုင်တာ ကြည့်ဖို့ ပါထိကပုတ္တရဲ့ကျောင်းကို သွားကြတယ်။ အဲဒီတော့မှ ပါထိကပုတ္တတိတ္ထိကြီးဟာ မြတ်စွာဘုရား တကယ်ကြွလာတော့မယ်ဆိုတာသိတော့ ကြက်သီးတွေထ ကြောက်လန့်ပြီး တခြားကျောင်းတစ်ကျောင်းကို ထွက်ပြေးပါလေရော။ မြတ်စွာဘုရားလည်း ကြွပြီး ထိုင်တော်မူနေကယ်။ ဒီတော့ လူတွေက ပါထိကပုတ္တ ထွက်ပြေးမှန်းသိတော့ လူတစ်ယောက်ကိုလွှတ်ပြီး "သင်က တန်ခိုးပြိုင်မယ်လို့ ကြော်ငြာထားတဲ့ ရဟန်းဂေါတမရောက်နေပြီ၊ မြန်မြန်လာပါ"လို့ ပြောခိုင်းကြတယ်။ သွားခေါ်တဲ့အခါကျတော့ "လာမယ် လာမယ်" လို့သာ အော်နေပြီး ထလို့မရတော့ဘူး။ ဒါနဲ့ အဲဒီလူက "နေပါဦး သင်နေရာက ထလို့မရအောင် သင်ရဲ့တင်ပါးနဲ့ ပျဉ်နဲ့ကပ်နေပြီထင်တယ်"လို့ဆိုပြီး ပြန်သွားပြီးတော့ ပရိသတ်တွေကို ဒီအကြောင်းပြောပြတယ်။ ဒီတော့ မြတ်စွာဘုရားက "ပါထိကပုတ္တဟာ ဒီအပြောမျိုး ဒီအထင်မျိုးရှိနေလျှင် ငါဘုရားရှေ့တော်ကို

မလာနိုင်ပါဘူး၊ လာလျှင်လည်း ဦးခေါင်းပြတ်ကျသွားမှာပဲ"လို့ မိန့်တော်မူလိုက်တယ်။ ဒီတော့ လိစ္ဆဝီ အမတ်ကြီးတစ်ယောက်က ထပြီး "နေကြပါဦး၊ ပါထိကပုတ္တကို ကျုပ်သွားပြီး ခေါ်ပါမယ်" ဆိုပြီး သွားခေါ်ပြန်ရော။ "ကဲ– ပါထိကပုတ္တ သင်ကြုံးဝါးထားတဲ့အတိုင်း တန်ခိုးပြိုင်ဖို့ ဂေါတမဘုရားရောက်နေပြီ၊ ရောက်ရုံတောင်မကဘူး၊ သင်ဟာ သူ့ရှေ့ကို မလာနိုင်ဘူးလို့တောင် ပြောနေတယ်။ ဒီတော့ သင်လာရုံကလေး လာပါ။ တန်ခိုးတောင်ပြိုင်ဖို့မလိုဘူး၊ သင်လာတာနဲ့တစ်ပြိုင်နက် သင့်ကိုအနိုင်၊ ဂေါတမဘုရားကို အရှုံး ကြေညာလိုက်မယ်"လို့ပြောတော့ "လာမယ် လာမယ်" လို့သာ အော်နေပြီး ထလို့မရပြန်ဘူး။ ဒါနဲ့ အမတ်ကြီးလည်း လက်လျှော့ပြီးပြန်လာတယ်။ ဒီတော့ မြတ်စွာဘုရားက "ပါထိကပုတ္တဟာ ငါ့ဆီကို မလာနိုင်ပါဘူး၊ သင်တို့ လိစ္ဆဝီတွေ တတ်နိုင်လို့ ကြိုးနဲ့ချည်ပြီး နွားတွေနဲ့ဆွဲလျှင်တောင် ကြိုးသာပြတ်မယ်၊ ပါထိကပုတ္တတော့ လာနိုင်မှာမဟုတ်ဘူး"လို့ ထပ်ပြီး မိန့်တော်မူလိုက်တယ်။ နောက် တိတ္ထိတစ်ယောက် လိုက်ခေါ်လည်းမရဘူး။ ဒီတော့မှ မြတ်စွာဘုရားက ပရိသတ်တွေကို တရားဟောပြီးတော့ ထန်းပင် ၇ ပြန်လောက်မြင့်အောင် ကောင်းကင်ကိုပျံတက် တန်ခိုးပြာဋိဟာတွေပြပြီးမှ ကျောင်းကို ပြန်ကြွတော်မူသွားတယ်တဲ့။



ဥပါလိအောင်ပွဲ

# ဥပါလိအောင်ပွဲ

အဝတ်ဗလာရှိုင်းစွာ ဂိုဏ်းဆရာလုပ်တဲ့၊ နာဋပုတ္တနိဂဏ္ဌာ။
သူ့ရဲ့ဒကာ ဥပါလိကို၊ "တပါဘိ"လို့ မြှောက်ပေးတာ။
ဝါဒရေးမှာ ရှေးကာတိုက်ဖို့၊ မေးလိုက်စမ်းလိုက်ကံပုဏ္ဏာ။
ဘုရားကပြုံးတုံ့ ထုံးပုံသွင်းလို့၊ လုံးစုံခပင်း ရှင်းတဲ့ခါ။
သဘောကျ ကြည်ညို ဆီထိပွမ်းသို့၊ ပီတိလွှမ်းလို့ တရားနာ။
သူ့ရဲ့ရင်တွင်း အမြင်ရှင်း၊ အလင်းပေါက်သစ္စာ။
အဲဒါက ဘဂဝါမှူးရဲ့၊ ထူးတဲ့အောင်စဥ်ပါ။

ရှေးတုန်းက နိဂဏ္ဌနာဋပုတ္တဆိုတဲ့ တိတ္ထိဆရာကြီးတစ်ယောက်ရှိတယ်။ သူရော သူ့တပည့်တွေရော ဘယ်သူမှ အဝတ်မဝတ်ကြဘူး။ ကိုယ်တုံးလုံးနေကြတယ်။ တစ်နေ့တော့ သူ့လက်ထောက်တပည့်ကြီးဟာ မြတ်စွာဘုရားဆီသွားပြီး စကားပြောသတဲ့။ အဲဒီလို ပြောကြတဲ့အခါမှာ မြတ်စွာဘုရားက "စိတ်နဲ့လုပ်တဲ့ ပြစ်မှုက နှုတ်နဲ့လုပ်တဲ့အမှု ကိုယ်နဲ့လုပ်တဲ့ပြစ်မှုထက် ပိုပြီးအရေးကြီးတယ်၊ အပြစ်ကြီးတယ်"ဆိုတော့ သူက "ကိုယ်နဲ့လုပ်တဲ့ပြစ်မှုက စိတ်နဲ့လုပ်တဲ့ပြစ်မှုထက် ပိုပြီးအရေးကြီးတယ်၊ အပြစ်ကြီးတယ်"လို့ ဆိုတယ်။ အဲဒါနဲ့ သူပြန်သွားပြီး သူ့ဆရာ နိဂဏ္ဌနာဋပုတ္တကို ပြောတော့ "ဒီလိုဆိုလျှင် ဂေါတမဘုရား မှားတာပေါ့၊ ကိုယ်နဲ့လုပ်တဲ့ ကာယကံနဲ့စာလျှင် စိတ်နဲ့လုပ်တဲ့မနောကံဟာ အသေးအဖွဲကလေးပါ"လို့ သူ့ဆရာက ပြောတယ်။ အဲဒီအချိန်မှာ ဥပါလိခေါ်တဲ့ သူဌေးဒကာတစ်ယောက်ကလည်း ရှိနေတော့ သူကဝင်ပြောတယ်။ "ဒီလိုသာ ရဟန်းဂေါတမ ယူလို့ တပည့်တော်နဲ့ ပြိုင်ပြောရလျှင် ဂေါတမဘုရား ချာချာ လည်သွားမှာပဲ"တဲ့။ အဲဒါနဲ့ နိဂဏ္ဌနာဋပုတ္တက "ဟုတ်တယ် ဒကာကြီးပြောတာ မှန်တယ်၊ ဒကာကြီးလည်း ပညာရှိတာပဲ၊ တကာကြီးသွားပြီး ရဟန်းဂေါတမကို ဝါဒတင်ပြီးပြိုင်လျှင် ဒကာကြီးပဲ နိုင်မှာပဲ၊ နိုင်လျှင် ဒကာကြီး နာမည်သိပ်ကြီးသွားမှာပေါ့"လို့ မြှောက်ပေးတယ်။ သူရဲ့ လက်ထောက်တပည့်ကြီးက ဝင်တားတယ် "ဒကာကြီး ဥပါလိကို မလွှတ်ပါနဲ့၊ ဂေါတမဘုရားဟာ အင်မတန် အလှည့်အပတ်ကောင်းတယ်၊ ဒကာကြီး သူ့နောက်ပါသွားဦးမယ်"လို့ ပြောတော့ နိဂဏ္ဌကြီးက "ဒါမဖြစ်နိုင်ပါဘူး၊ ဖြစ်ချင်းဖြစ်လျှင် ရဟန်းဂေါတမကသာ ဒကာကြီး ဥပါလိနောက်လိုက် ဖြစ်လာမှာပါလို့" ပြောတယ်။ ဒါနဲ့ ဥပါလိ သူဌေးကြီးဟာ မြတ်စွာဘုရားဆီသွားပြီးတော့ "အရှင်ဘုရား ဒီကို နာဋပုတ္တရဲ့တပည့်ကြီး လာပါသလား" လို့ မေးတယ်။ "လာတယ်"လို့ မြတ်စွာဘုရားက ပြောတော့ "လာလျှင် ဘယ်လိုစကားများ ပြောကြပါသလဲ"လို့ ထပ်မေးတယ်။ မြတ်စွာဘုရားက စကားပြောပုံကို အကုန်ပြန်ပြောလိုက်တော့ ဥပါလိက ထပြီး နာဋပုတ္တရဲ့ တပည့်ကြီးကို ချီးမွမ်းလိုက်တယ်။ "သြော် သင်ပြောတာ ဟုတ်ပါပေတယ် မှန်ပါပေတယ်၊ ဆရာကောင်းတပည့် ပီပါပေတယ်။ ကိုယ်နဲ့လုပ်တဲ့ မကောင်းမှု ရုန့်ရင်းတဲ့ ကာယကံက သာပြီး အပြစ်ကြီး

တာပေါ့။ ဒါနဲ့စာရင် စိတ်နဲ့လုပ်တဲ့ မကောင်းမှု မနောကံဟာ အသေးအဖွဲ့ကလေးပါ”တဲ့။ ဒီတော့ မြတ်စွာဘုရားက “ဒကာကြီး သင်ဟာ အမှန်တရားပေါ်မှာတည်ပြီးတော့ ဆွေးနွေးမယ်ဆိုလျှင် ဒီကိစ္စကို ပြောကြရအောင်”လို့ မိန့်တော်မူလိုက်တယ်။ ဥပါလိက “ပြောပါ ပြောပါ တပည့်တော်ဟာ အမှန်တရား ပေါ်မှာ တည်ပြီးဆွေးနွေးပါမယ်”လို့ ပြောတယ်။ မြတ်စွာဘုရားက “ဒကာကြီး နိဂဏ္ဌတစ်ယောက်ဟာ ရေအေးကို မသုံးရဘူး၊ သူဟာ မမာမကျန်းဖြစ်တဲ့အခါမှာ ရေအေးကိုသုံးရလျှင် ပျောက်မှာပဲ။ ဒါပေမဲ့ ငါအသေခံမယ် ရေအေးကိုတော့ မသုံးဘူးဆိုပြီး အသေခံလျှင် ဘယ်ဘဝမှာဖြစ်တယ်လို့ သင်တို့ဆရာ နာဋပုတ္တက ပြောသလဲ”လို့ မေးတော်မူတော့ “သူဟာ ကောင်းတဲ့စိတ်နဲ့ အသေခံလို့ မနောသတ္တနတ်မျိုးမှာ သွားဖြစ်တယ်လို့ ဆိုပါတယ်”လို့ ဖြေတယ်။ မြတ်စွာဘုရားက “ဒကာကြီး သတိထားပြောပါ၊ ဒကာကြီးက ရှေ့စကားနဲ့ နောက်စကား မညီဘူး”လို့ မိန့်တော်မူတော့ “အရှင်ဘုရား ဒီလိုဆိုပေမယ့် ကာယကံကသာ သာပြီးအရေးကြီးတယ်လို့ ထင်ပါတယ်”လို့ ပြောပြန်တယ်။ မြတ်စွာဘုရားက

“ဒကာကြီး နိဂဏ္ဌနာဋပုတ္တဟာ လမ်းလျှောက်ရင်း ပိုးမွှားကလေးတွေ နင်းမိလို့ သေကုန်လျှင် ဘယ်လိုအကျိုးခံစားရတယ်လို့ ပြောပါသလဲ“

“ဒါကတော့ သေစေလိုတဲ့ စိတ်မရှိလို့ သိပ်အပြစ်မကြီးဘူးလို့ ဆိုပါတယ်”

“သေစေလိုတဲ့ စိတ်စေတနာရှိလျှင်ကော ဘယ်လိုဖြစ်မလဲ”

“သေစေလိုတဲ့ စိတ်စေတနာရှိလျှင်တော့ သိပ်အပြစ်ကြီးတယ်လို့ ဆိုပါတယ်”

“စိတ်စေတနာကိုတော့ ဘယ်ကံထဲမှာ ထည့်ပါသလဲ”

“မနောကံထဲမှာ ထည့်ပါတယ်”

“ဒကာကြီး သတိထားပြီးပြောပါ၊ ဒကာကြီးဟာ ရှေ့စကားနဲ့ နောက်စကား မညီဘူး”

“အရှင်ဘုရား ဒီလိုပြောပေမယ်လို့ ကာယကံကသာ သာပြီး အပြစ်ကြီးတယ်လို့ ထင်ပါတယ်”

“ဒကာကြီး အကယ်၍ လူတစ်ယောက်ဟာ ဓားကိုင်ပြီးတော့ “ငါ ဒီမြို့ထဲမှာ ရှိသမျှလူတွေကို တစ်ခါတည်း အကုန်သတ်မယ်ဆိုလျှင် ဖြစ်နိုင်ပါ့မလား”

“မဖြစ်နိုင်ပါဘူး၊ တစ်ယောက်တည်းမပြောပါနဲ့ ငါးဆယ် တစ်ရာတောင် မဖြစ်နိုင်ပါဘူး”

ဒါဖြင့် သိပ်တန်ခိုးကြီးတဲ့ ရသေ့ကြီးတစ်ယောက်လာပြီး “ဒီမြို့တစ်မြို့လုံး ပြာဖြစ်စေ”လို့ စိတ်နဲ့ပြုစားလိုက်လျှင် ပြာဖြစ်နိုင်ပါ့မလား”

“ဒီလိုဆိုလျှင်တော့ ဒီတစ်မြို့တောင်မကဘူး မြို့အများကြီး ပြာဖြစ်နိုင်ပါတယ်”

“ဒကာကြီး သတိထားပြောပါ၊ ဒကာကြီးဟာ ရှေ့စကားနဲ့ နောက်စကား မညီတော့ဘူး”လို့ မိန့်တော်မူလိုက်တော့ ဥပါလိသူဌေးကြီးက “မြတ်စွာဘုရား တပည့်တော် မှားပါပြီ၊ ဒီနေ့ကစပြီး အသက် ထက်ဆုံး ရတနာသုံးပါးကိုသာ ဆည်းကပ်ကိုးကွယ်ပါတော့မယ်”လို့ လျှောက်ထားသတဲ့။



စဍ္ဍာဘာအောင်ပွဲ

# စန္ဒာဘအောင်ပွဲ

ရာဇဂြိုဟ်မှာ စန္ဒာဘတဲ့၊ ဟန်ပါလှတဲ့ ပုဏ္ဏားငယ်။
ချက်မှာ ပြောင်ပြောင် လရောင်ဝန်းလို၊ ပအောင်ရွှန်းလို့ လွန်တင့်တယ်။
ပုဏ္ဏားလူဗိုလ် သူ့ကိုဝိုင်းလို့၊ မြို့တိုင်းကိုတဲ့ လျှောက်လို့လည်။
ဘုရားနှင့်ဆိုင် ဘက်ပြိုင်လိုက်တော့၊ ချက်တိုင်တစ်ဝိုက်က ရောင်ပျောက်ကွယ်။
ရောင်ခြည်တော်ခြောက် ထိန်ထိန်တောက်၊ တုပျောက်ပြိုင်မဆွယ်။
အဲဒါက ဘဂဝါမျှုးရဲ့၊ ထူးတဲ့အောင်စဉ်ရယ်။

ရှေးတုန်းက ရာဇဂြိုဟ်မြို့မှာ ပစ္စည်းဥစ္စာကြွယ်ဝတဲ့ ပုဏ္ဏားအိမ်မှာ သားကလေးတစ်ယောက် မွေးလာတယ်။ သူရဲ့ချက် ပတ်ပတ်လည်မှာ လပြည့်ဝန်းကြီးလို အရောင်တလက်လက်တောက်ပနေလို့ စန္ဒာဘလို့ နာမည်မှည့်ထားတယ်။ သူကြီးလာတဲ့အခါကျတော့ ပုဏ္ဏားတွေက သူ့ကို လှည်းယာဉ်ကလေး နဲ့တင်ပြီး မြို့တွေရွာတွေမှာ လျှောက်လည်ပြီး "ဗြဟ္မာမင်းကြီးရဲ့သားတော်"လို့ ပြောပြတယ်။ သူ့ကို ကြည့်ချင်ရင် သူ့အသားထိချင်ရင် ငွေအများကြီး ပေးရတယ်။ အဲဒီလို လှည့်ရင်းနဲ့ သာဝတ္ထိပြည်ကို ရောက်လာကြတယ်။ အဲဒီမှာ လူတွေဟာ ပန်းနဲ့သာတွေကိုင်ပြီးတော့ မြတ်စွာဘုရားကျောင်းတော်ကို သွားတာမြင်ကြတော့ သူတို့က "ဘယ်ကိုသွားကြတာလဲ"လို့ မေးတယ်။ "ဘုရားကျောင်းတော်ကို သွားကြ တာပါ"လို့ ဆိုတော့ "ဘာလုပ်ဖို့ ဂေါတမဘုရားဆီ သွားကြမလဲ၊ ဒီမှာ ဗြဟ္မာမင်းရဲ့သားတော်ရှိတယ်၊ ချက်မှာ အရောင်တလက်လက် တောက်နေတယ်"လို့ သူတို့က ပြောကြတယ်။ မြတ်စွာဘုရားရဲ့ တပည့် ဒကာတွေက "တို့မြတ်စွာဘုရားမှာ ရောင်ခြည်တော်ခြောက်ပါးဟာ တစ်ပြောင်ပြောင် တဝင်းဝင်းနဲ့ လင်းထိန် နေတာပဲ။ ဘယ်သူမှ တုလို့မရပါဘူး"လို့ ပြန်ပြောတော့ စန္ဒာဘတို့က မခံချင်တာနဲ့ မြတ်စွာဘုရားဆီကို ပြိုင်ဖို့သွားကြတယ်။ ဘုရားရှေ့တော်လည်းရောက်ရော သူ့အရောင်ကလေးလည်း ပျောက်သွားတာပဲ၊ တခြားနေရာသွားလျှင် အရောင်ပေါ်လာပြီး ဘုရားရှေ့တော်ရောက်လျှင် ပျောက်ပျောက်သွားတာနဲ့ ဘုရား ကို လျှောက်တယ်။

"အရှင်ဘုရားမှာ အရောင်ပျောက်စေတတ်တဲ့ မန္တန်ရှိပါသလား"

"ရှိတယ်"

"ရှိလျှင် တပည့်တော်ကိုပေးပါ"

"ရဟန်းမပြုလျှင် ဘယ်သူ့ကိုမှ မပေးဘူး"

ဒါနဲ့ စန္ဒာဘက သူ့ပုဏ္ဏားတွေကို ပြောတယ်၊ "ဂေါတမဘုရားဆီမှာ အရောင်ပျောက်မန္တန်ရှိတယ်၊ အဲဒါကို ငါရဟန်းလုပ်ပြီး သင်ယူမယ်။ အဲဒါတတ်လျှင် ဒို့ဟာ ကမ္ဘာမှာ ထိပ်သီးဖြစ်မှာပဲ၊ မင်းတို့ ခဏစောင့်နေကြပါ"လို့ ဆိုပြီး ရဟန်းပြုလိုက်တယ်။ မြတ်စွာဘုရားက တရားကျင့်ခိုင်းတာနဲ့ တရာ ကျင့်လိုက်တာ ရဟန္တာဖြစ်သွားရော။




ဝင်္ဂီသအောင်ပွဲ

# ဝင်္ဂီသအောင်ပွဲ

သုံးပုံဗေဒင် နှုတ်တွင်ရ၊ ဝင်္ဂီသတဲ့ လူထူးဟာ။
ခေါင်းခွံခေါက်ကာ ရောက်ရာသိသမို့၊ လျှောက်ကာလှည့်လို့ ကျော်စောတာ။
ဘုရားရှေ့မှောက်မှာ ခေါက်ကာကြည့်တော့၊ ရောက်ရာမသိ မှိုင်ငေးရှာ။
ပညာရရန် ကျင့်ကြံကြည့်ဖို့၊ နည်းခံတပည့် ဖြစ်ခဲ့ပါ။
ဘုရားဂုဏ်ဘုန်း အကုန်လုံး၊ စီကုံးသူဖြစ်လာ။
အဲဒါက ဘဂဝါမှူးရဲ့ ထူးတဲ့အောင်စဉ်ပါ။

ရှေးတုန်းက သာဝတ္ထိပြည်မှာ ဝင်္ဂီသလို့ခေါ်တဲ့ ပုဏ္ဏားငယ်တစ်ယောက်ရှိတယ်။ သူဟာ ဗေဒင်သုံးပုံလည်း ကောင်းကောင်းတတ်တယ်။ ခေါင်းခွံခေါက်မန္တန်ကိုလည်း တတ်တယ်။ အဲဒီမန္တန်ကို ရွတ်ပြီးတော့ ခေါင်းခွံကိုခေါက်ကြည့်လိုက်လျှင် သုံးနှစ်လောက်က သေတဲ့လူဖြစ်ပါစေ။ အဲဒီလူ ဘယ်ဘုံ ဘယ်ဘဝရောက်နေတယ်ဆိုတာကို သိတယ်။ ကိုယ်ရောက်တဲ့ဘဝကိုလည်း ပူးပြီးပြောခိုင်းနိုင်တယ်။ ဒါနဲ့ ပုဏ္ဏားတွေက သူ့ကိုခေါ်ပြီး မြို့တွေရွာတွေ လျှောက်လည်ပြီး ထူးမြတ်တဲ့တန်ခိုးရှင်ကြီးလို့ ပြောကြတယ်။ သူ့ကိုတွေ့ချင်လျှင် ဗေဒင်မေးချင်လျှင် ပိုက်ဆံတွေ အများကြီးပေးရတယ်။ သူတို့ဟာ ငွေတွေအများကြီးရတော့ သာဝတ္ထိမြို့ကို ပြန်လာကြတယ်။ ပြန်လာကြလို့ ဇေတဝန်ကျောင်းတော်နားရောက်တော့ ဝင်္ဂီသက "ဂေါတမဘုရားဟာ သိပ်ပညာရှိတယ်လို့ ပြောကြတယ်။ ပညာရှိတွေနဲ့လည်း တွေ့မှကောင်းမှာပဲ။ ဒီပုဏ္ဏားတွေပြောတိုင်း လျှောက်လုပ်နေရတာ မကောင်းသေးပါဘူး"လို့ စဉ်စားပြီး "ကျုပ်တော့ ဂေါတမမြတ်စွာဘုရားသွားဖူးဦးမယ်"လို့ ပြောလိုက်တယ်။ ပုဏ္ဏားတွေက "မသွားပါနဲ့၊ ဂေါတမဘုရားဟာ သိပ်ပြီး အလှည့်အပတ်ကောင်းတယ်"လို့ တားပေမယ့် မရဘူး သွားတာပဲ။ ဘုရားဆီရောက်တဲ့အခါကျတော့ မြတ်စွာဘုရားက "ဝင်္ဂီသ ဘာပညာများတတ်သလဲ"လို့ မေးတော့ ဝင်္ဂီသက "တပည့်တော် ဗေဒင်သုံးပုံလည်းတတ်တယ်၊ ခေါင်းခွံခေါက်ပြီးကြည့်လျှင် သေတဲ့လူရဲ့ ရောက်ရာဘဝကိုလည်း သိပါတယ်"လို့ လျှောက်တယ်။ အဲဒီတော့ မြတ်စွာဘုရားက သေပြီး လူဖြစ်နေတဲ့သူ နတ်ဖြစ်နေတဲ့သူ ငရဲရောက်နေတဲ့သူတွေ ရဲ့ ခေါင်းခွံတွေပြပြီး ပြောခိုင်းတာ အားလုံးမှန်နေတယ်။ ဒီတော့မှ မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံတော်မူသွားတဲ့ ရဟန္တာရဲ့ ခေါင်းခွံကို ပြပြီးမေးတော့ ခေါင်းခွံကို ခေါက်ကြည့်ပေမယ့် မသိတော့ဘူး။ ရဟန္တာဆိုတာ နောက်ထပ်ဖြစ်တဲ့ဘဝမှမရှိဘဲ ဘယ်သိပါ့မလဲ ထပ်ခါထပ်ခါ ခေါက်ကြည့်လည်း မသိတော့မှ မှိုင်နေတယ်။ ဒီတော့မှ မြတ်စွာဘုရားက

"ဝင်္ဂီသ စိတ်ပျက်နေသလား"

"မှန်ပါတယ်၊ စိတ်ပျက်နေပါတယ် အရှင်ဘုရား၊ ဒီလူရဲ့ ဖြစ်ရာဘဝကို သိပါသလား"

"သိတယ်၊ ဒီထက်မက ပညာတွေလည်း ငါဘုရားသိတော်မူတယ်"

"ဒါဖြင့် ပညာချင်းလဲပါ တပည့်တော်ပညာကိုလည်း ပေးပါမယ်၊ အရှင်ဘုရားပညာကိုလည်း တပည့်တော်ကိုပေးပါ"

"သင့်ပညာကိုတော့ ငါမလိုချင်ပါဘူး၊ ငါ့ပညာကိုပဲပေးမယ်၊ ဒါပေမဲ့ ငါလို ရဟန်းဝတ်ရမယ်"

အဲဒါနဲ့ ပညာလိုချင်လို့ ရဟန်းဝတ်ပြီး တရားအားထုတ်လိုက်တာ ရဟန္တာဖြစ်သွားရော။ သူဟာ စာရေးစာစီသိပ်ကောင်းတော့ မြတ်စွာဘုရားကို မြင်တိုင်းမြင်တိုင်း မြတ်စွာဘုရားရဲ့ ဂုဏ်တော်ဖွဲ့တွေ ဘုန်းတော်ဖွဲ့တွေ ရွတ်ရွတ်ပြီးပူဇော်တာနဲ့ "အကောင်းဆုံး စာဆိုတော်"ဆိုတဲ့ ဘွဲ့တောင်ရသွားတယ်။

အရှင်ကောသလ္လ (မွှာစရိယ၊ ဘီအေ)
ဗုဒ္ဓဘာသာယဉ်ကျေးမှု ရှုမှတ်ဖွယ်မှ (၅၀ – ၆၄)

## အောင်ပါစေကဗျာ

❖ လူနတ်ဗြဟ္မာ တစ်စုံတစ်ယောက်မှ
မထောက်ကူဘဲ မြတ်ဖိနေ။
❖ ပါရမီမေတ္တာ လက်ကိုင်စွဲလို့
ထပ်ဆင့်အောင်ပွဲ များခဲ့ပေ။
❖ အောင်ကြပါစေ အောင်နိမိတ်နဲ့
အောင်ဟိတ်အောင်နည်း အထွေထွေ။
❖ အောင်ဆုပိုင်ရှင် တို့ဘုရားက
တို့ကိုသနား ပေးခဲ့သလေ။
❖ မောင်မယ်တို့တွေ နည်းယူသုံးလို့
အောင်ပန်းပြုံးပန်း တဝေဝေ။
အောင်ကြပါစေ အောင်ကြစေ
အောင်စေ အောင်စေ။ ။

အရှင်ခေမာစာရ
(မန်းရေတံခွန်)

အပိုင်း (၄)

အောင်မြင်ရေးကဏ္ဍာပြီး၏။

ယဉ်ကျေးလိမ္မာ ဒုတိယဆင့်ပြီးပြီ။

# စာလုံးဆင့်ဖတ်နည်းလင်္ကာ

၁။ နှစ်လုံးဆင့်မှာ၊ အထက်သာ၊ သတ်ပါမြဲကောန်
၂။ သဝေလည်းထိုး၊ တသတ်မျိုး၊ ဖတ်ရိုးစသတ်သံ
၃။ သဝေလည်းထိုး၊ နသတ်မျိုး၊ ဖတ်ရိုးငသတ်သံ
၄။ သဝေရေးချ၊ သတ်မြင်က၊ မှတ်ကြဝဆွဲသံ
၅။ ဟထိုးဝဆွဲ ရရစ် ယပင်း၊ တွေ့တုံလျှင်းက၊ နှစ်ဝတာဝန်၊ ကျေပွန်စေရန်၊ အသံအသတ်ယူမြဲမှတ်။

၁။ အဓိပ္ပာယ်မှာ အက္ခရာ (၂) လုံးဆင့်တွေ့လျှင် အပေါ်တွင်ရှိသော အထက်အက္ခရာကို အသတ်တင်၍ဖတ်၊ အသံသေပြီး ရှေ့အက္ခရာနှင့်တွဲ။

သမန္တာ = သမန်တာ
စက္ကဝါဠေသု = စက်ကဝါဠေသု
သဒ္ဓမ္မံ = သဒ်ဓမ်မံ

၂။ အဓိပ္ပာယ်မှာ သဝေထိုးနှင့်တွဲသော တသတ်ကို စသတ်အသံထွက်၍ဖတ်။

ဥပမာ –

မေတ္တာ = မေတ်တာ (မစ်တာဟု ဖတ်)
ခေတ္တရာ = ခေတ်တရာ (ခစ်တရာဖတ်)
သေတ္တာ = သေတ်တာ (သစ်တာ ဖတ်)

မှတ်ချက် ။ ။ *သဝေထိုးကို ပါဠိ၌ ဧရဟုခေါ်သည်။*

၃။ အဓိပ္ပာယ်မှာ သဝေထိုးနှင့်တွဲသော နသတ်ကို ငသတ်အသံထွက်၍ဖတ်။

ဥပမာ –

ပူရေန္တံ = ပူရေန်တံ (ပူရင်တံ ဖတ်)
သမေန္တု = သမေန်တု (သမင်တု ဖတ်)
ဒသေန္တိ = ဒသ်သေန်တိ (ဒသ်သင်တိဖတ်)

၄။ သဝေထိုးရေးချကို ဝဆွဲအသံထွက်၍ ဖတ်ရမည်။

သောတ္ထာနံ = သောတ်ထာနံ (သွတ်ထာနံ ဖတ်)

ကောဏ္ဍည = ကောဏ်ဍည (ကွဏ်ဍည ဖတ်)

ဟောန္တု = ဟောန်တု (ဟွန်တု ဖတ်)

**မှတ်ချက်** ။ ။ *သဝေထိုးရေးချက်ကို ပါဠိ၌ ဩသရဟုခေါ်သည်။*

၅။ အဓိပ္ပာယ်မှာ ဟထိုး ဝဆွဲ ရရစ် ယပင့် အက္ခရာစာလုံးများနှင့်တွဲသော အက္ခရာသည် အသတ် တာဝန်ကိုလည်း ယူရသည်။ မိမိ၏ မူလအသံလည်း ထွက်ရသည်။

အမှ = အမ်မှ။ ကဏှ = ကဏ်ဏှ

တုမှ = တုမ်မှ။ သဏှ = သဏ်ဏှ

ပုဗ္ဗနှ = ပုဗ်ဗန်နှ။

ဤပြယုဂ်တို့၌ ဟထိုးနှင့်တွဲသော မ၊ ဏ၊ န အက္ခရာတို့သည် အသံအသတ်တာဝန် (၂) ရပ်ကို ယူရသည်။

သကျ = သက်ကျ ဝါကျ=ဝက်ကျ

နိသျ = နိသ်သျတို့၌ ယပင့်နှင့်တွဲသော ကနှင့် သတို့သည် အသတ်နှင့်အသံ တာဝန် (၂) မျိုးကို ယူထားသည်။

စကြာ = စက်ကြာ အတြာ = အတ်တြာ

မတြာ = မတ်တြာတို့၌ ရရစ်နှင့်တွဲသော က နှင့် သတို့သည် အသတ်နှင့်အသံ တာဝန် (၂) မျိုးကို ယူထားသည်။

ကတွာ = ကတ်တဝါ ဒတွာ = ဒတ်တဝါ

ပတွာ = ပတ်တဝါ ဝတွာ = ဝတ်တဝါ တို့၌ ဝဆွဲနှင့်တွဲသော တတို့သည် အသတ်နှင့် အသံတာဝန် (၂) မျိုးကို ယူထားသည်။

**မှတ်ချက်** ။ ။ *ဟထိုးသည် ဟ၊ ယပင့်သည် ယ၊ ရရစ်သည် ရကောက်၊ ဝဆွဲသည် ဝအက္ခရာ၏ ကိုယ်စားလှယ်ဟု အသီးသီးမှတ်။*

# ဆန္ဒ နှင့် ပန်ကြား

နေလုံးကြီးကထွက်လာပြီ၊ ခေါင်းလောင်းသံ စီစီ။
လက်အုပ်တင်ချီ ရှိသေထား၊ ဘုန်းတော်ကျောင်းသို့ သွားစို့လား။
ဘုန်းတော်ကျောင်းက ဘုန်းဘုန်းဆရာ၊ ဘုရားစာပေ သင်ပေးရှာ။
ကျောင်းသားများစွာ ကျောင်းသူများ၊ ယဉ်ကျေးဖွယ်ရာ သင်ပေးကြား။
ချောင်ဇရပ်က ဆရာကြီးမေ၊ ဆရာလေးတွေလည်း မကျန်ပေ။
အမျိုးသမီးတွေ လာလာသမျှ၊ ယဉ်ကျေးဖွယ်ရာ သင်ပေးကြ။
ဆရာ – ဆရာမ အများတို့ရေ၊ ဘဂဝါဘုရားက မိန့်မှာခဲ့။
ယဉ်ကျေးဖွယ်တွေ လိမ္မာရေး၊ တပည့်တွေကို သင်ကြလေး။
ရွာတိုင်းရပ်တိုင်းမြို့တိုင်းမှာ၊ ရပ်ကွက်တိုင်းလည်း မကျန်ပါ။
ယဉ်ကျေးလိမ္မာသာယာရေး၊ ကြီးသူတွေက သင်ကာပေး။
သမီး – သားတို့ လိမ္မာချင်၊ မိဘများက ဆုံးမသင်။
ဘိုးဘွားကပင် မြေးချစ်က၊ ပုံကလေးတွေ ပြောကာပြ။
ကြောင်းကျိုးကြည့်ကြ မိဘဆရာ၊ အပြောပျင်းလို့ မဖြစ်ပါ။
သီလငါးဖြာ လုံခြုံသေး၊ ပြည်လုံးမြန်မာ ချမ်းသာအေး။
ကမ္ဘာလုံးလည်း ငြိမ်းချမ်းမလေး။

ရွှေသုဝဏ်

၁၃၄၁ ခုနှစ် ၊ တန်ဆောင်မုန်းလ